# ရှေး

ဟန်ဆောင်ဆောင်းပါးများ

# ဦးဦးသာထွန်း

ရခိုင် မြန်မာ

ပရဟိတ



ပန်းမျိုးတစ်ရာစာစဉ် - ၅၅

# ရခိုင့်တန်ဆောင်ဆောင်းပါးများ

ဦးဦးသာထွန်း

ရခိုင်-မြန်မာပဏ္ဍိတ်

# ရခိုင်တန်ဆောင်ဆောင်းပါးများ

စာမူခွင့်ပြုချက် အမှတ် - ၈၀/၉၄(၂)
မျက်နှာဖုံးခွင့်ပြုချက် - ၂၂၈/၉၄ (၅)
အုပ်ရေ - ၅၀၀
တန်ဖိုး - ၆၀-ကျပ်
ထုတ်ဝေသည့်အကြိမ် - ပထမအကြိမ်
ထုတ်ဝေသည့်လ - ဩဂုတ်လ ၁-၈-၉၄

## - ပုံနှိပ်သူ -

ဒုရဲမှူး မြင့်လွင် (ယာယီ ၄၀၉)
ရဲတပ်ခွန်ပုံနှိပ်တိုက်
ရန်ကုန်တိုင်း (ပ-ရ) မှူးရုံး။

## - ထုတ်ဝေသူ -

ရခိုင်လှမြင့်နှင့် ညီများကိုယ်စား
ဦးရဲမြင့် (၀၁၀၄၉)
တက်လမ်းစာပေ
အမှတ်(၉၆၇)၊ ပဒေသာရပ်ကွက်၊ စော်ဘွားကြီးကုန်း၊ ရန်ကုန်မြို့။

## - ဖြန့်ချိသူ -

ရခိုင်သားကြီးစာပေ
၈ -၂၃၊ ပိတောက်လမ်း၊ ဘုရင့်နောင်၊ ရန်ကုန်မြို့။
ဖုန်း - ၆၇၄၃၆

ရခိုင်သားကြီးစာပေ

# မာတိကာ


| | | စာမျက်နှာ |
|---|---|---|
| ၁။ | ဆောင်းပါးရှင်၏ အတ္ထုပ္ပတ္တိ | ၅ |
| ၂။ | ထုတ်ဝေသူ၏ အမှာစာ | ၉ |
| ၃။ | ဆရာဦးသာထွန်းထံမှ ပြန်စာ | ၁၁ |
| ၄။ | မနော်ဟရီကန်တော် ကျောက်စာ | ၁၅ |
| ၅။ | တတိယမြောက်ဦးခေတ် အလယ်ပိုင်း ရှေးဟောင်းဒင်္ဂါး | ၁၈ |
| ၆။ | ဖောင်းတော်လေးဆယ် | ၂၄ |
| ၇။ | ရခိုင်တူရိယာနှင့်ဂီတ | ၃၀ |
| ၈။ | ခြေတော်ရာများ | ၃၃ |
| ၉။ | ရက္ခိုင်ဝေသာလီမြို့ဟောင်းမှ ဂုပ္ပတစာ | ၄၀ |
| ၁၀။ | အကျွန်သိသမျှ ရက္ခဝဏ္ဏကျောက်စာ | ၄၅ |
| ၁၁။ | နရာဓိပတိ မော်ကွန်း | ၅၂ |
| ၁၂။ | ရခိုင်ပြည်နယ် (၁၀)နှစ်ခရီးနှင့် ရခိုင့်ယဉ်ကျေးမှုဆောင်ရွက်ချက်များ | ၅၇ |
| ၁၃။ | ကျောက်-ဆည်တော်ကြီး | ၆၂ |
| ၁၄။ | ရခိုင့်နွားလားဥသဘ | ၆၅ |
| ၁၅။ | ဆရာဦးမြဝါ၏ အတ္ထုပ္ပတ္တိ အကျဉ်း | ၇၀ |
| ၁၆။ | ရခိုင်အောင်လံတော် | ၇၆ |
| ၁၇။ | ဝေသာလီခေတ် ဒင်္ဂါးများ | ၇၉ |

# မာတိကာ

စာမျက်နှာ


၁၈။ မဟာကျိန်ဘုရားသွန်းလုပ်ခြင်း ၈၈

၁၉။ ရခိုင်ဂိုဏ်းရှစ်ပါး ၉၂

၂၀။ ရခိုင်ပဟိုရ်စည် ၁၀၀

၂၁။ ရခိုင်ရှေးဟောင်းယဉ်ကျေးမှု လက်ရာများ ၁၀၆


၂၂။ ဦးရာဇ်မာတ်စေတီတော် ၁၁၃

၂၃။ ရခိုင်ကပ္ပာကျမ်း ၁၁၉

၂၄။ ယီးယင်-----ယီးယေ------ယီးလား ၁၂၅

၂၅။ အဒူမင်းညိုလော၊ ဘဒူမင်းညိုလော ၁၃၀

၂၆။ သရက်တင့် ပန်းငါးပွင့် ၁၃၉


ရခိုင်
ဆောင်းပါးများ



ဆရာကြီး ဦးဦးသာထွန်း
(ရခိုင်၊ မြန်မာ-ပဏ္ဍိတ်)အား
ဩစတြေးလျနိုင်ငံ အမျိုးသားတက္ကသိုလ်မှ သုတေသီ
PAMELA GUTMAN ကိုယ်တိုင်
1974 ခုနှစ်က
အမှတ်တရ ရိုက်ကူးပေးခဲ့သည့်ပုံ

# ရခိုင်မြန်မာပဏ္ဍိတ်ဆရာကြီး ဦးဦးသာထွန်း၏ အတ္ထုပ္ပတ္တိ

ဆရာကြီး ဦးဦးသာထွန်းကို ရခိုင်ပြည်နယ်၊ မြောက်ဦးမြို့ ညောင်ပင်ဈေးရွာနေ (အဘ) ဦးကောင်းစံ၏ အမိ ဒေါ်အောင်ကြွစံတို့မှ ၁၉၁၇-ခု နိုဝင်ဘာလ ၂၃-ရက်၊ သောကြာနေ့တွင် ဖွားမြင်ခဲ့သည်။ တစ်ဦးတည်းသောသား ဖြစ်သည်။

ငယ်ရွယ်စဉ်မှစ၍ အဘိုးဖြစ်သူ ရာဇဝင်ဆရာကြီး ဦးသာထွန်းအောင်က ရခိုင်ရာဇဝင်၊ ဆေးကျမ်း၊ နက္ခတ်ကျမ်း၊ ပုရာဏ်ကျမ်းများကို နှုတ်တိုက်အာဂုံသင်ကြားပေးခဲ့သည်။ နဝမတန်းတွင် ပညာသင်ကြားနေစဉ် ဖခင်ကွယ်လွန်သွားသဖြင့် ကျောင်းမှ နုတ်ထွက်လိုက်ရပြီးနောက် ရဟန်းပုဂ္ဂိုလ်၊ လူပုဂ္ဂိုလ်တို့ထံ၌ သက္ကတ၊ ပါဠိ၊ သမိုင်း၊ အင်း၊ ဗေဒင်နှင့် အခြားလောကီပညာရပ်များကို သင်ကြားလေ့လာဆည်းပူးခဲ့သည်။

၁၉၅၀-ခုနှစ်မှ ၁၉၅၅ခုနှစ်အထိ မူလတန်းကျောင်းဆရာအဖြစ် ဝင်ရောက်လုပ်ကိုင်ခဲ့သည်။ ၁၉၅၅-ခုနှစ်မှ ၁၉၇၇ခုနှစ်ထိ မြောက်ဦးမြို့ရှေးဟောင်းသုတေသနဌာနခွဲတွင် ရခိုင်မြန်မာပဏ္ဍိတ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သည်။ ယခုလက်ရှိမြောက်ဦးရှေးဟောင်းသုတေသနပြတိုက်ကြီးမှာ ဆရာကြီးစုဆောင်း တည်ဆောက်ခဲ့သော ပြတိုက်ကြီးဖြစ်သည်။ ၁၉၇၇-ခုနှစ်မှ ၁၉၈၃-ခုနှစ်ထိ မြောက်ဦးမြို့ရှေးဟောင်းသုတေသန ဌာနခွဲတွင် အကြံပေးပုဂ္ဂိုလ်အဖြစ် ဆက်လက်တာဝန်ထမ်းဆောင်ခဲ့သည်။ ၁၉၈၀-ခုနှစ်မှ ၁၉၈၃-ခုနှစ်ထိ တူးဖော်ခဲ့သော ရခိုင်ဝေသာလီမြို့ဟောင်း တူးဖော်မှုလုပ်ငန်းတွင် ကိုယ်တိုင်ကိုယ်ကျပါဝင်တူးဖော် ဆောင်ရွက်ခဲ့သည်။

မြောက်ဦးမြို့ဘုရားသမိုင်း (၁၃ဝ၁-ခုနှစ်ပုံနှိပ်)ဦးရာဇ်တောင် ဘုရားကြီးသမိုင်း (ပုံနှိပ်)၊ မြောက်ဦးမြို့ဘုရားသမိုင်းကျမ်း ပြင်ဆင်ဖြည့်စွက်ချက်(ပုံနှိပ်) (၁၉၅၂-၅၃)၊ ရက္ခိုင်အမျိုးသမီး သူရဲကောင်းအတ္ထုပ္ပတ္တိ (၁၉၅၃-၅၄)(ပုံနှိပ်)၊ ရက္ခိုင်ရာဇဝင် သခေ်ပကျမ်း (၁၉၅၄-၅၅)ပုံနှိပ်၊ ဝေသဲဘုရားသမိုင်း (ပုံနှိပ်)၊ ရှင်သတ်ဘုရားသမိုင်း (ပုံနှိပ်) တို့ကို ပုံနှိပ်ထုတ်ဝေခဲ့သည်။

ရက္ခိုင်ကဗျာပေါင်းချုပ်၊ ရက္ခိုင်ရာဇဝင်လင်္ကာဘာသာပြန်၊ ရက္ခိုင်ဒင်္ဂါးများ ဘာသာပြန်၊ ရက္ခိုင်ပြည်ဓာတ်တော်ဘုရားစေတီများနှင့် မြောက်ဦးမြို့တန်ခိုးကြီးဘုရားများ သမိုင်းကျမ်းစာမူများကို ရေးသားပြုစုပြီး ဘဏ္ဍာရေးဝန်ကြီး ဆာဦးထွန်းအောင်ကျော် သို့ ပေးအပ်ခဲ့သည်။

အံတော်သိမ်ဘုရားသမိုင်းကျမ်း၊ သဲထက်ဘုရားသမိုင်း၊ ထီးတော်မိုးဘုရားသမိုင်း၊ ဘောင်းဒွတ်နတ်တောင် ဘုရားသမိုင်း၊ ဝေသာလီဘုရားကြီးသမိုင်း၊ သိမ်တော်ကြီးဘုရား သမိုင်း၊ မဟာထီးဘုရာသမိုင်း၊ ပါးတော်ဘုရားသမိုင်း၊ ဘုရားပေါ်ဘုရားသမိုင်း၊ သျှစ်သောင်းဘုရာသမိုင်း၊ မင်္ဂလဓာတ်ရွှေကူဘုရားသမိုင်းတို့ကို လင်္ကာစကားပြေမော်ကွန်း စသည်တို့ဖြင့် ရေးသားထုတ်ဝေခဲ့သည်။

ဓညဝတီမဂ္ဂဇင်းကို စာတည်းနှင့် အယ်ဒီတာအဖြစ် တာဝန်ယူထုတ်ဝေခဲ့သည်။ ဓညဝတီစာစောင်၊ ဓညဝတီမဂ္ဂဇင်း၊ ရခိုင်တန်ဆောင်မဂ္ဂဇင်း၊ မန္တလေးပြည်သူ့ဂျာနယ်၊ ရန်ကုန်မဂ္ဂဇင်း၊ စုံထောက်မဂ္ဂဇင်း၊ ယဉ်ကျေးမှုစာစောင်၊ ရခိုင်မဂ္ဂဇင်း၊ စစ်တွေကောလိပ်မဂ္ဂဇင်း၊ ရခိုင်ပြည်နယ်စာစောင် ဝရာဇ်မြေမဂ္ဂဇင်းတို့တွင် ဦးဦးသာထွန်း၊ ဦးသူရိယ စသည့်ကလောင်အမည်များဖြင့် ဆောင်းပါးများ ရေးသားခဲ့သည်။

မြို့စောင့်နတ်ဒေဝတာဗလီ ပူဇော်ကျမ်း၊ အဠနနိဒါန်း ဆေးကျမ်း၊ ရခိုင်စည်ပြုလုပ်ပုံနှင့် တီးကွက်တီးလုံးများ၊ ကဗျာများ၊ စုပေါင်းစာတမ်း၊ ရခိုင်ထိမ်းမြားမင်္ဂလာပန်းတျား တီးလုံးတီးကွက်နှင့် ပြုလုပ်ပုံ အတိုင်းအတာစာတမ်း၊ ရခိုင်သတ်ပုံသတ်ညွှန်း ခွဲထားခြင်းအမိပ္ပာယ်ထွက်ပုံစာတမ်း၊ ရခိုင်ပုလွေ(ခြွီ)အမျိုးမျိုးတို့ကို ပြုလုပ်ပုံအတိုင်းအတာစာတမ်း၊ ဗုဒ္ဓပူဇနိယဆီမီးခွက်အက၊ သီချင်း ကဗျာစသည်တို့ကို ရေးသားပြုစုခဲ့သည်။

ဆင်ယင်ထုံးဖွဲ့မှုကျမ်း (မူကြမ်း)၊ ရခိုင်ရာဇဝင် (မူကြမ်း)၊ ရခိုင်အက္ခရာဆင်းသက်လာပုံကျမ်း (မူကြမ်း)၊ ရခိုင်ကျောက်စာပေါင်းချုပ်ကျမ်း (မူကြမ်း)၊ ရခိုင်ပြည်ဘုရားသမိုင်းကျမ်း (မူကြမ်း)၊ ရခိုင်မင်းသား ဒေါင်းမာတင်(မူကြမ်း)၊ အရှင်ဦးမြဝါကျမ်း

(မူကြမ်း)၊ ရခိုင်မင်းသမီးချေင်း ရှင်းလင်းချက်(မူကြမ်း)၊ ဗျာယ်စာတမ်း (မူကြမ်း)၊ ကျောက်တော်မြို့ သေလာဂီရိမောရပဗ္ဗတတောင်ခြေရင်းမှ တွေ့ရှိရသော ကျောက်ဆစ်လက်ရာများ သုတေသနပြုချက် (မူကြမ်း)စသည်တို့ကို ရေးသားပြုစုခဲ့သည်။

ဩစတြေးလျနိုင်ငံအမျိုးသားတက္ကသိုလ်သုတေသီ PAMELA GUTMAN ၏ ANCIENT ARAKAN ကျမ်း ပြုစုရာတွင်လည်းကောင်း၊ ပြင်သစ်နိုင်ငံပါရီမြို့မှ ပါမောက္ခရောဖတ်ဆာဗ်ရ် (BERNOT) အား ရခိုင်ပုံပြင် လိပ်ကန်ဖားမဝတ္ထုနှင့် ကျိုးဖြူရွာစာတမ်းတို့ကိုလည်းကောင်း၊ အင်္ဂလန်နိုင်ငံ ပါမောက္ခဦးလှသိန်း (ခေါ် ဂျွန်အိုကဲလ်အား စေတီအဆောက်အအုံနှင့် နန်းအဆောက်အအုံဆိုင်ရာစာတမ်းကို လည်းကောင်း၊ အမေရိကန်နိုင်ငံ အာရှဖောင်ဒေးရှင်း အတွင်းရေးမှူး ဒေးဗစ်စတိမ်ဗားစ်အား ဝေသာလီ ကျောက်ရုပ်တု ဆင်းတုတို့၏ နှစ်ပေါင်းကြာညောင်းမှု တိုင်းတာမှုစာတမ်းကို လည်းကောင်း၊ ဂျပန်နိုင်ငံပါမောက္ခ အိုနိုတိုရှူနှင့် ရခိုင်စကားပြော လေယူလေသိမ်း အသံထွက်ပုံ စာတမ်းနှင့် ဘောင်းဒွတ်အရပ်ရှိ ဒရုံကောင်ဆက်လာ အဆောက်အအုံပုံစံနှင့် ကူသန်းရောင်းဝယ်ခဲ့ကြပုံ စာတမ်းကိုလည်းကောင်း ရေးသားပြုစုကူညီခဲ့သည်။

နိုင်ငံတော် အစိုးရယဉ်ကျေးမှုဌာနနှင့် အခြားပုဂ္ဂိုလ်များအားလည်း ဦးမင်းနိုင်၏ ပြည်ထောင်စုအကပဒေသာစာအုပ် (၁၉၅၉-ခု)ရခိုင်တေးသံစာအုပ် (၁၉၆၅) ရခိုင်တိုင်းရင်းသားလူမျိုးများ ဖြစ်စဉ်နှင့် ဓလေ့ထုံးစံများစာအုပ် တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာဓလေ့ထုံးစံများ၊ ရခိုင်ပြည်နယ် ဘဏ္ဍာတိုက်ကြီးများကျမ်း၊ ရခိုင်ရိုးရာစည်နှင့် တူရိယာတီးကွက်များ စာတမ်း၊ မြန်မာဝေါဟာရအဘိဓာန်ကျမ်း ပြုစုရာတွင် ဝေါဟာရစာလုံးများနှင့် အဓိပ္ပာယ်ဖွင့်ဆိုချက်၊ ကျမ်းကိုးကားချက်များ စာအုပ်ပြုစုခြင်း၊ ၁၉၇၆-၇၇ခု ရခိုင်ပြည်နယ်နေ့၊ ရခိုင်ပြည်နယ်အောင်လံ၊ ရခိုင်ပြည်နယ်တံဆိပ်၊ ရခိုင်ရိုးရာကျား/မ ဝတ်စုံစာတမ်း၊ ရခိုင်ပြည်နယ် ဖြစ်စဉ်သမိုင်း၊ မြောက်ဦးမြို့ ဖြစ်စဉ်သမိုင်း၊ မြောက်ဦးလမ်းညွှန်စသည်တို့ကို ပါဝင်ကူညီရေးသား ပြုစုခဲ့သည်။

အထက်တန်းပညာဦးစီးဌာနညွှန်ချုပ်(ငြိမ်း)ပါမောက္ခဦးစံသာအောင်အားလည်း ၁၉၇၂-ခု၊ အဘိမ္မာ ကောက်နုတ်ချက် ပုရပိုက်ကို မိုက်ခရိုဖလင် ရိုက်နိုပ်ရန်လည်းကောင်း၊ ဂဝိကဏ္ဍပါသဏကျမ်းပေမူကို မိုက်ခရိုဖလင် ရိုက်နိုင်ရန်လည်းကောင်း၊ ဃျို့ဝှက်ကျောက်စာဂဏန်းရေးနည်း ပေမူကို မိုက်ခရိုဖလင်ရိုက်ရန်လည်းကောင်း၊ အေဒီ ၆-ရာစုနှင့် ယင်းမတိုင်မီ ရခိုင်ပြည်သုံး အက္ခရာစာအုပ် ပြုစုရာတွင်လည်းကောင်း၊ အနန္တစန္ဒြား ရှစ်ရာစု ရခိုင်ဝေသာလီစာအုပ် ပြုစုရာတွင် လည်းကောင်း၊ ရခိုင်ဒင်္ဂါးများ

သမိုင်းပြုစုရာတွင်လည်းကောင်း၊ ဗုဒ္ဓအနုပညာ Art of Ancierb Arakan စာအုပ် ပြုစုရာတွင်လည်းကောင်း ပါဝင်ကူညီခဲ့သည်။

၁၉၅၉-ခုနှစ်တွင် ရေဒီယိုမှ ရခိုင်အသံကို စတင်အသံလွှင့်ခဲ့သည်။ တိမ်မြုပ်ပျောက်ကွယ်ခဲ့ပြီဖြစ်သော ရခိုင်ယဉ်ကျေးမှု အမွေအနှစ် ရခိုင်သမိုင်း၊ ရခိုင်စာပေ၊ ရခိုင်ရိုးရာဓလေ့ထုံးတမ်းစဉ်လာတို့ကို ကမ္ဘာကသိအောင် ရှာဖွေစုဆောင်း လေ့လာဖော်ထုတ်ခဲ့သည်။

ထိန်းသိမ်းစောင့်ရှောက်ခဲ့သည်။

ရခိုင်သူ ရခိုင်သားများတို့ကိုလည်း ရခိုင်ယဉ်ကျေးမှုအမွေအနှစ် ရခိုင်သမိုင်း၊ ရခိုင်စာပေ၊ ရခိုင်ရိုးရာဓလေ့ထုံးတမ်းစဉ်လာတို့ကို ရှာဖွေစုဆောင်း လေ့လာဖော်ထုတ်ထိန်းသိမ်းကာကွယ်စောင့်ရှောက်ကြရန် အမြဲဆော်ဩခဲ့သည်။

ဆရာကြီးကား ရခိုင်ယဉ်ကျေးမှုအမွေအနှစ်၊ ရခိုင်သမိုင်း၊ ရခိုင်စာပေ၊ ရခိုင်ရိုးရာဓလေ့ထုံးတမ်းစဉ်လာများကို အသစ်တစ်ဖန် ပြန်လည်မွေးထုတ်ပေးခဲ့သော ဘခင်ကြီးတစ်ဦးပင် ဖြစ်သည်။

ဆရာကြီးသည် ၁၄-၈-၉၀ နေ့တွင် စစ်တွေမြို့၌ ကွယ်လွန်သွားခဲ့ပါသည်။ ဆရာကြီးဇနီး ဒေါ်မစိန်သာနှင့်သား ကိုကျော်ထွန်းအောင်အပြင် သမီးလေးဦးကျန်ရှိနေခဲ့ပါသည်။

# ထုတ်ဝေသူ၏ အမှာစာ

၁၉၇၀-ခုနှစ်၊ ဝန်းကျင် မူလတန်းကျောင်းသား အရွယ်တွင် ကျွန်တော်သည် ရခိုင်ပြည်မြောက်ဦးမြို့ကို စတင်ရောက်ရှိခဲ့ပါသည်။ မူလတန်းကျောင်းသားအရွယ်နှင့် အလယ်တန်းကျောင်းသားအရွယ်တွင် မြောက်ဦးမြို့၌ ကြီးပြင်းခဲ့သောကြောင့် ဆရာကြီး ဦးသာထွန်းနှင့် ကောင်းစွာရင်းနှီးခဲ့ရပါသည်။

ဆရာကြီးအား ကျွန်တော်တို့က ချစ်ခင်ရင်းနှီးစွာ အဖိုးဟု ခေါ်ကြပါသည်။ အဖိုး၏နောက်မှ တစ်တောဝင်တစ်တောထွက် တစ်တောင်တက် တစ်တောင်ဆင်း၊ ဘုရားစေတီ အဆူဆူကိုဖူးမျှော်ကြည်ညိုရင်း မြောက်ဦးမြို့မြေနေရာအနှံ့ ရောက်ဖူးပါသည်။

သွားရင်းလာရင်း အဖိုးပြောပြသော သမိုင်းပုံပြင်၊ ဇာတ်လမ်းများကို နားထောင်ရင်း ယခင်က ရခိုင်လူမျိုးတို့၏ ယဉ်ကျေးမှုတိုးတက်ပုံ ဇာတိမာန်နိုးကြားပုံ၊ အမျိုးဘာသာ သာသနာစောင့်ရှောက်ပုံတို့ကို ကျွန်တော်မျက်စိထဲ အတွေးထဲ၊ စိတ်ကူးထဲတွင် မကြာခဏဆိုသလို တရေးရေး မြင်ယောင်မိပါသည်။ နှစ်သက်မြတ်နိုးမှုကို ခံစားရပါသည်။ အထက်တန်းကျောင်းသား ဘဝတွင် မြောက်ဦးမှစစ်တွေသို့ ပြောင်းရွှေ့ရသည့်အတွက် အဖိုးနှင့် အနေဝေးသွားရသည့်တိုင် ကျွန်တော့်ရင်ထဲ၌ အဖိုး၏အပြော၊ အဆိုအဆုံးအမများ မြတ်နိုးစွာ ပို၍ကိန်းအောင်းလာခဲ့ပါသည်။ အသက်အရွယ်ကြီးပြင်း၍ အတွေ့အကြုံအဖုံဖုံ ဘဝတွင် စုံလာခဲ့သော်လည်း အဖိုးအပေါ်ထားရှိခဲ့သော ကျွန်တော်၏ စိတ်ထားများ ပြောင်းလဲမသွားခဲ့ပါ။

၁၉၈၆-ခုနှစ်နှင့် ၁၉၈၇-ခုနှစ်များတွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ စာပေဟောပြောပွဲများကို ကျွန်တော်ကိုယ်တိုင် ကြီးကြပ်၍ ပြုလုပ်ခွင့်ရရှိခဲ့ပါသည်။

၁၉၈၆-ခုနှစ်တွင်ကျင်းပသော စာပေဟောပြောပွဲသို့ လာရောက်ဟောပြောနိုင်ခဲ့ပေသည်။ သို့သော် ယင်းတစ်ကြိမ်တည်းကပင် ကျွန်တော့်ရင်ထဲတွင် ရှင်သန်နေသော ရခိုင်အမျိုးသားချစ်စိတ်ကို အခြားသူများ ရင်တွင်းသို့လည်း မျိုးစေ့ချပေးပါသည်။

၁၉၉၀-ခု၊ ဩဂုတ်(၁၄)ရက်နေ့ စစ်တွေမြို့တွင် အဖိုးကွယ်လွန်သွားခဲ့ပါသည် အစား ထိုးမရနိုင်သော ဆုံးရှုံးမှုကြီးတစ်ရပ်ပင် ဖြစ်သည်။ သတင်းကြားလျှင် ကြားချင်း ကျွန်တော့်ရင်တွင်းတွင် မီးမြိုက်သကဲ့သို့ ခံစားခဲ့ရပါသည်။ အဖိုးနှင့်နောက်ထပ် မတွေ့နိုင်တော့ပြီ။ အဖိုးမရှိတော့သော်လည်း ကျွန်တော့်အသိစိတ်တွင် အဖိုးမသေ၊ အဖိုးသည် ရခိုင်အမျိုးသားကို ချစ်လွန်းသည့် မျိုးချစ်ပုဂ္ဂိုလ်ဖြစ်ကြောင်း ရက္ခိုင်တစ်မျိုးသားလုံး သိပါသည်။

အဖိုးသည် အသက်ထင်ရှားရှိစဉ်က ရက္ခိုင်လူမျိုးတို့၏ ယဉ်ကျေးမှုစာပေသမိုင်း အထောက်အထားတို့ကို ရှာဖွေစုဆောင်း ဖော်ထုတ်ကာ နှစ်ပေါင်းများစွာ ရခိုင်လူမျိုးတို့အတွက် တာဝန်ထမ်းဆောင်ခဲ့ပါသည်။ အဖိုးရေးသားသော စာပေပန်းပွင့်များကား နေရာအနှံ့ပြန့်ကြဲလျက် ရှိနေသည်။ ၎င်းပြန့်ကြဲနေသော ပန်းပွင့်များကို လှပသော ပန်းကုံးဖြစ်အောင် ကျွန်တော်သီခွင့်ရခဲ့ပါပြီ။ အဖိုးတစ်ယောက် သိမသွား မြင်မသွားသည်ကိုတော့ တွေးမိတိုင်း ဝမ်းနည်းမိပါသည်။ ယခုအခါ နိုင်ငံတော်အစိုးရ မျိုးချစ်စိတ်ဓာတ်ရှင်သန်ရေး စာပေများ ထုတ်ဝေဖော်ပြခွင့်ပြုနေပြီဖြစ်၍ ဤစာအုပ်ကိုဝမ်းသာကြည်နူးစွာ ဖော်ထုတ်နိုင်ခဲ့ပါပြီ။

ဤဆောင်းပါးများသည် အဖိုးရေးသားခဲ့သော ဆောင်းပါးအားလုံးဟု မဆိုနိုင်ပါ။ ကျွန်တော်စုဆောင်းမိသမျှသာ ဖြစ်ပါသည်။

ဤစာအုပ်ကို ထုတ်ဝေခွင့်ပြုသူအဖိုး၏သား ကိုကျော်ထွန်းအောင်အား လည်းကောင်း၊ မျက်နှာဖုံးရေးဆွဲပေးသူ ကိုကျော်သာညွန့်(မြောက်ဦး)အား လည်းကောင်း၊ စာမူများအား တပင်တပန်းစုဆောင်းပေးသူ ကိုနေစိုး (တောင်ကုတ်)အား လည်းကောင်း၊ ပရူများကို ဂရုတစိုက်ဖတ်ရှုပေးသူ ဆရာမောင်ထွန်း (မြောက်ဦး)အား လည်းကောင်း ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ရခိုင်လှမြင့်နှင့်ညီများ

# ဆရာဦးသာထွန်းထံမှ ပြန်စာ

ကျွန်တော်မှာ ဓညဝတီစာစောင် သိုက်မြိုက်အောင်မြင်စွာ ထွက်ပေါ်လာရေး အတွက် ကြိုးပမ်းရမည့်တာဝန်ခံတစ်ဦးဖြစ်သည့်အလျောက် ဓညဝတီရခိုင်အမျိုးသား တို့၏ ယဉ်ကျေးမှုနှင့်ပတ်သက်သည့် ဆောင်းပါးများ ရရှိရေးကို အထူးဂရုစိုက်၍ ရှာဖွေ ကြံဆခဲ့ပါသည်။ ရခိုင်ပြည်၌ ရှေးအဆက်ဆက်က တည်ရှိလာခဲ့သည့် ရခိုင်လူမျိုးတို့၏ ယဉ်ကျေးမှုလက်ရာများကို အမြတ်တနိုး ရှာဖွေစုဆောင်းထားကြသူများကား ယခုအခါ ဆိုလျှင် ရှားမှရှားဆိုသလိုပင် ဖြစ်နေလေပြီ။ သို့သော် ပိုက်စိပ်တိုက် ရှာဖွေထောက်လှမ်း ခဲ့ရာ၌ ထိုပုဂ္ဂိုလ်မျိုးအချို့ကို တွေ့ရှိလာရပေသည်။ ကျွန်တော်ကား တအားတက်မိလာ တော့သည်။ ထိုပုဂ္ဂိုလ်အချို့ထံသို့ ရခိုင်ယဉ်ကျေးမှုလက်ရာများနှင့်ပတ်သက်သော ဆောင်းပါးများ ရေးသားကူညီကြရန် လှိုက်လှဲစွာ တောင်းခံခဲ့ရာ မြို့ဟောင်းမြို့နေ ဆရာဦးသာထွန်းထံမှ စိတ်ဝင်စားဖွယ်ကောင်းသော အောက်ပါပြန်စာကို ရရှိပါသည်။

မြို့ဟောင်းမြို့၊

၁၇-၉-၅၁

**လေးစားစွာဖြင့်**
**ကိုစောလှအောင်သို့ --------**

ပေးပို့လိုက်သောစာကို ၁၄-၉-၅၁ နေ့က ရရှိပါသည်။ ကျွန်တော်သည် လွန်ခဲ့သည့်နှစ်က အစ်ကိုတို့ ထုတ်ဝေခဲ့သော ရခိုင်တန်ဆောင်မဂ္ဂဇင်းကို ဖတ်ရှုရပါ၍ အထူးပင် ဝမ်းမြောက်မိပါသည်။ မနှစ်က ထုတ်ဝေသော စာစောင်တွင် ရခိုင်စာပေအမြုတေများ၏ အဓိပ္ပာယ်ပြန်ချက်မှာ အလွန်ပင် လွဲချော်နေပါသည်။ ယင်းကဲ့သို့သော အမြုတေများမှာ စာတစ်အုပ် ဖြစ်နိုင်လောက်အောင်ပင် များပြားစွာ ရှိပါ၏။ ထိုမှတစ်ပါးလင်္ကာ၊ ရတု၊ သျှိုးလိုက်ရတု၊ သာချင်း၊ သာစွလေ၊ ဟန်စွလေ၊ ချေင်း၊ ပျို့ အစရှိသော ရခိုင်စာပေတို့မှာ ဖော်ထုတ်ရေးကူးပုံနှိပ်ထုတ်ဝေသူ မရှိဘဲ နှစ်ပေါင်းတစ်ရာကျော် တာရှည်စွာ ပျက်စီးယိုယွင်းလေပြားသော်လည်း မြန်မာစာပေထက် မနည်းလှပေ။

ထို့ပြင် ဓညာဝတီအနှံ့အပြား စေတီဟောင်း၊ အဆောက်အဦးဟောင်းတို့တွင် ကျောက်စာနှင့် ပန်းပု၊ ရုပ်လုံး၊ ပန်းချီ၊ ကြွေရည်ဆန်း၊ ပန်းပွင့်ပန်းနွယ်တို့မှာလည်း ပျက်စီးနေဆဲပင်၊ မြို့ဟောင်းနန်းရာကုန်းပြတိုက်မှာလည်း စုဆောင်းထားသမျှသော ကျောက်လက်ရာများတို့မှာ ဂျပန်ခေတ်ကစ၍ ယခုတိုင်အောင် ကြည့်ရှုမည့်သူမရှိဘဲ ပျက်စီးလျက်ရှိပါသည်။ ယခုအခါ မြန်မာနိုင်ငံ အစိုးရမှာလည်း ပေမူစာ၊ ပုရပိုက်စာအစရှိသော စာပေတို့မှာလည်း ဝါသနာပါသူတစ်ဦးက စုဆောင်းထားခဲ့ပြီး ထိုသူ၏ သားမြေးအဆက်အနွယ်တို့လက်ထက် ကျရောက်သောအခါမှ ပျက်စီးသွားရသည်ကို တွေ့ရပါသည်။

ရခိုင်ယဉ်ကျေးမှုတည်းဟူသော ရောင်းဝယ်ဖောက်ကား စီးပွားကုန်သွယ်မှုများနှင့် သက်ဆိုင်သည့် ရှေးဟောင်း ငွေဒင်္ဂါးတို့မှာလည်း ငွေကြယ်သီးပြုလုပ်ခြင်း၊ လက်ကောက်၊ ခြေကြင်းအစရှိသည်တို့ ပြုလုပ်ကြခြင်းဖြင့် ပျက်စီးခြင်းမလှ ပျက်စီးလျက်ရှိခဲ့ပါသည်။

ဤကဲ့သို့ ဖြစ်ပျက်နေသော အခြေအနေကို တာရှည်စွာ လက်ပိုက်ကြည့်နေကြမည်ဆိုပါက ရခိုင်စာပေနှင့် ယဉ်ကျေးမှုအစုစုမှာ မျိုးခြားယဉ်ကျေးမှုစာပေများ၏ လွှမ်းမိုးခြင်းကို ခံရမည်မှာကား မလွဲတော့ပေ။ ကျွန်တော့်ထက် တတ်သိလိမ္မာရေးခြားရှိခဲ့သော စာပေစုဆောင်းလာကြသည့် ဆရာကြီးတို့မှာ သူတို့သေလွန်သည်နှင့်တစ်ပြိုင်နက် သူတို့စုဆောင်းထားခဲ့သော စာပေတို့ပါ တပါတည်း ကွယ်ပျောက်သွားရပါတော့သည်။

ထို့ကြောင့် ရခိုင်ပိဋကတ်စာပေတို့နှင့် စာပေလက်ရာများ တည်ရာပြတိုက်တစ်ခု ဖြစ်မြောက်ပါစေဟု တောင့်တရပါသည်။

ယခုအခါ ကျွန်တော့်မှာ မအားလပ်နိုင်အောင်ပင် အလုပ်ပြင်းပြလျက် ရှိနေပါသည်။ နောက်နောင်ကို အစ်ကိုတို့ လိုသရွေ့သောစာပေများ၊ ရခိုင်အမြုတေများနှင့် အခြားမည်သည့်အကြောင်းအရာများကိုမဆို တတ်အားသမျှ ဆက်သွယ်ပေးပို့ကူညီရန် အသင့်ရှိပါသည်။

ဤအပတ်၌ ရှေးဖြစ်ရာဇဝင်အရ ရခိုင်မင်းဆက်များ ကြီးစိုးစဉ်အခါ ပိုင်ဆိုင်ခဲ့သော နယ်ပြည်များအကြောင်းကို စီကုံးထားသည့် သာစွလေနှစ်ပိုဒ်ကို ဖော်ပြရေးသားပေးပို့လိုက်ပါ၏။ ဤလက်ာသည် ပိုဒ်ရေ ၅၅ပိုဒ် ရှိပါသည်။ ဤလက်ာကို ချိုပုံ-ချပုံ - ဆိုပုံ ၊ သံနေသံထားနှင့်တကွ ကျွန်တော်ကိုယ်တိုင်ပင် ဆိုပြချင်ပါတော့သည်။

'ရခိုင်သားလေ- သာစွလေ'

သာသည်ဝပျော- တို့ပြည်ကြောဝယ်၊ မင်းစောထိပ်ချယ်၊ စိုးခါဝယ်၌ နယ်ပယ်သတ်မှတ်ပိုင်သည့်ရင့်ကား၊ မြစ်မြတ် ဘာဂီရနဒီ၊ ဝဲယာမှီသား၊ ဂဇိရာဒါဂါ၊ မောင်သူဇာနှင့်၊ ဗျူလွှာစံပယ်၊ ဆယ့်နှစ်သွယ်လျှင်၊ ပြောကျယ်ဗုညာ မူဒယာနှင့် မူယာဘဒင်၊ သျှုနာကင်ဟု၊ အမည်သာသည်။ ပြည်ချာမဏ္ဍိုင်ရခိုင်သာယောင့်သာယာစွလေ၊ သာစွလေ။ ။ ရခိုင်သားလေ သာစွလေ။ ။

သာသည်အမည် မြို့မင်းပြည်နှင့်၊ သက်ပြည်တသီး၊ ညောင်းတီးဟတ္တိယာ၊ ဗင်္ဂလာနှင့်၊ သျှတ်သျှာစန္ဒြဖုတ်၊ သီရိဘုတ်ကလနာ၊ ဘင်္ဂကလာ ကတ္တူရေ တထွေဧကရော၊တကြောအသာရောင်၊ နယ်ကုန်အောင်တည်း၊ ရှေ့ဆောင်မြန်မာ၊ စိုးသည်မှာလည်း၊ မိစ္ဆာဂီရို သရက်ထိလျှင်၊ ချမ်းမြို့မဏ္ဍိုင်ရခိုင်သာယောင့် သာယာစွလေ။ ။ သာစွလေ။ ရခိုင်သားလေ သာစွလေ။ ။

အထက်ပါ 'သာစွလေ' ကောက်နုတ်ချက်မှာ၊ လောင်းကြက်မြို့တော်- မင်းထီးမင်းနိုင်၍ ပိုင်ခဲ့သော နယ်နိမိတ်များကို ပြထားခြင်းဖြစ်ပါသည်။ အမိပ္ပာယ်ကို ပြန်ဆိုပါက ယုတ္တိယုတ္တနှင့် နှိုင်းညှိ၍ ပြန်ဆိုရမည်ဖြစ်၍ ရှည်လျားမည် စိုးပါသည်။ မည်မျှသာ ရေးခွင့်ပြုသည် ဟူ၍လည်း မသိရပါသဖြင့် ဤမျှနှင့်ပင် တော်ကြပါစို့။

'မစ္ဆာဂီရို သရက်ထိ' ဆိုသောစကားမှာ မစ္ဆာဂီရို ရခိုင်ရိုးမတောင်ကို ကျော်၍ သရက်မြို့ထိ ပိုင်သည်ဟုလည်း ဆိုလိုက်သည်။ မင်းထီးလက်ထက် တိုက်ခိုက်အောင်မြင်ခဲ့ကြောင်းကို မြန်မာမှန်နန်းရာဇဝင်တွင်လည်း ပါရှိပါသည်။

## ဤလက်ာနှစ်ပိုဒ်ကို အစ်ကိုတို့ ပြင်ဆင်၍ ထည့်ကြပါလေ။

ဦးသာထွန်း
ညောင်ပင်ဈေး၊ မြို့ဟောင်းမြို့၊

ဤသို့သော ဆရာဦးသာထွန်း၏ ပြန်စာကို ဖတ်ရှုရသူတိုင်း ရခိုင်ယဉ်ကျေးမှုနှင့် အတူ စာပေရပ်များ၏ ထူးခြားမြောက်မြားစွာ ရှိနေခဲ့သည့်အကြောင်းကို မှန်းဆ၍ သိရှိနိုင်ကြပေလိမ့်မည်။ အကျွန်ုပ်ကား ဆရာဦးသာထွန်းအား အထူးကျေးဇူးတင်မိ၏။ ဆရာပြောသည့်အတိုင်း လင်္ကာ ၂ပုဒ်ကို ပြင်ဆင်ရန်ကား ဉာဏ်မမီသေးပါ။ ဆရာ၏ မျှော်မှန်းတော်တအပ်သည့် ပိဋကတ်တိုက်ကြီး အကောင်အထည်ဖော်ထုတ်ရေးကို ရခိုင်လူမျိုးတိုင်း အရေးတကြီး အထူးဂရုပြုသင့်ကြောင်းဖြင့်သာ နှိုးဆော်လိုက်ရပါသည်။

စောလှအောင်
ညေဝတီမဂ္ဂဇင်း (၁၉၅၁-၅၂)

# မနော်ဟရိ ကန်တော်ကျောက်စာ

မနော်ဟရိကန်တော်ခေါ် (ကန်လှကန်-ယခုမြို့ဟောင်းမြို့အလယ်တွင်ရှိသည်။) ကန်လှကန်သည် မြောက်ဦးမြို့တော်ဟောင်း၏ ကန်တစ်ခုဖြစ်သည်။ ၎င်းကန်တော်တွင် ရေးထိုးထားခဲ့သော ကျောက်စာဖြစ်၍ ဤကဲ့သို့သော စာမျိုးဖြင့် တွေ့ရသည်။ အဘယ်ကြောင့်ဆိုသော် သက္ကရာဇ် ၇၉၂-ခုနှစ်တွင် နရမိတ်လှမင်းစောမွန်ကြီးသည် မြောက်ဦးကိုတည်၍ မြို့တည်ဘုရား၊ ရေကန်၊ ရေတွင်းတို့ကို ပြုစုတည်ထောင်ခဲ့လေသည်။

ထိုမင်းနောက် နရနုစောမွန်၏ သားတော် ဘစောဖြူ (Kalimah sah) သည် သက္ကရာဇ် ၈၁၇-ခုနှစ်တွင် နန်းတက်တော်မူသည်။ ၎င်းမင်းသည် သက္ကရာဇ် ၈၁၇-ခုနှစ်တွင် မနော်ဟရိကန်ခေါ် နတ်ရေအိုင်ကြီးကို လေးထောင့်ကန်တော်အဖြစ် တူးဖော်ခဲ့လေသည်။ ထိုရောအခါ ဗြဟ္မဏဘာသာတို့၏ဓလေ့ထုံးစံတို့ကို အထူးသဖြင့် ယုံကြည်နေသောကာလဖြစ်၍ ထုံးစံတော်အတိုင်း ကန်တော်ကို ပတ်ပတ်လည်ကျောက်တံတိုင်းတွေ ကာရံပြီးလျှင် ကန်တော်၏လေးထောင့်၌ နတ်ကွန်းတစ်ခုစီ တည်ခဲ့လေ၏။ ထိုနတ်ကွန်းတို့တွင် မဟာဒေဝနတ်ရုပ်တစ်ခုစီထားခဲ့၏။ နတ်ရုပ်၏တည်ရာ ပလ္လင်ဝိုင်းပေါ်တွင် ယခုဖော်ပြပါကျောက်စာကို ရေးထိုးထားခဲ့လေသည်။

၎င်းကျောက်စာကို သက္ကရာဇ် ၁၂၉၉-ခု၊ ကဆုန်လအတွင်း ထပ်မံတူးဖော်ရာတွင် ရရှိရာ အင်္ဂလိပ်ဂျပန်ဒုတိယ ကမ္ဘာစစ်ကြီးဖြစ်စဉ်က ပျောက်ဆုံးသွားလေသောကြောင့် ဤတစ်ပိုင်းတစ်စမျှသာ ပြန်လည်တွေ့ရှိပါသည်။

မစုံမလင်တစ်ပိုင်းတစ်စကလေးပင်ဖြစ်ငြားသော်လည်း အဓိပ္ပာယ်ကို ရရှိရန်သော်လည်းကောင်း၊ ဖတ်ရှုကြစေခြင်းငှာလည်းကောင်း၊ ရည်သန်၍ ဖော်ပြရခြင်းမဟုတ်၊

ရခိုင်ပြည်ကြီး၏အတွင်း စာပေအမျိုးမျိုး ထွန်းကားခဲ့ပုံ၊ စာပေရှိလျှင် လူမျိုးရှိသဖြင့် လူအမျိုးမျိုး စာပေနှင့်တကွ ဆက်ဆံပေါင်းသင်းခဲ့ပုံ၊ မည်သည့်ခေတ်၊ မည်သည့်ကာလ၊ မည်သည့်အချိန်တွင် စာအမျိုးမျိုးကို အသုံးချပုံ၊ ယခုအခါဆိုသော် အင်္ဂလိပ်ခေတ်၌ အင်္ဂလိပ်စာသုံးပုံ၊ မြန်မာခေတ်၌ မြန်မာစာသုံးပုံတို့ဖြင့် သိနိုင်ရာသည်။

ထိုအချိန်အခါတွင် အဘယ်ကြောင့် ဤကျောက်စာမျိုးကို သုံးခဲ့ပါသနည်းဟူမူကား မြောက်ဦးတည် မင်းစောမွန်မှအစ၊ မင်းဘာကြီးအဆုံးရှိသော မင်းစောမွန်ဆက် ၁၂ ဆက်တိုင်တိုင် အိန္ဒိယပြည်သူ ရတန်းမင်းနှင့် အထူးဆက်ဆံခဲ့၍လည်းကောင်း၊ မင်းစောမွန်အား သူရတန်မင်းက စစ်ကူပေးဖူးသောကြောင့် လည်းကောင်း၊ ကူးသန်းရောင်းဝယ်ခြင်း၌ အိန္ဒိယပြည်နှင့် သာ အထူးတလည်ကူးသန်းရောင်းဝယ်သောကြောင့် လည်းကောင်း၊ ဘုရား၊ ရေကန်၊ ရေတွင်း၊ ငွေသား၊ ဒင်္ဂါး၊ ရွှေသား ဒင်္ဂါး၊ မော်ကွန်းကျောက်စာ မှစ၍ အာရေဗီရှေးဟောင်း ကျောက်စာမျိုးဖြင့် ရေးသားခဲ့လေသည်။ မြောက်ဦးတည် မင်းစောမွန်ကြီးတည်ခဲ့သော မုတ်လေးဆန်စေတီတော်တွင် (လေးမျက်နှာစေတီ) ရေးထိုးခဲ့သော ကျောက်စာလည်း ရှေးဟောင်း အာရေဗီ ဖြစ်သည်။ ယခုပြတိုက်ထဲတွင် ရှိသည်။ စောမွန်ဆက်များသုံးခဲ့သော ဒင်္ဂါးတို့မှာ ယခုတိုင် ရှိသေး၏။

ဤကန်တော်၏မူလအိုင်အဖြစ်မှ ဘစောဖြူစောမွန်သည် ဤမျှကြီးကျယ်စွာ ပြုလုပ်ခဲ့သည့် လောင်းကြက်မြို့ခေတ်တုန်းက မြောက်ဦးကို မတည်မီအချိန်ကာလတွင် ဤကန်သည် နတ်ရေအိုင်ဖြစ်နေသည်။ ဖြစ်ကြောင်းမှာ လောင်းကြက်မြို့တော်မှ စိတ္တရနာရဒရှင် ငယ်ညီနောင်တို့ ပညာသင်ရန် ဆရာရှာကြစဉ် ဤအိုင်မှာပင် လူမပါဘဲ သူချည်းသက်သက်အသက်ရှိသလို ဘူးတောင်းကလေးတစ်လုံးသည် ရေခပ်လာရာ ညီနောင်နှစ်ဦးတို့သည် ထူးခြားသောဘူးတောင်းကလေးနောက်သို့ အစဉ်တစိုက်လိုက်ပါသွားကြပြီး ပညာဟိသျှင်ရသေ့နှင့်တွေ့လေကြောင်း ရာဇဝင်ကြီးတွင် တွေ့ရှိရသည်။ ဤအကြောင်းကို အင်္ဂလိပ်ဘာသာဖြင့် ဦးစံဖော်ဦး ရေးခဲ့သည်မှာ (A pot of Water Caurying dried. pump kin was seen jogging along by itself on the ground. Dumb-founded they instinctively followed it slowly and cautiously. It finally went down into a tank containing  good and transparent Water, on which grew . The five kinds of Paduma Lilies. Immersing Itself into if and having filled itself with the Water, if Came up again and retraced its Steps.)

ထို့ကြောင့် ဤကန်သည် လောင်းကြက်ခေတ်တုန်းက နတ်ရေအိုင်၊ မြောက်ဦးခေတ်တွင် လေးထောင့်ကန် ဖြစ်လာလေသည်။ ဤအကြောင်းတို့ကို ဘစောဖြူမင်းသည် ခေတ်အလိုက် ရေးသားသော ကျောက်စာဖြင့် မော်ကွန်းတင်ခဲ့လေသည်။ ရှေးရှေးသော ရာဇဌာနီခေတ်တုန်းက တိုင်းတစ်ပါးမှလူအမျိုးမျိုးတို့၏ စာပေအားဖြင့် ဆက်သွယ်ခြင်း လူမျိုးအချင်းချင်းခိုက်ရန်ဒေါသမရှိ ပေါင်းသင်းဆက်ဆံခြင်းတည်းဟူသော ယဉ်ကျေးမှု၊ ငြိမ်းချမ်းသာယာမှုတို့ကို ဖော်ပြလိုသောစိတ်ထားဖြင့်လည်းကောင်း၊ တိမ်မြှုပ်ပျောက်ကွယ်နေသော ရခိုင်ပြည်တွင်းရှိ စာပေဟောင်းတို့ကို ပေါ်လွင်စေခြင်းငှာလည်းကောင်း၊ ဤကျောက်စာလေးတစ်ပိုင်းကို ဂရုတစိုက်ဖော်ပြလိုက်ရခြင်းဖြစ်ပေသည်။

ဦးသာထွန်း၊ မြို့ဟောင်း။
ညေဝတီမဂ္ဂဇင်း (၁၅၂-၅၃)

## တတိယမြောက်ဦးခေတ် အလယ်ပိုင်း

# ရွှေးဟောင်းငွေသားဒင်္ဂါး

မဟာဝိဟီကရက္ခပူရမညဝတီပြည်ကြီးတွင် ထီးနန်းကနက်စဉ်ဆက်ဖြန့်မိုး အုပ်စိုးတော်မူသော မင်းများအပေါင်းတို့တွင် ယခုဖော်ပြလတ္တံ့သော တတိယမြောက်ဦးခေတ် အလယ်ပိုင်းအတွင်းတွင် ခေတ်အလျောက် သုံးစွဲကြကုန်သော ငွေသားဒင်္ဂါးဟောင်းများကို အနည်းငယ်မျှ ဖော်ပြလိုသော စိတ်ထားဖြင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ ဗဟုသုတပြောင်မြောက်စေခြင်းငှာ လည်းကောင်း၊ တိမ်မြုပ်ပျောက်ကွယ်နေသော သုခုမပညာရပ်များကို ပေါ်ထွက်ထွန်းကားစေခြင်းငှာလည်းကောင်း ကြိုးစားရှာဖွေစုဆောင်းကာ ဖော်ပြရပေသတည်း။

တတိယမြောက်ဦးခေတ် အလယ်ပိုင်းဟူ၍ ခေါင်းစဉ်တပ်ပြီးလျှင် စီစဉ်ရေးသားရခြင်းမှာ သက္ကရာဇ် ၉၇၄-ခု၊ သီရိသုဓမ္မရာဇာ၏ လက်ထက်၌ သုံးစွဲခဲ့သော ငွေသားဒင်္ဂါးဟောင်းကို အစပြုပြီးလျှင် ရေးသားဖော်ပြရခြင်းကြောင့် တတိယမြောက်ဦးခေတ် အလယ်ပိုင်းဒင်္ဂါးဟူသော ခေါင်းစဉ်ကို ဆင်နွှဲခဲ့ရပေသည်။ အဘယ်ကြောင့် တတိယမြောက်ဦးခေတ် ခေါ်တွင်ရသနည်းဟူမူကား သက္ကရာဇ် ၄၄၉-ခုနှစ်တွင် ပထမမြောက်ဦးမြို့တော်ကြီးကို ဖန်ဆင်းတည်ထောင်တော်မူလေသော ပဲဖြူမင်းသားသည် ပထမမြောက်ဦးမြို့ကို တည်တော်မူ၏။ ၎င်းသက္ကရာဇ်မှာ ခဆပဥ္စကိန်းကိုဖြို၍ ရေတွက်လာသော ယခုကောဇာသက္ကရာဇ် ၇၉၂-ခုတွင် မင်းစောမွန်ကြီးသည် ဒုတိယမြောက်ဦးမြို့ကို တည်တော်မူသောကြောင့် ဒုတိယမြောက်ဦးမြို့ဟု ခေါ်တွင်လေသည်။ တတိယမြောက်ဦးမြို့ခေါ်တွင်ကြောင်းကား သက္ကရာဇ် ၈၉၃-ခုတွင် ဘဝရှင်မင်းဗားကြီးသည်

တတိယမြောက်ဦးမြို့ကို တည်တော်မူသောကြောင့် တတိယမြောက်ဦးတွင်လေသည်။ ၎င်းတတိယမြောက်ဦးမြို့တည် မင်းဗားကြီး သက္ကရာဇ် ၈၉၃-ခုမှအစ သက္ကရာဇ် ၉၇၄-ခုတွင် မြောက်ဦးမင်းဆက် အလယ်ပိုင်းသို့ ကျရောက်နေပြီးဖြစ်သောကြောင့် မြောက်ဦးခေတ်အလယ်ပိုင်းဟူသော အမည်ကို ပေးခဲ့ရလေသည်။

ယခုဖော်ပြပါ ဒင်္ဂါးပုံ ၁-ပုံမှာ သက္ကရာဇ် ၉၇၄-ခု သီရိသုဓမ္မရာဇာမင်းလက်ထက်တွင် သုံးခဲ့သည့် ပုံ ၂-သက္ကရာဇ် ၁၀၀၀-နရပတိမင်းကြီး။ ပုံ -၃သတိုးမင်းတရား။ ၎င်းမင်းကို ဘွားမြင်သောအခါ ကနက္ကဒါန်ထီးဖြူ အလိုလိုပွင့်တော်မူသောကြောင့် ထီးဖြူပွင့်မင်းဟူ၍ ခေါ်၏။ ထို့ကြောင့် ၎င်းမင်းလက်ထက် သုံးစွဲခဲ့သောဒင်္ဂါးတွင် ကနက္ကဒါန်ထီးဖြူပွင့်ဟန် ဆွဲလွဲချူရွက်သဏ္ဍာန်၊ တွဲကျဟန် အနားရစ်တို့ဖြင့် သွန်းလုပ်ခဲ့သည်။ ပုံ-၄ စန္ဒသုဓမ္မရာဇာ သက္ကရာဇ် ၁၀၁၄ ၎င်းမင်းလက်ထက်တွင် ဆင်ဖြူသခင် ဆင်နီသခင်ဟူသော ဘွဲ့ကိုပယ်၍ ရွှေနန်းသခင်ဟူသော ဘွဲ့ကိုသာ ခံယူကြသည်။

အဘယ်ကြောင့်ဆိုသော် ၎င်းမင်းလက်ထက်တွင် ဆင်ဖြူတော် ဆန်နီတော်တို့ ကွယ်ခဲ့ပြီးဖြစ်သောကြောင့် ဘဝသျှင်မင်းဖလောင်းကြီး တည်ဆောက်တော်မူသောကြောင့် ရွှေစင်အတိခင်းစီအပ်သည့် အထွဋ်တော် မှန်ကင်းမှသည် မြေထဲအုတ်မြစ်အစတိုင်အောင် ရွှေသားအတိပြီးသော နန်းမဆောင်တော်၏ ဗဟိုအဆောင်တော် ရွှေအိမ်ကွမ်းပြောက်ကြီးကို ဂုဏ်ယူသည့်အနေဖြင့် ရွှေနန်းသခင်ဟူသော ဘွဲ့ထူးကို ခံယူခဲ့လေသည်။ ပုံ-၅၊ စန္ဒဝိဇယရာဇာ သက္ကရာဇ် ၁၀၇၁။ ပုံ-၆ သက္ကရာဇ် ၁၀၉၃-ခု စန္ဒသူရိယရာဇာ။ ပုံ-၇ သက္ကရာဇ် ၁၀၉၉-ခု မဒ္ဒရာဇ်ရာဇာ။ ပုံ-၈ သက္ကရာဇ် ၁၁၀၉-ခု အဘယရာဇာ။ ပုံ-၉ သက္ကရာဇ် ၁၁၂၃-ခု စန္ဒပရမရာဇာ။ ပုံ-၁၀ သက္ကရာဇ် စန္ဒသုမနရာဇာ။ ပုံ-၁၁ သက္ကရာဇ် ၁၁၄၄-ခု မဟာသမထရာဇာ။ ပုံ-၁၂ သက္ကရာဇ် ၁၁၄၆-ခု အမရပူရ ဆင်ဖြူများရှင်နိုင်ငံ။ ဤကဲ့သို့ မိမိတို့၏ဂုဏ်ထူးဘွဲ့ထူးများကို ခံယူကာ ငွေသားဒင်္ဂါးတွင် ဘွဲ့တံဆိပ်ခတ်နှိပ်ကြကုန်သည်။

တတိယမြောက်ဦးခေတ်အလယ်ပိုင်းတွင် သုံးစွဲခဲ့သောဒင်္ဂါးများ အစပိုင်းက သုံးစွဲခဲ့သော ဒင်္ဂါးများတို့မှာ မင်းဆက်ပေါင်း ၄၉-ဆက်တွင် ငွေဒင်္ဂါးအမျိုးပေါင်း ၄၉-မျိုးရှိရမည်ဖြစ်ရာ နန်းသက်တိုသော မင်းများအချို့ ဒင်္ဂါးခတ်နှိပ်ရန် မရခဲ့ကြကုန်။ မင်းဆက် ၄၀-ဆက် ငွေဒင်္ဂါး ၄၀-ပြားသာ တွေ့ရှိရသည်၊ ၎င်းဒင်္ဂါးတို့မှာ စုဆောင်း၍ထားခဲ့သော်လည်း အင်္ဂလိပ်-ဂျပန် ဒုတိယကမ္ဘာစစ်ကြီးအတွင်း စစ်ဘေးဒဏ်ကြောင့် ပျက်စီးယိုယွင်းခဲ့သည်က တရပ်၊ မြောက်ဦးခေတ်အလယ်ပိုင်းအတွက်သာလျှင် ဖော်ပြလိုသည်က တကြောင်း၊ ဤသို့သော အကြောင်းများတို့ကြောင့် ဤ၁၂-ဆက်သော မင်းစဉ်ဒင်္ဂါးတို့ကိုသာလျှင် ဖော်ပြရပေသတည်း။ နောင်ခေတ်ကာလအလျောက် အလျဉ်းသင့်

ဆက်လက်ဖော်ပြပါဦးမည်ဟု အာသီသရှိခဲ့ပါကြောင်း။

ဓညဝတီပြည်ကြီးတွင် ဦးစွာအစဒင်္ဂါး ပေါ်ပေါက်လာရခြင်းအကြောင်းရင်းမှာ အနောက်မဇ္ဈိမဒေသဝင်တရိုး တိုင်းကြီးပြည်ကြီး အပေါင်းတို့နှင့် ကုန်ကူးသန်းရောင်းဝယ်ရေးအတွက် လှည့်လည်သုံးစွဲခြင်းအလို့ငှာ ရွှေ ငွေ၊ ကြေးဒင်္ဂါးများကို ခတ်နှိပ်သုံးစွဲကြကုန်သတည်း။ အဘယ်ကာလကမှ စတင်ဖြစ်ပေါ်သနည်းဟူမူ ရာဇဝင်ဝါသနာထုံသူတို့သည် ရှေးအကျဆုံးဖြစ်သော မြို့တော်ဟောင်းများတို့ကို လိုက်လံရှာဖွေကြသောအခါ ရခိုင်တိုင်းတွင် အဟောင်းဆုံးဒင်္ဂါးခေါ် ဆတ်တံဆိပ်ဒင်္ဂါးများကို တွေ့ရသည်။ တချို့သော ရာဇဝင်ဆရာတို့က ၎င်းဒင်္ဂါးကို မာရယုဒင်္ဂါးဟု အယူအဆရှိခဲ့ကြသည်။ ဒင်္ဂါးတွင်လည်း စာပေအက္ခရာ အမှတ်အသား တစ်စုံတစ်ခုမှမပါ၊ ဆတ်ရုပ်တစ်ခုတည်းသာ ခတ်နှိပ်လျက် ပါရှိပြီးလျှင် ဒင်္ဂါး၏အနားနှင့် အသားပြင်တို့မှာ ပွန်းထိပဲ့ရှပြီး ကွဲပြိုလုခမန်း ဖြစ်နေသည်။ အဟောင်းဆုံးဒင်္ဂါးတော့ မှန်ပါပေ၏။ သက္ကရာဇ် နေ့စွဲမပါ၍ မဝေခွဲနိုင်၊ သို့သော် ရာဇဝင်သက်ကြီးတွေက ထင်မြင်ချက်တစ်ခုပေး၍ ရေးသားမှတ်တမ်းတင်ထားခဲ့ကြသည်မှာ ပဉ္စာမြို့တော် မဥ္စူသိမ်မင်းသည် (ခေတ္တသင်လည်းခေါ်၏) ဆတ်တံဆိပ်ခတ်နှိပ်အပ်သော ဒင်္ဂါးများကို ခတ်နှိပ်သုံးစွဲခဲ့ဖူးကြောင်း ရာဇဝင်ဟောင်းကျမ်း၏ ထွက်ဆိုချက်အရ ဟုတ်မှန်လိမ့်နိုးဖြင့် မဥ္စူသိမ် (ခေတ္တသင်ခေါ် တိုင်းချစ်မင်း) လက်ထက်၌ သုံးစွဲခဲ့ကြောင်းဟူပေ၏။

သို့သော် ပထမဖော်ပြရင်း မာရယုဒင်္ဂါးလည်း လွန်လွန်းသည်။ အဘယ်ကြောင့်ဆိုသော် မာရယုမင်း ဂေါတမဘုရား ပွင့်တော်မမူမီ ကာလကပင် ဘိုးတော်အဥ္ဇနနှင့် ကာဠုဒေဝိလရသေတို့ မဖြိုးသေးသော သက္ကရာဇ် ၆၀၅၇-တွင် မင်းဖြစ်သောသူဖြစ်သောကြောင့် ထိုခေတ် ထိုကာလအချိန် ဒင်္ဂါးကိုကား မသုံးစွဲခဲ့ကြ၊ ရွှေဒိုင်ခွက် ငွေဒိုင်ခွက်ကိုသာ သုံးစွဲခဲ့ကြကြောင်း ယောသကသူဌေးကြီးဝတ္ထုကို ထောက်ရှုနိုင်သည်။ ထို့ကြောင့် ယုတ္တိမထင်ရှားချေ။ မဥ္စူသိမ်ခေါ် တိုင်းချစ်မင်းလက်ထက်တွင် သုံးစွဲခဲ့ကြောင်း ရာဇဝင်သက်ကြီးတို့ ဖော်ပြခဲ့ကြသည်မှာလည်း နောက်သို့ ဆုတ်လွန်းသည်ဟူ၍ ထင်မိသည်။ အဘယ်ကြောင့်ဆိုသော ပထမဝေသာလီမြို့တော်ဟောင်းတွင် ရှာဖွေရရှိသော ဒင်္ဂါးအချို့မှာ သက္ကရာဇ် -၁၅၀ကျော်အတွင်းက ကျရောက်ပြီးလျှင် အက္ခရာစာတို့မှာလည်း ရှေးဟောင်းသကဌနာဂရီအူဒူ၊ အာရေဗီအက္ခရာသက်သက်ဖြင့်သော် လည်းကောင်း၊ နွားရုပ်လူရုပ်ဖြင့်သော်လည်းကောင်း ခတ်နှိပ်ထုလုပ်၍ တွေ့ရှိရပေသည်။

ထို့ကြောင့် ဖော်ပြပြီးဖြစ်သော ဆတ်တံဆိပ်ဒင်္ဂါးမှာ စာပေမသုံးစွဲမီကာလကသော်၎င်း၊ မာရယုမင်း၏ နောက်ဆုံးအဆက်မှ သော်လည်းကောင်း ပေါ်ထွက်ဟန်လက္ခဏာရပေ၏။ ထိုအစဉ်အခါမှစ၍ ငွေသားဒင်္ဂါး၊ ရွှေသားဒင်္ဂါး၊ ကြေးပြားဒင်္ဂါးသုံးစွဲလာကြလေ

သည်။ ယခုဖော်ပြပါ မြောက်ဦးခေတ်အလယ်မှ အဆုံးတိုင်အောင် ဒင်္ဂါးတို့မှာ သီရိသုဓမ္မရာဇာ ဒင်္ဂါးတစ်ပြားသာလျှင် မြန်မာစာတစ်ဘက်၊ အူဒူနှင့် ဟိန္ဒူဘာသာရောနှော၍ တစ်ဘက် ခတ်နှိပ်ထားသည်။ နရပတိမင်းအစ မဟာသမတရာဇာအဆုံးတိုင်အောင် ဒင်္ဂါးတို့မှာ ၂-ဘက်စလုံးတွင် မြန်မာအက္ခရာသက်သက်ဖြင့် ခတ်နှိပ်ခဲ့ကြ၏။ ရခိုင်ပြည်တွင် သက္ကရာဇ် ၁၁၄၄-ခုနှစ် နန်းတက်၍ သက္ကရာဇ် ၁၁၄၆-ခုနှစ်တွင် နန်းကျသော မဟာသမတရာဇာအဆုံးတွင် အမရပူရဘိုးတော်မင်းတရားကြီး သိမ်းပိုက်အုပ်စိုးတော်မူလေသည်။ ထိုအခါတွင် ဘိုးတော်မင်းတရားကြီးလည်း ငွေသားဒင်္ဂါးခတ်နှိပ်သုံးစွဲတော်မူသည်။ ထို့ကြောင့် ပုံ-၁၂ ဒင်္ဂါးတွင် ၁၁၄၆-အမရပူရ ဆင်ဖြူရှင်နိုင်ငံဟူ၍ ခတ်နှိပ်ထားလေသည်။ ဤမျှဖြင့် တတိယမြောက်ဦးခေတ်အလယ်ပိုင်းနှင့် နောက်ဆုံးပိုင် ဒင်္ဂါးများအကြောင်းကို အနည်းငယ်ဖော်ပြခြင်း ဖြစ်ပေသည်။ ကျန်ဒင်္ဂါးများအကြောင်းကိုလည်း ဆက်လက်ဖော်ပြရန် အာသီသရှိခဲ့ပါကြောင်း။


အဆိုပါဒင်္ဂါးတို့၏ အလေးချိန်မှာ အကြီးဆုံးဒင်္ဂါး၏အလေးချိန် နှစ်ကျပ်ခွဲ အလတ်ဒင်္ဂါးတစ်ကျပ်၊ အလတ်ဒင်္ဂါးတစ်မျိုး သုံးမတ်၊ ဆယ်ပဲ။ အငယ်ဒင်္ဂါး ရှစ်ပဲလေးပဲ အစရှိသည်ဖြင့် တွေ့ရပေသည်။


မှတ်ချက်။ ။ (က) ပုံ-၁၏ ဝဲဘက်မှာ အက္ခရာဖြင့် ခတ်နှိပ်ထားကာ ယာဘက်တွင်အပေါ်ပိုင်း အူဒူအက္ခရာ၊ အောက်ပိုင်း ဟိန္ဒူအက္ခရာများနှင့် အသီးသီးခတ်နှိပ်ထားပါသည်။

(ခ) ပုံ-၂မှ ၁၂-ထိ ဝဲဘက်နှင့် ယာဘက်မှာ အတူတူဖြစ်ပါသည်။

(ဂ) ပုံ-၃ ဒင်္ဂါး၏ အနားရစ်တွင် ကနုတ္တဒါဏ်ထိုးဖြူဖွင့်ပုံ ပါရှိပါသည်။

**ဦးသာထွန်း**
**ရာဇဝင်ဆရာ၊**
**၀၉၁၄-၊ ၀၉၁၅၊ ရခိုင်တန်ဆောင်မဂ္ဂဇင်း အတွဲ(၁)**
**အမှတ်(၄)**





ပေါင်းတော်လေးဆာယ်၊ စလွယ်တော်ကိုးပါး

# ဗောင်းတော်လေးဆယ်

ရက္ခိုင်တို့၏ ဆင်ယင်ထုံးဖွဲ့မှုတွင် ကမ္ဘာပေါ်ရှိ လူမျိုးပေါင်းစုံတို့၏ ဆင်ယင်ထုံးဖွဲ့ဘိသကဲ့သို့ မျိုးရိုးနှင့်ညီစွာ ဒေသအလိုက်၊ ဌာနအလိုက်၊ ကာလအလိုက် အဆင့်ဆင့်ထုံးဖွဲ့လာကြသည်။ မိမိတို့ဌာန၊ ကာလဒေသနှင့်ညီစွာ ထုံးဖွဲ့ဆင်ယင်သည်လည်း ရှိ၏။ နီးစပ်ရာတိုင်းပြည်များနှင့်လည်းကောင်း၊ ဆက်ဆံမိတ်ဖွဲ့ရာ တိုင်းပြည်များနှင့်လည်းကောင်း၊ ဆင်ယင်ထုံးဖွဲ့မှုများမှာ အနည်းငယ်တူညီနေသည်လည်း ရှိ၏။ မိမိတို့ဩဇာလွှမ်းမိုးရာ ထီးဆောင်းနန်းနေတို့မှ ဘဏ္ဍာတော်ဆက်သ၍ ရရှိသော အထည်မျိုးအုပ်မျိုးဝတ်စားမျိုးတို့ကို ဆင်ယင်ထုံးဖွဲ့ရသည်လည်း ရှိ၏။

အခါတစ်ပါးစီတို့၌ အခွင့်အရေးအားညီစွာ ဘုရင်မင်းမြတ်နှင့်တကွ၊ မိဖုရားခေါင်ကြီး သားတော် သမီးတော် အိမ်ရှေ့ဥပရာမှူးတော်မတ်တော် ကတ္တော်ဇုန္ဒတ် လောသကွက်စစ်တပ်စစ်ချီ ဒိုင်းကျီဒိုင်းကျွားအစရှိသော ဝန်ကြီးများ၊ မြို့စားရွာစားများနှင့်တကွ အစေအပါးအပေါင်းတို့ကို ဌာနကာလနှင့်ညီအောင် ဝတ်စားပေးသနားတော်မူသည်။

ထိုသို့ဆောင်ရွက်ရာ၌ မှူးကြီးမတ်ကြီး သေနာပတိကြီးတို့သည် တိုက်ခိုက်ရာ၌လည်းကောင်း၊ လျှောက်တင်ရာ၌လည်းကောင်း၊ ဆုံးဖြတ်ရာ၌လည်းကောင်း၊ လွန်ကဲထူးချွန်ခဲ့သည်ရှိသောအခါ ဗောင်းတော်စလွယ်တော်တို့၌ အချွန်အတက် ပန်းခက်ပန်းရွက် အဆင့်အရစ်၊ ပုရစ်ဖူးတန်၊ တမာချွန်ကြာဖူး ဆင်ကူးဆင်ပြောက် တယောက်မကာရုံးကွက်၊ ညောင်ရွက် တောင့်တဲ့ဇာဂြ၊ ဒေါင်းဒလိပ်၊ တံဆိပ်၊ ပုဏ္ဏရိက ဒိပသဏ္ဌာန်ကြာမွှန် ပဒုမအစရှိသော တံဆိပ်နိမိတ်တို့ကို ဆင့်တိုး၍ မူလတွင် ဖြည့်စွတ်ရသည်။ စလွယ်တော်တို့မှာလည်း ထိုနည်းတူပင် ဖြည့်စွက်ရသည်။

ဘွဲ့တော်-မည်တော်တို့မှာလည်း ဂုဏ်ထူးထပ်ဆင့်ရသည်။ ဤသို့ရက္ခိုင်တို့တွင် ရဇ္ဇပူရ-သမုတ္တိဒေဝမင်းမှစ၍ မြောက်ဦးခေတ် မဟာသမ္မတမင်းတိုင်အောင် ဆင်ယင်ထုံးဖွဲ့လာကြသည်။ ယင်းဗောင်းတော်စလွယ်တော်တို့နှင့် ညီမျှစွာသော ပုတီး၊ နာဗြောင်း၊ လက်ကောက်၊ ခြေကျင်း၊ ခါးကြိုး၊ ဒွါဒရာ၊ ပါလည်ကွဲ့၊ မောင်းကွက်၊ ခါးချပ်၊ မိန်ညို အစရှိသော အဝတ်အစားတို့တွင်လည်း ရတနာမျိုးစုံတို့ကိုလည်းကောင်း၊ ဖျင်ပုဆိုး၊ ပိုးပုဆိုးတို့ကိုလည်းကောင်း၊ စီခြယ်ဝတ်ဆင်ရသည်။

ယခုနှစ်တွင် အကျွန်ုပ်သည် ဆယ်ယင်ထုံးဖွဲ့မှုများအနက်၊ ရှေးခေတ်ရက္ခိုင်တို့၏ ဗောင်းတော်လေးဆယ်၊ စလွယ်တော် ကိုးပါးဟူသော ကဗျာပုဒ်ရင်းကြီးမှ ဗောင်းတော်လေးဆယ်တို့တွင် ရှစ်ပါးသောဗောင်းတော်ကို ထိုပုံစံနှင့်တကွ တင်ပြပါသည်။ ယခုတင်ပြသော ဗောင်းတော်တို့မှာ ရက္ခိုင်ပြည် မြောက်ဦးနေပြည်တော် ကောင်းစားစဉ်အခါက ဘစောဖြူစောမွန် (ကာလီမသျှာလ်)မင်းတရားကြီးသည် ရန်အောင်ဇေယျပုထိုးတော်ကြီး၏ အရှေ့မြောက်ခပ်ယွန်းယွန်း တစ်ခေါ်မကသော ခရိုး၌ ဟမီဝန်မည်သော နတ်တောင်ကြီး၏ တောင်စွယ်အပေါင်းတို့တွင် တတိယမြောက် တောင်စွယ်၌ မဟာဗောဓိစေတီတော်ကို တည်ထားခဲ့သည်။

ယင်းစေတီဂူတွင်း လက်ဝဲ-လက်ျာနံရံတို့တွင် ထီးခဏ်းနန်းခဏ်းထွက်တော်မူခဏ်း ရုပ်လုံးများကို ထုထားသည်။ ယင်းရုပ်လုံးမှ ထွက်တော်မူခဏ်း၌ပါဝင်သော ဆင်ယင်ထုံးဖွဲ့မှုတွင် မြောက်မြားစွာပါဝင်နေသည်။ ဗဟုသုတပွားများစေရန် ရည်သန်သော စိတ်ထားဖြင့် လည်းကောင်း၊ တိမ်မြုပ်ပျောက်ကွယ်လုမတတ် ဖြစ်နေသော ရက္ခိုင်ယဉ်ကျေးမှုကို တင်ပြခြင်းဖြင့်လည်းကောင်း၊ ရှစ်ခုသော ဗောင်းထုပ်တော်တို့ကို တင်ပြခြင်း ဖြစ်ပါသည်။

ဗောင်းထုတ်တော်အမည်များကို ဤဆောင်းပါးရှေ့ပိုင်း၌ အနည်းငယ်ဖော်ပြခဲ့ပြီ၊ လက်တွေ့ဗောင်းထုပ်များကို ရှေးဟောင်းဘုရားဂူတို့၌ တွေ့ရှိခြားသော်လည်း ရာဇဝင် သမိုင်းစာပေ ကဗျာလင်္ကာတို့နှင့် အသေအချာနှိုင်းညှိရသေးသည်။ ယင်းနောက် နန်းတွင်း နန်းပြင်ဆင်ယင်ထုံးဖွဲ့မှု နိဒါန်းစဉ်လာတို့နှင့် ညှိနှိုင်းရသေးသည်။ ထိုသို့ပြီးမှ သေချာစွာ သက်သေသာကေပြု၍ တင်ပြရပါသည်။ ဤသို့တင်ပြရာတွင် နှစ်စဉ်နှစ်တိုင်း ရက္ခိုင်ကျောင်းသူကျောင်းသားတို့၏ စာစောင်၌သာ များသောအားဖြင့် တင်ပြခဲ့ပါသည်။

တစ်နှစ်လျှင် တစ်မျိုးကျစီတင်ပြနေပါသည်။ သတိမူသော စာဖတ်ပရိသတ်တို့ မှတ်မိကြပေလိမ့်မည်။ ကျွန်တော်တို့ တင်ပြခဲ့သည်မှာ ဘာသာရေး ယဉ်ကျေးမှုစာပေ ယဉ်ကျေးမှု၊ ထီးခဏ်းနန်းခဏ်း ယဉ်ကျေးမှု ဆင်ယင်ထုံးဖွဲ့မှု ယဉ်ကျေးမှု၊ တို့ကို တင်ပြ ခဲ့ပါသည်။

ယင်းသို့တင်ပြရာ၌ သက်သေသာကေခိုင်လုံစွာဖြင့်လည်းကောင်း၊ သက္ကရာဇ် ရာစု နှစ်အစဉ်အလာဖြင့် လည်းကောင်း၊ ကျမ်းဂန်စာပေ၊ ကျောက်စာပုရပိုက်တို့နှင့် တင်ပြ နှိုင်းညှိသည်တို့ကို နှိုင်းညှိတင်ပြ၍ ကဲ့ရဲ့ခြင်းကိုလည်းကောင်း၊ ပြစ်တင်ရှုံ့ချခြင်းကို လည်းကောင်း ခံခဲ့ရသည်။ ချီးမွမ်းခြင်း အားပေးခြင်းတို့ကိုလည်း ခံခဲ့ရသည်။

မည်သို့ပင်ဖြစ်လင့်ကစား ကောင်းသော အာသီသတို့ဖြင့်သာ တင်ပြရခြင်းကြောင့် နှစ်စဉ်နှစ်တိုင်းပင် တင်ပြပါဦးမည်။ ကျွန်တော်၏ ဆောင်းပါးရေးသားရာတို့တွင် မည်သည့်ပုဂ္ဂိုလ်ထံမှ အရေးအသား ဆောင်းပါး၊ ကဗျာတို့ကိုခိုးယူခြင်း၊ အမည်ခံခြင်း၊ ပုံတူကူးယူခြင်းမပြုလုပ်ခဲ့ပါ။ နောင်ကိုလည်း ပြုလုပ်လိမ့်မည် မဟုတ်ပါ။ လွန်ခဲ့သော နှစ်တစ်နှစ်အတွင်းက ဆောင်းပါးတစ်ပုဒ်သည် အကျွန်မရေးဘဲနှင့် အကျွန့်အမည်ကို တပ်ထားပါသည်။ ယင်းဆောင်းပါးမှာ အကျွန်လည်း မရေးပါ။ အမည်တူခြင်းသာ ဖြစ် ပါသည်။ အကျွန်မဟုတ်ပါ။ ဆောင်းပါးပိုင်ရှင်နှင့်တကွ၊ သားမြေးတို့ စိတ်ဆိုးမာန်ပါ သည်ဟု ကြားသိရပါသည်။ အကျွန်မဟုတ်ကြောင်း ပြန်ကြားပါသည်။ စိတ်ဆိုးမာန်ပါ ခြင်းကို ခွင့်ပြုကြပါ။

ရက္ခိုင်ဆင်ယင်ထုံးဖွဲ့မှုအမျိုးမျိုးတွင် တစ်ပါးအပါအဝင် ဖြစ်သော (ဗောင်းတော် လေးဆယ်)အမည်များကို နောင်ရေးလတ္တံ့သောဆောင်းပါးများတွင် ဆက်လက်ရေးသား ပါဦးမည်။

ယခုနှစ်တွင် (က) ပုရောဟိတ်ဗောင်းထုပ်။ (ခ) အတွင်းဝန်ဗောင်းထုပ်။ (ဂ) လွှတ်တော်ဝန်ဗောင်းထုပ် (ဃ) ဟူးရားသူကြီးဗောင်းထုပ်။ (င) ဇုန္ဒတ်လက်ျာပုံချီ ဗောင်း ထုပ် (ရေတပ်)။ (စ) ဇုန္ဒတ်လက်ျာပုံချီ ဗောင်းထုပ် (ကြည်းတပ်)။ (ဆ) ဓားပိုင်ကြီး ဗောင်းထုပ် (ရေတပ်)။ (ဇ) ဟူးရားသွေးကြီးဗောင်းထုပ်တို့ကို တင်ပြပါသည်။ ဗောင်း ထုပ်တော်တို့ကို ကြည့်ခြင်းအားဖြင့် မင်းခန်းမင်းနားတို့တွင် မည်သို့ဆင်ယင်ပုံ၊ တစ်ခေတ် နှင့်တစ်ခေတ် အပြောင်းအလွဲရှိပုံတို့ကို ဝေဖန်နှိုင်းညှိနိုင်သည်။

အဆောင်အယောင် အနေအထားတို့ကိုလည်း သိနိုင်သည်။ ဆင်ယင်ထုံးဖွဲ့မှုကို မြင်ရခြင်းအားဖြင့် ရှေးဟောင်းနိပါတ်တော်နှင့် ပြဇာတ်တို့ကို ကပြရာတွင် အသုံးပြု

နိုင်သည်။ သို့မှသာလျှင် ရက္ခိုင်တို့သည် ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီးတို့ကဲ့သို့ ယဉ်ကျေးမှုကို ဖော်ထုတ်နိုင်ပေလိမ့်မည်။ "ဗောင်းတော်လေးဆယ်၊ စလွယ်တော်ကိုးပါး၊ ခါးကြိုးငါးရပ်၊ လက်စွပ် ရှစ်ဆယ့်တစ်၊ လည်ရစ်ကိုးသွယ်၊ နဗေကိုးဆင့်၊ ကြည်ပွင့် ဆယ့်ခြောက်၊ လက်ကောက်နှစ်ဆယ်၊ ပန်းသွယ်ငါးမျိုး၊ ဆံထိုးရှစ်ခု၊ ပန်းစံရှစ်ချပ်၊ ခြေစွပ်ခုနစ်ပါး၊ ကိုယ်လွှားငါးမျိုး၊ အဘိုးအနဂ္ဃ၊ ထိုက်တန်လှသည့်၊ ဇရာမစ္စာ၊ ဒလိုဒါဥပ္ပ၊ သေဋ္ဌီယနှင့် ဗြဟ္မဏပုရောဟိတ် နိမိတ်ဖတ်ဟူရားသွေး ရှေ့ပြေးသံတော်ဆင့်၊ မျိုးမြင့်၊ မျိုးမြတ်၊ ပရိသတ်တို့၊ တင့်အပ်ဆင့်ရာ၊ အဖြာဖြာကို၊ လက်ာဤသို့ ကုံးသတည်း" ဟူသော ရက္ခိုင်နိဒါန်းကျမ်း ပထမတွဲ၌လာသော မင်းခန်းမင်းနား ဆင်ယင်မှုမှ၊ အနည်းငယ်ဖော်ထုတ်ပြီး လက်တွေ့အားဖြင့် ရှေးဟောင်းရုပ်လုံးများ၊ ရှာဖွေတိုက်ဆိုင်လျက် တင်ပြပါသည်။ အမည်နာမ အတွန့်အတက်တို့ကို ဖော်ပြပါက စာအုပ်ကြီးတစ်အုပ် ဖြစ်သွားပေလိမ့်မည်။ ဤမျှနှင့် နိဂုံးချုပ်လိုက်ပါသည်။

**ဦးသာထွန်း**
**ရခိုင်တန်ဆောင်**
**ရခိုင်တန်ဆောင်မဂ္ဂဇင် (၁၉၆၀-၆၁)**

သျှစ်သောင်းပြင်လပ် (ပထာမ) ဆောင်မှ
တွေ့ရှိသော



သျှစ်သောင်းပြင်ထယ်၊ ဒုတိယဆောင့်
ရာဟုဆောင်မှ တွေ့ရှိသောတန်ရ



ချွစ်သောင်း၊ မြင်ထော်၊ ဟာတရီယဆောင်

စံနေတော်မှုမှ တူရိယာနှစ်ခု

# ရခိုင်တူရိယာနှင့် ဂီတ

ရခိုင်တူရိယာနှင့်ဂီတတို့သည် မည်သည့်အချိန် မည်သည့်ကာလကပင် ပေါ်ပေါက်လာသနည်း။ အကျွန်ုပ်၏ ယနေ့အထိ ဆန်းစစ်ဝေဖန်ကာ စုဆောင်းရဟိသမျှသော စာပေဟောင်းပေဟောင်း၊ ရခိုင်သက်ကြီး မိဘတို့ထံမှ စာပေဗဟုသုတအားလုံးအနက်မှ အနည်းငယ်ဖော်ပြပါအံ့။ မည်သည့်အတွက်ကြောင့် အနည်းငယ် ဖော်ပြရသနည်းဟူမူကား အလွန်ရှည်လျားမည်စိုးသောကြောင့်တည်း။

ယင်းအတွက်ကြောင့် ရခိုင်တို့၏ မူလဂီတမှာ- ရှေးလွန်လေပြီးသော ဘုရားအဆူဆူတို့၏ ပွင့်တော်မူရာ မဇ္ဈိမဒေသအရပ်နှင့် ကမ္ဘာဦးသူတို့၏ မင်းအဆက်ဆက်တို့မှ ဆင်းသက်လာသည်။ ရခိုင်ပြည်တွင် တိုင်းကြီးဆယ့်ခြောက်တိုင်း၊ ပြည်ကြီးဆယ့်ခြောက်ပြည် အပါအဝင်ဖြစ်သော ရမ္မပူရပြည်၊ ရမ္မဝတီမြို့၊ သမုတ္တိဒေဝမင်းဆက်မှစ၍ ဖြစ်ထွန်းလာခဲ့သည်။ ထိုမှတဆင့် မဟာဝိရမင်းဆက်တို့၏ ပျော်စံရာ ဝေသာလီမြို့တော်ကြီး၌ စန္ဒြားမင်းဆက်တို့သည် စိုးစံခဲ့ကြ၏။

ယင်းအခါကပင် ယခု ရခိုင်တို့၏အသံဖြင့် စပ်ဆိုသုံးစွဲကြကုန်သည့် ရေလား လေ့တော်သံတစ်ခုနှင့် သိင်္ဂီစန္ဒြားမင်း၏ မျောက်သားတော် စောပြည့်ညိုသီဆိုသော သျှိုးလိုက်ရတုခေါ် ရကန်ကြီးကို ရခိုင်ရာဇဝင်တွင် တွေ့မိရသည်။ ၎င်းတို့မှအထက်ပိုင်း၌ သတ္တင္ဂ၊ မာဂဓ၊ ရာက္ခဝဏ္ဏအက္ခရာတို့နှင့် ရေးထားသော ဆန်းလက်ာတို့ဖြင့် စီကုံးထားသည့် ပါဠိသံနှင့် အက္ခရာကဗျာဂီတတို့ကို တွေ့မိရသည်။

ယင်းကဗျာ ဂီတတို့ကို သီဆိုသောအခါ မကြာအရှည် ထားလျက် ဒီယသံတို့သည် ပလွေတသံဖြင့် အလွန်ရှည်လျားစွာ သီဆိုရသည်။ တူရိယာတို့မှာ တစ်ဘက်ပိတ်သော စည်ရှည် သံလွင်စည်း၊ မြွေရှည်တို့ကို တီးမှုတ်သည်။ လက်ခုတ်ကို တဖြောက်ဖြောက် တီးရသည်။ စန္ဒြားမင်းဆက်တို့ ရောက်သောအခါ အိမ်ရှေ့မိဖုရားစောပြည့်ညို့ရတုကို သီဆိုတီးမှုတ်သောအခါ ဖော်ပြပါတူရိယာများထက် ပိုမိုကာ တရော၊ စောင်းကောက်၊ ခရာ၊ မြွေ၊ ခရာကောက်၊ လက်တံရှည်၊ ခွက်ခွင်း၊ ပတ်သာ၊ လင်းကွင်းတို့ကို သံစုံလိုက်ကာ တီးမှုတ်ကြသည်။

စန္ဒြားမင်းဘွဲ့ခေါ် (လူ့ပြည်ကျော်သောင်း၊ မင်းကောင်းရာဇာ၊ ဝေသာလီမှာ၊ စိုးသောခါ) အစချီသည့် ဘွဲ့တော်ကြီး အဆိုပါ တူရိယာတို့ဖြင့် အကျွန်တို့ငယ်ခါက တီးမှုတ်ကြသည်။ တရောတစ်ခုတည်းနှင့် သီဆိုတီးမှုတ်သောသူ တစ်ဦးနှစ်ဦး ယခုအခါ မြောက်ဦးမြို့တွင် ပင်ရှိသေးသည်။ ယင်းပုဂ္ဂိုလ်တို့သည် များသောအားဖြင့် စောပြည့်ညို့ သီဆိုသည့် သျှိုးလိုက်ရတုမျိုးကို သီဆိုတီးမှုတ်လေ့ဟိသည်။ ထိုမှတစ်ချက် စန္ဒြားဆက်တွင် နှောင်းဆုံးစန္ဒြားဖြစ်သော စူဠစန္ဒြားမင်းလှေလှော်သံကိုလည်း ယနေ့ထက်တိုင် လှေတော်သားများ လှေပြိုင်ပွဲတွင် နွဲ့ကာယိမ်းကာ တက်ရိုးသံတစ်ခေါက်ခေါက်ဖြင့် သီဆိုကခုန်ကြသေး၏။ ရံဖန်ရံခါ ရက္ခိုင်သံချပ်ကြီးတို့ကိုလည်း သီဆိုတီးမှုတ်ကြသေး၏။

သို့သော်လည်း ယခုအခါ မြန်မာသံရော ညှပ်ထားသည့် သံချပ်ခေါ် အတိုင်အဖောက်သံချပ်မျိုး သီဆိုကြသည်။ ရက္ခိုင်တို့၏ အနုပညာဂီတတို့သည် တရွေ့ရွေ့ ပျောက်မှုန်းမသိပျောက်ဆုံးလေပြီ။ သို့သော်လည်း ရက္ခိုင်တို့၏ ဝေသာလီခေတ်၊ ဓညဝတီခေတ်၊ မြောက်ဦးခေတ်တို့အတွင်း တည်ထားခဲ့သော ဘုရားပုထိုး အဆောက်အဦ နတ်ကွန်းအတွင်းတို့တွင် တီးဟန်၊ ကဟန်၊ မှုတ်ဟန် သီဆိုဟန်တို့မှာကား ယနေ့တိုင်ထင်ရှားစွာ ဟိသေးသည်။

ဤကဲ့သို့ဟိခြင်းကြောင့် ယခုကမ္ဘာပေါ်တွင် တိုးတက်ထွန်းကားနေသော တရုတ်ပြည်သစ်၌ တရုတ်ပညာဟိကြီးများ ညွှန်ကြားချက်အရ တန့်မင်းဆက်၊ ချန်မင်းဆက်တို့မှ တည်ထားခဲ့သည့် လှိုင်ဂူကြီးအတွင်းရှိ တူရိယာတီးမှုတ်ဟန် ကျောက်ရုပ်တို့ကို အတုယူကာ တရုတ်လူငယ်တို့က အမျိုးသားတူရိယာ တီးမှုတ်ပုံကို ဖော်ထုတ်လိုက်ရာ ၁၉၅၆-၅၇ ခုနှစ်အတွင်း ရှေးဟောင်းနှင့် ခေတ်မီအမျိုးသားတူရိယာအဖြစ် ထွန်းကားသည်ကို တရုတ်ပြည်မှ ထုတ်ဝေသော စာပေတို့တွင် ရုပ်ပုံနှင့်တကွ တွေ့ဟိရသည်။

ရက္ခိုင်အမျိုးသားအပေါင်းတို့လည်း မိမိတို့၏အမျိုးသားရိုးရာ တူရိယာဂီတများကို တရုတ်၊ မွန်၊ ကရင်၊ ရှမ်း မြန်မာ၊ ကုလား၊ အင်္ဂလိပ်လူမျိုးများကဲ့သို့ ကမ္ဘာသူကမ္ဘာသား နှင့်သော်လည်းကောင်း၊ ပြည်ထောင်စုသားအချင်းချင်းသော် လည်းကောင်း၊ ချစ်ကြည် မှုရရှိစေရန် ရခိုင်အမျိုးသားတို့၏ တူရိယာကဗျာဂီတတို့ကို ဖော်ထုတ်ကြလော့။

ရှေးအခါ ထီးနန်းကြွင့်နန်းနှင့်အဆက်မပြတ် စည်ပင်ထွန်းကားလာခဲ့သည့် ရခိုင် ပြည်ကြီးဝယ် ဘဇာကြောင့် တူရိယာကဗျာ မဟိဘဲဖြစ်ရမည်နည်း။ ထီးခမ်း၊ နန်းခမ်း၊ မင်းခမ်း ညီလာခံတို့တွင် တူရိယာတီးစမြဲဖြစ်သည့်အကြောင်းရင်းကို ပေါ်တူဂီဘုန်းတော် ကြီးသာသနာပြု မန်နရိတ်သည် သီရိသုဓမ္မမင်း၏ ဘိသိတ်တော်မင်္ဂလာအခမ်းအနား၌ ရခိုင်တူရိယာတီးမှုတ်သီဆိုကခုန်သည်ကို အကျယ်တဝင့်ရေးထားသည်။

ယင်းကြောင့် လက်တွေ့သာဓကရစေရန် မြောက်ဦးခေတ် သီရိသူရိယစန္ဒရမဟာ ရာဇာခေါ် တစ်နည်းအားဖြင့် အိန္ဒိယတိုင်းသားတို့၏အမည်ဖြင့် (ဇောက်တောက်သျှာလ်) ခေါ် မင်းဗားကြီးတည်ထားကိုးကွယ်ခဲ့သည့် (Temple of Victory) ရန်အောင်ဇေယျပုထိုး တော်ကြီးခေါ် သျှစ်သောင်းပုထိုးတော်ကြီး၏ လှိုင်ဂူတော်ဒုတိယထပ် အင်္ဂါထောင့်၊ ရာဟု ထောင့်တို့မှ ရခိုင်တူရိယာတို့ကို တီးမှုတ်နေသူတို့သည် တီးမှုတ်လျက်ပင်၊ ကခုန်ဟန် တို့ကို ဗဟုသုတဖြစ်စေခြင်းငှာ ဖော်ပြလိုက်ပါ၏။ တီးမှုတ်သူတို့၏ အနီးအနား ဝိုင်းအုံ ၍ ကခုန်နေဟန်တို့ကို မရေးလိုက်ပြီ။ များသာအားဖြင့် ယခုကာလ (ဘဲလေး)ခေါ် အကမျိုးနှင့် တူသည်။ များသောအားဖြင့် ရခိုင်ပြည်တွင် စည်ရှည်မျိုးကို တီးမှုတ်ကြ သည်။

ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီ အသုဘကိစ္စတို့၌ ခတ်တင်စည်ခေါ် စည်ရှည်မျိုးကို တီးကြသည်။ ထိမ်းမြားမင်္ဂလာပွဲ၌ ပန်းတျားခေါ် ပန်းတျားကို တီးကြသည်။ ရှင်ပြုမင်္ဂလာ ပွဲ၌ ဗျောစည်ခေါ် စည်ဗျောကို တီးကြသည်။ တပိုတွဲလရထားပွဲတွင် တဘက်ပိတ်စည် ခေါ် အိုးစည်ကို တီးကြသည်။ ဘုရားထီးတင်ပွဲ၌လည်း အိုးစည်ကို တီးကြသည်။ သီဆို သော ဂီတကဗျာတို့မှာ ရက္ခိုင်သံသက်သက်ဖြစ်သည်။ စစ်ကြီးပြီးဆုံးသည်နှင့် ရက္ခိုင်တို့ ၏ တူရိယာနှင့် ကဗျာဂီတတို့သည် တပြိုင်နက် ပျောက်ဆုံးခဲ့ကြ၏။ ထို့ကြောင့် အမျိုး သား၏ ရိုးရာယဉ်ကျေးမှုတို့ကို ရင်းနှီးဆက်ဆံခြင်းဖြင့် ဖော်ထုတ်ကြကုန်လော။

ဦးသာထွန်း

ကြီးစာပေ

ရခိုင်တန်ဆောင်မဂ္ဂဇင်း ၁၉၅၇-၅၈ ခုနှစ်။

# ခြေတော်ရာများ

ရခိုင်ပြည်နေရာအနှံ့အပြား၌ ခြေတော်ရာများကို တွေ့ရသည်။ ခြေတော်ရာများမှာ အရွယ်အစားအမျိုးမျိုး ပုံစံအမျိုးမျိုး ရှိကြသည်။ အချို့သောခြေတော်ရာများမှာ စက်လက္ခဏာမပါရှိကြ။ အချို့သောခြေတော်ရာတို့၌ စက်လက္ခဏာများ ပါရှိကြသည်။ စက်လက္ခဏာပုံစံတို့မှာလည်း တစ်ခုနှင့်တစ်ခုမတူညီပေ။ ယနေ့ထိတွေ့ရှိရသမျှသော ခြေတော်ရာပုံစံများကို အချိုးအစားအလိုက် ခွဲခြမ်းမည်ဆိုပါက ပုံစံလေးမျိုး ရှိသည်ကို တွေ့ရသည်။

ပထမခြေတော်ရာပုံစံမှာ ရွှံ့စေးပေါ်၌ လူသားတစ်ဦး၏ ပကတိခြေရာအတိုင်း ဖိနှိပ်ထားသကဲ့သို့ အရာထင်နေသောပုံစံမျိုးဖြစ်သည်။ ဤခြေတော်ရာမျိုးကိုလည်း သဘာဝကျောက်ဆောင်များ၊ ကျောက်တုံးများ၌သာ တွေ့ရပေသည်။ စက်လက္ခဏာနှင့် မည်သည့်သင်္ကေတမျှ မပါရှိပေ။ သို့သော် ခြေရာများမှာ လူသာမန်တစ်ဦး၏ ခြေရာထက် ကြီးမားပေသည်။

သုတေသီအချို့တို့က ဤခြေရာပုံစံကို ကမ္ဘာဦးလူသားတို့၏ ခြေရာ(Fossil) ၊ ကျောက်ဖြစ်ရုပ်ကြွင်းအဖြစ် ယူဆကြသည်။ ဤသို့ကျောက်ဖြစ်ရုပ်ကြွင်း (Fossil) တစ်ခု ဖြစ်ရန်မှာ နှစ်ပေါင်းသန်းနှင့်ချီပြီး အချိန်ယူရပေသည်။ ယင်းသို့နှစ်ပေါင်း သန်းနှင့်ချီပြီးမှ ဖြစ်လာသော ကျောက်ဖြစ်ရုပ်ကြွင်းများမှာ အလွန်ရှားပါးသလောက်တန်ဖိုးလည်း ရှိလှပေသည်။

ဘာသာရေးဆိုင်ရာပုဂ္ဂိုလ်တို့ကလည်း ယင်းခြေတော်ရာမျိုးကို တန်ခိုးရှိသော ဘုရားရှင်တစ်ပါးပါးက မိမိ၏တံခိုးဣဒ္ဓိပါတ်ဖြင့် နောင်လာနောင်သားများ ပူဇော်ခွင့်ရရန် ခတ်နှိပ်ထားခဲ့ကြသည်ဟု ယူဆကြသည်။ ဂေါတမဗုဒ္ဓဘုရားရှင်သည် စန္ဒသူရိယမင်းလက်ထက် (ဘီစီ-၅)ရာစုတွင် ဓညဝတီရခိုင်ပြည်သို့ ဒေသစာရီ ကြွချီတော်မူစဉ် ခတ်နှိပ်ထားပေးခဲ့သော ခြေတော်ရာများအဖြစ် ရခိုင်သားတို့ ယုံကြည်ကိုးကွယ်ကြသည်။

ဤခြေတော်ရာပုံစံမျိုးတို့ကို ယနေ့တိုင် မူလနေရာအတိုင်း သဘာဝကျောက်ဆောင် ကျောက်တုံးများပေါ်တွင် တွေ့ရပေသေးသည်။ ယင်းတို့မှာ မုံစဲကျွန်းခြေတော်ရာ၊ မအီခြေတော်ရာ၊ ကျားမသောက်ခြေတော်ရာတို့ ဖြစ်ကြသည်။ အချို့သော ခြေတော်ရာများကိုမူ မူလနေရာသဘာဝကျောက်ဆောင်များမှ ထွင်းထုပြီး ဘုရားပုထိုးစေတီများသို့ ရွှေ့ပြောင်းကာ မင်းအဆက်ဆက် ပူဇော်ခဲ့ကြသည်များလည်း ရှိပေသည်။ ယင်းတို့မှာ သျှစ်သောင်းဘုရားရှိ ခြေတော်ရာ၊ မုတ်ဆိတ်တောင်စေတီရှိ ခြေတော်ရာတို့ ဖြစ်ကြသည်။

မည်သည့် ယူဆချက်နှင့်ပင်မဆို ဤခြေတော်ရာမျိုးသည် သမိုင်းတန်ဖိုးအရသော်လည်းကောင်း၊ ဘာသာရေး အယူအဆအရသော် လည်းကောင်း အလွန်ရှေးကျသော အလွန်တန်ဖိုးမဖြတ်နိုင်သော ခြေတော်ရာများပင် ဖြစ်ကြပေသည်။

ဒုတိယခြေတော်ရာ ပုံစံမျိုးမှာ ပထမခြေတော်ရာ ပုံစံမျိုးကို အတုယူထွင်းထုကိုးကွယ်ကြသော ခြေတော်ရာမျိုး ဖြစ်သည်။ ကျောက်သားပေါ်တွင် ခြေရာပုံစံ တစ်ကြောင်းဆဲမျဉ်းဖြင့် ပုံဖော်ထားသည်။ မည်သည့်စက်လက္ခဏာမျှ မပါရှိပေ။ ဤခြေတော်ရာမျိုးကို မြောက်ဦးမြို့ နိပ္ပဇာဘုရား စေတီတော်ရင်း၌ တွေ့ရပေသည်။

တတိယခြေတော်ရာပုံစံမျိုး တစ်ခုကို ဝေသာလီနယ်မြေမှ တွေ့ရှိရသည်။ ဤခြေတော်ရာမှာ အလွန်ထူးခြားလှပြီး ကြေးဖြင့်သွန်းလုပ်ထားသည်။ ဝဲယာနှစ်ဖက်လုံးတွင် ဆန်းပြားသော စက်လက္ခဏာများပါရှိသည်။ အလျား ၇. ၅ စင်တီမီတာ၊ အနံ ၃ စင်တီမီတာခန့် ခြေဖဝါးငယ်အစုတွင် ဝဲဘက်၌ စက်လက္ခဏာ ၂၂ခုနှင့် ယာဘက်တွင် စက်လက္ခဏာ ၁၈ခု ပါရှိသည်။

စက်လက္ခဏာများကို အသေးစိတ်လေ့လာကြည့်ပါက နေလကမ္ဘာ၊ မြင်းမိုရ်၊ သမုဒ္ဒရာ၊ ထီးဖြူ၊ အောင်လံ၊ ကြာငုံ၊ ရေပြည့်အိုးနှင့် ရေခွက်၊ ကြေးမုံ၊ ကျွန်းကြီးလေးကျွန်း၊ ဝရဇိန်၊ မီးအိမ်၊ စကြာ၊ စိန်တောင်၊ ရေကရား၊ နဂါးပတ်ကျော့ကွင်း၊ ငါးကြင်း၊ လှံ၊ ဦးဆောက်ပန်း၊ ပြသာဒ်၊ ပန်းကုံး(ဝါ) ပုတီးကုံး၊ ခရုသင်း၊ သိုင်း (ဂါဒါလက်နက်)၊ စနေဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်စသည့် ဂြိုဟ်ပုံစံများကို တွေ့ရသည်။

စက်လက္ခဏာများကို ဝေသာလီနယ်မြေမှ တွေ့ရှိသော ၁၂လရာသီစက်နှင့် နှိုင်းယှဉ်ကြည့်ပါက ယင်းတို့တွင် ပါဝင်နေကြသော ငါးကြင်း၊ ရေအိုးနှင့် ရေခွက်၊ ခရုသွင်း၊ ထီးဖြူတို့မှာ တူညီနေကြသည်။

စတုတ္ထမြောက် ခြေတော်ရာပုံစံနှင့် နှိုင်းယှဉ်ကြည့်ပါကလည်း ဦးဆောက်ပန်း၊ လှံ၊ ပြဿဒ်၊ ထီးဖြူ ငါးကြင်း၊ ပန်းကုံး၊ ရေအိုးနှင့် ရေခွက်၊ နေ၊ လ၊ ခရုသွင်း စကြာတို့မှာ တူညီနေကြသည်ကို တွေ့ရပေသည်။

စကြာနှင့် စနေဂြိုဟ်၊ ဗုဒ္ဓဟူးဂြိုဟ်စသည့် ဂြိုဟ်ပုံစံများမှာလည်း ကမ္ဘာသုံး ဂြိုဟ်ကြီးများ၏ သင်္ကေတလက္ခဏာများနှင့် များစွာတူညီမှုရှိနေသည်ကို တွေ့ရပေသေးသည်။

ဤတတိယခြေတော်ရာတွင် နေလကမ္ဘာ မြင်းမိုရ်၊ သတ္တရဖန်၊ တောင်စဉ် သမုဒ္ဒရာ၊ ကျွန်းကြီးလေးကျွန်း၊ငယ်၊ ဂြိုဟ်၊ နက္ခတ္တာရာစသည့် ဩကာသလောက၏ သင်္ကေတရုပ်များ၊ ပုတီး(ဝါ)ပန်းကုံး၊ ခရုသွင်းစသည့် ရုပ်သွင်များ ပါဝင်နေခြင်းမှာ စတုတ္ထခြေတော်ရာတွင်ပါရှိသည့် ဘုရားရှင်၏ ၁၀၈ကွက်သော ဗုဒ္ဓစက်လက္ခဏာများနှင့် တူညီနေခြင်း၊ အချို့အချို့သော သင်္ကေတများမှာ ရခိုင်တို့၏ ရိုးရာဒေဝတာဗလိနတ် စာပူဇော်စဉ် အသုံးပြုသော ဒိုင်း၊ ယပ်မား၊ ကြေးမုံ၊ စသည်တို့၏ ပုံစံများနှင့် တူညီနေခြင်းတို့ကြောင့် ဤလက္ခဏာများအပေါ် အုပ်စိုးနိုင်သော တန်ခိုးဣဒ္ဓိပါတ်သတ္တိရှိသည့် ပုဂ္ဂိုလ် ထူးတစ်ဦး၏ ခြေတော်စက်အစုံ (ဝါ) ဘုရားရှင်၏ ခြေတော်စက်အစုံသာလျှင် ဖြစ်မည်ဟု ယူဆရပေသည်။

ဓညဝတီခေတ်မှ ဘုရားရှင်၏ ခြေတော်စက်ကို ဝေသာလီခေတ်တွင် စက်လက္ခဏာများဖြင့် အမွန်းတင်ကာ တန်ဆာဆင်ရာမှ ပေါ်ထွက်လာသော ဘုရားရှင်၏ ခြေတော်စက်အစုံ ဖြစ်ပေမည်။ ဤတတိယခြေတော်ရာတွင် ဝဲယာနှစ်ဖက်ပေါင်း စက်လက္ခဏာများမှာ ၄ဝခန့် ပါရှိနေသော်လည်း တူညီနေသော စက်လက္ခဏာများကို ရွေးထုတ်လိုက်ပါက ၃၂မျိုးသော လက္ခဏာများကိုသာ တွေ့ရပေမည်။ သို့နှင့် ဘုရားရှင်၏ ၃၂-ပါးသော လက္ခဏာတော်ကို စက်လက္ခဏာအဖြစ် တင်စားဖော်ညွှန်းခဲ့သလောဟု တွေးတောစရာ ရှိနေပေသည်။

စတုတ္ထမြောက်ခြေတော်ရာ ပုံစံမျိုးကို နေရာအနှံ့အပြား၌ တွေ့ရသည်။ ကျောက်ချပ်ပေါ်တွင် လည်းကောင်း၊ ပန်းချီဆေးရေးဖြင့် လည်းကောင်း၊ မြေဖုတ်အုတ်ခွက်တွင် လည်းကောင်း၊ ပန်းပုဖြင့် လည်းကောင်း၊ ယွန်းထည်ဖြင့် လည်းကောင်း အမျိုးမျိုး တွေ့ရသည်။ စက်လက္ခဏာပေါင်း ၁၀၈-ကွက် ပါရှိသည်။ (မုနိသကျ၊ ဝေါမွှေ၏၊

ပါဒမြတ်ကျော်၊ ဖဝါးတော်မှာ၊ "ချိ" တစ်ရာ့ရှစ်ကွက် ခြေတော်စက်အစုံကို ဝန္ဒေဝန္ဒာမိ ရှိခိုးပါ၏ အရှင်ဘုရား) ဆုံးစက်တော်ရာ ဘုရားရှိခိုးတွင် ပါရှိသည့် စက်လက္ခဏာအတိုင်း ပါဝင်ကြသည်။

သို့သော် စက်လက္ခဏာများမှာ တူညီမှုရှိကြသော်လည်း ခြေတော်ရာတို့မှာ တစ်ခုနှင့်တစ်ခု အဆင်အပြင်ချင်း မတူကြပေ။ တချို့ခြေတော်ရာများတွင် ကြာပွင့်ကြီး တစ်ပွင့်ကို ဖဝါး၏အလယ်၌လည်းကောင်း၊ အချို့တွင် ခြေဖနောင့်၏ အလယ်၌လည်းကောင်း ထွင်းထုလေ့ရှိကြသည်။ အချို့ခြေတော်ရာသည် ဝဲဘက်တွင် စက်တော်ရာများပါရှိပြီး တချို့ခြေတော်ရာများ၌မူ ယာဘက်တွင်သာ စက်တော်ရာများ ပါရှိတတ်ကြပေသည်။

တွေ့ရှိရသမျှသော ခြေတော်ရာအားလုံးကို ခြုံငုံကောက်ချက်ချရပါလျှင် ပထမခြေတော်ရာ ပုံစံမျိုးကို ဓညဝတီခေတ်တွင်လည်းကောင်း၊ ဒုတိယခြေတော်ရာ ပုံစံမျိုးကို ဓညဝတီခေတ်နှောင်းနှင့် ဝေသာလီခေတ်ဦးပိုင်းတွင်လည်းကောင်း၊ တတိယခြေရာပုံစံမျိုးကို ဝေသာလီနှင့် လေးမြို့ခေတ်အချိန်များတွင်လည်းကောင်း၊ စတုတ္ထမြောက်ခြေတော်ရာပုံစံမျိုးကို လေးမြို့ခေတ်နှောင်းနှင့် မြောက်ဦးခေတ်တစ်လျှောက်လုံးမှသည် ယခုအချိန်ထိလည်းကောင်း ကိုးကွယ်ပူဇော်ခဲ့ကြမည်ဟု ယူဆရပေသည်။

ပထမခြေတော်ရာပုံစံမျိုးသည် ဘာသာရေးဆိုင်ရာ ယူဆချက်များအရ တကယ်ပင် ဗုဒ္ဓဘုရားရှင်၏ ခြေတော်ရာအစစ် ဖြစ်ပါလေသလောဟု သုတေသနပြုရန် လိုအပ်ပေသည်။

တကယ်ပင် ဘုရားရှင်၏ ခြေတော်ရာ အစစ်အမှန်ဖြစ်မည်ဆိုလျှင် ဗုဒ္ဓဘုရားသခင်သည် သက်တော်ထင်ရှားရှိစဉ်က ရခိုင်ပြည်သို့ ဒေသစာရီကြွချီခဲ့ရပေမည်။ ယင်းသို့ ဒေသစာရီကြွချီခဲ့ကြောင်းနှင့်ပတ်သက်၍ အချို့သော ရခိုင်သမိုင်းတွင် ဘုရားသခင်သည် မဟာသက္ကရာဇ် ၁၂၃-ခုတွင် ရခိုင်ပြည်သို့ ကြွချီတော်မူခဲ့သည်ဟု လည်းကောင်း တွေ့ရပေသည်။ ဘုရားသခင် ရခိုင်ပြည်သို့ ရောက်ရှိစဉ် ဓညဝတီပြည့်ရှင် စန္ဒသူရိယမင်းသည် အဂ္ဂညုတကုန်း သီရိဂုတ်တောင်ပေါ်၌ မဟာမြတ်မုနိရုပ်ပွားတော်မြတ်ကို သွန်းလုပ်ခဲ့ကြောင်းလည်း သမိုင်းအစောင်စောင်၌ တွေ့ရပေသည်။

ယင်းအဆိုများကို မြေပေါ်သမိုင်း ရုပ်ကြွင်းများက မည်မျှထောက်ခံနေပါသနည်း။ ဆန်းစစ်ရန် လိုအပ်ပေမည်။ ဘုရားသခင် ရခိုင်ပြည်သို့ ကြွခဲ့ကြောင်း ဗြာဟ္မီအရာဖြင့် ရေးထိုးထားခဲ့သော တောင်ပေါက်ကြီးကျောက်စာမှာ ယနေ့ထိပျောက်ဆုံးနေပေသေးသည်။ သို့သော် ဓညဝတီနယ်မြေမှ တွေ့ရှိသော ဝိုက်ပူဘုရားခေါ် "သစ္စကပရိဗာဇိန"

မုဒြာဆင်းတုငယ်တစ်ဆူ သက်သေထူနေသေး၏။ ယင်းဆင်းတုငယ်၏ ပလ္လင်ကျောဘက်တွင် ဖြဟ္မီအက္ခရာစာဖြင့် "သစ္စကပရိဗာဇိန" ဟူ၍ ရေးထိုးပါရှိပေသည်။ ဤအက္ခရာကို လက်ရေးလက်သားပညာ ဆန်းစစ်ကြည့်ပါက ဓညဝတီခေတ်မှ အက္ခရာပုံစံမျိုး ဖြစ်နေပေသည်။ ဆင်းတုတော်မှာလည်း ဗုဒ္ဓဆင်းတုတော်ဖြစ်နေသည်။ မဟာမြတ်မုနိဆင်းတုတော်မှာလည်း အထင်အရှားယနေ့တိုင် ရှိနေပေသေးသည်။ သို့နှင့်ဗုဒ္ဓဘုရားသခင်သည် ဓညဝတီသို့ ဒေသစာရီကြွချီခဲ့ခြင်းနှင့်ပတ်သက်၍ သံသယဖြစ်နိုင်စရာအကြောင်း မရှိလှပေ။

ယင်းသို့ဆိုပါလျှင် ပထမခြေတော်ရာ ပုံစံမျိုးသည် ဘာသာရေးဆိုင်ရာ ယူဆချက်အရ ဗုဒ္ဓမြတ်စွာ၏ ခြေတော်ရာအစစ် ဖြစ်ပေမည်။ ယင်းခြေတော်ရာကို အတုယူအမွှန်းတင်ခဲ့ကြသော ဒုတိယ၊ တတိယ၊ စတုတ္ထခြေတော်ရာများကို ခေတ်အဆက်ဆက်ထွင်းထုသွန်းလုပ် ကိုးကွယ်ခဲ့ကြသည်များမှာလည်း အလွန်ပင် သဘာဝကျလှပေသတည်း။

ဦးဦးသာထွန်း
ရခိုင်မဂ္ဂဇင်း အမှတ်(၈)၊၁၉၈၄



ခြေရာတော်



ရခိုင်ဝေသာလီ မြို့ဟောင်းမှ ဂုပ္ပတာစာ

# ရက္ခိုင်ဝေသာလီမြို့ဟောင်းမှ "ဂုပ္ပတစာ"

ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီးတို့တွင် မိမိတို့၏ အမျိုးသားစာပေများ ရှိကြရာ မိမိတို့၏ စာပေသည် မည်သည့်အခါမှစ၍ ဆင်းသက်ပြီး မည်သည့်ပုဂ္ဂိုလ်များ တည်ထွင်ခဲ့ကြောင်းကို သက်ဆိုင်ရာပညာရှိတို့က ကြိုးကြိုးစားစား ရှာဖွေကြသည်။

မည်သို့ပင် ရှာဖွေလင့်ကစား အကြောင်းမညီညွတ်ပါက မရရှိနိုင်ပါ။ အဘယ်ကြောင့်ဆိုသော် လိုသောစာပေကို မရရှိခြင်း၊ ကျောက်စာနှင့် စာပေကို မရရှိခြင်း၊ သက်သေခံပစ္စည်းများကို မရရှိခြင်း၊ တစ်ဆင့်တစ်ဆင့်စီသောစာတို့ကို တစ်ခေတ်က တစ်ခေတ်စီ ဆင်းသက်လာသောအရေးအသား စာပေများ၊ ကျောက်စာများ၊ ကြေးစာများ၊ ပုရပိုက်စာများ အစရှိသည်တို့ကို နယ်အရပ်ရပ်၊ ရှေးမြို့တော်ဟောင်းအရပ်ရပ်၊ ဌာနအသီးသီးတို့ကို သွားရောက်ရှာဖွေရခြင်း၊ မြေပေါ်များကို ရရှိသော်လည်း မြေအောက်များကို ရရှိရန်မှာ အလွန်ပင် ခက်ခဲပါသည်။ လယ်ယာလုပ်ကိုင် ထွန်ယက်ရာ၌လည်းကောင်း၊ လမ်းပန်းဆက်သွယ် တူးဖော်ရာ၌လည်းကောင်း၊ ရေတွင်းရေကန် တူးဖော်ရာ၌လည်းကောင်း၊ တောင်၊ မြောင် ကမ်းပါးပြိုကျရာလည်းကောင်း၊ တစ်စုံတစ်ခုသော စေတီဘုရားများ ပြိုပျက်ရာ၌လည်းကောင်း ထွက်ပေါ်ရရှိသောအခါမှသာလျှင် တွေ့ကြရပေသည်။

ဤသို့ တွေ့ကြုံရပြန်သော်လည်း အသိအမြင် ဗဟုသုတရှိသော သူတို့ရရှိသော အခါမှသာလျှင် ရရှိပေးလာကြပေသည်။ ဗဟုသုတနည်းပါးသောသူတို့ ရရှိပါကလည်း

အမျိုးမျိုး ဖျက်ဆီးပစ်ကြပေသည်။ ၎င်းပြင် အလိုရှိသလောက် ဆင့်၍ဆင့်၍ ရရှိသည်ကား မဟုတ်၊ နှစ်ပေါင်းများစွာ ကြာမှသာ တစ်ကြိမ်တစ်ခါ တွေ့ရှိရပေသည်။

ဤကဲ့သို့ အခက်အခဲအပေါင်းတို့ကို ကျော်လွှန်၍ ရရှိလာသော စာပေနှင့် ပစ္စည်းမျိုးတို့ကို လိုက်စားဝါသနာပါသော သူတို့ကသာလျှင် ရှာဖွေစုဆောင်း၍ ကမ္ဘာပေါ်၌ စာပေအပေါင်းတို့နှင့် ညှိနှိုင်းဝေဖန်ကာ သက်သေသာဓက ယုတ္တိယုတ္တာ နှိုင်းညှိလျက် ဝေဖန်စဉ်းစား ရေးသားဖော်ထုတ်ရပေသည်။ ယင်းသို့ ဖော်ထုတ်ရေးသားသော အကြောင်းအရာတို့ကို စာဖတ်သူပရိသတ်အပေါင်းတို့က ကိုယ်ပိုင်ဉာဏ်ဖြင့် ဝေဖန်ကာ အလိုရှိသည်ကို ထုတ်နှုတ်ယူငင်၍ အလိုမရှိသည်ကို ပယ်ထုတ်ရန် တင်ပြရေးသားပါသည်။

ရှေးရှေးသော နှစ်များကလည်း အကျွန်ုပ်သည် ရှေးဟောင်းကျောက်စာများ အကြောင်းကို ဆောင်းပါးရေးခြင်းဖြင့် ဖော်ထုတ်ပြီးပြီ ဖြစ်ပါသည်။ သို့သော် ယခုနှစ် ထပ်မံ၍ရေးရခြင်းမှာ ပြည်ထောင်စုတစ်ခုလုံးရှိ လူမျိုးပေါင်းစုံတို့၏ စာပေယဉ်ကျေးမှု တိုးတက်ထွန်းကားစေခြင်းအကျိုးငှာ ရည်သန်သောစိတ်ထားဖြင့် နိုင်ငံတော်အတွင်း မည်သည့်ခုနှစ်သက္ကရာဇ်ကစ၍ မည်သည့်စာပေအမျိုးအစားများ ထွန်းကားပေါ်ပေါက်လာသည်ကို သိသာရန် ဗဟုသုတအဖြစ် တင်ပြခြင်းဖြစ်သည်။

ယခင်က အကျွန်ုပ်ရေးသားခဲ့ပြီးဖြစ်သည့်အတိုင်း ခရုဿဌီ၊ ဗြဟ္မီ၊ မဂဓ (ဗြဟ္မီနှင့် မဂဓ အတူတူဖြစ်သည်။) ကုဋ္ဋိလ၊ ဂုပ္ပတ္တ၊ ဂြန္တ၊ ရက္ခဝဏ္ဏအစရှိသည်ဖြင့် ဆင်းသက်လာရာ ယခုအခါ စတုတ္ထမြောက်ဖြစ်သော ဂုပ္ပတအက္ခရာသည် အိန္ဒိယပြည်မြောက်ပိုင်း ဂုတ္တဝံသီမင်းများလက်ထက်က ယင်းမင်းများစိုးပိုင်ခဲ့သော နယ်ပယ်တို့၌သာ ရေးသားသုံးစွဲခဲ့ကြပေသည်။ ယင်းစာပေကို ခရစ်တော် သက္ကရာဇ် လေးရာစုတွင် စတင်ရေးသားကြပြီး ငါးရာစုတွင် အကြီးအကျယ် အသုံးပြုရေးသားလာကြသည်။ ထို့ကြောင့် ၎င်းစာကို ဂုပ္ပတစာ သို့မဟုတ် ဂုတ္တလိပိဟု ခေါ်တွင်ကြသည်။

ဤစာပေပေါ်ပေါက်ခဲ့သောအချိန်မှာ ယခု ၁၉၆၀-ခုနှစ်အထိ နှစ်ပေါင်း ၁၆၀၀ နီးနီးရှိပြီ ဖြစ်ပါသည်။ အဘယ်အကြောင်းကြောင့် အဘယ်အခြင်းအရာအားဖြင့် ရက္ခိုင်နယ်သို့ ဝင်ရောက်လာရသနည်း။

## ရက္ခိုင်ရာဇဝင်နှင့် ညှိနှိုင်းဝေဖန်ခြင်း

ယခုဖော်ပြပါ ဂုတ္တအက္ခရာသည် မြောက်ဦးမှ မြောက်မိုင်ကျော်ကွာဝေးသော ဝေသာလီ မြို့တော်ဟောင်းတွင် ဝေသာလီဘုရားကြီး ဟူ၍ ရှိသည်။ ယင်းဘုရားကြီး တံတိုင်းအတွင်း ကျောက်ခဲကျောက်တုံးများ မြောက်မြားစွာ ရှိသည်။ ယင်းတို့မှ ယခုနှစ် အတွင်း ပေါင်းမြက်သုတ်သင်ရာတွင် ဝေသာလီကျောင်း ဆရာတော်ရရှိ၍ ပြတိုက်တွင် သိမ်းဆည်းထားပါသည်။ ဝေသာလီဘုရားကြီးမှာ ဝေသာလီကျောက်လှေကားမြို့တော် မဟာသူရိယတဥ္စန္ဒရားနှင့် မိဖုရားခေါင်ကြီး သုပဘာဒေဝီတို့ တည်ထားခဲ့သော ဘုရား ကြီး ဖြစ်ပါသည်။

ယခုနှစ်အထိ နှစ်ပေါင်း ၁၅၈၉ နှစ် ရှိပါပြီ။ ၎င်းကို မဟာရာဇဝင်ကြီးမှုဟောင်း အလိုအားဖြင့်ညှိနှိုင်းလိုက်သော် မဇ္ဈိမတိုင်း ကပိလဝတ်ပြည်ကို အစိုးရသော အဥ္စုနမင်း နှင့် ဆရာဒေဝီလသျှင်ရသေ့တို့သည် ဏာဝစန္ဒေကိန်းကို ဖြိုကြသည်။ အကြွင်းနှစ်ခုထား ၍ ရေတွက်လာကြပြီးနောက် မဟာသက္ကရာဇ် ၆၈-ခုတွင် သိဒ္ဓတ္ထကို ဖွားမြင်သည်။ ၁၀၃-ခုနှစ်တွင် ဘုရားဖြစ်သည်။ ၁၄၈-ခုတွင် ပရိနိဗ္ဗာန်စံသည်။ ယင်းသက္ကရာဇ်ကို အဇာတသတ်မင်းဖြိုသည်။ အကြွင်းတစ်ခုထားသည်။ နှစ်ခုမြောက်တွင် ဓညဝတီမြို့တော် စန္ဒသူရိယမင်း (နန်းစံ ၅၂)နှစ်မြောက်တွင် နတ်ရွာစံသည်။ စန္ဒသူရိယမင်းဆက် ၁၅- ဆက်မြောက်ဖြစ်သော သူရိယပဘာမင်းလက်ထက် နဝဓဆကိန်းကို ဖြိုသည်။ အကြွင်း နှစ်ခုထားသည်။

၎င်းနောက် နောက်ဆုံးဖြစ်သော သူရိယအနွယ် ၂၅-ဆက် သူရိယကေတုမင်း သည် သက္ကရာဇ် ၂၄၉-ခုတွင် နတ်ရွာစံသည်။ သားတော်ဖြစ်သော မဟာသူရိယ တဥ္စန္ဒရားသည် ဝေသာလီကျောက်လှေကားမြို့တော်ကို တည်ထောင်လေသည်။ မိဖုရား ကြီးကား သုပဘာဒေဝီဖြစ်သည်။ သုပဘာဒေဝီသည် မဟာနွယ်မျိုးဖြစ်၍ သကျမုနိ ဘုရားကြီးကို ပင့်ဆောင်သည့်အခါ သိဥ္စည်းထောင့်ဝဲတွင် နစ်မြုပ်သည်။ သကျမုနိကိုယ် စားတော်ဝေသာလီဘုရားကြီးကို တည်သည်။ သက္ကရာဇ် ၂၄၉-ခုတွင် နန်းစံ၏။ ခုနှစ် ဆက်မြောက်တွင် သီရိစန္ဒရားမင်းလက်ထက်၌ နှစ်ပေါင်း ၅၆၀-တွင် ခဆပဥ္စကိန်း ဖြို၏။ နန်းစံ ၂၃-နှစ်တွင် ဖြစ်သည်။

ယင်းမင်းနန်းစံ ၇၂-နှစ် စိုးစံခဲ့သည်။ ခဆပဥ္စဖြိုပြီးနောက် ၄၉-နှစ် စိုးစံခဲ့သည်။ ထို့ကြောင့် ၂၄၉-ခုအစ ၅၆၀ အဆုံးအထိ နှစ်ပေါင်း ၃၁၁-နှစ်၊ ခဆပဥ္စဖြိုကာ ၎င်းမှ

အစ ယခု သက္ကရာဇ်ထိ ၁၃၂၁-ကို ပေါင်းလိုက်သော် နှစ်ပေါင်း ၁၆၃၂-ဖြစ်၏။ မဟာသူရိယစန္ဒရားမင်းသည် နန်းစံ ၃၂နှစ်အထက်တွင် ဝေသာလီဘုရားကြီးကို တည်သောကြောင့် ၁၆၃၂-ခုမှ ၃၂ကို နှုတ်လိုက်သော် ၁၆၀၀ တိတိ ဖြစ်သည်။

ခရစ်သက္ကရာဇ် လေးရာစုတွင် စတင်သုံးစွဲ ရေးသားခဲ့သော ဂုပ္ပတအက္ခရာ ယခု ၂၀ရာစုတွင် နှစ်ပေါင်း ၁၆၀၀ ရှိပြီ ဖြစ်သောကြောင့် ဝေသာလီခေတ်နှင့် ဂုပ္ပတခေတ်တို့သည် တူညီနေကြပါသည်။ ဝေသာလီ ဂုပ္ပတစာသည် တရားစာဖြစ်သောကြောင့် ဘုရားတည်ပြီးမှ ရေးထိုးလျှင်လည်း ရေးထိုးပေမည်။ ဘုရားတည်ပြီးမှဆိုလျှင် ၁၆၀၀ နီးနီးရှိပေမည်။ ထို့ကြောင့် ဝေသာလီခေတ်နှင့် ဂုပ္ပတခေတ်တို့ ပြိုင်ဆိုင်နေကြသည်၊ တူညီနေကြသည်။

## ဂုပ္ပတနှင့် ဝေသာလီ မည်သို့ဆက်ဆံတူညီရသနည်း

မဟာသူရိယတစ္ဆန္ဒရားမင်း၏ မိဖုရားခေါင်ကြီး သုပဘာဒေဝီသည် မြောက်ပိုင်းဣန္ဒိယမှ ဖြစ်သည်။ ထို့ကြောင့် ဘေးလောင်းတော်တို့ ထုလုပ်ခဲ့သော သကျမုနိ ရုပ်ရှင်တော်ကို ပင့်ဆောင်ခဲ့သည်။ သိဥ္စည်ထောင့်ဝဲတွင် နစ်မြုပ်ကျန်ရှိခဲ့သည်။ ကိုယ်စားတော် ဝေသာလီဘုရားကြီးကို တည်သည်။ ဝေသာလီစန္ဒရားခေတ်တွင် ဂုပ္ပတစာပေ၊ ယင်းခေတ်မရောက်မီ သူရိယခေတ်တွင် ဗြဟ္မီအက္ခရာစာပေ၊ ကုသ္ဆုံနှင့် ဗြဟ္မီတို့သည် များများမကွဲခြားပေ။ ဤကိုထောက်၍ ဗြဟ္မီမဂဓမှ စပြီးလျှင် အစဉ်အတိုင်း ဆင်းသက်လာခြင်းက တစ်ရပ်၊ မိဖုရားကြီး သုပဘာဒေဝီကို ထောင့်ရှုခြင်းတစ်ရပ်။ ဤနှစ်ရပ်တို့ကြောင့် ရက္ခိုင်ဝေသာလီနှင့် ဣန္ဒိယမြောက်ပိုင်း ဂုပ္ပတ္တတို့သည် တူညီရပေသည်။

ရက္ခိုင်ပြည်ရှိ ရှေးဟောင်းစာပေတို့ကို သုတေသနရှာမှီးလိုက်သော် ဓညဝတီခေတ်တွင် မဂဓစာပေ၊ ဝေသာလီခေတ်တွင် ဂုပ္ပတစာပေ၊ နောက်ပိုင်း ဝေသာလီခေတ်တွင် သကဋနှင့် ပြကရိုင်မှစာပေတို့ကို တွေ့ရပေသည်။ ၎င်းမှတဆင့် ရက္ခဝဏ္ဏအက္ခရာစာပေတို့ကို တွေ့ရပေသည်။

စာပေတို့ခေတ်အားလျော်စွာ တဆင့်တဆင့် အစဉ်အတိုင်း ဆင်းသက်လာသည်များကို ကိုယ်တွေ့ဖတ်ရှုရပေသည်၊ ကုသ္ဆုံအက္ခရာနှင့် ဂြန္ထအက္ခရာတို့ကိုလည်း မကြာမီ တွေ့ရပေဦးမည်။ စာရှုသူ သုတေသီအပေါင်းတို့အား ဤမျှဖြင့်ပြီးသော ဗဟုသုတအနည်းငယ်ကို တင်ပြပါသည်။

ဦးသာထွန်း

ရာဇဝင်သုတေသီ၊ မြောက်ဦးမြို့၊ ရခိုင်သားကြီ

## (မြန်မာပြန်)

ယေဓမ္မာ၊ အကြောင်ဇာတိဇရာဗျာဓိမရဏာစသော ဒုက္ခသစ္စာတရားတို့သည် ဟေတုပဘာဝါ။ တဏှာဟူသော သမုဒယသစ္စာသာလျှင် အမှန်ရှိကုန်၏။ ထိုဒုက္ခသစ္စာတရားတို့၏ ဟေတုံစ ဖြစ်ကြောင်း ဖြစ်သော သမုဒယသစ္စာတရားကိုလည်း၊ တထာဂတော၊ ငါတို့ဆရာ ဘုရားမြတ်စွာသည် အာဟရွှေကြာတော်ကမုတ်မှ ထုတ်ဖော်ဟောကြားတော်မူလေသည်။ တေသံ ထိုဒုက္ခသစ္စာ၊ သမုဒယသစ္စာနှစ်ပါးတို့၏ ယောနိရောဓော၊ အကြောင်ချုပ်ငြိမ်းရာဖြစ်သော နိရောဓသစ္စာ၊ ချုပ်ကြောင်းဖြစ်သော မဂ္ဂသစ္စာတို့သည် အတ္တိထင်ရှားပကတိ။ ရှိပါပေ၏။ တဓ။ ထိုနိရောဓသစ္စာ၊ မဂ္ဂသစ္စာနှစ်ပါးတို့ကိုလည်း ထာဂတော ငါတို့ဆရာဘုရားမြတ်စွာသည် အာဟ။ ဒေသနာတော် အစဉ်တရားဖြင့် ဟောကြားတော်မူပြီ။ မဟာသမဏော။ ရဟန်းမြတ်စွာ ငါတို့ဆရာသည်၊ ဧဝံဝါဒီ။ ဤသို့ အယူတော်ရှိ၏။

ဤဒေသနာတော်သည် အသျှင်အဿဇိမထေရ်က ဥပတိဿနှင့် ကောလိတဖြစ်ကုန်သော။ အသျှင်သာရိပုတ္တရာနှင့် အသျှင်မောဂ္ဂလာန်အလောင်းတို့အား ဗာရာဏသီမြို့တွင်း ဆွမ်းခံဝင်ရာတွင် တွေ့ဆုံ၍ ဟောကြားတော်မူသော ဒေသနာတော် ဖြစ်ပါသည်။ မိဂဒါဝုန်တော၌ ပဉ္စဝဂ္ဂီငါးဦးတို့အား ဓမ္မစကြာဒေသနာတော်ကို ဟောကြားတော်မူပြီးသောအဆုံး၌ သျှင်အဿဇိမထေရ်အား အနတ္တလက္ခဏာသုတ်တော်ကို ဟောကြားပြီးမြောက်သောနေ့ ဖြစ်သည်။ ရှေးဟောင်းရက္ခိုင်မြို့တော်များဖြစ်သော ဓညဝတီ၊ ဝေသာလီ၊ ဒွါရာဝတီတို့၌ စာပေအမျိုးမျိုးအစားစားတို့ဖြင့် ဤဒေသနာတော်များကို အနံ့အပြား တွေ့ရှိရပေသည်။ ဗုဒ္ဓသာသနာတော်ကြီး လွှန်စွာမှထွန်းကားခဲ့ပေ၏။ တကား။

**ရခိုင်တန်ဆောင် အတွဲ(၁)အမှတ်(၅)၊ ၁၉၅၅ ခုနှစ်**

# အကျွန်သိသမျှ ရက္ခဝဏ္ဏအက္ခရာ

အကျွန်ယနေ့ထိ ရှာဖွေစုဆောင်းရရှိသမျှသော ကမ္ဘာ့ရေးရာလူမျိုးအသီးသီးတို့၏ အက္ခရာစာပေတို့တွင် ယခုဖော်ပြလတ္တံ့သော အက္ခရာစာပေသည်ကား ရက္ခဝဏ္ဏအက္ခရာ စာပေ ဖြစ်ပါသည်။ ဘဇာကြောင့် ရက္ခဝဏ္ဏအက္ခရာကိုသာလျှင် အထူးအရေးစိုက်ပြီး ရေးရပါသနည်း "ကမ္ဘာပေါ်ရှိ အခြားလူမျိုးအသီးသီးတို့၏စာပေကို မရေးသားရပါသနည်း" ဤကဲ့သို့ ဝိဝါဒစောဒနာပြုခဲ့ပါလျှင် အသင့်ပင် အကျွန်ဖြေကြားပါအံ့။

ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီးတို့တွင် မိမိစာပေကို မိမိတို့ ထုတ်ဖော်လျက် မိမိတို့ တိုင်းနိုင်ငံအသီးသီးတို့တွင် သူငယ်တန်းအစ အမ်အေနှင့် ဒေါက်-စီ-အက်စ် အစရှိသော ဝိဇ္ဇာတန်းလွန်အဆင့်တန်းထိ သင်ကြားနေရသည်မှာ အားလုံးအသိ ဖြစ်ပါသည်။ တိမ် မြုပ်ပျောက်ကွယ်နေသော လူမျိုးအသီးသီးတို့မှာ ယနေ့ထိ တောင်ဘက်သို့ မျှော်၍၊ မြောက်ဘက်သို့ ရမ်းကာ စမ်းတဝါးဝါးပင် ဖြစ်နေသေး၏။

မိမိတို့အမျိုးသားအချင်းချင်းပင် "ငါတို့၌ စာပေရှိ၏လော၊ ယင်းစာပေကား အသို့ နည်း" ဟူ၍ အမျိုးမျိုးဝေဖန်ပြောဆိုကာ တချို့သောသူတို့က ဝေသန္တရာ ဇာတ်တော် ကြီးမှလာသော စကားတွင် အမိတ္တာပုံသည် ဇူဇကာပုဏ္ဏားအား "စစ်မြေပြင်သို့ မရောက် မီကပင် ရှုံးခဲ့ပြီဆို၍ ပြန်ခဲ့သလော" ဆိုသည့်စကားပုံကဲ့သို့ မိမိတို့၏ ဆင်းသက်လာသော အခြေအမြစ်ကို တစ်ကြိမ်တစ်ခါမျှ စူးစမ်းရှာဖွေ ဝေဖန်ခြင်းမရှိဘဲ စိတ်ကြီးဝင်ကာ "ငါလူဇော်လူမော်တစ်ယောက်ပါပဲ၊ ငါပြောသလို ဖြစ်ရမည်။"

"သူတို့တတွေဟာ အလကားအကောင်တွေပါပဲ၊ သူတို့အရမ်းလုပ်နေကြတာ ဖြစ်မယ်၊ ငါတို့မှာ စာတွေမရှိတော့ပါဘူး" အစရှိသော မီးပွင့်စကားလုံးများဖြင့် ကိုယ့်ရင်ဝကို ကိုယ့်ကိုတိုင်လှံနှင့် ထိုးဘိသကဲ့သို့ ပြောဆိုနေကြသည်။ အကျွန်ုပ်တစ်ခု ပြောပါရစေ၊ ကမ္ဘာပေါ်ရှိ လူမျိုးအသီးသီးတို့သည် မိမိတို့ယဉ်ကျေးမှုနှင့် မိမိတို့ဘာဝအလျောက် တစ်ဆင့်စီတစ်ဆင့်စီ ရာစုပေါင်းများစွာကို ကျော်လွှန်ခဲ့ကြရပြီ၊ ယင်းသို့ ကျော်လွှန်ခဲ့ရကား စကားနှင့်စာတို့သည် ယနေ့ထိရှိတုံကြသေး၏။ ဤသို့ရှိငြားလည်း မိမိတို့အမျိုးသားစာပေကို ကမ္ဘာ့လူမျိုးများနည်းတူ မိမိတို့သာလျှင် ဖော်ထုတ်ရမည့် မမွေတာသာ ဖြစ်သည်။

ထိုမှတဆင့် မှန်ကန်သော အခြေအနေသို့ရောက်ရှိပါက ကမ္ဘာသို့ တင်ပြနိုင်စွမ်းမည်။ ယင်းမှသာလျှင် ယနေ့ထိ တိုးတက်နေသော ကမ္ဘာ့အဆင့်အတန်းမီ အမျိုးသားတစ်ရပ် ဖြစ်နိုင်ပေလိမ့်မည်။ သို့မဟုတ်ပါက "ကမ္ဘာနှင့်မီအောင် ရင်ဘောင်တန်းလိုက်၊ ခေတ်မီအောင် ပြုလုပ်ကြပါ၊ ခေတ်မီအောင် တိုးတက်ကြပါ" ဟူသော စကားလုံးများသည် အချည်းအနှီးသာ ဖြစ်ချေတော့မည်။ ထို့ကြောင့် ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြကုန်သော ပြည်ထောင်စု အမျိုးသားအချင်းချင်း ရင်းနှီးဆက်ဆံစွာဖြင့် ရက္ခဝဏ္ဏအက္ခရာခေါ် ရက္ခိုင်အက္ခရာသမိုင်း အကျဉ်းချုပ်ကို ယနေ့ထိတွေ့ရှိသမျှ ဖော်ပြပါအံ့။ ထိုထက်ပိုမို သိရှိကြသော ပညာရှင်အပေါင်းတို့က ချို့ယွင်းသည်များကို ဖြည့်စွက်သည် ဖြစ်စေ၊ အသိပေးသည် ဖြစ်စေ၊ ကန့်ကွက်သည် ဖြစ်စေ၊ အကျိုးအကြောင်းနှင့် စပ်လျဉ်း၍ ညွှန်ကြားပါက အသင့်လက်ခံပါသည်။

ရက္ခဝဏ္ဏအက္ခရာခေါ် ရက္ခိုင်အက္ခရာစာပေဟူရာ၌ မေးခွန်းသုံးခုသည် ရှိ၏။ (၁) မည်သည့်အချိန်က ပေါ်ပေါက်လာသနည်း။ (၂) မည်သည့်ပုဂ္ဂိုလ်က တီထွင်ခဲ့သနည်း။ (၃) ဘာဇာကြောင့် ရက္ခဝဏ္ဏအက္ခရာ ခေါ်တွင်သနည်း။ ဤမေးခွန်းပေါင်း သုံးခုကို မူတည်လျက် မေးခွန်းပေါင်းများစွာ မေးနိုင်သေး၏။ ယင်းသို့ မေးခွန်းပေါင်းများစွာ ရှိသော်လည်း ဤမေးခွန်းကြီးသုံးခုတွင် အကျုံးဝင်လေပြီးဖြစ်ရကား နောက်ထပ် အကျယ်ရေးသားရန် မလိုပြီဟူ၍ ထင်မိပါသည်။

သို့သော် ယခုဆောင်းပါး အကျဉ်းငယ်တွင်ကား စုံလင်စွာ ရေးသားခြင်း မပြုနိုင်သောကြောင့် နောက်ထပ်အမေးများ လိုမည်ဟူ၍လည်း ထင်မိပါသည်။ (၁) မည်သည့်အချိန်က ပေါ်ပေါက်လာသနည်း မေးခွန်းတွင် ယနေ့အထိ သိရှိသမျှ အကြောင်းကို ရေးသားပါအံ့။

အက္ခရာဟူသည်ကား (အဏ္ဏဝါအက္ခရာသညတောဟူသော ပါဠိအရ သင်္ကေတ အမှတ်အသားအားဖြင့် အနက်အဓိပ္ပာယ်ကို သိသာရန် အမှတ်သညာ တစ်ခုအနေဖြင့် အက္ခရာဝဏ္ဏစာလုံးတို့ကို ပြပြင်ထားရသည်ဟု ဆိုလိုသည်။ ယင်းအမှတ်အသား အက္ခရာ သညာတို့တွင် မိမိတို့အမျိုးသားနှင့် မိမိတို့ စာပေအားဖြင့် တစ်သီးတစ်ခြားစီ ကမ္ဘာလူမျိုးအရပ်ရပ်တို့တွင် ရှိ၏။

အင်္ဂလိပ်အက္ခရာဝဏ္ဏနှင့် မြန်မာအက္ခရာဝဏ္ဏ မတူ၊ အိန္ဒိယအက္ခရာ ဝဏ္ဏနှင့် ယိုးဒယားအက္ခရာဝဏ္ဏ မတူ၊ ဂျပန်အက္ခရာဝဏ္ဏနှင့် အာရေဗီအက္ခရာဝဏ္ဏ မတူ။ ဤကဲ့သို့ အချင်းချင်း မတူကြချေ။ မတူသည်ကို အစွဲပြု၍ တခြားယိုသမှု လူမျိုးတို့ စာပေကိုလည်း မဟုတ်ဘူး၊ မယိုဘူး၊ မမှန်းဘူး၊ မဖြစ်နိုင်တော့ဘူးဟူသည့် "ဘူး" တစ်လုံးကို အသုံးပြုနိုင်ကြပါမည်လော" ထိုကြောင့် ရက္ခဝဏ္ဏအက္ခရာသည်လည်း ထူးခြားသော အက္ခရာဝဏ္ဏမျိုးတစ်ရပ် ဖြစ်ပေသည်။ ပေါ်ပေါက်လာသော အချိန်မှာ ရှေးအခါက ပတ်ဝန်းကျင်နီးစပ်သော တိုင်းပြည်တို့နှင့် ဆက်ဆံခြင်းကြောင့် နီးစပ်သော တိုင်းကြီးပြည်ကြီးများမှသာလျှင် ဆင်းသက်နိုင်သည်။ မိုးပေါ်မှကျ၍ ဆင်းသက်နိုင်မည်မဟုတ်၊ ဆန်းစစ်လိုက်သော် လွန်ခဲ့သော နှစ်ပေါင်း နှစ်ထောင်ကျော်သုံးထောင်နီးနီးလောက်တွင် အိန္ဒိယပြည်ကြီး၌ အက္ခရာစာပေတို့ကို ကျယ်ပြန့်စွာ ရေးသားလာကြသည်။

ထိုထက် ရှေးကျလွန်းသော စာပေတို့သည်ကား ရုပ်ပြစာ သို့မဟုတ် လက္ခဏာပြ စာပေတို့ကို ကမ္ဘာ့သမိုင်း၌ ဖတ်ရှုရ၏။ သို့သော် ရက္ခဝဏ္ဏအက္ခရာကိုသာ ရေးသားမည်ဟု အာသီသပြုခဲ့သောကြောင့် ဆက်လက်ဖော်ပြပါအံ့၊ ဆိုခဲ့ပြီးသော အိန္ဒိယပြည်ကြီး၌ ရှေးနှစ်ပေါင်းများစွာက (ရာစုနှစ်လွန်ကို ဆိုလိုသည်) ဧရမေက္ကကာ ခေါ်သောအက္ခရာ ပေါ်ပေါက်လာသည်။

ယင်းနောက်တွင် တစ်ဆင့်တစ်ဆင့် ကူးပြောင်းလာကာ ခရုဿျတီအက္ခရာ ပေါ်ပေါက်လာသည်။ ယင်းမှတစ်ဆင့် ဗြဟ္မီ၊ ယင်းမှတစ်ဆင့် ကုသျံအက္ခရာ၊ ယင်းမှ တစ်ဆင့် ဂုတ္တအက္ခရာ၊ ယင်းမှတစ်ဆင့် ဂြန္တအက္ခရာ၊ ရက္ခဝဏ္ဏအက္ခရာ၊ ကုဋိလ၊ နာဂရီ၊ သျှာရဒါ၊ ဘင်္ဂလား၊ ပါဆကျိမ်၊ မယေ၊ ပြဒေသျှိ၊ တေလဂူ အစရှိသော များစွာသော စာပေအက္ခရာဝဏ္ဏတို့သည် ဆင်းသက်ပေါ်ပေါက်လာလေသည်။ ထို့ကြောင့် ဂုတ္တ အက္ခရာမှ ဂြန္တအက္ခရာ၊ ရက္ခဝဏ္ဏအက္ခရာ အစရှိသော စာတို့သည် ဆင်းသက်လာသည်။

အရေးကြီးသော စာပေတစ်ရပ်မှာ ဂြန္တနှင့် ခပ်ဆင်ဆင်တူသော သက္ကဋစာပေမျိုးသည် ပေသျှဝါမြောက်ပိုင်း မောရိယမင်းဆက်မှ ရက္ခိုင်ပြည်၊ ဝေသာလီမြို့တော်ဟောင်း

သို့ ဆင်းသက်လာလေသည်။ ယင်းစာသည်လည်း တစ်ဆင့်တစ်ဆင့် လွှဲပြောင်းကာ ရက္ခဝဏ္ဏဖြစ်လာသည် တစ်ရပ်၊ ဇတ္တအက္ခရာမှာ ဂုပ္တနှင့် အဆင်တူကာ တစ်ဆင့်တစ်ဆင့်လွှဲပြီးလျှင် ရက္ခဝဏ္ဏဖြစ်လာသည်တစ်ရပ်၊ နှစ်ရပ်သောပြောင်းလဲခြင်းတို့ဖြင့် စီးဆင်းလာသော မြစ်ငယ်နှစ်ခုတို့မှာ သမုဒ္ဒရာထဲသို့ စီးဝင်သကဲ့သို့ ရက္ခဝဏ္ဏအက္ခရာထဲသို့ ဆင်းသက်လာလေသည်။

ထို့ကြောင့် ယင်းအချိန်ကပင် ရက္ခဝဏ္ဏအက္ခရာဟူ၍ ထင်ရှားလာသည်။ တစ်ကြောင်းတုံကား အဆိုပါ ဇတ္တနှင့် ဂုပ္တတို့မှ ဆင်းသက်သော ကဒမ္ဗအက္ခရာနှင့် စာလုက္ကျအက္ခရာတို့သည် တစ်ဆင့်တစ်ဆင့်လွှဲပြောင်းကာ ပျူစာနှင့် မွန်စာတို့သို့ ကူးပြောင်းသွားလေသည်။ အက္ခရာဝတ္ထုတို့ လွှဲပြောင်းလာရခြင်းအကြောင်းရင်းမှာ လက်ရေးခေတ်ဖြစ်၍ တစ်ဆင့်တစ်ဆင့် ရေးသားကြရာတွင် ရာစုပေါင်းအတော်ကြာသောအခါ တစ်မျိုးစီ လွှဲပြောင်းလာလေသည်။ ထိုကြောင့် ရှေးအက္ခရာနှင့် ယခုအက္ခရာ မတူရခြင်းဖြစ်သည်။ တစ်ဆင့်တစ်ဆင့်စီထုတ်၍ ကြည့်လျှင်ကား အဆုံး၌ တူနေကြသည်။ ဤနည်းအတိုင်း အနောက်နိုင်ငံ ပညာရှိကြီးများက သုတေသနပြုလုပ်ကြသည်။

(၂) မည်သည့် ပုဂ္ဂိုလ် တီထွင်ခဲ့သနည်း။ ။ ဤအရာ၌ အက္ခရာစာပေတို့ကို ဒေသဌာနအရပ်ရပ်တို့၌ လူမျိုးအသီးသီးတို့သည် မိမိတို့ ဒေသအလျောက် အခေါ်အဝေါ် အသုံးအစွဲအားဖြင့် ခေါ်ဝေါ်ကြသည်တွင် ဗမာအမျိုးသား ဗမာစာ၊ ပျူအမျိုးသား ပျူစာ၊ မွန်အမျိုးသား မွန်စာ၊ ရှမ်းအမျိုးသား ရှမ်းစာ၊ အိန္ဒိယအမျိုးသားတွင် အိန္ဒိယအမျိုးသားစာ၊ အင်္ဂလိပ်အမျိုးသားတွင် အင်္ဂလိပ်စာ၊ တရုတ်အမျိုးသားတွင် တရုတ်စာ ဟူ၍ အသီးသီး မိမိတို့ အမျိုးသားအမည်နှင့်သော်လည်းကောင်း၊ တိုင်းပြည်အမည်နှင့်သော်လည်းကောင်း အစွဲပြု၍ စာပေတို့၏ အမည်များ ဖြစ်ပေါ်လာဘိသကဲ့သို့ ရက္ခိုင်တွင်လည်း ရက္ခသဒ္ဒါကို အစွဲပြု၍ ရက္ခ-ရက္ခိုင်-ဝဏ္ဏအက္ခရာစာလုံး ရက္ခိုင်အက္ခရာစာလုံးများဟု ဖြစ်ပေါ်လာသည်။ ဖြစ်ပေါ်လာသော အချိန်သည်ကား ဓညဝတီပြည် သူရိယမင်းဆက်၌ ဖြစ်၏။ အဘယ်ကြောင့်ဆိုသော် အိန္ဒိယပြည်၌ ဂေါတမမြတ်စွာဘုရားပွင့်စဉ်တွင် ရက္ခိုင်ပြည်၌ သူရိယမင်းဆက် စန္ဒသူရိယမင်း ဖြစ်သည်။ သူရိယမင်းဆက် ၂၅ ဆက် ဖြစ်ခဲ့သည်။ ဘုရား ပရိနိဗ္ဗာန်လွန်ပြီး ၂၁၈ ခုနှစ်တွင် သီရိဓမ္မာသောကမင်းကြီး ဖြစ်ထွန်းသည်။ ယင်းအချိန်တွင် ရက္ခိုင်ပြည်ဝယ် သူရိယမင်းဆက် ဖြစ်သည်။ စာပေကား မဂဓခေါ် ဗြဟ္မီအက္ခရာဖြစ်သည်။ ယနေ့ထိဓညဝတီမြို့တော်ဟောင်းနေရာ၌ ဗြဟ္မီအက္ခရာဖြင့် ရေးထိုးထားခဲ့သော ကျောက်စာတစ်ချပ်ကို ဆရာဦးစံရွှေဖူးနှင့်


ကျွန်တော်ကိုယ်တိုင် မင်ကူးယူရရှိသည်။ ယင်းမှတစ်ဆင့် ဝေသာလီမြို့တော် စန္ဒြားမင်းစက်၌ ရေးထိုးထားခဲ့သော ကျောက်စာကဗ္ဗည်းစာများမှာ သက္ကဋကျောက်စာတော်များ အချို့နှင့် ရက္ခဝဏ္ဏကျောက်စာတော်များ တွေ့ရှိရသည်။သက္ကဋကျောက်စာတော်ဟူရာ၌ အနန္ဒစန္ဒြားမင်းလက်ထက် ရေးထိုးထားခဲ့သော သျှစ်သောင်းဘုရားကျောက်စာ၊ ဝန္တိနတ်ကွန်းကျောက်စာ၊ ဝေသာလီမြို့တော်ဟောင်းတွင် ရရှိသော ဦးစံရွှေဖူး၏ ကြေးခေါင်းလောင်းငယ်ကျောက်စာ၊ ဝေသာလီ ဥဏ္ဍိသကတောင် ကျောက်စာ၊ သင်းချုပ်တော်ဘုရားကျောက်စာတိုင်၊ သင်းချုပ်တော် မြောက်အနန္တောဝယ ကျောင်းတော်နှင့် စေတီကျောက်စာတို့နှင့် များလှစွာသော ကျောက်စာအပဲ့အကျိုးစသည်တို့သည် သက္ကဋကျောက်စာများ ဖြစ်ကြသည်။ ငွေသားဒင်္ဂါးများ ရှိသေး၏။ ဒင်္ဂါးတွင် သက္ကဋဒင်္ဂါးများ၊ ရက္ခဝဏ္ဏဒင်္ဂါးများ တွေ့ရသည်။ ကျောက်ပြားငါယ်၊ ကြေးပရပိုက်ငါယ်၊ အုဋ္ဌခွက်ငါယ် တို့တွင် ရက္ခဝဏ္ဏအက္ခရာဖြင့် ရေးထိုးထားသည်။ ယနေ့ထိ ဝေသာလီ မှ ရရှိခဲ့ကြသည်။ ထို့ကြောင့် မဂဓအက္ခရာခေါ် ဗြဟ္မီအက္ခရာမှတစ်ဆင့် ရက္ခဝဏ္ဏသို့ ကူးပြောင်းလာသည်။ ခေတ်နှင့်မင်းဆက်မှာ သူရိယမင်းဆက်မှအစ၊ စန္ဒြားမင်းဆက် အဆုံးတွင် ထင်ရှားထွက်ပေါ်လာလေသည်။

(၃) ဘဇာကြောင့် ရက္ခဝဏ္ဏခေါ်တွင်သနည်း။ ။ ရက္ခဝဏ္ဏအက္ခရာ ခေါ်တွင်ခြင်းကို ရှေး၌ပြဆိုခဲ့ပြီ၊ ရက္ခိုင်ပြည် မင်းအဆက်ဆက်တို့တွင် တစ်ဆင့်တစ်ဆင့်စီ အက္ခရာဝဏ္ဏများ ရေးသားကြရာတွင် တဖြည်းဖြည်း တိုင်းရင်းစာပေအဖြစ်သို့ ကူးပြောင်းလာရသောကြောင့် ရက္ခိုင်ပြည်၌ဖြစ်သော စာကို ရက္ခိုင်စာ သို့မဟုတ် ပါဠိအလိုအားဖြင့် ရက္ခဝဏ္ဏအက္ခရာဟု တွင်လေတော့သတည်း။


မှတ်ချက်။ ။ ဤဆောင်းပါးတွင်ပါရှိသော ကျောက်စာမှာ ရခိုင်ပြည် ဝေသာလီမြို့တော်ဟောင်း၊ မြောက်ဦးမြို့အပိုင်း၊ မြောက်ဘက် ၇ မိုင်ခန့် အကွာ ယခုဝေသာလီရွာငယ် ဥဏ္ဍိသတောစေတီ ပြိုကျရာမှ ရရှိသော အက္ခရာရေး ထိုးထားသည့် ကျောက်လုံးငယ်များအနက်မှ တစ်ခုဖြစ်၏။ ဝိရာစုခေတ်၊ အာနန္ဒစန္ဒြမင်း ရေးထိုးထားခဲ့၍ ဗြဟ္မအက္ခရာမှ ရက္ခဝဏ္ဏအက္ခရာသို့ နွယ်ဆင်းနေသောအချိန် ဖြစ်သည်။

၁၉၅၈-၅၉ ခုနှစ်၊
ရခိုင်တန်ဆောင် နှစ်လယ်မဂ္ဂဇင်း

ရခိုင်သားကြီး



ရက္ခဝဏ္ဏ အက္ခရာ



နရာဓိပတိ မော်ကွန်း

# နရာဓိပတိမော်ကွန်း

ဦးသာထွန်း (မြောက်ဦးမြို့)

မော်ကွန်း၏အဓိပ္ပာယ်မှာ သက္ကရာဇ် ၉၅၅ခု၊ တပို့တွဲလဆန်း ၅-ရက်၊ ဗုဒ္ဓဟူးနေ့ နရာဓိပတိရွှေနန်းသျှင် မိန့်တော်မူသော ဝါဆိုလတွင် အလိုတော်ပြည့်မည်ဟူ၍ ဆိုသည်။ မှန်သောကြောင့် ပုဏ္ဏားမဏိခေါက်ကို ကင်းပြင်ရွာတွင် ဟိန်ဒူသောရောမောနှော့အဝင် ငါးသျှင်းသုံးပွား လှူတော်ပြုသည်။ လယ်ကိုသားစဉ်မြေးဆက် စားစေပါ၍ ကမ္ဗည်းထားသည်။ ရွှေတော်ခံရွှေသားငရဲ ဣန္ဒစ်ယောက် အသုံးချလည်း သံကျအပေါ်ထက်ပြင် အတောင်းအမှတ်မယူ ပေး၏တည်း။

ဤမော်ကွန်းသည် မြို့ဟောင်းအရှေ့ဘက် တစ်မိုင်ကျော်ခန့် ဝေးသော မင်းတရားပြင်ရွာတွင် မဏိခေါက်ပုဏ္ဏား ရေကန်ရှေ့ပုဏ္ဏား၏ နေအိမ်ရာ၌ ၁၃၁၃-ခု၊ တပို့တွဲလဆန်း ၅ရက်နေ့က တူးဖော်ရရှိသည်။ ထိုနေရာမှ ၃၀-၉-၅၂ နေ့ မြို့ဟောင်း၊ သျှစ်သောင်းဘုရားကြီးသိမ်တော်တွင်းသို့ စာပေဝါသနာပါသူတစ်စုတို့က ပြောင်းရွှေ့ထားကြပါသည်။ ၎င်းနှင့်အတူ အလျား ၆တောင်ခန့်ရှိ သံခဲအမြောက်ကြီးတစ်ခုကိုလည်း တွေ့ရပါသည်။

မော်ကွန်း၏အကျယ်အဓိပ္ပါယ်မှာ သက္ကရာဇ် ၉၅၅ ခုတွင် ဘဝရှင်နရာဓိပတိဆော်လိမ်သျှားခေါ် မင်းဖလောင်းကြီးသည် ပုဏ္ဏားပဏိခေါက် ပုရောဟိတ်၏ ဟောပြောချက်အတိုင်း ဝါဆိုလတွင် အလိုခပ်သိမ်းပြီးပြည့်အောင်မြင်သည်ဖြစ်၍ ပုရောဟိတ်ပုဏ္ဏားတော်အား ကင်းပြင်ရွာတွင် လယ်ငါးသျှည်း သုံးပွားဆုပေးသနားတော်မူသည်။ ၎င်းကို

သားအစဉ်မြေးဆက် စားသောက်ဆက်ခံစေရန် ကမ္ဗည်းမော်ကွန်းစိုက်ထူထားခဲ့လေသည်။

လယ်မှထွက်သော ကောက်ပဲသီးနှံတို့ကို ပုဏ္ဏားကိုယ်တိုင် ကောက်ငင်ခြင်းမပြုစေဘဲ၊ ဘုရင်မင်းမြတ်၏ ရွှေတော်ခံသူရဲငရွှေးအာနှင့် ငရဲက္က ၂ယောက်တို့ကို သွားရောက်ကောက်ခံစေ၍ ပုဏ္ဏားတော်တို့အား ကျိုးကျဘဏ္ဍာသွင်းပေးကြရလေသည်။ ထိုသူရဲကြီး ၂ ယောက်တို့သည် သံတော်ချသည်ထက်အပြင်၊ တန်စိုးလက်ဆောင်တောင်းစားယူငင်ခြင်း မရှိစေရဟု ဆိုလိုသည်။

မော်ကွန်းကျောက်တိုင်၏ အမြင့်မှာ ၆-ပေ၊ အနံအကျယ်မှာ ၃-ပေ၊ ခွဲရှိပြီးလျှင် အထက်ပိုင်း ၂-ပေခွဲခန့်နီးနီးကို မော်ကွန်းတို့၏ ထုံးစံအတိုင်း ဘုရင်မင်းမြတ်တို့၏ ရုပ်ပုံတော်ကို သီဟာသနပလ္လင်ဆောင်တော်နှင့်တကွ ပုရောဟိတ်ပုဏ္ဏား "ငရွှေးအာ-ငရဲက္က"တို့ပါ အမိန့်တော်ချဟန်ကို ထုလုပ်ထားလေသည်။ အောက် ၁-၂ပိုင်း ၁-ပိုင်းပေခန့်မှာ မော်ကွန်းစာထိုးထားပါရှိ၏။ ဤ ၁-ပေ ကျော်ခန့်မှာ မြေတိုင်စိုက်ထူရန် ကျောက်သားပကတိ ဖြစ်လေသည်။

ဘုရင်မင်းမြတ်၏အရုပ်ကို ထုလုပ်ထားခြင်းမှာ ယခုအခါတွင် ရုံးတော်များ၌ တံဆိပ်တော်ရိုက်နှိပ်ခြင်းနှင့် အလားတူဖြစ်ပေသည်။ ရခိုင်ပြည်တွင် မော်ကွန်းအမျိုးမျိုးရှိရာ ကျောက်တိုင်မော်ကွန်း၊ ပုရပိုက်စာလွှာမော်ကွန်း၊ ရုပ်လုံးဖော်မော်ကွန်း၊ ကမ္ဗည်းကျောက်စာ မော်ကွန်း၊ အဆောက်အဦးမော်ကွန်းများ ဖြစ်ကြသည်။ မော်ကွန်းဆိုသည်မှာ ထူးခြားသောအကြောင်းအရာတစ်ခုခုကို နှစ်လကြာရှည်စွာ ခိုင်ခံ့တည်မြဲစေခြင်းငှာ ရေးထိုးရခြင်း ဖြစ်ပေသည်။

(၁) ကျောက်တိုင်မော်ကွန်း ▪ ဤမော်ကွန်းမျိုးကို ရခိုင်နှင့် အိန္ဒိယမြန်မာမင်းတို့၏ ပိုင်ဆိုင်သော မြို့ပြပြည်ရွာယ်များကို တစ်ပြည်နှင့်တစ်ပြည်ခြားနားသိသာစေရန် ရာဇဓမ္မတရားနှင့်ညီစွာ စိုက်ထူထားသော ကျောက်မော်ကွန်းတိုင်မျိုးကို ဆိုလိုသည်

(၂) ပုရပိုက်စာလွှာမော်ကွန်း ဤမော်ကွန်းမျိုးသည် ပုရပိုက်စာလွှာကိုဖြစ်စေ၊ ကြေးပြား၊ ရွှေပြား အစရှိသောသတ္တု၊ ပုရပိုက်လွှာပြားတွင်ဖြစ်စေ ရေးထိုးထားပြီးလျှင် ရခိုင်ပြည်တွင်းရှိ သူရဲကောင်း၊ မျိုးရိုးပညာရှိမျိုးရိုး၊ ရွာထောင်ပြည်ထောင်သောမျိုးရိုး အစရှိသည့် မော်ကွန်းခေါ် ခေါင်းပိုင်းတွင် ဆတ်တံဆိပ်ရိုက်နှိပ်ထားသော မော်ကွန်းကို မျိုးရိုးစဉ်ဆက် ပေးအပ်ရလေသည်။ ထိုဆတ်မော်ကွန်းမှာ ယခုတိုင် သိမ်းဆည်းရှိသေးသောသူတို့၏ လက်တွင်း၌ အထင်အရှား တွေ့ရှိနိုင်၏။

အများအားဖြင့် ထောင်တည်မော်ကွန်းများ ဖြစ်ကြသည်။ ထောင်တည်မော်ကွန်း ဆိုသည်မှာ 'ထောင်' ပေါင်းများစွာ ရှိခဲ့၍ မော်ကွန်းပေါင်းလည်းများစွာ ရှိခဲ့ရာ ရွာထောင် ပြည်ထောင်များကိုပင် ထောင်တည်မော်ကွန်းဟူ၍ ခေါ်သည်။ ရခိုင်ပြည်ရှိ 'ထောင်' များမှာ ရေကြည်ထောင်၊ သက်ထောင်၊ မြို့ထောင်၊ ဖလံထောင် အစရှိသော ထောင်ပေါင်း လေးဆယ်ရှစ်(၄၈)ထောင် ရှိလေသည်။

ဤကဲ့သို့ ရွာထောင် ပြည်ထောင်များကို ပေးသောမော်ကွန်းကို ပုရပိုက်လွှာ မော်ကွန်းဟု ခေါ်လေသည်။ ယခုအခါမှာ မြန်မာ ပြည်ထောင်စု၏ လွတ်လပ်ရေးမော်ကွန်း နှင့် အလားတူဖြစ်ပေသည်။

(၃) ရုပ်လုံးမော်ကွန်း - ဤမော်ကွန်းသည် ဘုန်းတန်ခိုးတေဇာတော်ဖြင့် ထူးခြား စွာ ကြီးပွားထွန်းကားခဲ့ကြကုန်သော ဘုရင်မင်းမြတ်တို့နှင့် အာဇာနည်သူရဲကောင်းတို့ ၏ ရုပ်လုံးပုံတော်ကို ထုလုပ်ပြီး စိုက်ထူထားခဲ့ခြင်းကို ခေါ်သည်။ အဆိုပါ ရုပ်လုံးပုံ တော်တို့သည် မြောက်ဦးခေတ်၌ ထုကဲခဲ့ကြကုန်သော မင်းဗာ မင်းဖလောင်း မင်းရုပ် ကျောက်တိုင်များ၊ ဝမ်းတီး မြောက်ဦးအစရှိသော နတ်ရုပ်လုံးများ၊ ဝေသာလီခေတ်တွင် ဖြဟ္မသုန္ဒရမင်းရုပ် အစရှိ ရုပ်လုံးမော်ကွန်းများကို ယခုတိုင်များစွာ တွေ့မြင်နိုင်သေး၏။ ယခုအခါတွင် ဗိုလ်ချုပ်ဦးအောင်ဆန်းရုပ်၊ ဗန္ဓုလရုပ်များနှင့်အလားတူ ဖြစ်ပေသည်။

(၄) ကမ္ပည်းကျောက်စာမော်ကွန်း - ဤမော်ကွန်းမျိုးသည် ဘုရားတစ်ဆူဆူ၏ အကြောင်း၊ မင်္ဂလာရေကန်တော်၏ အကြောင်း၊ ကျုံးတော်၊ ဆည်တော် မြို့ရိုးခံတပ် အကြောင်းတို့ကို ထင်ရှားသိသာရန် အတ္ထုပ္ပတ္တိကိုဖြစ်စေ၊ လှူဒါန်းထောက်ပံ့ပေးထား သော လယ်ယာ၊ ရွှေမြေ ပစ္စည်းဥစ္စာတို့ကိုဖြစ်စေ ဖော်ပြပါရေးထိုးသော မော်ကွန်း ကျောက်စာမျိုး ဖြစ်သည်။ ယခုအခါ ထင်ရှားစွာမြင်တွေ့ရသော ရခိုင်ပြည် သျှစ်သောင်း တေဇာရမ္မကျောက်စာများကို ပုဂံပြည်တွင် မြဝတီကျောက်စာတို့ကဲ့သို့ပင် ဖြစ်ပေသည်။

(၅) အဆောက်အဦးမော်ကွန်း - ဤမော်ကွန်းမျိုးသည် တစ်စုံတစ်ခုသော အကြောင်း၏ ထူးခြားချက်များကို ဖော်ပြလို၍ ဆင်ရုပ်၊ မြင်းရုပ်အစရှိသော တိရစ္ဆာန် ရုပ်များ၊ ဂူပြဿဒ် ခေါင်းလောင်းအစရှိသော ပစ္စည်းနှင့် အဆောက်အဦးတစ်ခုခုပြုလုပ် ၍ ခိုင်ခံ့စွာ တည်လုပ်ခဲ့ကြသည်။ ပုံစံမှာ ယခုအခါ မြန်မာပြည်တွင် အထောင်းဘုရား အရိုးအိုး၊ ရခိုင်ပြည်တွင် မင်းဗာကြီးအရိုးအိုး ဆရာမြဝါအရိုးအိုးတို့ကဲ့သို့ အဆောက် အဦးများကို ဆိုသည်။

ဤကဲ့သို့ မော်ကွန်းတို့၏အကြောင်းကို အနည်းငယ်ဖော်ပြပြီး၍ ယခုဖော်ပြပါ မော်ကွန်းရှိ ရေးထိုးထားသော စာပေ၏အကြောင်းကို အနည်းငယ်ဖော်ပြပေအံ့။ ဤမော်ကွန်းစာသည် ရုပ်လုံးနှင့်ကျောက်စာမော်ကွန်းမျိုးဖြစ်ပြီးလျှင် ရခိုင်သံသက်သက်ဖြင့် ရေးထိုးထားသောစာသား ဖြစ်သည်။ ရခိုင်ပြည်ရှိ ရေးထိုးလေ့ရှိသော ကျောက်စာမျိုးများမှာ ရှေးဟောင်းစာပေကျမ်းဂန်အရ ခြောက်ဆယ်ရှစ်(၆၈)မျိုးခန့် ရခိုင်သံဖြင့် ရှိလေသည်။

နိုင်ငံခြားအက္ခရာဖြင့် ဘင်္ဂလီ၊ သကဋ၊ နာဂရီ၊ ဒေဝနာဂရီ၊ အူရဒူ၊ အာရေဗီနှင့် အမည်ပေးရန်မျှ မသိရသေးသောစာများကို မြို့ဟောင်းခေါ် မြောက်ဦးမြို့နှင့်ဝေသာလီအစရှိသော ရှေးမြို့တော်ဟောင်းတို့တွင် ယခုတိုင် တွေ့မြင်ရလေသည်။ မြောက်ဦးမြို့နန်းတော်ကုန်းပေါ်ရှိ ကျောက်စာနှင့် ရုပ်လုံးဟောင်းပစ္စည်းများ စုဆောင်းထားရာ ပြတိုက်ထဲတွင် များစွာတွေ့မြင်နိုင်ကြပါသည်။ ၎င်းပြတိုက်ကြီးမှ ယခုအခါ မနီခေါင်မိုးများ ပျက်စီးနေပါသဖြင့် များစွာယိုကျပြီး ပျက်စီးလုခမန်း ဖြစ်နေပါသည်။ စာပေဝါသနာပါသူတိုင်း စောင့်ထိန်းရန် သင့်လျော်ကြပါသည်။

ရခိုင်ပြည်မြို့တော်ဟောင်းများတွင်ရှိသော ရခိုင်မြန်မာအက္ခရာဖြင့် ရေးထိုးထားသော ကမ္ပည်းစာများမှာ ယခင်ဖော်ပြပါကျောက်စာရေးနည်း (၆၈)မျိုးရှိသည်တွင် ယခုဖော်ပြပါ ကျောက်စာမျိုးကိုသာ များစွာရေးထိုးလေ့ရှိကြသည်။ မြောက်ဦးခေတ်တွင် အာရေဗီ၊ နာဂရီ၊ သကဋများကိုလည်း ရေးထိုးကြသည်။ ထိုမင်းများလက်ထက် သုံးစွဲကြသော ငွေသားဒင်္ဂါးများတွင် ဤအရေးအသားမျိုးနှင့် တစ်မျိုး၊ ဘင်္ဂလီနာဂရီဖြင့် တစ်မျိုး ထုလုပ်သုံးစွဲခဲ့ကြသည်။ (ဤနေရာ၌ ငွေသားဒင်္ဂါးပုံများကို ဖော်ပြလိုသော်လည်း ဘလောက်ပုံများနေမည်စိုး၍ မဖော်ပြခဲ့ပြီ။)

ရှေးဟောင်းဒင်္ဂါးများတွင် မင်းစောမွန်ခေတ်မှ မင်းဗားကြီးတိုင် သကဋအက္ခရာတိတိဖြင့် ခတ်နှိပ်ကြသည်။ မင်းတိက္ခမှ မင်းရာဇာတိုင် ရခိုင်စာတစ်ဖက်၊ နာဂရီတစ်ဖက် ခတ်နှိပ်ကြသည်။ မင်းခမောင်းမှ သမတတိုင် ရခိုင်သံသက်သက်ဖြင့် ခတ်နှိပ်ကြသည်။ ဝေသာလီအစရှိသော ရှေးမြို့တော်ဟောင်းများစွာမှာ ဆတ်၊ နွား၊ လူအစရှိသော ရုပ်ပုံများ ခတ်နှိပ်ကြသည်။

ကမ္ပည်းစာရေးသားရာ၌ ရှေးရှေးက အက္ခရာနှင့် ယခုအက္ခရာများ ကွဲလွဲနေသည်မှာ များစွာရှိကြသည်။ အဘယ်ကြောင့်နည်းဟူမူ လက်ရေးမှုဖြစ်၍ ပေစာဖြစ်စေ၊ ကျောက်စာဖြစ်စေ၊ တစ်ဆင့်တစ်ဆင့် ကာလရွေ့လျားသောကြောင့် ရေးသားခြင်း ကွဲ

လွဲတတ်လေရာ နှစ်များကြာလေလေ အက္ခရာများပြောင်းလွဲလာလေလေ ဖြစ်လေသည်။

ထို့ကြောင့် ကျောက်စာတို့တွင်လည်း တစ်ခုနှင့်တစ်ခု မတူဘဲ ကွဲပြားကြသည်။ ဤကျောက်စာတွင် ရ၊ န၊ အတို့များစွာ ကွဲလွဲကြသည်။ သားစဉ်မြေးဆက် (သားစိုင်မြီးဆက်) စားစေပါ၍ (စားစီပါ၍)အပေါ်ထက်ပြင် (အပေါက်ထက်ဖြင်)၊ သံတော်ချ (အသံချသည်) တန်စိုးလက်ဆောင် (အတောင်းအမှတ်)ပေး၏ (ပီး၏)၊ စသောအက္ခရာတို့သည် ရခိုင်သံသက်သက်ဖြင့် ရေးသားထားသည်။ များသောအားဖြင့် ရခိုင်တစ်ပြည်လုံးရှိ ကျောက်စာတို့တွင် ရခိုင်မြန်မာအက္ခရာဖြင့် ရေးသည်ရှိသော် ရခိုင်သံသက်ဖြင့်သာ များစွာရေးလေ့ရှိသဖြင့် ခေတ်အလိုက်စာပေတတ်သူတို့မှာ လတ်တလော ရှောင်တခင် အားဖြင့် ဖတ်ရှုရန် ဝေခွဲမရနိုင်အောင်ပင် ရှိနေမည်ဖြစ်ရာ ပညာရှင်အပေါင်းတို့အား ရခိုင်သံကို သတိရစွာဖြင့် ဖတ်ရှုကြပါရန် မော်ကွန်းစာအားဖြင့် ရန်ကုန်တက္ကသိုလ် ကျောင်းတော်သူ ကျောင်းတော်သား အပေါင်းတို့အား ဗဟုသုတစာလွှာအဖြစ်ဖြင့် ကူညီပေးပို့အပ်ပါသည်။

ဗဟုသုတပွားများကြစေရန် ရခိုင်ပြည်ရှိ ရှေးဟောင်းအနုပညာကျောက်စာ၊ ကမ္ပည်း၊ ရာဇဝင်စာပေနှင့် အဆောက်အဦးတို့သည်လည်း တစ်နေ့တစ်ခြား ပျက်စီးယိုယွင်းနေသည်မှ ပညာရှင်အပေါင်းတို့၏ လက်တွင်းသို့သက်ဆင်းကျရောက် သုံးသပ်ဝေဖန်နိုင်ကြပါစေသတည်း။ ကမ္ပည်းပါ ပုရောဟိတ်မူကာီဓါတ်ကဲ့သို့ မှန်ကန်စွာ တင်ကြို၍ ဟောစွမ်းနိုင်သော ပညာရှင်များ ထွန်းကားပွားနိုင်ပါစေသတည်း။

ဦးသာထွန်း(မြောက်ဦး)
ရခိုင်တန်ဆောင်စာစောင် (စာ-၁၃၄ မှ ၁၃၅ ထိ)

# ရခိုင်ပြည်နယ် ၁၀-နှစ်ခရီးနှင့်

## ရခိုင်ယဉ်ကျေးမှုဆောင်ရွက်ချက်များ

လူမျိုးတစ်မျိုး၏ ယဉ်ကျေးမှုအမွေအနှစ်များသည် မပျောက်ကောင်း မပျက်ကောင်းပေ။ ပြည်သူ့အကျိုးပြု ဆောင်ရွက်လေ့မရှိသော နယ်ချဲ့အင်္ဂလိပ်ခေတ်တွင် ရခိုင်ယဉ်ကျေးမှုများသည် မှုက်နှာငယ်ငယ်နှင့် ရှိခဲ့သော်လည်း မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးခေတ်တွင်မူ ယခင်ကထက် အရေးတယူ ပြုစုခြင်းကို ခံခဲ့ရသည်။

အထူးသဖြင့် ၁၉၆၂-ခုနှစ်တွင် တော်လှန်ရေးကောင်စီပေါ်ပေါက်လာပြီးနောက် ရခိုင်ယဉ်ကျေးမှု ဖော်ထုတ်မှုများမှာ တစ်နှစ်ထက်တစ်နှစ်တိုးတက်လာသည်ကို အားရစရာ တွေ့ရပေသည်။ ၁၉၆၆-ခုနှစ် တောင်ကြီးမြို့၌ကျင်းပသော ပြည်ထောင်စုနေ့တွင် ရခိုင်တိုင်းရင်းသားရိုးရာ သျှိုင်ဒိုင်အကနှင့် ဗုဒ္ဓပူဇနီယအကများကို ဖော်ထုတ်တင်ဆက်နိုင်ခဲ့ပြီးနောက် ရခိုင်ယဉ်ကျေးမှုဂုဏ်သတင်းသည် ပြည်ထောင်စုအနှံ့တွင် မွှေးကြိုင်သွားလေသည်။

ယင်းအချိန်မှစ၍ ရခိုင်ယဉ်ကျေးမှုဖော်ထုတ်မှုများကို ရခိုင်တိုင်းရင်းသားတို့ကိုယ်နှိုက်က ပြန်လည်စိတ်ဝင်စားလာကြသည်။ နှစ်စဉ်ပြည်ထောင်စုနေ့တိုင်း၌လည်း ရခိုင်ကကွက်များကို ကြိုးစားတင်ဆက်ခဲ့သည်။ ထို့ပြင် ရခိုင်စာပေသမိုင်းနှင့် ဓလေ့ထုံးစံယဉ်ကျေးမှုမျာကိုလည်း ပြုစုလာကြပေသည်။

၁၉၇၄-ခုနှစ်တွင် ရခိုင်ပြည်နယ်ဟူ၍ ပေါ်ပေါက်လာခဲ့သောအခါတွင်လည်း ရခိုင်ယဉ်ကျေးမှု ဖော်ထုတ်မှုများကို သတ်မှတ်ထားသော စည်းကမ်းစည်းမျဉ်း လုပ်ပိုင်ခွင့်

အတွင်း ဆက်လက်ဆောင်ရွက်ခဲ့သည်။ ယဉ်ကျေးမှုရေးရာများကို ဖော်ထုတ်ဆောင်ရွက်ရာတွင် ရခိုင်ပြည်နယ်အနေဖြင့် သမိုင်းဝင်ရှေးဟောင်းအဆောက်အအုံများကို ပြုပြင် ထိန်းသိမ်းခြင်း၊ ရှေးဟောင်းအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်း၊ နှစ်စဉ်ရိုးရာပွဲတော်များကို ကျင်းပပေးခြင်း၊ နိုင်ငံခြားသုတေသီများအား စည်ဝတ်ကျေပွန်စွာ ကူညီညွှန်ပြပေးခြင်း၊ ရခိုင်ယဉ်ကျေးမှုပြခန်းများကို ဖွင့်လှစ်ပြသခြင်းစသည့်လုပ်ငန်းများ ပါဝင်ပေသည်။

ရခိုင်ပြည်နယ် ပေါ်ပေါက်လျှင် ပေါ်ပေါက်ချင်း ပထမဆုံးသော ယဉ်ကျေးမှုဆောင်ရွက်ခြင်းဟု ဆိုအပ်သောလုပ်ငန်းမှာ ရခိုင်ပြည်နယ်နေ့ တံဆိပ်၊ အလံတော်နှင့် ဝတ်စုံတို့ကို သတ်မှတ်နိုင်ရန် ဆောင်ရွက်ခြင်းပင် ဖြစ်သည်။

ရခိုင်ပြည်နယ်နေ့ တံဆိပ်၊ အလံတော်နှင့် ဝတ်စုံတို့ကို သတ်မှတ်နိုင်ရန် ပြည်နယ်ပြည်သူ့ကောင်စီအဖွဲ့က တာဝန်ပေးအပ်သောပုဂ္ဂိုလ်များနှင့် ကျွမ်းကျင်သူပန်းချီဆရာများ ပါဝင်သော အဖွဲ့သည် ရခိုင်ရဟန်းပညာရှိများ၊ လူပညာရှိများနှင့် အထပ်ထပ်အခါခါ ညှိနှိုင်းတိုင်ပင်လျက် ရွေးချယ်သတ်မှတ်ခဲ့ကြသည်။

ဤသို့တာဝန်ပေး ရွေးချယ်မှုများကို ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီ ၆-လပတ် အစည်းအဝေးတွင် အများသဘောတူ ထောက်ခံအတည်ပြုခဲ့လေသည်။ ဤသို့ဆောင်ရွက်မှုများကြောင့် ဒီဇင်ဘာ (၁၅)ရက်နေ့ နံနက် ၇နာရီ ၂၀မိနစ်သည် ရခိုင်ပြည်နယ်၏ မင်္ဂလာအခါသမယနေ့နှင့် အချိန်အဖြစ်လည်းကောင်း၊ ရခိုင်ရှေးအမွေ ဝေသာလီဒင်္ဂါးပါဝင်သော အောင်လံတံဆိပ်သည် လည်းကောင်း၊ ရခိုင်ယဉ်ကျေးမှုကို အခြေခံသော ဝတ်စုံတို့သည်လည်းကောင်း ပေါ်ထွက်လာခဲ့ပေပြီ။

ရခိုင်တိုင်းမှ ရခိုင်ပြည်နယ်ဟူ၍ ပေါ်ပေါက်လာခြင်းနှင့်အတူ မြန်မာ့အသံလေလှိုင်းမှ ရခိုင်ပိုင်းအစီအစဉ်ကို တစ်နေ့လျှင် မိနစ် ၃၀ကျစီ လွှင့်ထုတ်လာသဖြင့် ရခိုင်ဘာသာစကားနှင့် တေးဂီတတို့ကို တိုင်းရင်းသားလုပ်သားပြည်သူများ အလွယ်တကူ သိနိုင်ပေပြီ ဖြစ်ပေသည်။ ရခိုင်ဘာသာစကားကို ရခိုင်တိုင်းရင်းသားတို့ ကိုယ်တိုင် လေလှိုင်းသံမှ ကြားရသဖြင့် လွန်စွာမှပင် သောမနဿပီတိ ဖြစ်ရပေသည်။ ဤသည်မှာ ရခိုင်ပြည်နယ် ဖြစ်ပေါ်လာရခြင်း၏ အကျိုးဆက်တစ်ခုပင် မဟုတ်ပါလော။

နိုင်ငံရေးအရ ရခိုင်ပြည်နယ်ဟူ၍ ပေါ်ပေါက်လာသဖြင့် ရခိုင်ပြည်နယ်အကြောင်းကို တိုင်းရင်းသားလုပ်သားပြည်သူများက သိရှိနားလည်သဘောပေါက်နေသလို ရခိုင်ယဉ်ကျေးမှုအကြောင်း သိရှိနားလည်ရန်လည်း လိုအပ်နေသေးသည်။ ရခိုင်ယဉ်ကျေးမှု

အကြောင်း သိရှိနားလည်ရန်မှာ ရခိုင်ယဉ်ကျေးမှုနှင့်ပတ်သက်သော စာတစ်အုပ် ပေတစ်ဖွဲ့ကို အများသူငါ လေ့လာနိုင်ရန် တင်ပြခြင်းလည်း ပါဝင်ပေသည်။

မြန်မာ့ဆိုရှယ်လစ် လမ်းစဉ်ပါတီဌာနချုပ်မှ တိုင်းရင်းသားယဉ်ကျေးမှုရိုးရာဓလေ့ထုံးစံများ (ရခိုင်)စာအုပ်ကိုထုတ်ဝေရန် ရခိုင်အမျိုးသားများ ပါဝင်သော အဖွဲ့တစ်ဖွဲ့ကို ဖွဲ့စည်းပြီး ရခိုင်ပြည်နယ်အနှံ့ သွားရောက်စေလွှတ်ခဲ့သည်။ ယင်းအဖွဲ့သည် ရခိုင်ပြည်နယ်အနှံ့သို့ သွားရောက်လေ့လာပြီး ရခိုင်တိုင်းရင်းသားများ ရှေ့မီ၊ နောက်မီပုဂ္ဂိုလ်များနှင့် တွေ့ဆုံဆွေးနွေး၍ ရေးသားပြုစုခဲ့ပေသည်။

အဆိုပါစာအုပ်သည် ၁၉၇၆-ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေထွက်ရှိခဲ့သဖြင့် တိုင်းရင်းသားများ ရခိုင်ယဉ်ကျေးမှုနှင့် သဘောသဘာဝကို ပို၍နားလည်လာနိုင်ကြပေသည်။

ပြုပြင်ထိန်းသိမ်းစောင့်ရှောက်မှုအပိုင်းတွင်လည်း ယခင်ကထက်ပိုမိုဆောင်ရွက်လာသည်။ ရခိုင်ပြည်နယ်တွင် ရှေးဟောင်းပစ္စည်းအမွေအနှစ်များ ပေါကြွယ်ဝရာ အရပ်ကား မြောက်ဦးမြို့ပင်တည်း။ မြောက်ဦးမြို့တွင် ရခိုင်သမိုင်းဝင် အဆောက်အအုံများမှာ ပျက်စီးယိုယွင်းလျက် ရှိခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့လေသည်။ အမျိုးသားယဉ်ကျေးမှုကို ဖော်ထုတ်အားပေးမှု မရှိခဲ့သော နယ်ချဲ့အင်္ဂလိပ်တို့ခေတ်တွင် ပြုပြင်ထိန်းသိမ်းမှုမရှိခဲ့ပေ။

လွတ်လပ်ရေးရပြီးမှစ၍ ပြုပြင်ထိန်းသိမ်းလာရာ ရခိုင်ပြည်နယ်ပေါ်ပေါက်လာပြီးမှစ၍ တိုးတက်ပြုပြင်လာသည်ကို တွေ့ရသည်။ ရခိုင်သမိုင်း၏ ရုပ်ကြွင်းများကို နိုင်ငံတော်မှနှစ်စဉ် ရံပုံငွေခွဲဝေ၍ ပြုပြင်မွမ်းမံခြင်း ဖြစ်ပေသည်။

ထို့ပြင် ရခိုင်သမိုင်းတွင် လျှမ်းလျှမ်းတောက်ထွန်းကားခဲ့သော ဝေသာလီမြို့ဟောင်းကို မြေကြီးမှသမိုင်းသက်သေ ဆိုနိုင်ရန်အတွက် မြန်မာနိုင်ငံရှေးဟောင်း သုတေသနဦးစီးဌာနက ၁၉၇၉-၈၀ခုနှစ်တွင် စတင်တူးဖော်မှု ပြုလုပ်လာသည်။ ထိုနှစ်မှစ၍နှစ်စဉ်တူးဖော်မှု ပြုလုပ်ခဲ့ပြန်သည်။ ဤတူးဖော်မှုကြောင့် ရခိုင်ဝေသာလီမှ ရှေးဟောင်းအဆောက်အအုံများကို အတော်အသင့်တူးဖော် ရရှိနေသည်သာမက ရခိုင်ဝေသာလီကို ရခိုင်အမျိုးသားတိုင်းက ပို၍ သိရှိစိတ်ဝင်စားလာခြင်းသည် ရခိုင်ယဉ်ကျေးမှုကို ရခိုင်အမျိုးသားတို့ ကိုယ်တိုင်ထိန်းသိမ်းရန် တာဝန်၏ရှေ့ပြေးပထမဖြစ်သဖြင့် များစွာဝမ်းမြောက်ဖွယ်ရာ တစ်ရပ်ပင် ဖြစ်သည်။

ရခိုင်ပြည်နယ် ဆယ်နှစ်သက်တမ်းအတွင်း ရခိုင်ယဉ်ကျေးမှုကို နိုင်ငံရပ်ခြား သုတေသီများ လာရောက်လေ့လာခဲ့သည်များ ရှိခဲ့သည်။

ဩစတြေးလျနိုင်ငံမှ သုတေသီမစ္စက်ပမီလာဂေါ်တမီသည် ပါရဂူဘွဲ့စာတမ်းအတွက် မြောက်ဦးမြို့သို့ နှစ်ကြိမ်တိုင်တိုင် ရောက်ရှိခဲ့လေသည်။ မစ္စက်ဂေါ်တမီသည် ရခိုင်ဓေသာလီခေတ်သုံး သက္ကဋစာပေများ၊ သမိုင်းရှုပ်ကြွင်းများကို အခြေခံ၍ ရှေးဟောင်းရခိုင်လူနေမှုအကြောင်းကို သုတေသနပြုခဲ့ပြီး ဘွဲ့ယူခဲ့လေသည်။

ပြင်သစ်နိုင်ငံမှ ပါမောက္ခ မစ္စက်ဘာနော့ဆိုသူသည်လည်း ရခိုင်ပုံပြင်ဝတ္ထုနှင့် ယဉ်ကျေးမှုကို လေ့လာရန် ရခိုင်ပြည်နယ်သို့ နှစ်ကြိမ်တိုင်တိုင် ရောက်ရှိခဲ့သေးသည်။ မစ္စက်ဘာနော့သည် ရခိုင်သူအို သူမများထံမှ ရခိုင်ရိုးရာဝတ္ထုပုံပြင်များကို အသံသွင်းမှတ်တမ်းယူပြီး စကားတစ်လုံးချင်း၏ အနက်အဓိပ္ပာယ်၊ ဝတ္ထုပုံပြင်၏ ရသရည်ရွယ်ချက်တို့ကို အသေးစိတ်လေ့လာသွားသည်။ သူမသည် ရခိုင်ပြည်နယ်သို့ မရောက်မီယခင် အရှေ့ပါကစ္စတန်ရှိ ရခိုင်ယဉ်ကျေးမှုကို ဂဃနဏလေ့လာပြီး ပြင်သစ်ဘာသာဖြင့် စာအုပ်စာတမ်းထုတ်ဝေခဲ့ကြောင်း သိရှိရပေသည်။

ဤပုဂ္ဂိုလ်နှစ်ဦးအပြင် အခြားနိုင်ငံခြားသုတေသီများ လေ့လာသူများ လာရောက်ရာတွင် သက်ဆိုင်ရာရခိုင်ပြည်နယ် ပြည်သူ့ကောင်စီနှင့် မြို့နယ်ပြည်သူ့ကောင်စီတို့သည် ဧည့်ဝတ်ကျေပွန်စွာ ကူညီညွှန်ပြခဲ့ပေသည်။

ရခိုင်ပြည်နယ် ဆယ်နှစ်သက်တမ်းကာလအတွင်း လုပ်သားပြည်သူများအား ရခိုင်ယဉ်ကျေးမှု အသိဉာဏ်ကို ဖြန့်ချိအပေးနိုင်ဆုံး ဆောင်ရွက်မှု တစ်ရပ်မှာ ရခိုင်ယဉ်ကျေးမှု ပြခန်းများပြသခြင်း ဖြစ်သည်။ ရခိုင်ယဉ်ကျေးမှုပြခန်းကို ၁၉၇၅-ခု၊ ဒီဇင်ဘာလ (၁၅)ရက်နေ့ ပထမအကြိမ် ရခိုင်ပြည်နယ်နေ့ အခမ်းအနား (စစ်တွေ)၌ စတင်ဖွင့်လှစ်ပေးခဲ့သည်။ နောက် (၂)နှစ်ဆက်တိုက် အလားတူပြသနိုင်ခဲ့သည်။ တစ်ဖန် ၁၉၈၃-ခုတွင် ရခိုင်ယဉ်ကျေးမှုပြခန်းကို စစ်တွေမြို့၌ နှစ်ကြိမ်တိုင်တိုင် ပြသနိုင်ခဲ့ပြန်သည်။

ဤပြခန်းကို စစ်တွေမြို့တွင် ခမ်းနားစွာ ကျင်းပသလို နှစ်စဉ် ရန်ကုန်ကျိုက္ကဆံကွင်းတွင် ကျင်းပသော ပြည်ထောင်စုပွဲများတွင်လည်း ရခိုင်ယဉ်ကျေးမှုကို ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီက ကြီးကြပ်ပြသလျက် ရှိပေသည်။

ယဉ်ကျေးမှုပစ္စည်းများကို ပြသရာတွင် ရခိုင်ပြည်နယ်အနှံ့ ထိန်းသိမ်းထားရှိသော ရှေးအမွေအနှစ်များထဲမှ သင့်တော်ဖွယ်ရာများကို ရွေးချယ်ပြီး ပြသခြင်းဖြစ်ပေသည်။ ထိုသို့ပြသရာ၌ ယဉ်ကျေးမှုပစ္စည်းများကို အမြတ်တနိုး ထိန်းသိမ်းထားသူများ၊ သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီများ၏ ပံ့ပိုးမှုများကြောင့် မသိမမြင်နားမလည်သေးသော ရခိုင်ယဉ်ကျေးမှုကို အများပြည်သူများ နှစ်စဉ်လေ့လာနိုင်ပေပြီ ဖြစ်သည်။

ဆယ်နှစ်အတွင်း ရခိုင်ပြည်နယ်၌ ရခိုင်ယဉ်ကျေးမှုများ ထုတ်ဖော်ရန်မှာ များစွာကျန်ရှိနေပေသေးသည်။ ယခုအခါ ပြည်ထောင်စုဆိုရှယ်လစ် သမ္မတမြန်မာနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေသစ်အရ တိုင်းရင်းသာလူမျိုးများ၏ ယဉ်ကျေးမှုများကို လွတ်လပ်စွာ ထုတ်ဖော်ခွင့်ပြုထားပြီဖြစ်ရာ ရခိုင်လူမျိုးများအနေဖြင့်လည်း မိမိတို့၏ ရှေးခေတ်ယဉ်ကျေးမှုများ ဖော်ထုတ်ခြင်း၊ ထိန်းသိမ်းခြင်းများကိုလည်း တိုးတက်ဆောင်ရွက်သင့်ကြောင်း တိုက်တွန်းလိုက်ရပေသတည်း။

**ဦးဦးသာထွန်း**
**(မြောက်ဦး)**
**ရခိုင်ပြည်နယ်မဂ္ဂဇင်း၊ (၁၀)နှစ်မြောက် အထူးထုတ်**
**၁၉၈၄-ဇီဇင်ဘာ (၁၅)ရက်။**

# ကျောက်ဆည်တော်ကြီး

## ၁၉၈၄-၈၅ စစ်တွေကောလိပ်မဂ္ဂဇင်း

ဦးသာထွန်း

ရှေးခေတ်ရခိုင်တို့သည် ဆည်မြောင်းတာတမံများကို ဆည်ဖို့ခဲ့ကြသည်။ ယင်းသို့ တူးဖော်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံ၏စစ်မက်ရေးရာအရ ရန်သူကို တာကွယ်နိုင်ရန်အတွက် လည်းကောင်း၊ စီးပွားရေးရာအရ စိုက်ပျိုးရေး မွေးမြူရေးလုပ်ငန်းများတွင် အသုံးချနိုင်ရန်အတွက် လည်းကောင်း၊ သောက်သုံးရေများ ရရှိရန်အတွက် လည်းကောင်း၊ မီးဘေးကာကွယ်ရန်အတွက် လည်းကောင်း ၊ မြို့ပြပြည်ရွာများ စိမ်းလန်းစိုပြည်စေရန်အတွက် လည်းကောင်း ဖြစ်ပေသည်။

ဆည်မြောင်းတာတမံများ တူးဖော်ဆည်ဖို့ခြင်းသည် ရှေးခေတ်က မြို့ပြပြည်ရွာများ တည်ဆောက်ရာတွင် အဓိကပါဝင်သော လုပ်ငန်းတစ်ရပ် ဖြစ်သည်။ ယင်းတို့ကို တည်ဆောက်ရန်အတွက် နည်းပညာပိုင်းဆိုင်ရာ ဗိသုကာပညာရပ်များ ရှိခဲ့သည်။ ရခိုင်တို့ အသုံးပြုကြသော ဗိသုကာကျမ်းကြီးများမှာ (၁) သူယော်ဇေယျကျမ်း၊ (၂) အဠသာခါကျမ်း (၃)နမန္တာကျမ်း (၄) စူဠာမုဏိကျမ်း (၅) ကြံပဋိကျမ်း စသည်တို့ ဖြစ်ကြသည်။

ရခိုင်မင်းသမီးယိုင်ခြင်းအပိုဒ် (၁၀)နှင့် (၁၁)တို့တွင် "ဧယင်ယင်ဧ၊ ဧသံချိုမြတ်၊ ကျူးကာရွက်ပိမ့်၊ ပြသာဒ်ငါးရာနှင့် ရောက်လာသော် မြတ်စွာဘုရားကိုယ်စား တောင်းပန်ထားခဲ့မှန်သည်၊ နိဗ္ဗာန်ကူးတို့၊ ညေမြို့ကို၊ နတ်တို့မစ၊ စက်ဝန်းချလျက်၊ ဒီပပတ်ကုံး၊ မင်းအားလုံးတို့ လက်ရုံးမထောင်၊ မာန်ယောင်မထ၊ တာဝန်ချ၍၊ လုပ်ကာကုန်သီး၊ သျှင်မင်းသီးသည်။

"မင်းတို့မျိုးတွင်၊ တန်ခိုးကြွစာ၊ စန္ဒရာကို၊ မြို့ရွာသွန်ပြ၊ နတ်စက်ချ၍၊ နာဂကြီးမျှင်၊ ငင်စိုဦ်တွင်ဝယ်၊ ကောင်းကင်ပျံမြောက်၊ ဂဠုန်ရောက်၍၊ ရွံကြောက်လာထွီး၊ စက်မပြီးခင်၊ နှလုံးဖင်သည်၊ စိတ်တွင်ရန်သူ၊ ဆူးတည့်လေ။ ဆူးတည့်မောက်တော်၊ ဟုတ်တည်ဩ၊ ထိပ်ပေါ်ထက်မှ၊ ဂဠုန်ကျ၍၊ ကြောက်လှလီလွန်း၊ စက်ရိုးယွန်းလျက်၊ အဝန်းမပြီ၊ တွေ့ကောက်လီသည်၊ ကြောက်ချေတည့်ရန်ဖိး၊ ဂဠုန်ရိုး၊ ဧယင်ယင်ဧ ဟူ၍ တွေ့ရသည်။

တတိယဓညဝတီကို စန္ဒသူရိယမင်းကြီး တည်ထောင်ခဲ့ကြောင်း စန္ဒသူရိယမင်းကြီး တတိယဓညဝတီမြို့တော်ကို တည်ထောင်စဉ် ဆည်တော်ကြီး ကျိုးပေါက်ခဲ့ကြောင်းကို အလင်္ကာမြောက်စွာ တင်စားဖွဲ့နွဲ့သီကုံးထားခြင်း ဖြစ်သည်။ စန္ဒသူရိယမင်းကြီး တူးဖော်ဆည်ဖို့စဉ် ကျိုးပေါက်ခဲ့သော ဆည်တော်ကြီးမှာ ရန္ဒနဒီဆည်ခေါ် ကျောက်ဆည်တော်ကြီး ဖြစ်သည်။

တတိယဓညဝတီပျက်သုဉ်းပြီးနောက် ဝေသာလီမြို့တော်ကို တည်ဆောက်ခဲ့သော မဟာသူရိယတဋ္ဋန္ဒြား (ဒွေ့ဋ္ဋန္ဒြား) မင်းကြီးသည် စန္ဒသူရိယမင်းကြီး တည်ဆောက်စဉ် ကျိုးပေါက်ခဲ့သော ရန္ဒနဒီဆည်တော်ကြီးကို ကြီးမားသော ကျောက်တုံးကျောက်ခဲကြီးများဖြင့် တည်ဆောက်ကာ ဖို့မြေများကို ဆင်ကြီးများဖြင့် နင်းစေခဲ့သည်။ ကျောက်တုံးကျောက်ခဲကြီးများဖြင့် တည်ဆောက်ထားသော ဆည်တော်ကြီးဖြစ်၍ ကျောက်ဆည်ဟု ခေါ်ဝေါ်ခဲ့ကြသည်။

မဟာသူရိယတဋ္ဋန္ဒြားမင်းကြီးသည် ရန္ဒနဒီဆည်တော်ကြီးအပြင် အခြားသော ဆည်တော်ကြီးပေါင်းများစွာတို့ကို တည်ဆောက်ခဲ့သေးသည်။ ယင်းမင်းသည် အမြော်အမြင်ကြီးစွာဖြင့် ကျုံးအဖြစ်သော်လည်းကောင်း၊ ဆည်အဖြစ်သော် လည်းကောင်း၊ အသုံးပြုနိုင်ရန် ဇော်ဂျီမြောင်ကျုံး၊ ညောင်ချိုင်မြောင်ကျုံး၊ ပန်းချောင်းမြောင်ကျုံး၊ ကျပ်စင်ကျုံး၊ မကျားဆည်ကျုံး၊ သရက်ဆည်ကျုံး၊ အဘောင်တော်ကျုံး၊ သရက်တပင်ကျုံး၊ အင်းကျုံး၊ တောင်ရင်းကျုံး၊ လက်ကာကျုံး၊ ဆလင်းပန်းကျုံး စသည် မြို့တွင်း မြို့ပြင် ကျုံးကြီးကျုံးငယ်များကို တောင်ထပ်၊ တောင်ကြားတို့ကို ပိတ်ဆည်ပြီး တည်ဆောက်ခဲ့သည်။

မြောက်ဦးအလယ်ပိုင်းခေတ် မင်းဗာကြီးလက်ထက်တွင် မဟာသူရိယတဋ္ဋန္ဒြားမင်းကြီး တည်ဆောက်ခဲ့သော ဆည်တော်ကြီးများ၊ ကျုံးကြီးများကို မွမ်းမံပြင်ဆင်ခဲ့သည်။ စာဆိုတော်ကြီး ဥက္ကာပျံစီကုံးရေးဖွဲ့ခဲ့သော ကျေးစေရတုတစ်ပိုဒ်၌-

"တထူးထွေလာ၊ မြေရင့်ကာတည်း၊ ခေါ်ရှာမေးမြန်း၊ စန်းမှန်းမထင်၊ မြို့ပြင်ထွက်ပြီး၊ ဆည်ကြီးမြောက်ပါး၊ ကျောက်လိုကားသို့ ပျံ့သွားလျှင်ဟုန်၊ မတန့်ဘုန်သည်၊ ကျွန်ယုံပန်းဗောရီချေ၏"

ဟူ၍ တွေ့ရသည်။ အဘောင်တော် ဆည်တော်ကြီး၏ မြောက်ဘက်အနီးတွင် ကျောက်လှေကားမြို့ရှိကြောင်း သိရသည်။ ရန္ဒနဒီဆည်တော်ကြီးသည် မြောက်ဦးမြို့ အနောက်ဘက် ကျောက်တော်မြို့တော်နှင့် ပလက်ဝမြို့နယ်တို့အကြားတွင် တည်ရှိသည်။ ရန္ဒနဒီခေါ် ရန်းချောင်း၏ မြစ်လက်တက်ကို ဆည်တည်ထားခြင်း ဖြစ်သည်။ မကျားဆည်၊ သရက်ဆည်တို့နှင့် တဆက်တည်း ဖြစ်သည်။

ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီက ဤဆည်ကြီးကို ပြန်လည်ဆည်ဖို့ရန် စိတ်ဝင်စားကြသည်။ အကြိမ်ကြိမ်သွားရောက် လေ့လာတိုင်းတာခဲ့ကြသည်။ ၁၉၈၅-ခု၊ ဇွန်လအတွင်းက ဆည်မြောင်းဦးစီးဌာနမှူးညွှန်ကြားရေးမှူးချုပ်နှင့် ပြည်နယ်ပြည်သူ့ကောင်စီမှ တာဝန်ရှိပုဂ္ဂိုလ်များ အသေးစိတ်လာရောက် တိုင်းတာခဲ့ကြသည်။ ခေတ်မီနိုင်ငံများတွင် သိပ္ပံနည်းကျ လက်ရှိတည်ဆောက်နေကြသော ဆည်ကြီးများ တည်ဆောက်ပုံနှင့် တူညီနေ၍ ညွှန်ကြားရေးမှူးချုပ်အနေဖြင့် အထူးအံ့ဩမိသည်။ ဤဆည်ကြီးကို ပြန်လည်တည်ဆောက်နိုင်ရန်အတွက် အစွမ်းကုန်ကြိုးစားလျက်ရှိကြောင်း သိရပေသည်။

ဓညဝတီခေတ်မှအစပြုပြီး ဝေသာလီခေတ်တွင် တည်ဆောက်ခဲ့သော ရှေးဟောင်းဆည်တော်ကြီးတစ်ခုသည် ယခုခေတ် စက်မှုနိုင်ငံကြီးများတွင် သိပ္ပံနည်းကျတည်ဆောက်နေကြသော ခေတ်မီဆည်ကြီးများနှင့် တူညီနေခြင်းမှာ ရှေးခေတ်ရခိုင်တို့၏ ဗိသုကာပညာရပ်ကို မီးမောင်းထိုးပြနေသယောင်ပင်တည်း။

ဦးသာထွန်း
၁၉၈၄-၈၅ စစ်တွေကောလိပ်မဂ္ဂဇင်း

# ရခိုင်နွားလားဥသဘ

ရခိုင်ပြည်နေရာအနှံ့အပြား၌ နွားလားဥသဘရုပ်များကို သမိုင်းရုပ်ကြွင်းများအဖြစ် တွေ့ရသည်။ ဓညဝတီခေတ်မှသည် မြောက်ဦးခေတ်အထိ နွားလားဥသဘရုပ်များကို ဘာသာရေးဆိုင်ရာ ဘုရားပုထိုးစေတီများတွင် လည်းကောင်း၊ ဗုဒ္ဓဝင်အုတ်ခွက်ကျောက်ခွက်များတွင် လည်းကောင်း၊ ငွေဒင်္ဂါးများတွင် လည်းကောင်း၊ ပုရပိုက်မော်ကွန်းများတွင် လည်းကောင်း၊ ၁၂-လရာသီ စက်လက္ခဏာများတွင် လည်းကောင်း၊ ထွင်းထုသွန်းလုပ်ခဲ့ကြသည်များကို တွေ့ရသည်။

အချို့သော သုတေသီများက နွားလာဥသဘသည် သိဝဘုရားသခင်နှင့် ကြိချ်တော်ဘုရားသခင်တို့၏ တမန်တော်နန္ဒိနွားလား ဖြစ်သည်။ အိန္ဒိယပြည် ဟိန္ဒူဘာသာအယူအဆအရ တမန်တော်နန္ဒိနွားလားကို ကိုးကွယ်ကြသည်။ ရခိုင်မှ နွားလားဥသဘရုပ်များသည် အိန္ဒိယပြည် ဟိန္ဒူဘာသာမှ ပျံ့နှံ့စိမ့်ဝင်လာခြင်း ဖြစ်မည်။ ရှေးခေတ်ရခိုင်တို့သည်လည်း နွားလားဥသဘရုပ်များကို ကိုးကွယ်ကြသည်။ ဟိန္ဒူဘာသာဝင်များသာ ဖြစ်မည်ဟု ကောက်ချက်ချတတ်ကြသည်။

ဤသို့ယူဆခြင်းမှာ တစိတ်တဒေသအားဖြင့် မှန်ကန်ပေလိမ့်မည်။ အဘယ်ကြောင့်ဆိုသော် ရှေးခေတ်ရခိုင်ပြည်၌ ရာဇဌာနီမင်းနေပြည်များ ထွန်းကားခဲ့သဖြင့် လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံတို့ မှီတင်းနေထိုင်ခဲ့ကြပေမည်။ ယင်းအထဲတွင် ဟိန္ဒူဘာသာဝင် နန္ဒိနွားလားကို ကိုးကွယ်ခဲ့ကြသူများလည်း ရှိကောင်းရှိပေလိမ့်မည်။

သို့သော် ရခိုင်တို့သည် ဓညဝတီခေတ်စန္ဒာသူရိယမင်းလက်ထက် ဗုဒ္ဓဘုရားသခင် ရခိုင်ပြည်သို့ ဒေသစာရီ ကြွချီလာစဉ်မှအစပြု၍ ဗုဒ္ဓဘာသာကိုသာ သက်ဝင်ယုံကြည် ကိုးကွယ်ခဲ့ကြပေသည်။ ဗုဒ္ဓဘာသာ၏ တရားထူးတရားစစ်ဖြစ်သော ယေ ဓမ္မာဂါထာ တော်များ ရေးထိုးထားသည့် ကျောက်စာများမှာ ရခိုင်တို့သည်စစ်မှန်သော ဗုဒ္ဓဘာသာ ဝင်များသာဖြစ်ကြောင်း သက်သေထူနေပေသည်။

ဟိန္ဒူဘာသာအယူအဆတွင် နွားလားဥသဘသည် ဘုရားသခင်၏တမန်တော် အဖြစ် ဘုရားအမှတ်အဖြစ် ကိုးကွယ်သော ရုပ်တုဆင်းတုတစ်ခု ဖြစ်ပေသည်။ ကိုးကွယ် သော ရုပ်တုဆင်းတုတစ်ခုဖြစ်၍ ဘာသာရေးဆိုင်ရာမြင့်မြတ်သော နေရာများတွင်သာ တင့်တင့်တည်တည်ရှိနေကြပေမည်။ သို့သော် ရခိုင်ပြည်၌တွေ့ရသော နွားလားဥသဘ ရုပ်များမှာ ဘာသာရေးဆိုင်ရာ အခန်းကဏ္ဍများတွင်သာမက၊ အခြားအခြားသော အခန်းကဏ္ဍများတွင်လည်း ပါဝင်နေသည်များကို တွေ့ရပေသည်။ သို့နှင့်နွားလားဥသ ဘရုပ်သည် ဘာသာရေးတစ်ခုတည်းအတွက်သာ ရည်မှန်းထုလုပ်ကိုးကွယ်ခဲ့ကြခြင်းမျိုး လော၊ ဘာသာရေးဟုဆိုရာ၌လည်း ဟိန္ဒူဘာသာအယူဝါဒတစ်ခုတည်းအတွက်သာ ရည် သန်ခဲ့သလော၊ ဘာသာရေးနှင့်မသက်ဆိုင်သည့် အခန်းကဏ္ဍများမှ နွားလားဥသဘ ရုပ်များကား မည်သည်တို့ကို ရည်ညွှန်းခဲ့ပါလေသနည်း၊ သုတေသနပြုလုပ်ရန် လိုအပ်ပေ မည်။

သမိုင်းကြောင်းကို ပြန်ပြောင်းကြည့်ပါလျှင် ရခိုင်ဘုရင်တို့သည် ဓညဝတီခေတ် သူရိယမင်းဆက်မှအစပြု၍ နန်းသိမ်းပွဲ၊ နန်းတက်ပွဲ၊ ရာဇဘိသေကဘိသိတ်မင်္ဂလာ အထိမ်းအမှတ်များ၌ နွားလားဥသဘရုပ်များကို မင်္ဂလာပစ္စည်းတစ်ခုအဖြစ် ထည့်သွင်း ခဲ့ကြသည်။

ဤသို့ထည့်သွင်းရခြင်းမှာ ရခိုင်ဘုရင်များအနေဖြင့် ဓညဝတီခေတ်မှ သည်မြောက် ဦးခေတ်အထိ မင်္ဂလာရက်မြတ်အဖြစ် ဘိသိက်မင်္ဂလာနေ့ကို ကဆုန်လဆန်းတစ်ရက် နေ့ကိုသာ အစဉ်အဆက်သတ်မှတ်ရွေးချယ်ခဲ့ခြင်းကြောင့် ဖြစ်သည်။ ကဆုန်လဆန်း တစ်ရက်နေ့ကို ရခိုင်တို့သည် မြေမနာ နေလနက္ခတ်မပုတ်သော နှစ်ဦးပေါ်နေ့ဟု အယူ ရှိကြသည်။ မြေမနာ နက္ခတ်မပုတ်ဟု ဆိုခြင်းမှာလည်း နှစ်ဆန်းလဆန်းဖြစ်သောကြောင့် မြေငလျှင်မလှုပ်သေး၊ နေလနက္ခတ်မကြွတ်သေးခြင်းကို ဆိုလိုပေသည်။ ဤနေ့ဤလ၏ ရာသီမှာ ပြိဿရာသီ ဖြစ်သည်။ ဤရာသီ၌ ရာသီရုပ်နွားလားဥသဘရုပ် ရှိသည်။

ကောင်းမြတ်သော ပြိဿရာသီ၏ ရာသီရုပ်နွားလားဥသဘကို ဘိသိက်မင်္ဂလာ၌ မင်္ဂလာပစ္စည်းတစ်ခုအဖြစ် ထည့်သွင်းခြင်းမှာ သဘာဝကျလှပေသည်။

ဝေသာလီမှပေါ်ထွက်လာသော ဘိသေကကျောက်ပြား(ဝါ) ၁၂-လရာသီစက်တွင်လည်း ပြိဿရာသီ၌ နွားလားဥသဘသဘာရုပ် ပါရှိပေသည်။ မြောက်ဦးခေတ် မဟာပညာကျော်ရေး ၁၂-လရာသီဘွဲ့ကေပိုဒ်ရတု ကဆုန်လတွင်လည်း "ရာသီပြိဿ၊ ကဆုန်လဝယ်၊ မာယနုငြိမ်ပျော်ရှိန်သဲသဲ၊ ညောင်ရေပွဲဟု၊ ပွင့်မြစံကား၊ နှစ်ဖဝါးတိ၊ နွားလားဥသဘ၊ တံငါ့တာရာ" စသည်ဖြင့် နွားလားဥသဘရုပ်ကို ပြိဿရာသီ၏ ရာသီရုပ်အဖြစ် အသုံးပြုခဲ့ကြောင်း တွေ့ရသည်။

ဓညဝတီပြည် စန္ဒာသူရိယမင်းလက်ထက်တွင် ဗုဒ္ဓဘုရားရှင်သည် ဓညဝတီပြည်သို့ ကြွချီလာပြီး မဟာမုနိရုပ်ပွားတော်ကို သွန်းလုပ်ခဲ့သည်။ ရုပ်ပွားတော်ကြီး၏ ထိုင်ရာပလ္လင်အောက်ခြေတွင် ဗုဒ္ဓမြတ်စွာ၏ လေးခန်းဗုဒ္ဓဝင်ဖြစ်သော ဆင်၊ မြင်း၊ နွားလား၊ ခြင်္သေ့ရုပ်များကို ထွင်းထုခဲ့သည်ဟု သိရပေသည်။

လေးခန်းဗုဒ္ဓဝင်၌ နွားလားဥသဘရုပ်ကို ထည့်သွင်းရခြင်းမှာ ဗုဒ္ဓဘုရားရှင်သည် ပြိဿရာသီ ကဆုန်လပြည့်နေ့တွင် အလောင်းတော် သုမေဓာရှင်ရသေ့ဘဝ၌ ဒီပင်္ကရာဘုရားရှင်၏ ခြေတော်ရင်းဝယ် နိဗ္ဗယံဗျာဒိတ်ပန်းကို ရောက်ရှိတော်မူခြင်း၊ ဖွားမြင်တော်မူခြင်း၊ ဘုရားအဖြစ်သို့ ရောက်ရှိတော်မူခြင်း၊ (ပရိနိဗ္ဗာန်စံပွယ်တော်မူခြင်း)စသည့် အထိမ်းအမှတ်အဖြစ် ပြိဿရာသီ၏ သင်္ကေတဖြစ်သော နွားလားဥသဘရုပ်ကို ထည့်သွင်းထားခြင်း ဖြစ်ပေသည်။

စန္ဒာသူရိယမင်းမှအစပြု၍ ရခိုင်ဘုရင်အဆက်ဆက်တို့သည် ဘုရားပုထိုးစေတီတော်များ၏အောက်ခံတွင် လည်းကောင်း၊ အုတ်ခွက်၊ ကျောက်ခွက်များတွင် လည်းကောင်း နွားလားဥသဘရုပ် ပါရှိသော လေးခန်းဗုဒ္ဓဝင်၊ ရှစ်ခန်းဗုဒ္ဓဝင်၊ ၁၂ခန်း ။ ဗုဒ္ဓဝင်ရုပ်များကို ထွင်းထုခဲ့ကြပေသည်။

မြောက်ဦးမြို့၏ မြောက်ဘက်တစ်မိုင်ကျော်ခန့်အကွာ သာရပဗ္ဗတတောင်ပေါ်တွင် ဝေသာလီခေတ် စန္ဒြားမင်းဆက်မှ တည်ထားကိုးကွယ်ခဲ့သော သာရပဗ္ဗတစေတီတော်၏ အောက်ခံလေးခန်းဗုဒ္ဓဝင်တွင် နွားလားဥသဘရုပ်မှာ အလွန်လက်ရာမြောက်လှပေသည်။

ပါဋလိပုတ်ပြည် သီရိဓမ္မာသောကမင်းကြီးသည်လည်း အသောကကျောက်တိုင်ထိပ်တွင် ဆင်၊ မြင်း၊ နွားလား ခြင်္သေ့စသည့် လေးခန်းဗုဒ္ဓဝင်ရုပ်များကို ထုလုပ်ခဲ့သည်။

တချို့သောသုတေသီများက ဗုဒ္ဓဘာသာဝင်တို့သည် ဗုဒ္ဓဘုရားရှင်၏ ဆင်းတုတော်ကို အစိမ္မေယျဖြစ်၍ ထုလုပ်ကိုးကွယ်ခြင်းငှာ ကြောက်ရွံ့ကြသဖြင့် လေးခန်းဗုဒ္ဓဝင်ဖြစ်သော ဆင်၊မြင်း၊နွားလား၊ ခြင်္သေ့ရုပ်များကိုသာ ထုလုပ်ကိုးကွယ်ခဲ့ကြသည်ဟု အဆိုရှိပေသည်။

ရခိုင်ပြည်၌တွေ့ရသော ဗုဒ္ဓမြတ်စွာ၏ ခြေတော်စက်တွင်လည်း ဥပေါသကဆင်မွန်၊ ဆဒ္ဒန်တခြား၊ နဂါးစံပါယ်၊ မသွယ်တူစွ၊ ဥသဘမကျုန်၊ ဧရာဝဏ်မကာရုံ၊ ထူးဆန်းအံ့ဖွယ်၊ ရွှေလိုရောင်ဝါ၊ မျက်နှာလေးပါး၊ နွားသားမိစစ်၊ အဖြစ်များစွာ စသည်ဖြင့် နွားရုပ်များကို တွေ့ရပေသည်။

မြောက်ဦးခေတ်ဦး မင်းဗာကြီးလက်ထက် တည်ထားကိုးကွယ်ခဲ့သော ရန်အောင်ဇေယျခေါ် သျှစ်သောင်းပုထိုးတော်ကြီး၏ လှိုဏ်ဂူတော်နံရံ၌လည်း "အစကြိုးကြာ၊ ဆယ့်ခြောက်ခါနှင့်၊ ဟသာ်ကိုးဖြစ်၊ ခြောက်ဖြစ်ကခို၊ ကျိုးညိုသုံးခါ၊ သံသာကျူးထိပ်၊ ကရဝိတ်ငါး၊ လေးပါးကိန္နရီ၊ စာမရီဆယ့်ငါး၊ မျောက်ကားတဆယ်၊ ဆင်ဝယ်ဆယ့်တစ်၊ နွားဖြစ်ဆယ့်လေး၊ ဇကေးသိန္ဓဝ စသည်ဖြင့် နွားရုပ်ပေါင်း တစ်ဆယ့်လေးရုပ်ကို မြတ်စွာဘုရားကျင်လည်ခဲ့သော နွားလားဥသဘအဖြစ် တွေ့ရပေသည်။

ဝေသာလီခေတ် စန္ဒြားမင်းများ ကျပ်သုံး၊ မူးသုံး၊ မတ်သုံးဒင်္ဂါးများတွင်လည်းကောင်း၊ ဝေသာလီမှ ပေါ်ထွက်လာသော ကြေးပုရပိုက်၊ မော်ကွန်းတစ်ဆူ၏ ထိပ်ပိုင်းတွင် လည်းကောင်း၊ ဝပ်နေသော နွားလားဥသဘရုပ်များကို တွေ့ရပေသည်။ ဤနွားလားဥသဘရုပ်မှာ အထက်တွင်တင်ပြခဲ့သည့် ဘာသာရေးဆိုင်ရာ အထိမ်းအမှတ်နှင့်သော် လည်းကောင်း၊ ရာသီရုပ်ဆိုင်ရာ သင်္ကေတနှင့်သော် လည်းကောင်း၊ ဗုဒ္ဓမြတ်စွာ၏ ခြေတော်ရာ ဖြစ်တော်စဉ်များနှင့်သော် လည်းကောင်း၊ သက်ဆိုင်မည် မဟုတ်ပေ၊ ရခိုင်ဘုရင်အစဉ်အဆက်တို့၏ ဘိသိက်မင်္ဂလာအထိမ်းအမှတ်ပါ နွားလားဥသဘရုပ်ကို ရည်သန်၍သော်လည်းကောင်း၊ ဓညဝတီဟူသော အမည်နှင့်အညီ ဆန်ရေစပါး စိုက်ပျိုးခြင်း၌ အဓိကကျသောနွားကို ရည်ညွှန်း၍သော်လည်းကောင်း၊ နိုင်ငံတော်၏တံဆိပ်အဖြစ် အသုံးပြု ခတ်နှိပ်ခဲ့ခြင်းမျိုးလောဟု ယူဆရပေသည်။

ယခုခေတ်ဒင်္ဂါးနှင့်တံဆိပ်များတွင် ခြင်္သေ့ရုပ်များကို လည်းကောင်း၊ ပြည်သူ့ရဲများ၏ တံဆိပ်တွင် ကြံ့နှင့်မိချောင်းစသည့် အရုပ်များကို လည်းကောင်း၊ သုံးစွဲသကဲ့သို့ နွားလားဥသဘရုပ်ကို နိုင်ငံတော်၏တံဆိပ်ရုပ်အဖြစ် သုံးစွဲခဲ့ခြင်းမျိုးလည်း ဖြစ်နိုင်ပေသည်။

ဝေသာလီမှတွေ့ရှိသော ပန္နင်းသံဒါ ကျောက်များတွင်လည်း နွားလားဥသဘရုပ်များ ပါရှိသည်ကို တွေ့ရသည်။ လက်ဝတ်ရတနာ ကိုယ်ဝတ်ရတနာများ၌ မည်သည့်အတွက် နွားလားဥသဘရုပ်ကို အမြတ်တနိုး ထွင်းထုခဲ့ကြသည်ကိုမူ တပ်အပ်သေချာ မသိရှိနိုင်သေးပေ။

မြောက်ဦးမြို့နယ် တောင်ဦးကျေးရွာမှ ရသည့် ကျောက်တိုင်ကြီးများဖြင့် တည်ဆောက်ထားသော နွားတင်းကုတ်တွင် ဝပ်နေသော နွားလားဥသဘနှင့် အလွန်တူသော နွားလားမျိုး မင်းပြားမြို့နယ် ကျောက်ငနွားရွာတွင်လည်း တစ်ရုပ်ရှိသေးသည်ဟု သိရသည်။

လွန်ခဲ့သောနှစ်က ရှေးဟောင်းသုတေသနဦးစီးဌာနမှ ဝေသာလီမြို့ဟောင်းကို ကွင်းဆင်းသုတေသနပြု တူးဖော်မှုလုပ်ငန်းများ ပြုလုပ်စဉ်က ကုန်းအမှတ်(၃)မှ ဝပ်နေသည့် ပုံစံ နွားလားဥသဘရုပ် နောက်ပိုင်းတစ်ခုကို တူးဖော်တွေ့ရှိခဲ့သည်။ သုတေသနတစ်ဦး၏ လက်ထဲတွင်လည်း ရပ်နေသော ကျောက်နွားရုပ်ငယ်တစ်ခုကို တွေ့ရသည်။ မြောက်ဦးမြို့နယ် လက္ကားကျေးရွာမှလည်း ရပ်နေသည့် ပုံစံကြေးနွားရုပ်ငယ်တစ်ခုကို တွေ့ရသည်။ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီက ပန်းတိမ်ဆရာကြီးတစ်ဦး၏ လက်ထဲ၌လည်း ရပ်နေသော ပုံစံနွားရုပ်နှင့် ဝပ်နေသောပုံစံနွားရုပ်သားမိကို တွေ့မြင်ဖူးသည်။

ဤနွားရုပ်များကား မည်သည့်ဘာသာ အယူဝါဒ၊ မည်သည့် အထိမ်းအမှတ်၊ မည်သည့်သင်္ကေတ၊ မည်သည့်အယူအဆ၊ မည်သည့်တံဆိပ်များအဖြစ် ထုလုပ်ခဲ့ကြသည်ကို ဆက်လက်သုတေသနပြုလုပ်ရန် ဖိတ်ခေါ်လျက်ရှိနေကြသရောင်----။

**ဦးသာထွန်း**

**ပြည်နယ်စာစောင် ၈၂၊ ၁၉၈၂ ခုနှစ်**

# ဆရာမြဝါ အတ္ထုပ္ပတ္တိအကျဉ်း

သူရိယပဏ္ဍိတ်

ဆရာကြီး ဦးမြဝါဆိုလျှင် ရက္ခိုင်အမျိုးသားတိုင်း သိသည်။ ရက္ခိုင်အမျိုးသား အပေါင်းတွင်လည်း အထူးသဖြင့် သင်ယသမဂ္ဂစည်းဝေးရာနှင့် ရတညဌာနချုပ်၏ ညီလာခံစည်းဝေးရာ မဟာဘုမ္မိက၊ ဘုမ္မိပါလ၊ ဘုမ္မိဇေယ မဟာဌာနကြီးဖြစ်သော စစ်တွေမြို့တော်အတွင်း နေထိုင်ကြကုန်သည့် ရဟန်းရှင်လူ ပြည်သူပရိသတ်မှူးကြီးမတ်ကြီးစုံရာ၊ အဖြာဖြာသော ဘာသာအယူတို့၏ ဆုံစည်းရာနှင့် ကျောင်းတော်သူ ကျောင်းတော်သား ဗုံးယိမ်းသမားတို့၏ နှုတ်ပါးစပ်တွင် အထပ်ထပ်အလီလီ ချီးကျူးတမ်းတ အာလုပ်ဟလျက် မပျက်သောလုံ့လဝါယမဖြင့် ဆင့်ကာဆင့်ကာ ကောင်းချီးဖြာလျက် ဆရာကြီး ဦးမြဝါကို လေးစားပါ၏ဟူ၍ ဟစ်အော်ကြကုန်၏။ ဝဇီကံမြောက် ပြောဆိုခဲ့ကြပါသည်။

ကာယကံမြောက်ပါ၏လော အို---ရက္ခိုင်အမျိုးသားအပေါင်းတို့ အမျိုးသားစာပီကို ဖော်ထုတ်ရာ၌ ဆုံးရှုံးနစ်နာခဲ့သည်ကား သုံးကြိမ်ရှိပြီ။ ဤသို့ပင်ဖြစ်လင့်ကစား မနေမနားသော လုံ့လဖြင့် အမျိုးသားစာပီကို မက်မောလိုက်စားသူ တစ်ဦးပီသစွာ ထပ်မံ၍ရေးသားရပေသည်။

မရှက်သောမျက်နှာ၊ မနာသောစိတ်နှလုံး၊ မဆုံးသော အမှုတို့ကို ပြုပြန်ချေသေး၏လောဟု ကြောကိုညွတ်၍ ထောင်းလိုလျှင်လည်း ထောင်းပါစေ။ အထပ်ထပ်အလီလီ တစီစီတစာစာနောက်တစ်ခါ ပေါ်လာပြန်အုံးသလားဟူ၍ ပြားပြားဝပ်အောင် နှိမ်နင်းလိုလျှင်လည်း နှိမ်နင်းပါစေ။ သို့တည်းမဟုတ် ဤအကောင်ရှိလျှင် ဖော်ထုတ်မည့်စာပီမှာ မကြာမကြာစီပေါ်လာမည့်အရေးကြောင့် နောင်တစ်ခါ တွေးချက်မယူရအောင် အပြတ်အသတ် ကွပ်မျက်လိုလျှင်လည်း ကွပ်မျက်ပါစေ။

အကျွန်ုပ်၏အမျိုးသား ဇာတ်တူအချင်းချင်းဖြစ်သော ရက္ခိုင်သားတို့၏ အမျိုးသား စာပေ ချုပ်ချယ်ဖိနှိပ်ခြင်းကို ခံရပြီးသော်လည်း ရဲရင့်တည်ကြည်သော စိတ်ထားဖြင့် လက်တည့်စမ်းကာ အကြမ်းနှင့်အနုအစုစု စုံလင်စွာ မဖော်သေးပြီးဘဲ စမ်းသပ်သည့် သဘောထားအနေနှင့် သခေ်ပအကျဉ်းချုပ်ကို ဖော်ထုတ်ရပေတော့သတည်း။

အကျယ်ကို လိုသော် မျှော်ခေါ်တောင်းက အာလုတ်တော် နွတ်ပါးစပ်က၊ ဖွင့်ဟ၍ ဆိုကြတော်မူကြပါရန် အတန်တန်အထပ်ထပ်မြွတ်လှသော ဥဿဟဖြင့် မုချရေးသား ဖော်ပြမည် ဖြစ်ပါကြောင်း။

အကျွန်ုပ်သည် ဆရာကြီး၏ အထုပ္ပတ္တိစုံလင်စွာကို ရေးသားဖော်ထုတ်စာအုပ်တစ်အုပ်ဖြစ်မြောက်အောင် ပြုလုပ်မည်ဟု စီစဉ်ပိုင်းဖြတ်၍ ပြီးပြီဖြစ်သော်လည်း လက်စမ်းအနေဖြင့် ပြည်သူ၏သဘောထားကို စမ်းသပ်ကြည့်ရာ သုံးခါတိတိနစ်နာချက် တွေ့မိသည်အဖြစ်ကြောင့် မဖော်ထုတ်နိုင်ဘဲ နောက်ဆုတ်ခဲ့ရသည်ဖြစ်ပါကြောင်း။ ယခုတစ်လီအချိန်တန်ပြီဟူ၍ စမ်းသပ်သည့်အနေဖြင့် အကျဉ်းအနည်းငယ်ဖော်ပြပေအံ့။

ဤသို့ ဖော်ပြရခြင်းတွင်လည်း ဝတ္ထုအနေ ဆောင်းပါးအနေဖြင့်မဟုတ်ဘဲ တိုတောင်း တိုတောင်းပေါင်းစုကာ ပုဒ်ပြတ်ဝါကျများဖြင့်သာ စမ်းသပ်ရပါတော့သည်။

(အချိန်သည်ကား ဗုဒ္ဓသာသနာ့အရောင်တို့သည်နေအထောင်လအထောင် ထွန်းပြောင်ဘိသကဲ့သို့ ထိန်လင်းတောက်ပနေသော မြောက်ဦးဌာနကြီး၏ ဇဟိုရ်ချက်ချာ ရက္ခာမဏ္ဍိုင်၊ ပြိုင်စံမရှိ မိပတိမဏ္ဍလာ၊ မဟာသီရိ သုဓမ္မယစန္ဒ မဟာရာဇာမင်းဗားကြီး လက်ထက်ဖြစ်၏။

(သက္ကရာဇ် ၈၅၄-ခု၊ ဝါဆိုလပြည့် ဥတ္တရာသံနက္ခတ်နှင့်ယှဉ်၍ ကြာသပတေးနေ့ အာရုံတက် ရက္ခိုင်ဇဟိုရ်နာရီ ၄-နာရီ ၂-ပတ် ၃-ဗိဇနာ ၂-ပြန် ၂-ခရာတွင် ကျေးလူရှင် ဆရာဦးမြဝါကို ဖွားမြင်တော်မူသည်။ ယင်းသက္ကရာဇ် ယင်းလဆုတ် ၂-ရက်၊ စနေနေ့ နေအာရုဏ်တက်အချိန်တွင် ဘုရင်မင်းဗားကြီးကို ဖွားမြင်တော်မူသည်။)

သက္ကရာဇ် ၈၅၀၊ ကဆုန်လပြည့်နေ့ မဟာအနန္တသီဟဘွဲ့ခံ အမတ်ကြီးမဟာပညာကျော်ကို ဖွားမြင်တော်မူသည်။ ထိုကြောင့် ဆရာကြီး ဦးမြဝါ-ဘုရင်မင်းဗားကြီး အမတ်ကြီးမဟာပညာကျော်တို့သည် ဖွားဘက်ရွယ်တော် သူငယ်ချင်းဖြစ်ကြကုန်၏ဟု ရာဇဝင်ကြီး၌ လာသည်။

ဤစကား၌ မင်းဗာဘုရင်ကြီးနှင့် ဆရာကြီးဦးမြဝါထက် မဟာပညာကျော်က ၅-နှစ် ကြီးသည်၊ မင်းဗာကြီးထက် ဆရာကြီးဦးမြဝါက ၂-ရက်ကြီးသည်။

ဆရာကြီးဦးမြဝါ၏ ငယ်နာမည်မှာ မောင်မြဝါ ဖြစ်သည်။ မင်းဗာကြီး၏ ငယ်မည်မှာ ဖစောသီရိဖြစ်သည်။ မဟာပညာကျော်၏ ငယ်မည်မှာ မြတ်သာထွန်း ဖြစ်သည်။

ဤပုဂ္ဂိုလ်ကြီးသုံးဦးတို့သည် ယခုအခါ အတူဖော်ပြရခြင်းမှာ ဘွားဘက်ရွယ်တော် ဖြစ်သည်ကတစ်ကြောင်း၊ တောင်ညိုတိုက်ဆရာတော်ကြီး အဂ္ဂစိန္တေယျထံ၌ ၁၆(ဆယ့်ခြောက်)နှစ်သားအရွယ်တိုင်အောင် အတူတူပညာသင်ဖူးသည်က တစ်ကြောင်း၊ ယင်းမှ တစ်ပြန် တစ်ယောက်တစ်လမ်းစီ ကွဲကြပြန်၍ အသက်၃၉ (သုံးဆယ့်ကိုး)နှစ်ကျော်သော အခါ ရက္ခိုင်ပြည်ကြီးကို ဘုန်းမီးတော၏ ထွန်းပစေခြင်းငှာ ဖွားဘက်တော် သုံးဦးတို့သည် စုရုံးကာ တည်ထောင်ကြရ၏) အောင်မြင်ခြင်းလည်း ရှိကြကုန်၏။ ထို့ကြောင့် သုံးဦး၏ အကြောင်းအရာတို့ကို အတူတူဖော်ပြရခြင်း ဖြစ်သည်။ တစ်ဦးတစ်ဦးစီ အတ္ထုပ္ပတ္တိ၏ အကြောင်းမှာ စာတစ်အုပ်ဖြစ်နိုင်သည်။ သို့ဖြစ်၍ ဤနေရာ၌ ရှေးဦးမဆွ ဂတိဝန်ခံချက်အရ ဆရာကြီးဦးမြဝါ၏ အတ္ထုပ္ပတ္တိအကျဉ်းချုပ်ကိုသာလျှင် ဖော်ပြရမည် ဖြစ်သည်။

ဆရာကြီးကို မြောက်ဦးရာဇဌာနီ မြောက်ရွှေရေးဆောင်မိဖုရား၏ အကြီးတော် မဟာနန္ဒသင်္ကြန်နှင့် မျောက်သားတော်ဇေယခေမာတို့၏ သားအလတ်ဖြစ်သည်။ မင်းဗာကြီး၏ဖခင် မင်းလှရာဇာ စောမွန်နှင့် မိဖုရားခေါင်ကြီး ဆင်ထိန်းမင်းအောင်ထင်၏ သမီးတော်တို့၏သား ဖြစ်သည်။ ဆရာကြီး၏မိခင် ဇေယျခေမာနှင့် မင်းအောင်ထင်၏ သမီးတော် (စောသန္ဒာ)တို့သည် တမိတဖတည်း ညီအစ်မဖြစ်သောကြောင့် ဆရာကြီးနှင့် မင်းဗာကြီးသည် ဝမ်းကွဲဖြစ်ကြသည်။

ဆရာကြီးကို သက္ကရာဇ် ၈၅၄-ခု၊ ဝါဆိုလပြည့် ဥတ္တရာသံနက္ခတ်နှင့်ယှဉ်၍ ကြာသပတေးနေ့ နေအရုဏ်တက် ရက္ခိုင်ဗဟိုရ်နာရီ ၄-နာရီ ၂-ပတ် ၃-ဗီဇနာ၊ ၂-မြန် ၂-ခရာတွင် မယ်တော်ဇေယျခေမာ၏ အိမ်ဖြူတော်မင်္ဂလာတွင် ဖွားမြင်တော်မူသည်။ မုန်တိုင်းအလွန်ထ၏။ သစ်ပင်ကြီးများ အရည်ယိုစီး၍ ညတိုင်း အရောင်တပြောင်ပြောင် တောက်ကြသည်။ တောင်ထွတ်တောင်တန်းတို့မှ ကျောက်စုံးများစွာ ပျံသန်းသည်။

ရွှေနန်းတော်အထွတ် မှန်ကင်းဖူးမှ အရောင်တောက်သည်။ ပဋိသန္ဓေရှိစဉ်က မယ်တော်သည် ပိဋကတ်တော်အစုံ ၁၀၀လှူလိုသောစိတ်နှင့် ဗေဒင်-၄ဘုံကို အစုံလှူလိုသောစိတ်ရှိ၍ ဆရာတော် အဂ္ဂစိန္တေယျထံ လှူဒါန်းခဲ့ကြသည်။ ဆရာကြီးကို မွေးဖွားသည်နှင့်တပြိုင်နက် အိမ်တော်၌ရှိသော ရွှန်းစည်တော်၊ မောင်းတော်၊ ခေါင်းလောင်းတော်တို့သည် အလိုလိုမြည်ကြသည်။ အထူးထူးသောနိမိတ်တို့သည် ထင်ကုန်၏။

အကျွန်သည် တိုတိုရေးမည်ဟု ဂတိပေးခဲ့သော်လည်း ရေးလျက်နှင့်ပင် အမျိုးသားစိတ်ထက်သန်လာခါ တိုတောင်းတိုတောင်းမရေးဘဲ ရှည်လျားစွာ ရေးမိသည်ကို ရက္ခိုင်အမျိုးသားအပေါင်းတို့ သည်းခံကြပါရန် တောင်းပန်ပါသည်။ ဂတိအတိုင်း တိုတိုရေးသားပါအံ့။

ဆရာကြီးမင်းဗာဘုရင် မဟာပညာကျော် သုံးဦးတို့ တောင်ညိုတိုက် အဂ္ဂစိန္တေယျကျောင်းတွင် ပညာသင်ကြ၏။ ၁၆-ဆယ့်ခြောက်နှစ်အရွယ်ထိ သင်ကြ၏။ ပိဋကတ်ဗေဒင်၊ ဆေးကျမ်း၊ ဓါတ်ကျမ်း၊ နက္ခတ်ကျမ်း၊ ကဗျာကျမ်းတို့ကို တက်မြောက်ကြ၏။ ၁၆-နှစ်တွင် ကွဲကြသည်။ မင်းဗာကြီးလမုန်းမြို့ မင်းပြင် သွားရ၏။ မဟာပညာကျော် အိန္ဒိယသို့ပညာသင်သွားသည်။ ဆရာကြီးမှာကား ဝါနရ(စ်)ခေါ် ဗာရာဏသီမြို့သို့ သွားသည်။ တစ်ဦးသော ယောဂီထံ၌ ဓာတ်ဝင်အတတ်ကို သင်၏။ လေးပါးသောဓါတ် ရှစ်ပါးသောဓါတ် နှစ်ဆယ့်လေးပါးသောဓါတ်တို့၏ ဩကာသလောက၊ သတ္တလောက၊ သင်္ခါရလောကတည်းဟူသော လောကသုံးပါးတို့၏ ရုပ်တရားတို့ ဖောက်ပြန်ပုံ၊ တည်ရှိပုံ၊ ပျက်စီးပုံ၊ ဆုံစည်းရပုံတို့ကို ဓာတ်သဘာဝအလျောက် တည်ဆောက်ဟန် ဖျက်ဆီးဟန်တို့ကို သင်ကြားသည်။

(ဤအရာ၌ ယခုအဏုမြူ လောကဓါတ်ဆရာကြီးများနှင့် အသွင်တူကြသည်။ ထို့ကြောင့် ဆရာကြီးပြုခဲ့သော ကျမ်းမှာ အထူးလေးနက်သော စကားများပါရှိသည်။ လောကီအဘိဓမ္မာနှင့် လောကုတ္တရာအဘိဓမ္မာ ၂-ပါးကို ထင်လင်းစွာသိ၍ အတ္တရုပ်နှင့် အနတ္တ နာမ်-သင်္ခတ လောကနှင့် အသင်္ခတလောက သမုတ္တိသစ္စာနှင့် ပရမတ္တသစ္စာတို့ကို အရိပ်အမြွက်ကျဘူးသောသူ၊ လိုက်စားဘူးသော သူမှသာလျှင် ဆရာကြီး၏ကျမ်းကို နားလည်နိုင်ပေလိမ့်မည်။ သို့မဟုတ်က ပုတ်ခတ်ဆဲရေးပေလိမ့်မည် ဖြစ်ကြောင်း။

အဘယ်ကြောင့်ဆိုသော် ရထရေမြူ လိက္ခာမြူ ပရမာမြူ ပရမာအဏုမြူ အစရှိသော မြူတို့ထက် သေးငယ်သည့် စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ မာနဟူသော ခြောက်ပါးအာရုံတို့သည် အမူအမွှား အခဲသဏ္ဍာန်မရှိဘဲ သဘောတရားကြောင့် အာရုံတရားတို့ ဖြစ်ပေါ်ပုံတို့မှ ယထာဘူတဉာဏ်ကိုယူ၍ သိတ၊ ဥံ့ဏှာ ၂-ပါးတို့၏ တန်ခိုးကြောင့် လောကသုံးပါး တည်ဆောက်ပုံ ဖြစ်ပျက်ပုံတို့ကို ပညာဉာဏ်၊ ဝိဇ္ဇာဉာဏ်တို့ဖြင့် နက်နက်နဲနဲ ခက်ခက်ခဲခဲ ဖော်ပြထားသော ဓါတ်ငင်ကျမ်းခေါ် နမန္တာယတြာ ၄၀-ပတ် ကြာ ၄၀-ကျမ်းကို ရုပ်နာမ် ၂-ပါးဖော်၍ ရေးသားထားခဲ့သည်။ (ဤကား စကားချုပ်)

ဆရာကြီးအသက် ၃၉-နှစ်တွင် ဗာရာဏသီမှ ပြန်လာသည်။ ရက္ခာပူရသို့ ရောက်၏။ ဆရာကြီး၏ဆရာအမည်မှာ ဒေဗာရ်ဗိသျှနုရ်ဖြစ်သည်။ အိန္ဒိယတွင် ၁၆-နှစ်မှ ၂၆-နှစ်ထိ ၂၃-နှစ်တိုင်တိုင် ပညာသင်ခဲ့သည်။ ဒေသဆိုင်ရာ မြို့ကြီးပြည်ကြီးများသို့ သွားရောက်၍ မိမိပြည်တွင် မည်သို့ဆောင်ရွက်ရမည်ကို ကြံစည်ခဲ့သည်။ ပညာသင်စဉ်တွင် လူအဝတ်နှင့် မသင်၊ ဖန်ရည်စွန်းသော ယောဂီအဝတ်နှင့် သင်သောကြောင့် သျှင်ငင်ဟု တွင်သည်။ ရခိုင်အမျိုးသားတို့တွင် သျှင်ထက်ငယ်သောသူကို သျှင်ငယ်၊ သို့မဟုတ် သယ်နောဟူ၍ ခေါ်သည်။ တစ်နှစ်ကြာသော် ၃၉-နှစ် ဖြစ်၏။

သက္ကရာဇ်သည်ကား ၈၉၃-မင်းဗားကြီး ထီးနန်းစိုးစံနေပြီး ဆရာကြီးနန်းတော်သို့ ဝင်၍ တရားဟောသည်။ မုတ်ဆိတ်ဆံကျစ်နှင့်ဖြစ်ပြီး ၂၃-နှစ်တိုင်တိုင် ကွဲကွာသည်။ အရုပ်အဆင်း လွဲနေသည်။ ဘုရင်မင်းမြတ်မှတ်၍ မမိချေ။ ဆရာကြီး၏ တရားဟောချက်ကို ဘုရင်မင်းမြတ် အမျက်ဝင်သည်။ မဟာပညာကျော် ပြုံးရယ်၏။ ထပ်မံ၍ အမျက်ပွားသည်။ ပညာရှိတို့၏စကားသည် ပျားထက်ချို၏။ ဘုရင်မင်းမြတ် အမြင်မှန်လာသည်။ အမျိုးသားရေး စည်းလုံး၏။ အိန္ဒိယပြည်၊ ဒေလီ၊ ဒါကာ၊ မူရှိဒဗတ်၊ ကာလကတ္တားသဘော်ဆိပ်ထိ ပိုင်ခဲ့သည်။ ရက္ခိုင်ပြည်နယ်ခြား ဖြစ်၏။ ရက္ခိုင်နယ်မြေ မှန်သည်။ ဆရာကြီး၏ သတ္တိကြောင့် ဖြစ်၏။ ရက္ခိုင်စည်းလုံးမှုသည် အကြီးဆုံးဖြစ်နေသည်။ နှစ်ပေါင်းများစွာ စည်ကားခဲ့၏။ ဆရာကြီး၏ ကျေးဇူးကို ယနေ့ထိ မမေ့နိုင်။

ဆရာကြီးနှင့် မဟာပညာကျော် မင်းဗားကြီးတို့သည် တရားဆုံးဖြတ်ရာ ဓမ္မသတ်ကျမ်းသစ် အုပ်ချုပ်ရေးကျမ်းသစ်၊ စီးပွားရေးကျမ်းသစ်၊ ကာကွယ်ရေးကျမ်းသစ်တို့ကို ပြုစုခဲ့ကြသည်။ ပိဋကတ်နှင့်ဗေဒင်ကျမ်းကိုကား မူလအတိုင်း ထားခဲ့ကြသည်။

တိုင်းပြည်နှင့် အမျိုးသားကြီးပွားရန် ဆောင်ရွက်သည်။ ကြီးလည်းကြီးပွားသည်။ ဓာတ်ငင်ကျမ်းကို ပြုသည်။ ဓာတ်ငင်လိုသောစိတ် ရှိသည်။ တစ်ပါးသောတိုင်းပြည်နှင့် ပုဂ္ဂိုလ်သတ္တဝါတို့ကို မနာလိုသောစိတ် မရှိ၊ အရေးတကြီးဖြစ်ပေါ်လျှင် မိမိ၏ဆရာကြီးကို တမ်းတသည်။ ဆရာကြီး ကောင်းကင်မှ ကြွလာသည်ဟူ၏။ အကျယ်ကို မရေးပြီး၊ သက္ကရာဇ် ၈၆၆-ခုနှစ် တိုင်းပြည်အတွက် ဖူလုံပြည့်စုံသည်။ ၈၉၉-ခု၊ တပို့တွဲလတွင် ဓာတ်ငင်သည်။ ကမ္ဘာကြီးဥဒါန်းစကားကျူးသည်။ "အပြည်ပြည်ကို သျှင်ငယ်ရစ်ဝန်ဗေးမှုထမ်း" ဟူ၏။

ဓာတ်ငင်ရာ၌ ကြာသပတေး နက္ခတ်မကျသောကြောင့် မိမိအူကိုထုတ်၍ တိုင်းပြည်အတွက် စွန့်စားခဲ့သည်။

# ၃၁ ဦးဦးသာထွန်း(ရခိုင်မြန်မာပဏ္ဍိတ်)

ငယ်ကဆရာအဂ္ဂစိန္တေယျသည် တပည့်အား ယူကျုံးမရဖြစ်၏။ ခုနစ်ရက်လွန်ခဲ့သော် ဒေဗာရုံဗိချနုရုံဆရာရသေ့ကြီး ရောက်လာသည်။ မိမိ၏တပည့်ဆရာကြီး ဦးမြဝါအား မည်သည့်စကားများ မှာကြားခဲ့သနည်းဟု မေးမြန်းစစ်ကြောသည်။ မှာကြားခဲ့သည့် စကားအလုံးစုံကို မှူးမတ်ပြည်သူပရိသတ်များ လျှောက်ထားကြသည်။ ဒေဗာရုံဗိချနုရုံ ရသေ့ဆရာကြီးသည် မှာကြားသည့်စကားအတိုင်း ဆောင်ရွက်ကြပါ၏လောဟု မေးသည်။ မဆောင်ရွက်ကြပါဟု ဖြေသည်။ ခုနစ်ရက်ကြာအောင် ငါသည်သူ့အားမကြည့်ဘဲ နေမိသည်ကား ငါ၏အပြစ်လုံးဝဖြစ်သည်ဟု မိမိကိုယ်ကို လုံးဝအပြစ်တင်သည်။ အလွန် တရာ နှမြောဘွယ်ကောင်းလေစွတကား။

ယင်းဖြစ်ရပ်တို့မှာ (ဆရာကြီး မစုတေမီ မှာကြားခဲ့သည်ကား ဤရက္ခပူရနိုင်ငံ အလုံးသည် အသမ္ဘိန္နအဖြစ်ဖြင့် တည်လိမ့်မည်။ အနိစ္စသဘောပင် ရှိသော်လည်း နတ်ဘုံ ဗြဟ္မာဘုံကဲ့သို့ ရှိလိမ့်မည်။ တစ်စုံတစ်ခုမှ မကြောင့်ကြနှင့်။ ငါစုတေသောအခါတွင် ငါ၏အလောင်းကို စုတေသောနေရာ၌ပင် သင်္ဂြိုဟ်လိုက်ကြလောဟု မှာထားခဲ့၏။

မင်းဗာကြီးသည် ဤစကားကို လိုက်နာလိုသော်လည်း ဆရာကြီးအနေဖြင့် သင်္ဂြိုဟ် လိုရကား ခမ်းနားစွာပြုလုပ်လေသည်။ ပြည်သူသဘောမတူ ပြည်သူတစ်ဖက် ဘုရင် တစ်ဖက် ကွဲကြသည်။ ပြည်သူ့ဆန္ဒနှင့် ဘုရင်မင်းမြတ်ဆန္ဒကို မဲခွဲကြသည်။ မဲခွဲဟန် ကား ရထားတစ်ဆူ လုပ်ကြသည်။ ဘုရင်မင်းမြတ်တစ်ဖက် ပြည်သူပြည်သားတစ်ဖက် ဆွဲကြသည်။ ဘုရင်မင်းမြတ်၌ မင်းမှူထမ်းများ၊ မှူးမတ်များ၊ မိဖုရားကြီးငယ် သားတော် သမီးတော်များတစ်ဖက် ပြည်သူပြည်သား၌ တောင်သူယာခုတ်၊ ကူလီ၊ ကုန်သည်အစရှိ သည်တို့က တစ်ဖက် ဆွဲငင်ကြရာ ဘုရင်မင်းမှာ လူများသောကြောင့် အနိုင်ရလေသည်။ ထိုအခါ ဆရာကြီး၏အလောင်းကို စုတေရာမှယူ၍ ခမ်းနားကြီးကျယ်စွာ သင်္ဂြိုဟ်တော် မူသည်။) ဤကား နိဂုံးကမ္ပတ် အပြီးသတ်သတည်း။

အတ္ထုပ္ပတ္တိအကျယ်ကို ရက္ခိုင်အမျိုးသားများ အလိုရှိသောအခါ ထုတ်ဝေမည်ဖြစ် သတည်း။

**သူရိယပဏ္ဍိတ(၈-၇-၅၈)**
**ညေစာစောင်တွဲ(၁)၊ အမှတ်(၄)**

---

ဤအကောင်ရှိလျှင် ဖော်ထုတ်မည့်စာပိမှာ မကြာမကြာစီပေါ်လာမည့်အရေး ကြောင့် နောင်အခါ ထွေးချက်မယူရအောင် အပြတ်အသတ် ကွပ်မျက်လိုလျှင်လည်း ကွပ်မျက်ပါစေ။

# ရခိုင်အောင်လံတော်

ရခိုင်ထီးရိုးနန်းနေ့ မင်းအပေါင်းတို့၏ ရွှေနန်းဥက္ကာ သံနန်းမဆောင်ဦး၌ အမြဲစိုက်ထူထားအပ်သော အောင်လံတော်ကြီး၏ အကြောင်းချင်းရာဟူသမျှတို့ကို အခါအခွင့်နှင့် ကြုံကြိုက်စွာ ပုရာဏ်ကျမ်း၊ ရာဇသေနဂ်ဗျူဟာကျမ်း၊ ဗျူဟာစက္ကကျမ်း၊ ဗျူဟာစစ်ချီကျမ်းတို့မှ ဗဟုသုတဖြစ်စေခြင်းငှာ အနည်းငယ်ဖော်ပြပါအံ့။

၁။ အောင်လံတော်၏အတိုင်းအတာကား အလျား၉-တောင်၊ အနံ ၆-တောင်တိတိရှိသည်။ ထိုထက်ငယ်စေလိုလျှင် အဝက်ကျအတိုင်းအတာပြု၍ သုံးခဲ့သည်။

၂။ အရောင်အဆင်းမှာ အနီနှင့်အဖြူစပ်၍ ပြုကြသည်။ အဖြူရောင်ကို အထက်ပိုင်းတွင်ထားပြီး အနီရောင်ကို အောက်ပိုင်း၌ထားသည်။

၃။ အမှတ်အသားမှာ အထက်အောင်လံတော်၏ ထောင့်စွန်း အဖြူရောင်ပေါ်တွင် သိန္ဓဝမြင်းပျံရုပ်တစ်ခု၊ ၎င်းအဖြူရောင် ကျန်တစ်ဖက်နားပေါ်တွင် နာဂဆန္ဒန်ရုပ် တစ်ခုအောက်ဖက်အနီရောင်ပေါ်တွင် ခြင်္သေ့ရုပ်တစ်ခု ပါသေးသည်။ ကျောဖက်တွင် မိမိတို့ပိုင်ဆိုင်သော နယ်နိမိတ်တိုင်းပြည်နိုင်ငံကို ဖော်ပြသည်။ နယ်နိ မိတ်တို့မှာလည်း မင်းတစ်ပါးနှင့်တစ်ပါး မတူဘဲ တန်ခိုးရှိလျှင် ရှိသည့်အလျောက် အကျဉ်းအကျယ်ကို

လိုက်၍ပြုလုပ်ရသည်။ နယ်နိမိတ်တို့၏ အတိုင်းအတာ အကွာအဝေးကို တစ်ရာ့ရှစ်ပါဒရှိသော ရခိုင်အောင်လံတော်ရတုတွင်လည်း ကောင်း၊ သာစွလေချိုလင်္ကာတွင် လည်းကောင်း၊ ရခိုင်မဟာရာဇဝင်တွင်လည်း ကောင်း တွေ့နိုင်သည်။

၄။ အောင်လံတော်၏ အရိုးမှာ ဝါး သို့မဟုတ် ပြဝါခေါ် သစ်တစ်မျိုး ဖြစ်သည်။ အမြင့်မှာ ၂၇-တောင်ဖြစ်၍ သတ္တပိသကျယ်ပြုလုပ်ခဲ့သည်။ အောင်လံတော်မှာလည်း နဝင်းကျယ်ပြုလုပ်သည်။ ဝါးမှာ ကြသောင်းဝါးကိုသုံးသည်။

၅။ အောင်လံတော် စိုက်ထူရာဌာနမှာ ရွှေနန်းမဆောင်တော်ကြီး၏ အရှေ့ဘက် နဝရတ်ကိုးသွယ်စီခြယ်သော မှန်ဝဲမျှော်ဆောင်တော်ဦး၏ ထိပ်ထက် ထီးမစိုက်ခံ့ တွင်တင်၍ လွှင့်ထူရသည်။

၆။ အောင်လံတော်ကို အချိန်ကာလ အကန့်အသတ်မရှိ လွှင့်ထူစိုက်ဆောက်သည့် နေ့မှ၍ စုတ်ပြဲဟောင်းနွမ်းသည့်တိုင်အောင် နှုတ်မချွတ်စကောင်း၊ မချမတင် စကောင်း အမြဲပင်ထားရသည်။

၇။ အောင်လံတော်၏အဓိပ္ပာယ်မှာ ရက္ခိုင်၊ ရက္ခိတဟူသော ပုဒ်ဖြင့် စောင့်ရှောက် ခြင်းအနက်ကြောင့်လည်းကောင်း ဖြူစင်သောသီလ၊ မြင့်မြတ်သော မျိုးရိုးဖြစ် ခြင်းကြောင့်လည်းကောင်း၊ ဝေသီယမျိုး၊ သုဒ္ဓိယမျိုးတို့ ထွန်းကားပေါ်ပေါက်ရာ ဖြစ်သော မျိုးရိုးဖြစ်၍လည်းကောင်း၊ ရခိုင်တို့ ကျင့်ထုံးတရာ့သုံးဆိုသည့်စကားအရ၊ မျိုးရိုးကို သီလဖြူစင်စွာ စောင့်ရှောက်ခဲ့ခြင်းကြောင့် အဖြူရောင်ကို အပေါ်က တပ်ရသည်။ အနီရောင်မှာ အသမ္ဘိန္န၊ ခတ္တိယဝံသ၊ သကျသာကီယ၊ ဗြဟ္မာနွယ် မျိုးရိုးတို့မှ ဆင်းသက်လာသော အနွယ်တော်ဖြစ်၍ ဖောက်ပြန်တတ်သော သွေး မရှိ၊ ပကတိနီမြန်းသော သွေးအဆင်းသာရှိသောကြောင့် အနီရောင်ကို တပ်ဆင် ရသည်။ သိန္ဓောမြင်းတို့မည်သည်မှာ ကွေ့ကောက်၍သွားခြင်းမရှိ တည့်မတ် ဖြောင့်စင်း၍ လားတတ်သောသဘောကြောင့် လည်းကောင်း၊ ဆဒ္ဒန်မျိုးမည်သည် ဖြူသောအဆင်းမှတစ်ပါး ဆင်မဲကို မွေးဖွားရိုး မရှိ၊ ဖြူရာမှမဲလာသည်ဟူ၍ လည်း မရှိ ပကတိသောအဆင်းကို အခါခပ်သိမ်း မစွန့်သောကြောင့်လည်း ကောင်း၊ ကေသရာဇာခြင်္သေ့တို့မည်သည်မှာ တောသုံးထောင်ကိုထိ မထင်သကဲ့သို့ လည်းကောင်း၊ ထိုသို့ သဘောဖြင့်

ပြည့်စုံသော သတ္တဝါသုံးဦးတို့ အရုပ်ဖြင့် လည်းကောင်း၊ ဖြူနီနှစ်ခုတို့ဖြင့် ပေါင်း၅ခုသော ရုပရုပ်တို့ကိုဆောင်းသော ပဥ္စရုပ် တို့ဖြစ်၍ ပဥ္စရုပရုပ်ကို တပ်ဆင်ရသည်။ (အကျယ်ကိုသိလိုက ရာဇဝင်ကြီးနှင့် ဗျူဟာစက္ကိကျမ်း အောင်လံတော်ရတုတို့မှာရှိ၏။)

**ဆရာဦးသာထွန်း**
**မြို့ဟောင်း**
**(စစ်တွေဘဝသစ်ဂျာနယ်မှ ကျေးဇူးပြုသည်)**
**ရခိုင်ကျောင်းသားကျောင်းသူများအသင်းမဂ္ဂဇင်း**
**၁၉၅၀-လွတ်လပ်ရေးစာစောင်**

---

အသမ္မိန္န၊ ခတ္တိယဝံသ၊ သကျသာကီယ၊ ဖြပ္ပံ့ာနွယ်ရိုးတို့မှ ဆင်းသက်လာသော အနွယ်တော်ဖြစ်၍ ဖောက်ပြန်တတ်သော သွေးမရှိ ပကတိ နီမြန်းသောသွေးအဆင်းသာ ရှိသောကြောင့်-

---

# ဝေသာလီခေတ်ဒင်္ဂါးများ

ရခိုင်ပြည် ဝေသာလီခေတ်တွင် ဒုတိယမြောက်ဝေသာလီခေတ်ဖြစ်သော စန္ဒရားခေတ်၌ ဒင်္ဂါးအချို့ကို သုံးစွဲခဲ့ကြသည်။ ယင်းသို့သုံးစွဲခဲ့ကြရာတွင် တစ်ကျပ်-ငါးမူး-တမတ်-တပဲ အစရှိသော အချိန်အတွယ်တို့ဖြင့် ဒင်္ဂါးခတ်လုပ်၍ သုံးစွဲခဲ့ကြသည်။ အရွယ်ပမာဏတို့မှာလည်း ကြီးငယ်အလိုက် သွန်းလုပ်ခဲ့ကြသည်။ ဒင်္ဂါးဟူသမျှတို့တွင် မျက်နှာပြင်နှစ်ခု ရှိကြစမြဲဖြစ်သည်။ စန္ဒရားမင်းဆက်တွင် သုံးစွဲခဲ့ကြကုန်သော ဒင်္ဂါးတို့မှာ များသောအားဖြင့် နွားလား၏ရုပ်ပုံနှင့် နေလသရဖူတို့၏ရုပ်ပုံတို့ ခတ်နှိပ်ခဲ့ကြသည်။ နွားလားရုပ်ပုံ၏အထက်ပိုင်းတွင် ဂုပ္ပတအက္ခရာနှင့် ရေးထိုးထားသော စာတမ်းငယ်တစ်ခုစီ ပါရှိသည်။ ၎င်းတို့၏အဓိပ္ပာယ်မှာ မိမိတို့၏ဒင်္ဂါးတို့နှင့်ဆိုင်ရာမင်းတို့၏ အမည်များ ဖြစ်ကြသည်။

ယခုဖော်ပြပါဒင်္ဂါးများမှာ နီတိစန္ဒရားမင်း၏ဒင်္ဂါးပင် ဖြစ်ပါသည်။ အဝန်းမှာ အင်္ဂလိပ်ငွေသားဒင်္ဂါးနှင့် တူသည်။ အချိန်မှာ တကျပ်ရှိသည်။ တဘက်မျက်နှာတွင် နွားလားရုပ်နှင့် ဂုပ္ပတ္တစာတမ်းဖြစ်သည်။ ၎င်းပြင် နွားလားရုပ်၏ မျက်နှာတည့်တည့်တွင် ပြိဿရာသီ၏ နက္ခတ်ပုံအဝိုင်းငယ် လေးခုပါရှိသည်။ ပြိဿရာသီကို စန္ဒရားမင်းများသည် အထွတ်အမြတ်ပြုသော မင်္ဂလာရှိသောလ ဘိသိက်သွန်းရာလဟူ၍ ယူဆပြီးလျှင် အမြတ်တနိုး ဆောင်ရွက်သုံးစွဲခဲ့ကြသည်။ ယင်းကြောင့်ပင် အဆိုပါသရုပ်ပြလက္ခဏာတို့ကို ဖော်ပြခြင်း ဖြစ်ပါသည်။ ကျန်တစ်ဘက်မျက်နှာတွင် စက်ဝိုင်း ၂-ခု၏

အတွင်း၌ မကိုဋ်သရဖူတော်၏ ထိပ်ထက်နေနှင့်လပုံသင်္ကေတ ခတ်နှိပ်ထားသည်။

သရဖူတော်မှာလည်း အလယ်ဗဟို၌ ကြာငုံသင်္ကေတအနားတစ်ဘက်တစ်ချက်၌ ကြာချပ်သင်္ကေတ၊ ၎င်းအပေါ်၌စီး၍ သဇင်ပန်းခွေသင်္ကေတ၊ အောက်ခြေတွင် အစက်အပေါက်ငယ်ခုနစ်ခုကို ခတ်နှိပ်ထားသည်။ ကြာပုံ၏အဓိပ္ပာယ်မှာ ဘဒ္ဒကမ္ဘာတွင် ငါးဆူသောဘုရားတို့၏ ပွင့်အပ်ရာနိမိတ်ဖြစ်သဖြင့် ယင်းနိမိတ်ကို ဗဟိုပြုထားသည်။ သဇင်ပန်းခွေ၏အဓိပ္ပာယ်မှာ ၎င်းအချိန်မှ ယနေ့တိုင်အောင် ရခိုင်အမျိုးသားတို့သည် သဇင်ပန်းကို အထွတ်အမြတ်ဟုယူဆလျက် ဦးခေါင်းထက်၌ ပန်ဆင်လေ့ ရှိကြသည်။ ဗိန္ဒုငယ် ၇-ခု၏အဓိပ္ပာယ်မှာ ရခိုင်တို့၏ နက္ခတ်ဖြစ်သော ကြတ္တိကာနက္ခတ်လုံးရေပင် ဖြစ်ပါသည်။ အပေါ်၌ နေနှင့်လပုံသင်္ကေတမှာ အဆိုပါစန္ဒရားမင်းမျိုးတို့မှာ သူရိယစန္ဒရားမင်းဆက်မှ ဆင်းသက်လာသော အထိမ်းအမှတ်ဖြင့် ခတ်နှိပ်ရခြင်း ဖြစ်ပါသည်။ ဤနည်းတူပင်လျှင် စန္ဒရားမင်းဆက် ဒင်္ဂါးဟူသမျှတို့၌ နွားလားရုပ်၏အပေါ်တွင်ပါရှိသော မိမိတို့၏အမည် ဂုပ္ပတာတမ်းငယ် အက္ခရာကိုသာ လွှဲပြောင်းထုလုပ်ကြသည်။ ပုံသင်္ကေတများကို အဆိုပါဒင်္ဂါးအတိုင်းပင် ထုလုပ်မြဲဖြစ်သည်။ ယခုဤဒင်္ဂါးကို ရာဇဝင်သုတေသီတစ်ဦးထံမှ ကူးယူရပါသည်။ တချို့ပုဂ္ဂိုလ်တို့တွင် လည်ပင်း၌ ဆွဲထားပါသည်။ အနူးအညွတ်ပြောဆို တောင်းပန်၍သော်မှလည်း ကူးယူခွင့် မပြုသေးကြပါ။

ဤဒင်္ဂါးမျိုးကို မြို့ဟောင်းမြို့နယ်၏ မြောက်ဘက်ဖြစ်သော တတိယဝေသာလီမြို့ဟောင်းနေရာနှင့် ပထမဝေသာလီမြို့ဟောင်းနေရာဖြစ်သော လင်းမြွေတောင်အနီးအနားတစ်ဝိုက်တွင် များစွာရရှိခဲ့ကြပါသည်။ သို့သော်လည်း ဖျက်စီးပြီးလျှင် လက်ကောက်ခြေကျဉ်း၊ ကြယ်သီးပြုလုပ်၍ ဝတ်ဆင်ကြပါသည်။ တချို့ကို ဗြိတိသျှအစိုးရမင်းတို့၏ လက်ထက်၌ နိုင်ငံခြားဧည့်သည်တော်များက ယူဆောင်သွားကြပါသည်။ ထိုကဲ့သို့ ဖြစ်ရခြင်းမှာ ရခိုင်အမျိုးသားတို့သည် ရေးသားပါရှိသော ဂုပ္ပတအက္ခရာကို ဖတ်ရှု၍ မရသဖြင့် အဖိုးတန်သောဒင်္ဂါးများဟူ၍ မယူဆခြင်းကြောင့်ပင် ဖြစ်ပါသည်။

ယခုအခါ ရှေးဟောင်းသုတေသနဌာနမှ စုံစမ်းလျက်တိုးတက်ဆောင်ရွက်မှုကြောင့် အချို့သောပုဂ္ဂိုလ်တို့နားလည်လာကြပြီ ဖြစ်ပါသည်။ အဆိုပါနီတိစန္ဒရားမင်း၏ ဒင်္ဂါးများမှာ အေဒီ ၅၂၁ မှ ၅၇၅တွင် ဖြစ်ထွန်းခဲ့သည်။ ပြထဝီစန္ဒရားမင်း၏ ဒင်္ဂါးမှာ အေဒီ ၅၉၀မှ ၅၉၇တွင် ဖြစ်ထွန်းခဲ့သည်။ တခြားစန္ဒရားမင်းတို့၏ ဒင်္ဂါးများကို ကျွန်တော်၏ ဆရာဖြစ်သော ရခိုင်တိုင်းကျောက်စာဝန် ဦးစံရွှေဖူးထံတွင် မြင်ဖူးခဲ့ပါသည်။ အချို့အချို့သောဒင်္ဂါးများတို့မှာ များစွာပင် ရရှိသော်လည်း ကြေမွနေကြပြီ ဖြစ်ပါသည်။

မင်းတို့၏အကြောင်းကို ရေးထိုးထားသော မြို့ဟောင်းမြို့ သျှစ်သောင်းဘုရားကျောက်စာ သက္ကရာဇ်အက္ခရာ အကြောင်းရေ (၂၀)တွင် နိတ်စန္ဒရားမင်းအကြောင်းကို ရေးထိုးထားသည်မှာ (နိတိစန္ဒြ)တက္ကဲခယထောနိသျှ၊ ဆာရီ တာဝီတေ၊ ပဥ္စပဥ္စဆာဒေ၊ အဗ္ဗဒါနိ၊ သောဗဟုရာဇာ၊ မဟာဒြဗတေဟုဖြစ်၍ ၎င်းမင်းသည် ၅၅နှစ်မျှ နန်းစံကြောင်း သိရသည်။

စန္ဒရားမင်းဆက်တို့၏ ငွေသားဒင်္ဂါးများဖြစ်သော နိတိစန္ဒရားမင်းဒင်္ဂါးကို တင်ပြပြီးနောက် ဆက်လက်ပြီး တတ်နိုင်သရွေ့ ဖော်ပြနိုင်ရန် ငွေသားဒင်္ဂါးများ စုဆောင်းထားရှိသော သုတေသီပုဂ္ဂိုလ်တစ်ဦးနေအိမ်သို့ ကျွန်တော်သွားရောက်ခဲ့ပါသည်။ သုတေသီပုဂ္ဂိုလ်ကြီးမှာ စစ်ကြီးမဖြစ်မီ ခေတ်ဟောင်းအနည်းငယ်ကိုမှီသောပုဂ္ဂိုလ်တစ်ဦးဖြစ်၍ အမျိုးမျိုးသော ရှေးဟောင်းဒင်္ဂါးများ စုဆောင်းထားသည်ကို တွေ့ရပါသည်။

ကြည့်ရှုကူးယူခွင့်ပေးပါရန် အနူးအညွတ်ပြောဆိုရာ ကြည်ကြည်ဖြူဖြူနှင့် ထုတ်ပေးပါသည်။ ဝမ်းမြောက်ဝမ်းသာနှင့် ဒင်္ဂါးများကို ကြည့်ရှုလိုက်ရာ မြောက်ဦးခေတ် ဒင်္ဂါးများ ချပ်ရေ သုံးဆယ်ခန့်နှင့် ဝေသာလီစန္ဒရားမင်း ဒင်္ဂါးတစ်ပြားကို တွေ့ရှိရပါသည်။ ဝေသာလီစန္ဒရားမင်းဒင်္ဂါးမှာ ရှုမြင်လိုက်ရသည့်ချက်ချင်း စိတ်အနည်းငယ်ပျက်သွားပါသည်။

အကြောင်းမူကား နိတိစန္ဒရားမင်းဒင်္ဂါးကဲ့သို့ နွားတဲဆိပ်နှင့်စာတမ်းတို့ တစ်ဘက်၊ သဇင်ခွေပန်းနှင့် နေ-လ သရဖူတစ်ဘက် ဖြစ်နေ၍ မထူးခြားတော့ပါဘူးဟု ယူဆခဲ့ပါသည်။ သို့သော် ရှေးဟောင်းပစ္စည်းများကို လေ့လာနေသောပုဂ္ဂိုလ်တစ်ဦးဖြစ်၍ ထူးခြားချက်တို့ကို စေ့စုံစွာ ကြည့်ရှုရာ စာလုံးအက္ခရာတို့မှာ ထူးခြားစွာ ရိုက်နှိပ်ထားသည်ကို တွေ့ရပါသည်။ အက္ခရာ၊ အက္ခရာဝဏ္ဏတူ၏မင်း၏အမည်မှာ မတူချေ။

ပထမဖော်ပြခဲ့သောဒင်္ဂါးများ၏စာမှာ နိတိစန္ဒရာဒင်္ဂါးဖြစ်သည်။ ယခုတွေ့ရှိသောစာမှာ (ပြုထဝိစန္ဒရား)မင်း ဒင်္ဂါးဖြစ်နေသည်။ အချို့သောစာတို့တွင် ဘာသာပြန်ဆိုချက်တို့၌ (ပရိထွိစန္ဒရား)ဟူ၍ တွေ့ရှိရသည်။ ကိုယ်တွေ့မျက်မြင်အားဖြင့် (ပြုထဝိစန္ဒရား)ဟူ၍ တွေ့ရသဖြင့် (ပရိထွိစန္ဒရား)မဟုတ်ဘဲ (ပြုထဝိစန္ဒရာ)သို့မဟုတ် မြန်မာဘာသာဖြင့် (ပထဝီစန္ဒရား)သာလျှင် ဖြစ်နေသည်။ ခတ်နှိပ်ထားသော နွားရုပ်မှာလည်း နိတိစန္ဒရားမင်း နွားရုပ်ထက်ကိုယ်ခန္ဓာအနည်းငယ် ရှည်လျားနေသည်။ လည်ပင်းတွင် လည်စည်း၊ လည်ပတ်ပေါ်၌ ပုတီးတစ်ကုံးဆွဲထားသည်ကိုလည်း ထူးခြားစွာ တွေ့မြင်ရသေးပါသည်။

အမြီးတွင် အဆင့်သုံးခုရှိပြီးလျှင် မြီးဖျားကိုလည်း တပ်ဆင်ထားသေးပါသည်။ အနားရေး အနားကြောင်းတို့မှာ နီတိစန္ဒရားမင်းဒင်္ဂါးနှင့်အတူတူပင် ဖြစ်ပါသည်။ ကျောဘက်တွင် ထူးထူးခြားခြား တမူကွဲပြားနေသည်မှာ နေနှင့်လပင် ဖြစ်ပါသည်။

မည်သို့ထူးခြားနေသနည်း။ နီတိစန္ဒရားမင်း၏ဒင်္ဂါးတွင် နေမှာ လက်ဝဲဘက်တွင်ရှိပြီး လမှာ လက်ျာဘက်တွင် ရှိနေသည်။ ပြထဝီစန္ဒရားမင်းဒင်္ဂါးတွင် လမှာလက်ဝဲဘက်တွင်ရှိပြီး နေမှာ လက်ကျာဘက်တွင် ရှိနေသည်။ ၎င်းပြင် နေနှစ်ဆင့် လနှစ်ဆင့် ဖြစ်နေသည်။ မကိုင်၍ သရဖူမှာလည်း တစ်မျိုးဖြစ်နေသည်။ ယင်းသို့ထူးခြားနေချက်မှာ တစ်စုံတစ်ခုသော ထိခိုက်ပွန်းရှမှုကြောင့် ဖြစ်နေသည်လောဟု ယူဆရပါသည်။ သို့သော်လည်း နေတံဆိပ်နှင့် လတံဆိပ်တို့ လက်ဝဲလက်ျာပြောင်းရွှေ့နေခြင်းမှာ မူရင်းအတိုင်းပင် ဖြစ်ပါသည်။

ပြထဝီစန္ဒရားမင်းမှာ (အေဒီ ၅၉၁-၅၉၇)ထိ ဝေသာလီကျောက်လှေကားမြို့တွင် စိုးစံ၍ နန်းစံခုနစ်နှစ်မြောက်ခဲ့သည်။ ဝေသာလီဒုတိယခေတ် စန္ဒရားမင်းဆက်တွင် တစ်ဆယ့်နှစ်ဆက်မြောက်မင်း ဖြစ်လေသည်။ နီတိစန္ဒရားမင်း၏သားတော်ဖြစ်သော ဝီရစန္ဒရာမင်း၏ မြေးတော် ဖြစ်သည်။ ပြီတိစန္ဒရားမင်း၏သားတော် ဖြစ်သည်။

၎င်းမင်းတို့၏ စိုးစံရာဒေသမှာ ဝေသာလီဒုတိယခေတ်ကျောက်လှေကားမြို့တော် ဖြစ်သည်။ မြို့ဟောင်းခေါ် မြောက်ဦးမြို့၏ အနောက်မြောက်ဘက် တတိယဝေသာလီမြို့တော် အနောက်ဘက်တစ်မိုင်ကျော်ခန့်အကွာတွင် ရန္ဒနဒီ ရန်းချောင်းမြစ်ကြီး အရှေ့ဘက်ကမ်းနဖူးတွင် တည်ရှိသည်။ ယခုတိုင် ကျောက်လှေကားကြီးမှာ ထင်ထင်ရှားရှား ရှိနေပါသေးသည်။ သုတေသီများနှင့် ရှေးဟောင်းဌာနဆိုင်ရာပုဂ္ဂိုလ်တို့မှာလည်း တတိယဝေသာလီမြို့တော်ဟောင်းဖြစ်သော ဝေသာလီဘုရားကြီးဌာနသို့သာလျှင် ရောက်ဖူးကြသေးပါသည်။

အဆိုပါဝေသာလီကျောက်လှေကားမြို့တော်ဟောင်းနေရာသို့ မရောက်ဖူးကြသေးပါ။ အဘယ်ကြောင့်ဆိုသော် ခရီးကလည်း အလွန်ကြမ်းသည်။ စခန်းချ၍ ရပ်နားရန်နေရာလည်း မရှိ။ နေရာကလည်း မလုံခြုံခြင်းတို့ကြောင့်ပင် သုတေသနပြုလုပ်ရန် ခဲယဉ်းနေပါသည်။

ယခုဝေသာလီမြို့ဟောင်းဟုခေါ်သော ဝေသာလီဘုရားကြီးရွာသည်ကား တတိယဝေသာလီ ဖြစ်ပါသည်။ အုတ်မြို့ရိုးကြီးတစ်ထပ်နှင့် ကျုံးမြောင်းများ ခြားနားပြီးလျှင် နန်းမသုံးဆောင် ဆောက်ခဲ့သောနေရာများ ရှိသေးပါသည်။ အောက်ခြေအုန်မြစ်ကို

ကျောက်တုံးကြီးများဖြင့် ပြုလုပ်ပြီးလျှင် မြေပေါ်အမြင့်ကို အုတ်ခဲများဖြင့် ပြုလုပ်ထားပါသည်။ အလွန်ဟောင်းမြင်းသောမြို့ဖြစ်၍ ယခုအခါပျက်စီးပြီးလျှင် အုတ်ရိုးအုတ်ပုံများသာ ကျန်ရှိနေပါသည်။

၎င်း၏အနောက်ဘက် ကျောက်လှေကားမြို့ဟောင်းတွင် နန်းရာများတို့မှာလည်း အုဋ်ကျိုးအုဋ်ပဲ့များသာ ဖြစ်နေသည်။ တစ်စုံတစ်ခုမှ မရှိပေ။ မြစ်ကမ်းခြေတစ်လျှောက် ကျောက်လှေကားကြီးသာလျှင် ထင်ရှားစွာရှိနေဆဲ ဖြစ်ပါသည်။ ကျောက်လှေကားမြို့တော်ဟောင်း၏အနောက်တောင်ဘက်တွင် အိမ်ရာကြီးခေါ်သော နန်းတော်ရာတစ်ခု ရှိသေးပါသည်။

၎င်းမှာ ဝေသာလီဒုတိယခေတ်တွင် ပထမစန္ဒရားမင်း ဖြစ်သော (ဒွင်စန္ဒရား)ခေါ်တိုင်းစန္ဒရားမင်း၏သားတော် (သိင်္ဂစန္ဒရား)အိမ်ရှေ့စံနှင့် မြောက်သားတော် သုဝဏ္ဏဒေဝီတို့ အိမ်ရာ ဖြစ်ပေသည်။ အိမ်ရှေ့မင်း၏ အိမ်ရာဖြစ်သောကြောင့် အိမ်ရာကြီးဟု အမည်တွင်သည်။ အဆိုပါ ကျောက်လှေကားမြို့တော်၏ အနောက်မြောက်ထောင့်သို့ ၅-မိုင်ခန့်အကွာတွင် လင်းမြွေတောင်ခေါ် တောင်တန်းကြီးတစ်ခု ရှိသည်။ ၎င်းတောင်တန်း၌ စန္ဒရားမင်း၏ကောင်းမှုတော်စေတီတို့မှာ မြောက်မျာစွာ ရှိသေးသည်။

သိုက်ဆရာတို့၏လက်ချက်ကြောင့် မည်သို့မည်ပုံရှိသည်ဟု မှန်းဆ၍ မရလောက်အောင် ပျက်စီးယိုယွင်းနေကြသည်။ ထပ်မံ၍ ပြုပြင်သူမရှိသောကြောင့် အထူးပင်ပျက်စီး ယိုယွင်းနေကြသည်။ လင်းမြွေတောင်တန်းကြီး၏ အရှေ့ဘက်တွင် နန်းတော်ကုန်းနှင့် နန်းရာပျက်များ ရှိသေးသည်။ အုတ်ကုန်းတန်းများ ဖြစ်နေသည်။ ၎င်းနန်းတော်တို့မှာ ကျောက်လှေကားမြို့ နန်းတော်ကြီး အရံနန်းငယ်များဖြစ်သည်ဟု ရာဇဝင်သုတေသီတို့ အစဉ်စကားပြောကြားခဲ့ကြပါသည်။ ယခုဖော်ပြထားသော ပြထဝီစန္ဒရားမင်း၏ ဒင်္ဂါးမှာ လင်းမြွေတောင်အနောက်ဘက် တောင်ဦး တောင်တန်းမှ ရရှိကြောင်း သိရပါသည်။

ပြထဝီစန္ဒရားမင်း၏ ဒင်္ဂါးကို ရရှိပုံမှာ လွှဆရာတစ်ဦးသည် လွှဆွဲရန် မြေကျင်းတူးသောအခါ ရွှေပြားစာချပ်ရေ ၂၀-ကျော်ခန့်နှင့် ဒင်္ဂါးပြားရေ ၂၀ကျော်ခန့် ရရှိလေသည်။ ရပ်ရွာလူကြီးတို့ထံ ငွေဒင်္ဂါးအနည်းငယ်ကို ရောင်းချပြီး တစ်ခြားပစ္စည်းများကို သိုဝှက်ထားရာ တစ်နေ့သ၌ သောင်းကျန်းသူတစ်စုတို့က ဓားပြတိုက်၍ လုယူသွားကြပါသည်။ ပိုင်ရှင်ရောင်းသောအခါ ဝယ်ယူထားလိုက်သူက ဓားပြရန်ကို ကြောက်လန့်၍ မြို့ပေါ်သို့ ထွက်ပြေးလာရာ ပင်ပန်းနွမ်းနယ်သဖြင့် သုတေသီတစ်ဦးထံ ရောင်းချပါသည်။

အဆိုပါ သုတေသီမှာလည်း အင်္ဂလိပ်ဆရာဖြစ်၍ အင်္ဂလိပ်ထိုးရာတွင် ပါသွားသဖြင့် ပြထဝီစန္ဒရားမင်း ဒင်္ဂါးတစ်ပြားသာ ကျန်ရှိလိုက်ပါသည်။ နီတိစန္ဒရားမင်း၏ ဒင်္ဂါးမှာ လင်းမြွေတောင်အနောက်ဘက် တောင်ဦးတောင်တန်းမှ မြောက်မြားစွာ ရရှိ၍ ခြေကျဉ်းလက်ကောက်များ ပြုလုပ်ဝတ်ဆင်ကြသည်။

သုတေသီတစ်ဦးက နွားတံဆိပ်ချင်း အတူတူဖြစ်၍ တစ်ပြားတည်းသာ ဝယ်ယူထားလိုက်သည်။ ရေးထိုးထားသော စာကို မဖတ်တတ်သောသူဖြစ်၍ ယင်းကဲ့သို့ အယူအဆမျိုး ရှိလေသည်။ စာကိုဖတ်တတ်ပါမူကား မင်းဆက်ဒင်္ဂါးအများ ရရှိလိုက်ပါမည်။ အဆိုပါ တောင်ဦးတောင်တန်းတွင် ဒင်္ဂါး၌ ခတ်နှိပ်ရိုက်ထားသော နွားလားရုပ်နှင့်တူစွာ ကျောက်နွားရုပ်ကြီးတစ်ခု ရှိသည်။

၎င်းကိုလည်း သိုက်ဆရာတို့က တူးဖြိုတွန်းချသောကြောင့် ရန္တနဒီမြစ်ထဲသို့ ကျသွားလေသည်။ နွားရုပ်ထားခဲ့သော နေရာမှာ ကျောက်ဂူဖြစ်ပြီးလျှင် အလွန်ခိုင်ခန့်သည်။ ၎င်းဂူနှင့်အတူစီတန်း၍ ကျောက်စေတီကိုးဆူနှင့် ကျောက်စုံအုပ်စု မြောက်မြားစွာ ရှိသေးသည်။ ယခုဖော်ပြပါ ဒင်္ဂါးတို့ကို ၁၉၄၈-ခုနှစ်အတွင်း ရရှိခဲ့ကြလေသည်။

(သိရိပါရုဏ)။ ဒင်္ဂါး- ဤဒင်္ဂါးမှာ ဝေသာလီဒင်္ဂါးပင် မဟုတ်သော်လည်း ဝေသာလီဒင်္ဂါးများနှင့် အကျိုးအကြောင်း ဆက်စပ်လျက်ရှိခြင်းကြောင့် ထည့်သွင်းဖော်ပြရခြင်းဖြစ်ပါသည်။ အကြောင်းမူကား စန္ဒရားမင်းဆက်မှမိဖုရားသည် မြို့သစ်တစ်ခုကို တည်ထောင်ရာ ယိုးချောင်းဖျား၌ ကန်သုံးဆင့်မြို့ဟူ၍ သမုတ်လေသည်။

ယခုအခါ ၎င်းမြို့ရွာသည် စစ်တွေခရိုင် ပုဏ္ဏားကျွန်းမြို့နယ်၏ မြောက်ဘက်အဆုံးတွင် တည်ရှိသော ခမိန်းရွာကလေးတစ်ရွာ ဖြစ်နေသည်။ ယခုလည်း ကန်သုံးဆင့်ဟု အမည်တွင်သေးသည်။ ရေကန်အဆင့်ဆင့်ကဲ့သို့ မြေမြို့ရိုး၊ အုတ်မြို့ရိုး သုံးထပ်ပြုပြီးမှ တည်ထားသောမြို့ဖြစ်၍ ကန်သုံးဆင့်မြို့ဟု အမည်ရှိသည်။ ၎င်းနေရာအနီးအနားတဝိုက်တို့မှာ (သိရိပါရုဏ)ဒင်္ဂါးတို့ကို မြောက်မြားစွာ ရရှိကြသည်။ ယင်းသို့ရရှိရာ ခမိန်းလူမျိုးတို့မှာ ပန်းထိမ်ဆရာထံတွင် အပ်နှံပြီး လက်ဝတ်လက်စားများ ပြုလုပ်ကြသည်။ ကန်သုံးဆင့်ရွာ၌ ကျောင်းထိုင်နေသော ဘုန်းကြီး(ခေတ္တထိုင်ခဲ့သူ)က သိရှိ၍ရရှိသော ခမိန်းတစ်ဦးကိုခေါ်ပြီးလျှင် ငွေဒင်္ဂါးတစ်ပြား ဝယ်ယူထားလိုက်သည်။ ဆရာတော်၏ ယူဆပုံမှာ ငါတို့မြန်မာစာမဟုတ်၊ ကုလားစာသာ ဖြစ်သည်။ ထို့ကြောင့် ဒင်္ဂါးမှာလည်း ငါတို့ဒင်္ဂါးဟုတ်မည် မထင်ဟူ၍ ယူဆသည်။

တစ်ကြောင်းမှာလည်း အနံ့အပြား အမြောက်အမြားရရှိခြင်းကြောင့် ဤပြည်၌ ခတ်နှိပ်သော ဒင်္ဂါးသာ ဖြစ်သည်ဟု ယူဆသည်။ သို့လောသို့လော တွေးတောရှ်ပင် ဒင်္ဂါးအားလုံးကို လက်ဝတ်လက်စားများလုပ်ရန် အရည်ဖျော်ပစ်လိုက်ကြပြီး ရရှိထားသော ဒင်္ဂါးကို ပြသရန်အတွက် စုံစမ်းနေသည်။ စုံစမ်းသိရှိရသမျှမှာ မြို့ဟောင်းရှေးဟောင်း သုတေသနဌာန မြန်မာပဏ္ဍိတ်ဦးသာထွန်းထံ ပြသပါဟု ညွှန်ကြားခဲ့ကြသည်။ သို့သော်လည်း အလှမ်းဝေးကွာသောနေရာမှ လာရောက်ရန် ခရီးလမ်းခက်ခဲသဖြင့် ရက်ရှည်လများ ကြန့်ကြာခဲ့ရလေသည်။

တစ်နေ့သ၌ မြို့ဟောင်းမြို့ဘုရားပေါ် ကျောင်းသစ်ဆရာတော်ကြီး ပျံလွန်တော်မူသော ဈာပနကိစ္စအတွက် ကြွလာလေသည်။ ကျွန်တော်နှင့်တွေ့ဆုံ၍ ဒင်္ဂါးကို ပြသည်။ ရေးထိုးထားသော အက္ခရာတို့မှာ နာဂရီအက္ခရာဖြစ်နေသည်။

သီရိပါရှဏဟူ၍ ရေးထိုးပါရှိပါသည်။ ၎င်းအမည်မှာ ဝေသာလီ စန္ဒရားအပါအဝင် ဖြစ်ပါသည်။ မင်းတို့၏အမည်ကိုသာ ဒင်္ဂါးတွင် ခတ်နှိပ်လေ့ရှိပါသည်။ ယင်းကြောင့် ရသေ့၏အမည်ကို အဘယ်ကြောင့် ခတ်နှိပ်ရသနည်း။ မြို့တည်သော မိဖုရားကြီး၏ ဆရာပေလော၊ ပုဇော်ချီးမြှောက်လို၍လော၊ သို့တည်းမဟုတ် စန္ဒရားမင်းတို့၏ ညွှန်ကြားချက်ကြောင့်လောဟူ၍ တွေးတောစရာ ရှိနေပါသည်။

တစ်ပြည်တစ်ရွာမှ ကူးသန်းရောင်းဝယ်၍ ဝင်ရောက်လာသောဒင်္ဂါးများပေလော ယင်းသို့ဆိုလျှင်လည်း ရခိုင်ပြည်နှင့် နီးစပ်ရာ အိန္ဒိယဒင်္ဂါးဆိုလျှင်လည်း အင်္ဂလိပ်ဘာသာဖြင့် ရေးထားသော အိန္ဒိယဒင်္ဂါးများ ပါရှိသည့် စာအုပ်တွင် ပါရှိရမည်။ အိန္ဒိယပြည်ရာဇဝင်နှင့် ကျောက်စာသုတေသီတို့ ရေးထိုးထားသော စာအုပ်အချို့တွင်လည်း ဤဒင်္ဂါးနှင့်ပတ်သက်၍ မတွေ့ရသေးချေ။ ရှိကောင်းလျှင် ရှိပေလိမ့်မည်။ သို့ရာတွင် ဝေသာလီမြို့ ရသေ့သုံးကျိပ်သုံးပါးတို့အပါအဝင်၌သာလျှင် ဤရသေ့၏ အမည်ကို တွေ့ရသည်။

မည်သို့ပါရှိသနည်းဟူမူကား ရခိုင်ဝိဇ္ဇာမရကျမ်းနှင့် ရာဇပုံကျမ်း ဒုတိယတွဲတွင် ဖတ်ရှုမိသည်မှာ (၁)သီရိသီဒါဒေဝသျှင်ရသေ့၊ (၂) သီရိသုဓမ္မလင်္ကာရ သျှင်ရသေ့၊ (၃) သီရိခေမာဝရသျှင်ရသေ့၊ (၄) သီရိသုဒိဗ္ဗသျှင်ရသေ့၊ (၅) သီရိသုမင်္ဂလသျှင်ရသေ့ (၆) သီရိရေဝတသျှင်ရသေ့ (၇) သီရိအနောမဒဿီသျှင်ရသေ့၊ (၈) သီရိဒဿီသျှင်ရသေ့ (၉) သီရိပါရှဏ သျှင်ရသေ့ အစရှိသော သုံးကျိပ်သုံးပါးရသေ့တို့သည် ဝေသာလီမြို့တော်၏ ရွှေဘက်ဇော်ဂျီမြောင်းနှင့် ညောင်ချဉ်မြောင်းတို့ဆုံရာ ဥမင်သုံးဆယ်ဆောင်တွင် အုတ်ဂူတစ်ခုစီတို့ဖြင့် သီတင်းသုံးကြရာ ဂန္ဓာရီထွက်ရပ်လမ်းကို ကြိုးစားခဲ့ကြသည်။

ထွက်ရပ်ပေါက်သောအခါ စန္ဒရားမင်းနေပြည်တော်၌ မင်းကိုးဆက်တိုင်အောင် ရတနာမိုးရွာသွန်းသေသည်ဟု အဆိုပါကျမ်းတို့၌ ပါရှိသည်။ တစ်ချို့သော ရသေ့မှာ ဆေးဝိဇ္ဇာဖြစ်ပြီး တစ်ချို့ရသေ့မှာ မန္တန်ဝိဇ္ဇာများဖြစ်ကြသည်ဟု ပါရှိသည်။ ထိုစဉ်အခါ ရတနာမိုးကို ရွာသွန်းစေသော ရသေ့တို့အား ရုပ်တု၊ ဆင်းတု၊ တံဆိပ်ခတ်နှိပ်၍ ပူဇော်ကြသည်ဟူ၏။

သီတင်းသုံးခဲ့သော ဦးမင်တို့မှာလည်း သစ်ပင်ကြီးများ ပေါက်ရောက် ပြိုပျက်ကာယနေ့တိုင်ရှိသေးသည်။ တောင်ကိုဖောက်ထွင်းပြီး အုတ်ဂူများ ပြုလုပ်ထားသည်။ ဤအကြောင်းများကို ရည်ရွယ်၍ (သီရိပါဂုဏ)ဒင်္ဂါးသည် ဝေသာလီဒင်္ဂါးပင်လောဟု ယူဆရပါသည်။ ဒင်္ဂါး၏တစ်ဖက်မျက်နှာတွင် စစ်သူကြီး သို့မဟုတ် ဦးခေါင်းတွင် ဒေါင်းမြီးစိုက်ထားသော ပုဂ္ဂိုလ်တစ်ဦးသည် ပုတီးလုံးကြီး နှစ်ဆင့်ဆွဲလျက် မုတ်ဆိတ်ကြင်စွယ်လုံးရှိသော အသွင်ဖြင့် ဓားအိမ်နှင့်ဓားကို ထုတ်ထားသည်။

ကော်ဇောတစ်ခုတွင် မှီးအုံးမှီ၍ ဘေးထိုင်ထိုင်ကာ ဝဲဘက်လက်တွင် တုတ်တံငယ်တစ်ခုပေါ်၌ ကျီးတစ်ကောင်ကို နားနေစေ၍ စကားပြောနေဟန် ပါရှိသည်။ ဦးခေါင်းတွင် ဇော်ဂျီဦးထုပ်ကို ဆောင်းလျက် ရောင်ခြည်စက်ဝိုင်းကိုလည်း ဝိုင်းထားသည်။ ရောင်ခြည်စက်ဝိုင်းမှ တန်ခိုးသတ္တိရှိသော ပုဂ္ဂိုလ်တို့ကိုသာလျှင် ဖော်ပြလေ့ရှိကြသည်။

ကျောဘက်မျက်နှာတွင် သစ်ပင်တစ်ပင်အောက်၌ ရသေ့တစ်ပါးသည် သင်ဖြူးခင်းလျက် ထိုင်နေသည်။ ကိုယ်ဝတ်၊ ပေါင်းထုပ်၊ လက်ကောက် ဝတ်ဆင်ထားသည်။ လကျ်ာဘက်တွင် ပုတီးတစ်ကုံးစိတ်၍ ပုတီးတစ်ကုံးကို လည်ပင်းတွင် ဆွဲထားသည်။ ရှေ့တူရူတွင် သစ်သားဖြင့် ပြုလုပ်ထားသော (ပါတူကာ)ဖိနပ်တစ်ရံနှင့် (နော်ရာ) ခေါ် ကြေးအိုးငယ်တစ်လုံး၏ ကိုင်းတွင် ကြိုးမျှင်တစ်စချည်၍ ရှိသည်။

ဦးခေါင်းနှင့် သစ်ပင်ကြားတွင် နာဂရီအက္ခရာဖြင့် (ဟီရိပါရှဏ)စာတမ်းငယ်ကို ခတ်နှိပ်ထားသည်။ လကျ်ာဘက်တွင် ပေါင်းထုပ်နှင့် ပုတီးကို ဆင်ယင်ထားသော ရသေ့တစ်ပါးသည် စောင်းတစ်လုံးကို တီးနေဟန်ပုံဖြစ်သည်။ လက်ဝဲဘက်တွင် ပုတီးတစ်ကုံးကို လက်ကောက်သဏ္ဌာန်ဝတ်လျက် လက်ဝဲလကျ်ာဘက် နှစ်ဘက်ဖြင့် သားမြီးယပ်ကိုကိုင်၍ လွှားနေဟန်ဖြစ်သည်။ ဆရာရသေ့အား ခစားနေသော ရသေ့ငယ်များနှင့်သဏ္ဌာန်တူသည်။ အလားတူ ကျောက်ရုပ်၊ ကြေးရုပ်မျိုးတို့သည်လည်း စစ်ကြီးမဖြစ်မီကတွေ့ဖူးမြင်ဖူးသေးသည်။ ယခု ဆရာတော်ကြီးတစ်ပါးထံတွင် ဖော်ပြပါရှိသော ရသေ့သုံးဦးတို့၏ ရုပ်ပုံမျိုးကို စိန်ရတနာအပြားတစ်ခုပေါ်၌ ရေးထိုးလျက် တွေ့မြင်ခဲ့ရသည်။

မလုံခြုံသောနေရာဖြစ်၍ ပုဂ္ဂိုလ်နှင့် နေရပ်ကို မဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

စိန်သားဒင်္ဂါးပင် ဆိုရမည်လော၊ သို့တည်းမဟုတ် ကျေးဇူးရှင် ဆရာတော်ရသေ့အား အမြတ်တနိုး ကိုးကွယ်ခြင်းအလို့ငှာ ထုလုပ်ကိုးကွယ်ခဲ့သည်လောဟူ၍ အမျိုးမျိုး ယူဆနေရပါသည်။ ယခုဖော်ပြပါငွေသားဒင်္ဂါးကိုလည်း ဆရာတော်နှင့် တွေ့စဉ်က ပုံတူ ရေးကူးယူထားလိုက်သည်ကို တစ်ဆင့်ဖော်ပြရခြင်း ဖြစ်ပါသည်။ ဒင်္ဂါးများအကြောင်းကို ဆက်လက်၍ အပတ်စဉ်ဖော်ပြသွားရန် အာသီသပြုပါသည်။

ဦးသာထွန်း
မြန်မာပဏ္ဍိတ်
ရှေးဟောင်းသုတေသနဌာန
မြို့ဟောင်းမြို့။

# မဟာကျိန်ဘုရား သွန်းလုပ်ခြင်း

မဏ္ဍိုင် – ဦးဦးသာထွန်း

ဘေးလောင်းတော် စန္ဒာသူရိယမင်း သွန်းလုပ်ခဲ့သည့် အစီအစဉ်ကိုမှီ၍ မဟာကျိန်ဘုရား သွန်းလုပ်ရန် ပညာရှိသော ပုရောဟိတ်ဟူးရားတို့သည် ပြည်စိုးကြီးအမတ်နှင့် တိုင်ပင်၍ အသင့်မြတ်ဆုံးသော နေ့ရက်အခါတို့ကို တွက်၍ တန်ခိုးကြီးထင်ရှားသော ဘုရား၊ သိမ်တော်စေတီ အနီးဖြစ်စေ သင့်မြတ်သော နေရာတစ်ခုဌ်ဖြစ်စေ၊ ညီညာသော မြေတစ်လင်းကို ပြုလုပ်၍ မြေခဲဖြင့် လိမ်းကျံရသည်။ သဲဖြူသဲနီခင်းရသည်။ အမွှေးနံ့သာ ရတနာခုနစ်ပါး ရေးဆီးပက်ဖျန်းရမည်။ သံဃာတော်အသျှင်မြတ်များကို ပင့်ဖိတ်၍ ဆွမ်းကျွေးရသည်။ ကိုးပါး (ဝါ) ၂၇-ပါးသော သံဃာတော်တို့က ပရိတ်ကမ္မဝါ ရွတ်ဖတ်ရမည်။ ဤကား မြေသန့်စင်ခြင်းတည်း။

ထို့နောက် အရပ်လေးမျက်နှာ ဒေါင်းပန်ကား (ရာဇမတ်ကာ)၍ စည်းသုံးတန် ပိတ်ရမည်။ အတွင်းစည် ရာဇမတ်အတွင်း၌ အပြစ်ကင်းသော ကံ့ကော်၊ ချရား၊ ပိန္နဲစသည့် နံ့သင့်သစ်တိုင်နှစ်တိုင်ကို သစ်စေးကိုင်၍ ရွေချပြီးလျှင် အရပ်ရှစ်မျက်နှာ၌ နေ့နံ့အလိုက် ပြိုဟ်တိုင်နှစ်တိုင် စိုက်ထူရမည်။ အညွန့်ရှင်မင်းယောကျ်ားသာ စိုက်ရမည်။ လဲပြိုခြင်း မရှိစေရ၊ ရင်းဖျား မမှားစေရ၊ နေ့နံ့နှင့် ပြိုဟ်တိုင် မမှားစေရ။ ရာဇမတ်အတွင်း အလယ်ဗဟိုတွင် မဟာကျိန်ဘုရားသွန်းလုပ်ရန် လုံအိုးသစ်၊ မီးဖိုသစ်၊ အသင့်ထားရှိစေရမည်။ ရွှေဖျဉ်၊ ငွေဖျဉ် မိုးကာထားရမည်။ မဏ္ဍာပ်ထိုးရမည်။ ယင်းမဏ္ဍာပ်အတွင်း ရတနာများကို ထားရမည်။ နံ့သာစသော အမွှေးအကြိုင် ထင်းနှင့်မီးသွေးများကို ထားရှိရမည်။

ရေစင်ရေအိုး ကိုးလုံး၊ ထီးဖြူကိုဆောင် ဂြိုဟ်တိုင်ရှစ်တိုင် တစ်ခုစီမိုးပြီး ထီးဖြူတစ်လက်ကို အလယ်တွင် ဖြန့်မိုးထားရမည်။ တံခွန်ကုက္ကား မုလေးပွားစသော ရွှေပန်းငွေပန်း မွှေးကြိုင်ပန်းများ ထိုးစိုက်ထားရမည်။ ရာဇမတ်ကာရံထားသော စည်းသုံးတန်မှာ အသီးဖြင့် ပြည့်စုံစေသော ငှက်ပျောပင်စိုက်ရမည်။ (အားလုံး (၁၂)ပင် စိုက်ရမည်) အတွင်းရာဇမတ် ပတ်လည်တွင် ပိတ်ဖြူကာရံပြီး အပြင်ရာဇမတ်နှစ်ထပ်တွင် ဖျင်နီကာထားရမည်။

(ပိတ်နီ)။ နေ့၊ နက္ခတ်၊ တာရာ၊ နာရီ၊ အချိန်ကိုက်ညီသည်နှင့် တစ်ပြိုင်နက် သီလမြဲသော ဟူးရားဖြူ လေးယောက်၊ ဟူးရားညိုလေးယောက်တို့သည် သန့်စင်သော အဝတ်ဖြူကိုဝတ်ဆင်၍ ပတ္တမြားစီသော လက်ျာရစ် ခရုသင်းကိုင်ပြီးလျှင် ရာဇမတ်ကွင်းရှိ တိုင်ရှစ်တိုင်၌ တုပ်ကာ အခါစေ့သည်ဟု အချက်ပြသည်နှင့် တပြိုင်နက် ခရုသင်းမှုတ်ခြင်း၊ ဂြိုဟ်စောင့်နတ် စတုလောကပါလနတ်၊ သာသနာစောင့်နတ်၊ ပြည်တော်စောင့်နတ်၊ အာကာသစိုးနတ်၊ ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်တို့ကို ပင့်ခေါ်ရမည်။ ထို့နောက် ဩမ္မာဇေယျဂါထာတော်၊ သရဏာသီရိသျှိနွှဘူမိဇာလဂါထာတော်နှင့် တစ်ခြားဂါထာတော်များနှင့် မန္တန်တော်များကို ရွတ်ဖတ်ရမည်။

ယင်းအချိန်အတွင်းမှာပင် ဘုရားသွန်းမည့် ပန်းပု၊ ပန်းတည်း၊ ဆရာတို့သည် သီလဆောက်တည်ကာ ဝတ်ဖြူစင်ကြယ်ဝတ်ဆင်လျက် စန္ဒကူးသားထင်းကို မီးမွှေးရသည်။ ရာဇမတ်ကာရံထားသော စည်းအတွင်းသို့ အခြားလူများ မဝင်စေရ၊ ကိုးရက်တိုင်တိုင် စည်းအတွင်းမှာ နေရမည်။ စည်းအတွင်းမှ လူများသည် ကိုးရက်တိုင်တိုင် အပြင်သို့ မထွက်ရ၊ အစာရေစာအပြည့်နှင့် နေရမည်။ စည်းအတွင်းမှလူများ သီလမြဲရမည်။ အပြင်လူ အတွင်းသို့ ထွက်ဝင်ခြင်း မပြုရအောင် သူရဲသူခက်တို့ စောင့်ကြပ်ရမည်။ ထက်ဝန်းကျင်အရပ်များက လူတို့ကို စောင့်ကြပ်ရမည်။

ဟူးရားဖြူ၊ ဟူးရာညို၊ ပန်းပု၊ ပန်းတော့ဆရာတို့ စားသောက်ရန် အလယ်စည်းအတွင်း ပြင်ဆင်ဖြည့်ထားပြီး ဖြစ်သည်။ ကိုယ်လက်သုတ်သင်ရန် အပြင်စည်း၌ ပြုပြင်ထားရသည်။ လိုအပ်သမျှ စားသောက်ရန် အစားအစာများကို အပြင်စည်းမှ ကမ်းပေးရမည်။ ဟူးရားဖြူ၊ ဟူးရာညိုတို့က ဂါထာများ ရွတ်ဆိုကျူးရင့်နေစဉ် ပန်းပု၊ ပန်းတည်းဆရာကြီးများသည် သန့်စင်သော လုံအိုးကိုသန့်စင်သော မီးဖိုနှင့် စန္ဒကူး နံ့သာထင်းများဖြင့် ရတနာများကို ကျိုချက်ရမည်။

အရည်သွက်သွက်လည်း၍ ကျိုရမည်၊ ညဘက်တွင် မီးငြိမ်းထားရမည်၊ ရတနာ ကျိုသောအိုးကို မီးဖို၌ တင်ထားရမည်၊ မီးကို ရေဖြင့် မငြိမ်းရ၊ အလိုအလျောက်သာ ငြိမ်းစေရမည်။

နောက်တစ်နေ့မနက် အရုဏ်တက်ချိန်တွင်လည်း ရှေ့ကကျိုသော မီးထင်း မီးဖို များကို ပြန်လည်ပြီး အစီအစဉ်အကျ ဆက်လက်လုပ်ကိုင်ကြရမည်၊ (၉)ရက်မြောက်သော အခါ ပန်းပုဆရာကြီးများသည် ကျိုထားသောရတနာတို့ကို အချိန်ကောင်း အခါကောင်း ရွေးပြီး အချိန်မှန်စွာ ထည့်လောင်းသွန်းလုပ်ကြရသည်။

ဘုရားရုပ်တုများကို အရှေ့ဘက်သို့ မျက်နှာပြုပြီး သွန်းလုပ်ရမည်၊ သွန်းလုပ်နေ စဉ် ဟူးရားဖြူ ဟူးရားညိုတို့က ဂါထာမန္တန်များ ရွတ်ဆိုကျူးရင့်နေရမည်၊ ရွှေပေါက် ပေါက်၊ ငွေပေါက်ပေါက်ဖြင့် ကြဲဖြန့်ပြီး အနေကဇာတိ သံသာရံစသောဂါထာများကို ကျူးရင့်ရွတ်ဆိုကြရသည်။

## မဟာကျိန်ဘုရားပုံတော်

မဟာကျိန်ဘုရား၏ပုံတော်မှာ ခြေချက်၊ ခြေထပ်၊ ပလ္လင်ခွေ နှစ်မျိုး ရှိသည်၊ နန်း တက်ဘိသိက်ခံမည့် ဦးသျှောင်၊ မဏိ၊ စလွယ်၊ ဗောင်းနားတောင်း၊ လက်ကောက်၊ လက် ကြပ်စသည်တို့ စုံလင်စွာ ပါရသည်၊ လည်ပင်းမှာ အရေးသုံးကြောင်း ရှိရမည်၊ နားပန်တော်ပါရမည်၊ နားတော်နှင့် ပခုံးမထိရ၊ နားတောင်းတွင်လည်း ဘုရင်ဝတ်မည့် နားတောင်းမျိုးကိုသာ ဝတ်ဆင်ရမည်၊ ပလ္လင်ခြေမှ ခြေချက်လျှင် (ဖြဇသနမုဒြပုံ)၊ ခြေ ထပ်လျှင် (ပဒင်္သနမုဒြပုံ) ဖြစ်သည်၊ လက်နှစ်ဖက်ကို ပလ္လင်ခွေပေါင်မှာ တင်၍ ဖြန့် ထားပြီးလျှင် တပ်ထားသည်၊ လက်မနှစ်ချောင်းကို ထောင်၍ထိထားသည်၊ လက်ဝါး အလယ်တွင် အမြိုက်အိုး (ဝါ) ပန်းအိုးနှင့်ပန်းစိုက် (ဝါ) ရတနာရွှေခွက် (ဝါ) ရတနာ ရွှေအိုးတို့ တင်ထားသည်၊ သစ္စာအဓိဋ္ဌာန်ပြုနေသောပုံ ဖြစ်သည်။

တချို့ဆင်းတုတော်၏ ညာဘက်လက်တော်ကို ညာဘက်ဒူးတော်၌တင်လျက် လက်ညှိုးတော်ကို အနည်းငယ်ကျို့လျက် မဟာပထဝီမြေကြီး သက်သေပြုနေပုံ (ဘူမိ ဖဿမုဒြ)(ဝသုန္ဓရမုဒြ)ပုံ ဖြစ်သည်၊ မြေကြီးကို တိုင်တည်သက်သေပြုနေပုံ ဖြစ်သည်။

အချို့ဆင်းတုတော်မှာ လက်ဝါးတော် နှစ်ဖက်စလုံးဖြင့် လက်ဝါးတော်နှစ်ဖက်ကို ထပ်ထားပြီး ညာလက်ကို ဘယ်လက်မှတင်၍ ရွှေခွက်ကို တင်ပြီး သစ္စာပြုနေပုံ

(သက္ကမ္မအတ္တမုဒြ) ဖြစ်သည်။ တချို့က (သုဝဏ္ဏကမ္မမုဒြ)ဟု ဆိုသည်။ သစ္စာအဓိဋ္ဌာန်မြှုပ်ပုံ ဖြစ်သည်။

မဟာကျိန်းဆင်းတုတော်၏ ပလ္လင်မှာ များသောအားဖြင့် ပဒုမ္မာကြာပွင့်ပုံသဏ္ဌာန်ဖြစ်သည်။ တချို့မှာလည်း ပလ္လင်ပုံအမျိုးမျိုး မိမိနှစ်သက်ရာအတိုင်း ခေတ်သင့်နံ့သင့်မြှုလုပ်ကြသည်။

ဆင်းတုတော်၏အရွယ်အစားမှာ ရာဇဘိသေက ဘိက်သိက်ခံမည့် မင်း၏ ဆန္ဒတော်အတိုင်း ခေတ်နှင့် ခေတ်ကိန်းဆင်၍ ခေတ်သင့်နံ့သင့် တိုင်းတာရသည်။ တစ်ဆုပ်၊ တစ်မိတ်၊ တစ်တောင်၊ တစ်လီစသည်ဖြင့် ထုလုပ်ရသည်။ ယင်းထက်ပို၍လည်း ထုလုပ်သည်။

ဆင်းတုတော်ကို တွေ့ရှိလျှင် မဟာယနဂိုဏ်းဝင်တို့က အကြောင်းမသိ၍ ဗောဓိသတ္တ(ဘုရားလောင်းပုံ)ဟု ဆိုကြသည်။

ရမ္မာဝတီမဂ္ဂဇင်းအမှတ်(၂)
၁၉၉၃-၉၄၊ ဝေဖော်ဝါရီလ

# ရခိုင်
# ဂိုဏ်းရှစ်ပါး

**ဦးဦးသာထွန်း**

ကမ္ဘာပေါ်တွင် လူမျိုးအသီးသီးတို့တွင် စာပေရှိကြသည်။

ရခိုင်တို့မှာလည်း ဓညဝတီခေတ်မှစ၍ စာပေရှိခဲ့ကြောင်း သမိုင်းမှတ်တိုင်နှင့် ရုပ်ကြွင်းများက ဖော်ပြနေပေသည်။

ယင်းသို့ ရှိရာတွင် ဘာသာရေးစာပေနှင့် လူမှုရေးစာပေဟူ၍ ၂-ရပ် ဖြစ်ပေါ်လာသည်။

ဘာသာရေးစာပေမှာ ပါဠိနှင့်သက္ကတဘာသာ အရေးအသားတို့သည်လည်း နီတိကျမ်းရင်းကြီးတို့၏ သက္ကတဘာသာမှ တိုင်းရင်းဘာသာသို့ ရောက်ရှိလာကြပေသည်။

တိုင်းရင်းသားဘာသာတွင် မိမိတို့ လူမျိုးစုအလိုက် ဘာသာဝေါဟာရစကားအတိုင်း စာပေတို့ကို ပြုစုလာကြသည်။

ယင်းစာပေတို့တွင် စာသံပေသံနှော၍ ရေးခြင်း၊ စကားပြောသံနှော၍ ရေးသားခြင်း စသည်တို့ ရှိကြပေသည်။

ဤသို့လျှင် စာပေတွင် အဓိကစာပေဟူ၍ ၂-မျိုး ဖြစ်ထွန်းလာသည်။

(၁) ရိုးရိုးစကားပြေစာပေ (၂) ကဗျာစာပေဟူ၍ ပေါ်ထွန်းလာသည်။

ဇာတ်တော်၊ နိပါတ်တော်၊ ဝတ္ထု၊ အဖြစ်အပျက် သမိုင်းရာဇဝင်စသည်တို့ကို များသောအားဖြင့် စကားပြေနှင့် ရေးလေ့ရေးထ ရှိကြသည်။

သို့ရာတွင် ပညာရှိအချို့တို့သည် စကားပြေ စာပေကို သိလွယ်၊ မှတ်လွယ်၊ ကျက်လွယ်အောင် စာဖြင့်တစ်မျိုး၊ နားသောတအာရုံ၌ သာယာငြိမ့်ညောင်းစေရန် တစ်မျိုး၊ ဂဏန်းသင်္ချာအမှတ်အသားတို့ကို လွယ်ကူစွာ မှတ်သားနိုင်ရန် တစ်မျိုး၊ တောဖွဲ့၊ တောင်

ဖွဲ့၊ လမ်းဖွဲ့၊ ပြည်ဖွဲ့၊ မြို့ဖွဲ့စသည်ဖြင့် အမျိုးမျိုးသော ကဗျာလင်္ကာစသည်တို့ကို စတင်ဖွဲ့ခဲ့ကြလေသည်။

ရခိုင်တို့တွင် မည်သည့်အချိန်မှစတင်၍ ကဗျာဖွဲ့ခဲ့ကြသနည်းဟူ၍ ဆန်းစစ်ရန်လိုနေပေပြီ။

ရှိုးရှိုးစာပေ အရေးအသားကို ဓညဝတီခေတ် တောင်ပေါက်ကြီးကျောက်စာမှ စတင်တွေ့ရှိရသည်။

ယင်းစာမှာ ဗြဟ္မီအက္ခရာပါဠိဘာသာ ဖြစ်နေသည်။

ဝေသာလီခေတ်ကျောက်စာတို့တွင်လည်း ဗြဟ္မီပွားအက္ခရာ ပါဠိနှင့် သက္ကတဘာသာဖြစ်နေသည်။

ဥတ္တမကိန်း (၅၆၀) ဖြိုးသော သီရိရာဇာမင်းလက်ထက်မှစ၍ ရှိုးရှိုးအရေးအသားကိုတွေ့ရှိရသည်။

ဇင်းစကားပြေ၌ မိမိတို့ကိုးကွယ်လာသော ဗုဒ္ဓဘာသာသာသနာတော်တို့၏ ဆင်းသက်ပုံ၊ သက္ကရာဇ် ဖြိုခွင်းပုံများကို ဆိုထားသောလင်္ကာ ဖြစ်သည်။

အထူးသဖြင့် ပိဋကတ်တော်များကို ကြေးနီပြားများပေါ်၌ ရေးထိုးထားခဲ့သောအကြောင်းအရာများကို မှတ်တမ်းတင်ထားသော မော်ကွန်းဖြစ်ပေသည်။

ယင်းပြီးနောက်မှ သီရိစန္ဒရား၏သားတော် သိင်္ဂစန္ဒရားမင်းသားသည် အနောက်ပြည်သို့ စစ်ချီရာ၌ ၃-နှစ်တာ ကြာလွန်းနေသဖြင့် မျောက်သားတော် စောပြည့်ညို(ခေါ်) သုဝဏ္ဏဒေဝီ (သုဝဏ္ဏပပါ)ဖွဲ့ဆိုသော (သိမ်ကန်မိန်တွင် ၁၂-ခွင်သို့ အစချီသည့်ရှန်းလိုက်ရတုပိုဒ်စုံ ၃-ပုဒ်ကို တွေ့ရသည်။

ယင်းနောက် သုဝဏ္ဏဒေဝီပြုစုခဲ့သော (ကဝိကဏ္ဍပါသန)နှင့် (ကဝိကန္တ)ကျမ်းနှစ်စောင်ကို တွေ့ရှိရသည်။ ယင်းကျမ်းနှစ်စောင်ကို ပြုစုသောအကြောင်းရင်းကို တစ်စိုးတစ်စိ ဖော်ပြပါမည်။

အိန္ဒိယပြည်မှ ကဗျာ့ဝိဒူ အကျော်အမော်ဖြစ်တော်မူသော ကာလီဒါသဆရာကြီးပြုစုစီရင်သည့် ကဗျာ့ကျမ်းရင်းကြီး ၁၂-ကျမ်းတို့တွင် (သုတဗောဓ) (သက္ကတ ဘာသာဖြင့်) သျှတဘောဓအမည်ရှိသော ကဗျာကျမ်းရင်းသည် ရခိုင်ပြည် နယ်မြေသို့ သီရိစန္ဒရားမင်းလက်ထက်က ဝင်ရောက်လာပေသည်။

မူလသက္ကတကျမ်းရင်းကို ရက္ခဝဏ္ဏအက္ခရာဖြင့် သက္ကတအသံရောနှော တစ်ဆင့်ဘာသာပြန်ယူခဲ့လေသည်။

ယင်းကျမ်းသည် ကဗျာကျမ်းရင်းကြီးဟု ဆိုပင်ဆိုညားသော်လည်း ပေတစ်အင်္ဂါသာ ရှိသည်။

သက္ကတဘာသာတစ်ပုဒ်ကို တိုင်းရင်းသားဘာသာအနက်ဖွင့်၍ ပြန်ဆိုထားသည်။

တစ်ပိုဒ်စီတစ်ပိုဒ်စီတို့တွင် ကဗျာလင်္ကာတို့၏ မယ်တော်ဟူ၍ ပညာရှိများ သမုတ်အပ်သော သူရဿတီနတ်မင်းသမီးအား ဖွဲ့ဆိုထားသော ကဗျာဖြစ်သည်။

သူရဿတီနတ်မင်းသမီး၏ ဦးခေါင်းဆံဖျားမှ ခြေဖဝါးတိုင်အောင် ခန္ဓာကိုယ်တစ်ကိုယ်လုံးသည် အလွန်လှပကြောင်း၊ ရှုချင်စဖွယ်ရှိကြောင်း စိတ်အာရုံတရားတို့ နူးညွတ်ပျော့ပျောင်းလာအောင် ဖွဲ့နွဲ့သီကုံးရေးသားထားသည်။

ယင်းသို့ဖွဲ့နွဲ့သီကုံးရေးသားထားသော်လည်း ရိုးရိုးသားသားဖတ်မိလျှင် ရိုးရိုးစာပေနှင့် ရိုးရိုးအဓိပ္ပာယ်သာ ထွက်နေသည်။

ယင်းသို့ကားမဟုတ်၊ ဂါထာတစ်ပိုဒ်စီ တစ်ပိုဒ်တို့၏အနက်သဘောကို သရုပ်ပြဖွင့်ဆိုလိုက်သောအခါ ယင်းစာသားတို့၏အထဲတွင် အလွန်တရာနက်နဲသိမ်မွေ့လှစွာသော ကဗျာကျမ်းရင်းကြီးများတို့၏ဆိုလိုရင်း အဓိပ္ပာယ် ပါဝင်နေသည်။ ဤကျမ်းကို ညို၍ သုဝဏ္ဏဒေဝီသည် ကဗျာစီကုံးခြင်းအတတ်ပညာကို ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုသင်ကြားနိုင်ကြစေရန် ရည်သန်သောစိတ်ထားဖြင့် အဆိုပါ (ကဝိကဏ္ဌပါသန)ကျမ်းနှင့် (ကဝိဂန္ထကျမ်း)နှစ်စောင်ကို ပြုစုခဲ့လေသည်။

ယင်းကျမ်း၏အကြောင်းကို မြောက်ဦးမြို့တော်ဝယ် သက္ကရာဇ် ၇၉၂-ခု ထီးတည်နန်းတည် ဖြစ်တော်မူသော နရမိတ်လှစောမွန်၏ ညီတော် နရနုမင်းစောမွန်အား ရခိုင်သီလဝံသ ဆရာတော်က သင်ကြားပြသကြောင်း ပါရှိပေသည်။

ထို့ကြောင့် ယင်းကျမ်းများသည် အဆင့်ဆင့် ကူးယူကြခြင်းအားဖြင့် မျက်မှောက်ခေတ်ထိ တည်ရှိနေပေသေးသည်။

ယနေ့ထိ ယင်းကျမ်းမူရင်းများကို ပေမူ၊ ပုံနှိပ်၊ စာကူးမူ၊ လက်နှိပ်စက်မူစသည်တို့ဖြစ်ကြသည်။ ပေမူတို့မှာ နိုင်ငံတော်စာကြည့်တိုက်မူ မန္တလေးခင်မကန်တိုက်မူ၊ စစ်တွေစံရွှေဘုမှ၊ မြောက်ဦး ဦးသာထွန်းအောင်မူနှင့် တခြားစာကြည့်တိုက်၊ ဘုန်းတော်ကြီးကျောင်း၊ သုတေသီများထံတွင် မြောက်မြားစွာ ရှိနေသည်။ ပုံတူကူးမူမှာ ဆရာမင်းသုဝဏ်မူနှင့် ဆရာကြီး ဦးစံသာအောင်မူတို့ ဖြစ်ကြသည်။ လက်နှိပ်စက်နှင့် ဖယောင်းစက္ကူဖောက်ကူးသောမူတို့မှ သုတေသီအချို့တို့ထံ၌ တွေ့ရသည်။

ကြီးစာပေ

## ၉၅ ဦးဦးသာထွန်း(ရခိုင်မြန်မာပဏ္ဍိတ်)

ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်တွင်လည်း ပေမူအများအပြား တွေ့ရသည်။ ဤတွေ့ရှိဖတ်ရှုခဲ့ရသောကျမ်းတို့မှာ (ကဝိကဏ္ဌပါသနကျမ်း)များသာ ဖြစ်နေသည်။ 'ကဝိဂန္ထုကျမ်း'ကို မတွေ့ရှိပေ။ မြောက်ဦးမြို့ ရာဇဝင်ဆရာကြီး ဦးသာထွန်းအောင် စုဆောင်းခဲ့သော ပေမူများတွင်သာ မစုံမလင်သော (ကဝိဂန္ထုကျမ်း)တစ်ပိုင်းတစ်စကို တွေ့ရသည်။ ယင်းကဝိဂန္ထုကျမ်းရှိခဲ့ကြောင်းကိုလည်း မြန်မာတို့၏စာပေ ဘိုးဘေးဖြစ်တော်မူသော ပုဂံဝန်ထောက်မင်း ဦးတင်ပြုစုခဲ့သော (ကဗျာဗန္ဓသာရကျမ်း)တွင် အတိအလင်းဆိုထားသည်။ ယင်းကြောင့် အကျွန်ုပ်၏လက်တွင် တစ်ပိုင်းတစ်စသာရှိသော (ကဝိဂန္ထုကျမ်း)ကို အသေအချာဖတ်သောအခါ ကဗျာစပ်ဆိုရာတွင် အရေးကြီးသည့် လင်္ကာတစ်ပုဒ်ကို စုံလင်စွာ တွေ့ရှိရပါသည်။ ယင်းလင်္ကာဆုံးပြီးနောက် နောက်လင်္ကာတို့၌လည်း ကဗျာသီကုံးရာတွင် လိုက်နာဆောင်ရွက်ရမည့် စည်းကမ်းများ၊ နည်းလမ်းတို့ကို ညွှန်ကြားဖွင့်ဆိုထားပါသည်။ အလွန်ရှည်လျားသွားမည်စိုး၍ ပထမပိုဒ်လင်္ကာကိုသာ တင်ပြရပါမည်။

### လင်္ကာမူရင်း

ကဝိကဏ္ဌ၊ ကျမ်း၌ပြသား
အယင်ကခါ၊ ပြည်ညောဝယ်
ဝယ်သာနန်းမ၊ ရဇတန္တိုက်
ဝဏ္ဏပပါ၊ ကညာမယ်ယျ
အလှသဇင်၊ တသလျှင်သည်
မြင်ရအာရုံ၊ စွဲတုံ့သတ
ဂိုဏ်းရှစ်ဝဖြင့်၊ ဖော်ပြပြီးခါ
ပပါမည်ရ၊ သုဝဏ္ဏသည်
ငယ်ကကျွမ်းကို၊ လွမ်းဘွဲ့ဆို၍
တမ်းသတည်း။ ။

ဤလင်္ကာကိုဖတ်ရှုသောအခါ ကဗျာ၏ဆိုလိုရင်းမှာ သုဝဏ္ဏဒေဝီသည် မြောက်သားတော် သိင်္ဂစန္ဒရားအား 'သိမ်ကန်မိန်တွင်' အစချီသောရတုဖြင့် အလွမ်းမပြေသေးဟန် ပီပီ ထီးနန်းကိုရပြီး မိဖုရားအဖြစ်ဖြင့် စံစားတော်မူစဉ် ဤကျမ်းကိုပြုစုသည်။

ကျမ်းပြုရာတွင် မြောက်သားတော် သိင်္ဂစန္ဒရာအား 'သိမ်ကန်မိန်တွင်' အစချီသော ရတုဖြင့် အလွမ်းမပြေသေးဟန်ပီပီ ထီးနန်းကိုရပြီး မိဖုရာအဖြစ်ဖြင့် စံစားတော်မူစဉ် ဤကျမ်းကို ပြုစုသည်။

ကျမ်းပြုရာတွင် မြောက်သားတော် သိင်္ဂစန္ဒရားအား အလွမ်းဘွဲ့ဆို၍ တမ်းတကြောင်း ယင်းသို့ တမ်းတရာတွင် ဂိုဏ်း ၈-ပါး ရေးနည်းကိုပါ ထည့်သွင်းစပ်ဆိုထားသည်။ မိမိ၏ ငယ်မည် စောပြည့်ညိုမှတစ်ဆင့် မိဖုရာအဖြစ်သို့ ရောက်ရှိသောအခါ ဖေါ်ဆိုသော ဘွဲ့ထူး၊ ဂုဏ်ထူးအမည်ကိုလည်း ဖြည့်စွက်ဆိုထားသည်။

(၁) သုဝဏ္ဏဒေဝီ

(၂) သုဝဏ္ဏပတာ

(၃) သုဝဏ္ဏပဘာ

စသည်ဖြင့် ကဗျာ၏ကာရန်ကို လိုက်လျောညီစွာ ဖွဲ့ဆိုထားခဲ့လေသည်။

အစဦးချီခဲ့သော လေးပါဒသည် ကဗျာ၏အချီးစကား ဖြစ်သည်။ နောက်ဦးဖွဲ့ထားသော ငါးပါဒသည် ကဗျာ၏ နိဂုံးဖြစ်ပြီး မြောက်သားတော် သိင်္ဂစန္ဒရားကို ယနေ့ထိ လွမ်းထ၍မကုန်သေးယောင်ယောင် ဖွဲ့ဆိုထားခြင်း ဖြစ်သည်။

အလယ်မှ ၈-ပါဒသည် ဂိုဏ်း ၈-ပါးရေးနည်းကို မိမိဘဝဖြစ်ကြောင်းဖြင့် ဖွဲ့ဆိုတင်ပြထားသည်။ ကဗျာအဆုံး၌ ရတုကဗျာချနည်း ၂၅-ပိုဒ်တို့တွင် တစ်ပါးအပါအဝင်ဖြစ်သော 'အာသာဝတီဝတ်ဆံချနည်း' ဖြင့် အဖျား (၁၁)လုံးချထားသည်။

ထို့ကြောင့် ကဗျာပိုဒ်ငယ်သည် တိုတောင်းလှသော်လည်း ရခိုင်အမြုတေအစစ်အနှစ်သာရကြီးတစ်ခုဟု ဆိုထိုက်ပေသည်။ ။

အင်းစောက်ဇယားတွင် ဣဋ္ဌဂိုဏ်းနှင့် အနိဋ္ဌဂိုဏ်းဟူ၍ ဂိုဏ်းကောင်း ဂိုဏ်းဆို ၂ခု ရရှိလာပေသည်။ ယင်း ၂-ဂိုဏ်းတို့တွင် ဂဏန်းအက္ခရာတို့လည်း ပေါ်ထွက်လာပေသည်။

ကဗျာနှင့် စာကောင်းပေကောင်း ရေးသားလိုသူတို့သည် ဂိုဏ်းဆိုးကိုပယ်၍ ဂိုဏ်းကောင်းကို ရရှိအောင် ရေးရမည်ဟု ဆိုပါသည်။ အင်းစောက်ဇယားကို ဖတ်ရှုခြင်းအားဖြင့် ကဗျာလင်္ကာစပ်နည်းများကို ကျမ်းဂန်များလာသည့်အတိုင်း ဆရာကြီးများထံတွင် သင်ကြားဖူးသောပုဂ္ဂိုလ်တို့အဖို့မှုကား လွယ်ကူစွာ သိရှိနားလည်နိုင်ပါမည်။ တစ်ကြိမ်တစ်ခါမျှ မသင်ကြားခဲ့ဖူးသူတို့ကား နားလည်နိုင်ရန် ခဲယဥ်းနေပါလိမ့်မည်။

ယင်းကြောင့် အနည်းငယ်ဖော်ပြပါဦးမည်

ယခုသင်ကြားနေကြသည့် ဗျည်း ၃၃လုံးတို့တွင် 'က'အစ 'အ'အဆုံးအထိ အက္ခရာတို့ကို ရွတ်ဆိုလိုက်သောအခါ အသံတစ်ခု ထွက်ပေါ်လာသည်။

ယင်းအသံ၏ အချိန်ကာလအပိုင်းအခြားကို ပညာရှိတို့က သတ်မှတ်ထားသည်မှာ တစ်မကြာစီရှိ၏ဟု ဆိုသည်။ ၎င်းဗျည်းတစ်လုံးစီတွင် သရတစ်လုံးစီ တွဲလိုက်သောအခါ နှစ်မကြာနှင့် နှစ်မကြာထက် လွန်သောအသံရှိ၏ဟု ဆိုသည်။

တစ်မကြာရှိသောအသံကို (ရသ)အသံဟုဆို၏။ နှစ်မကြာနှင့် အလွန်ရှိသောအသံကို (ဒီဃ)အသံရှည်ဟု ဆိုသည်။ အသံအကြောင်းသည် အလွန်ကျယ်ဝန်းသည်။ ဂိုဏ်းရွေးနည်းအသံကိုသာ ဖော်ပြပါမည်။

ရသအသံရှိသော တစ်မကြာအသံဟူသောအချိန်ကာလကို ရှေးပညာရှိတို့က လက်ဖျစ်တစ်တွက်၊ မျက်တောင်တစ်ခတ် ကာလမျှ ကြာသည့်အချိန်ဟု ဆိုသည်။

နှစ်မကြာ (ဒီဃ)အသံကို အချိန်ကာလအားဖြင့် တံတွေးတစ်ပစ်၊ နွားနို့တစ်ညှစ် အချိန်ကြာသောအသံဟု ဆိုသည်။ ဤသို့ဆိုထားခြင်းဖြင့် လိုက်လျောညီစွာ ကဗျာတစ်ပိုဒ်စီကို ဂဏန်းအားဖြင့် ဖွဲ့လိုက်သောအခါ (ဝယ်သာနန်းမ) ဝယ်-၂+သာ-၂။ နန်း-၂-၂၂၂ဟူ၍ ရရှိလာပေသည်။

နောက်ဆုံး၌ပါရှိသော မအက္ခရာသည် ဂိုဏ်းအမည်ဖြစ်သည်။ ထို့ကြောင့် မဂိုဏ်း၊ နဂိုဏ်း၊ ဘဂိုဏ်းယဂိုဏ်းတို့သည် ဣဋ္ဌဂိုဏ်း၊ ဂိုဏ်းကောင်း ၄-ဂိုဏ်းမည်၏။ ဇဂိုဏ်း၊ တဂိုဏ်း၊ ရဂိုဏ်း၊ သဂိုဏ်းများသည် အနိဋ္ဌဂိုဏ်းဆိုး ၄-ဂိုဏ်းမည်၏။

ထို့ကြောင့် ရှေးပညာရှိကြီးတို့သည် ရတု၊ ရကန်၊ အေန်၊ သီချင်းစသော ကဗျာတို့ သီကုံးရာတွင် ကျက်သရေမင်္ဂလာအပေါင်းဖြင့် ပြည့်စုံသော ကဗျာလင်္ကာများကို ဣဋ္ဌဂိုဏ်းဖြင့်သာ သီကုံးကြလေသည်။

အနိဋ္ဌဂိုဏ်းနှင့် သီကုံးကြသည်လည်း ရှိပေသည်။ အကြင်အခါ၌ မကောင်းသောအ မင်္ဂလာယတြာ၊ မတြာစသည် ဓာတ်ပြောင်း၊ ဓာတ်ပြန်စီကုံးရမည့် နေရာတို့တွင်သာ အနိဋ္ဌဂိုဏ်းကို မလွဲမရှောင်သာ၍ သုံးစွဲခဲ့ကြသည်ကို တွေ့ရှိခဲ့ရပေသည်။ ကဗျာစာပေအဖြစ်မှ ဂီတစာပေအဖြစ်သို့ စီကုံးမည့်ပညာရှင်များသည် ၃-မကြာမှ ကျော်လွန်သော (မလုတ)အသံဖြင့် စီကုံးကြရသည်။

ယင်းအသံကို အသံလွန်ဟူ၍ဆိုသည်။ ရှည်လျားမည်စိုး၍ ဤမျှနှင့် ရပ်တန့်ပါရစေ။ သို့ရာတွင် ရှေးပညာရှင်ကြီးများ စီကုံးခဲ့ကြသော ဥပမာ၊ ဥပမေယျအနည်းငယ်ကို တင်ပြပါဦးမည်။

လောကသာရအစပိုင်း၌ (ကြားဘိသူမြတ်-၂၂၂)၊ ရခိုင်ရာဇဝင်အစပိုင်း၌ (ဇေယျာအောင်ထွန်း)၊ လက်ဝဲသုန္ဒရရတု၌ (မဲဇာတောင်ခြေ ၂၂၂)၊ သုဝဏ္ဏဒေဝီရတု၌ (သိမ်ကန်မိန်တွင် ၂၂၂)စသည်တို့ကို တွေ့ရှိရပေသည်။

ဤနည်းနှင့် ရှေးပညာရှိကြီးများ စပ်ဆိုသော ကဗျာတို့၏ အစတို့သည် ဏ္ဍဂိုဏ်းကို များစွာသုံးစွဲရေးစပ်ခဲ့ကြောင်း တွေ့ရပါသည်။ အဘယ့်ကြောင့်ဆိုသော်- ဏ္ဍဂိုဏ်းတွင် ပထမဂိုဏ်းဖြစ်သော မဂိုဏ်း (မတ်၊ဘုံ၊ ဇေ)ဟု ဆိုထားသည်။ အဓိပ္ပာယ်မှာ မတ်မဂိုဏ်းသည် ဘုံ-ဘုမ္မစိုးနတ်စောင့်၏ ဇေဇေဌနက္ခတ်နှင့် ယှဉ်၏။

ထို့ကြောင့် ဘေးအန္တရာယ်ကင်းရှင်းအံ့၊ ချမ်းသာရအံ့။ မင်းနှင့်တကွ လူနတ်တို့ ချစ်ခင်အံ့။ စီးပွားဥစ္စာရတနာ တိုးတက်အံ့ဟူ၍ ဖွင့်ဆိုထားပါသည်။

ယင်းကြောင့် ရှေး ပညာရှင်ကြီးများသည် မဂိုဏ်းကို အလေးဂရုပြု၍ စပ်ဆိုခြင်းဖြစ်ပါသည်။ စာပေနှင့်ကဗျာဝါသနာရှင်များအား ဤဆောင်းပါးဖြင့် ဂုဏ်ပြုပါ၏။

## ကဗျာအဆို ဂိုဏ်း စပါး ရေးပုံ

| စဉ် | ဂိုဏ်းဆိုအက္ခရာ | မတြာ | ဂိုဏ်း | ဏ္ဍနှင့်အနိဋ္ဌ |
|---|---|---|---|---|
| ၁။ | ဝယ်သာနန်းမ | ၂၂၂ | မ) | |
| ၂။ | ရဇတန္ထိုက် | ၁၁၁ | န) | ဏ္ဍဂိုဏ်း |
| ၃။ | ဝဏ္ဏပဘာ | ၂၁၁ | ဘ) | ဂိုဏ်းကောင်း |
| ၄။ | ကညာမယ်ယျ | ၁၂၂ | ယ) | |
| ၅။ | အလှသဇင် | ၁၂၁ | ဇ) | |
| ၆။ | တသလျှင်သည် | ၁၁၂ | သ) | အနိဋ္ဌဂိုဏ်း |
| ၇။ | မြင်ရအာရုံ | ၂၁၂ | ရ) | ဂိုဏ်းဆိုး |
| ၈။ | စွဲတုံသတ | ၂၂၁ | တ) | |

## မှီငြမ်းသောကျမ်းများ

၁။ သုတဘောဓ (သျှတဘောတ)ပေမူ

၂။ ကဝိကဏ္ဌာပါသန (ပေမူ)

၃။ ကဝိဂန္ထုကျမ်း (ပေမူ)

၄။ ကကဝိဂန္ထပါသနကျမ်း (မင်ကူးမူ)

၅။ ကဝိဂန္ထကျမ်း (မင်ကူးမူ)

၆။ ကဗျာ့ဘဏ္ဍာသာရကျမ်း (ပုံနှိပ်မူ)

၇။ ပုဂံဝန်ထောက်မင်း ဦးတင် (ပုံနှိပ်မူ)

ဦးဦးသာထွန်း
ရခိုင်မဂ္ဂဇင်း အတွဲ(၈)၁၉၈၉

# ရခိုင်
# ဗဟိုစည်

ဦးသူရိယ – မြောက်ဦး

နောင်----ဒူ----နောင်(ဒိုင်း)----ဟိန်း----ဟိန်း------ဟိန်း

ရှေးခေတ်ရခိုင်တို့သည် တစ်နေ့တာကို နာရီဗဝစီဖြင့် ရေတွက်ခဲ့ကြသည်။ ယင်းသို့ ရေတွက်ရာတွင် နာရီအမျိုးအစားအားဖြင့် သုံးမျိုးခွဲခြားထားသည်။ (၁) ရေနာရီ (၂) သဲနာရီ (၃) ကြက်နာရီဟူ၍ ဖြစ်သည်။ သဲနာရီနှင့် ကြက်နာရီတို့ကို နေရာဌာနအချို့တွင် သင့်လျော်သော အချိန်ကာလကို သိနိုင်ရန် အသုံးပြုခဲ့ကြသည်။ ရေနာရီကိုကား ဌာနအသီးသီး၌ အသုံးပြုခဲ့ကြသည်။ ယင်းသို့အသုံးပြုရန် လိုအပ်သောပစ္စည်းများကို စုံလင်စွာထားရသည်။

ယင်းတို့မှာ (၁) အဝန်းအစောက်တူညီစွာပြုလုပ်ထားသော အင်တုံကြီး ၃လုံးနှင့် (၂) ကြေးဖလား ၃လုံးတို့ ဖြစ်သည်။ အချိန်နာရီတိုင်းတာရန် ပဟိုရ်တီးရန်လုပ်သားများမှာ (၁) အင်တုံ ၃လုံးကို စောင့်နေရန် လူ ၃ယောက်၊ (၂) ရေဖြည့်ခြင်း၊ ရေသွန်ခြင်း၊ ပြုလုပ်ရန် လူ၂ယောက်၊ (၃) ပဟိုရ်တီးရန် လူ ၂ယောက်၊ စုစုပေါင်း (၇)ယောက် အမှုထမ်းရသည်။ မဟာပဟိုရ်စင်တော်ကြီးမှာ မြောက်ဦးမြို့တွင် နန်းတော်မြို့ရိုး၊ တံတိုင်း ၃ထပ်အနက်၊ တတိယမြို့ရိုးနှင့် ဒုတိယမြို့ရိုးကြားတွင် တည်ရှိသည်။

နန်းတော်၏တောင်ဘက်၌ရှိသော ပေသကူတောင်တွင် တည်ဆောက်ခဲ့သည်။ မြောက်ဦးမြို့တည် သမိုင်းကျမ်း ဒုတိယတွဲဖြစ်သော (မြောက်ဦးမြို့ ဥပနိဿျကျမ်းတွင် ယင်းတောင်ကို မြောက်ဦးမြို့တည်စဉ်က တောင်အမည်၊ ချောင်းအမည် အရပ်အမည် များကို ခေါ်ဝေါ်ကြရန် မင်းစောမွန်နှင့် အမတ်ပညာရှိသုခမိန်များ၊ ဟူးရားပေဒင်အရာ ၌ လိမ္မာသော ပုရောဟိတ်များတိုင်ပင်၍ ဂါမ၊ နိဂါမ၊ ပဗ္ဗတ၊ နဒီအစရှိသည်တို့ကို နာမ၊ သညာနမင်္ဂလာပွဲပြုလုပ်ပြီး သမုတ်ခေါ်တွင်ခဲ့ကြလေသည်။

ယင်းအချိန်က ယင်းတောင်ကို ပေသကူတောင်ဟု အမည်သမုတ်ခဲ့ကြသည်။ ပဟိုရ် စည်တော်ကြီးတားရန် စင်တော်ကြီးကို ဆောက်ပြီးမှ ရွှမ်းတောင် (ယွန်းတောင်)ဟု အမည်တွင်လာသည်။ ပဟိုရ်စည်တော်ကြီး၏ အောက်ခြေအုတ်မြစ်ကို ကျောက်တုံးကြီး များဖြင့် တည်ဆောက်ပြီး ခေါင်မိုးပြဿဒ်ဝယ် ၅ဆင့်မိုးသည်။ လေးထောင့်ပုံဖြစ်ပြီး စည်တော်ကို ပိတောက်သားဖြင့် ပြုလုပ်ပြီး သားရေကြက်သည်။ စည်တော်ကို တွဲရန် ပွတ်လုံးတိုင်တွင် ပွတ်လုံးတန်းငွေကြိုးဖြင့် တွဲထားသည်။ တွဲခုံတစ်ခုလုံးနှင့် စည်တော် သစ်သားကို ရွှေပိန်းချထားသည်။ စည်တော်တီးရန်လက်ရိုက်မှာ ဆင်သားရေတုံး ဖြစ် သည်။ ဇျက်လက်လေးသစ်၊ အရှည်တထောင့်တထွာရှိသည်ဟု ဆိုသည်။ စည်တော်တီး သည့်အချိန်ကာလကို နန်းတွင်းမိညို၏ 'စည်'တော်ပဟိုရ် ကျွန်ုပ်ဆိုသား' ချီသောကိုယ် ရည်သေးရတုပိုဒ်စုံတွင် တင်ပြထားသည်။ အကျယ်ကို မဆိုပြီ။ တီးပုံ၊ တီးနည်းကိုသာ တင်ပြပါမည်။

**စည်တော်တီးပုံ**

တစ်ချိန်စည်တီးသောအခါ တစ်ပဟိုရ်ဟု ဆိုသည်။ ၄ပဟိုရ်တီးတစ်မောင်းပြည့် သည်။ ၄ပဟိုရ်တစ်မောင်းဟု ဆိုသောကြောင့် မောင်းကြီးတစ်လုံးကို တစ်ချိန်တီးရသည်။ ဤအကြောင်းနှင့် စပ်လျဉ်း၍ ပဟိုရ်စင်တော်တွင် မောင်းသုံးလုံးရှိသေးသည်။ 'ဒူ' ဟု အသံထွက်သော မောင်းတစ်လုံးတို့ ဖြစ်သည်။ ဒူမောင်းနှစ်လုံးတွင် 'ဒူဟူဟူ' ဟူ၍ ဟိန်းသံထွက်သော မောင်းတစ်လုံးရှိသည်။ ဒူ----ဟူ၍ ရှိုးရှိုးအသံထွက်သော မောင်း နှင့် 'နောင်' ဟူ၍ ရှိုးရှိုးအသံထွက်သော မောင်းတစ်လုံးတို့မှာ အတိုင်းအတာအတူတူ ပြုလုပ်ရသည်။ ဤရှိုးရှိုးမောင်းနှစ်လုံးသည် အတိုင်းအတာ ၄တောင်ပတ်လည်စီ ရှိသည်။ 'ဒူဟူဟူ' ဟူ၍ ဟိန်းသံထွက်သောမောင်းကြီးမှာ ၆တောင် ပတ်လည်ရှိသည်။ ၄ပဟိုရ် တစ်မောင်းပြည့်တိုင်း လက်တံရှည်ခရာကြီးကို တစ်ကြိမ်စီမှုတ်ရသည်။ တစ်ပဟိုရ်ပြည့်

သောအခါ နောင်မောင်းကိုတစ်ချက်၊ ဒူမောင်းကိုတစ်ချက်၊ နောက်ထပ် နောင်မောင်းကိုတစ်ချက်တီးပြီးလျှင် ဆင်သားရေ လက်ရိုက်ဖြင့် ပဟိုရ်စည်တော်ကို တစ်ချက်တီးလိုက်ရသည်။ ယင်းသို့တီးရာတွင် စည်တီးခြင်း၏အင်္ဂါရပ်နှင့်ညီစွာ အနှေးတီး၊ အလျင်တီး၊ (အမြန်တီး၊ စောင့်တီး၊ ချိန်တီး၊ သံပြိုင်တီးဟူ၍ အင်္ဂါရပ်များရှိသည်။ ယင်းတို့အနက် ဒူမောင်း၊ နောင်မောင်းတို့ကို တီးခတ်ရာတွင် စောင့်တီးနှင့်အမြန်တီးနှစ်မျိုးကို အသုံးပြုသည်။

ရှေးခေတ်မြန်မာနှင့်ရခိုင်တို့၏ တစ်နေ့စီကို တွက်ချက်၍ နာရီ ၆၀-စီ သတ်မှတ်ထာကြရာတွင် နေ့နာရီ၊ ညနာရီဟူ၍ နှစ်ပိုင်းခွဲထားသည်။ ယင်းသို့ခွဲထားရာ၌လည်း ယခုခေတ်စက်နာရီကဲ့သို့ ၁၂-နာရီ ပိုင်းခြားထားခြင်း မဟုတ်ပေ။ ဥတု ၃-ပါးတို့တွင် နေထွက်နေဝင်ကိုအကြောင်းပြု၍ နေ့နာရီနှင့် ညနာရီကို အနည်းအများ ပိုင်းခြားထားကြသည်။ 'ပတ်သံတာရှည်တီးသံမြည်' ဟူသောကဗျာ၏ အဆိုအတိုင်း ရေတွက်ခဲ့ကြသည်။

သို့ရာတွင် ဘာသာရေးနှင့် ယဉ်ကျေးမှုရေးရာအတွက် အသုံးပြုရန် မွန်းတည့်ချိန်နှင့် သန်းကောင်ချိန်ကို အဓိကပိုင်းခြားထားခဲ့ကြသည်။ မွန်းတည့်နှင့် သန်းခေါင်အချိန်ကျရောက်လျှင် အချိန်စေ့နာရီကို တီးပြီးနောက် အမြောက်ကြီးတစ်ချက်စီ ပစ်ဖောက်ရသည်။ ဤသို့ပစ်ဖောက်ခြင်းအားဖြင့် မွန်းတည့်ဆွမ်းစားရမည့်အချိန်ကို သတ်မှတ်ပေးခြင်း၊ အာရုဏ်တက်ချိန်တွင် ဆွမ်းပန်းချက်ရန်ဆွမ်းပို့နိုင်ရန်အတွက် အဓိကပစ်ဖောက်ခြင်း ဖြစ်သည်။ အဘယ်ကြောင့်ဆိုသော် ရှေးခေတ်အခါ၌ လူအများစုနှင့် ရဟန်းသံဃာတော်အများစုတို့မှာ နာရီတိုင်းတာရန် ခက်ခဲသည်များကို လွယ်ကူစွာ သိရှိနိုင်ရန်အတွက်ဖြစ်သည်။ မျက်မှောက်ခေတ်တွင် စက်နာရီများပေါ်များနေသဖြင့် အခက်အခဲမရှိပေ။ ရှေးခေတ်တွင်ကား အခက်အခဲများ ရှိနေခြင်းကြောင့် ဤသို့အမြောက်ပစ်ဖောက်ရခြင်းဖြစ်သည်။ ကျွန်တော်တို့ငယ်စဉ်က စစ်တွေမြို့တွင် မွန်းတည့် ၁၂နာရီ တီးလျှင် စစ်တွေမြို့ ဖောင်တော်ကြီးမှ မွန်းတည့်အမြောက်ပစ်ဖောက်ခဲ့သည်။

ရှေးခေတ်နှင့် ကျွန်တော်တို့ ငယ်စဉ်ခေတ်ထိ ဥပုသ်သီတင်းဆောက်တည်ကြသောအခါ (မွန်းတည့်အမြောက်ဖောက်သံကို နာထောင်၍ မဖောက်မီ ဆွမ်းသုံးကြရမည်) ဟူ၍ ပြောဆိုခဲ့ကြသည်။

ဗဟိုရ်တီးပုံနှင့် အသံထွက်ပေါ်လာပုံများကို အနည်းငယ်တင်ပြပါဦးမည်။ တစ်ဗဟိုရ်စေ့သောအခါ နောင်မောင်းတစ်ချက်၊ ဒူမောင်းတစ်ချက် နောက်ထပ် နောင်

မောင်းတစ်ချက်တို့ကို တီးခတ်ခြင်းအားဖြင့် နောင်---ဒူ----နောင်(ဒိုင်း)ဒိန်း----ဟိန်း----ဟိန်း----ဟိန်း----ဟိန်း ဟူ၍ ထွက်ပေါ်လာသည်။ အမြောက်ပစ်ပြီးသည့်နောက် စည်ကြီး ၅-မျိုးနှင့် တူရိယာမျိုးစုံတို့ကို တီးမှုတ်ပြီးလျှင် တစ်ချိန်တည်းလက်တံရှည်ခေါ် ခရာကြီးကို မှုတ်ရသည်။

နာရီတိုင်းရန် ခွက်(ဖလား)တို့ ပြုလုပ်ရာတွင် အတိုင်းအတာမှာ အလွန်ညီညွတ်မျှတမှု လိုအပ်ပါသည်။ ယင်းအကြောင်းကို ဖော်ပြထားသော ရခိုင်နာရီကျမ်းတွင် လင်္ကာဖြင့် (ရခိုင်သံဖြင့်) ဤသို့ရေးထားသည်ကို တွေ့ရပါသည်။

အခါနာရီ၊ ခြင်တွက်လီ၍၊ ထုံးပြီဤသို့၊ လက်ာပျို့၌၊ လူတို့မျက်စိ၊ ဆယ်နှိုက်ဟိက၊ တစ်ခဏသာ၊ မှတ်ကုန်ပါလေ့၊ ဆယ်ခါခဏ၊ တလယျတည်း၊ လယျ ၁၂-ခါ၊ တခရာတည်း၊ အခရာဆယ်ဖန်၊ တပြန်ဟူသည်၊ အပြန်လေးလီ၊ တပိဇနာ၊ မှန်လှစွာ၏။ ပါဒ်မူလေးလီ၊ တစ်နာရီတွင်၊ ကြေးနီတပြား၊ ဆယ့်ခြောက်သားကို၊ ယာဝါးစံတူ၊ ကေကင်းဇူလီ၊ လက်သန်းညီဖြင့် ကိုးသစ်ချက်၍၊ အဝန်းစောက်မှာ၊ ဥပဇာကား၊ သက္ကာစင်စစ်၊ ခုနစ်သစ်လျှင်၊ ခွက်လုပ်ကျင်မှ၊ ဒူဝိဇ္ဇာပါ၊ ဣတ္ထိယာ၏။ ကေသာဆံပင်၊ ဆယ့်ခြောက်ပင်ကို၊ ဝင်လောက်ရုံရုံ၊ ဖောက်ပြီးတုံမှ၊ ယင့်မူခဏ၊ ရေဝေချ၍၊ သို့မှမှန်စွာ၊ နှိုက်တခါကို၊ တစ်နာရီမှတ်၊ တစ်မောင်းခတ်ပြီး၊ သူမြတ်ဉာဏ်ရှင်၊ ဗဟိုရ်စင်ဟု၊ ညလျှင်နံနက်၊ ရှေးလေးချက်သည်၊ ရေတွက် ဖြဝအမှန်တည်း။

ဟူ၍ ရှစ်ကြောင်းပေမူ ကီဝမ်းတစ်မျက်နှာတွင် ဆိုထားသည်။ အဖွင့်ကျမ်းတွင် ကြေးခွက်(ဖလား)စစ်စစ်ကိုသာလျှင် ပြုလုပ်ရမည်ဟု ဆိုထားသည်။ ယင်းကြောင့် ကြေးဖလား ဝမ်းတည့်တည့်တွင် အပေါက်ငယ် မိန်းမတို့ဆံပင်တစ်ဆယ့်ခြောက်ပင် ဝင်ရုံသာ ဖောက်ရမည်ဟု ဆိုပေသည်။ နာရီတိုင်းတာသော ကြေးအပ်အင်တုံသုံးလုံးတွင် ပထမ အင်တုံ၌ ကြေးဖလားတို့ ထည့်ရသည်။ အပေါက်ငယ်မှ ဝင်သောရေများ ပြည့်လာသော အခါ ကြေးဖလားနစ်သွားသည်။ နစ်လျှင် တစ်နာရီပြည့်သည်။ နစ်လျှင်နစ်ခြင်း ဒုတိယ အင်တုံတွင် လူက ဖလားတစ်လုံး ထည့်လိုက်ရသည်။ ပထမလူက မြုပ်နေသော ကြေးဖလားကို ယူနေစဉ် အချိန်ကြန့်ကြာခြင်းမရှိရအောင် ဒုတိယလူက ချက်ချင်းထည့်ရခြင်း ဖြစ်ပါသည်။ ဒုတိယဖလားနစ်လျှင် တတိယဖလား ထည့်ရသည်။ တတိယဖလား နစ်လျှင် ပထမလူက ပြန်စသည်။ ဤနည်းအားဖြင့် အချိန်နာရီများကို တိတိကျကျ တိုင်းယူခြင်း ဖြစ်သည်။ နေ့ပိုင်း တာဝန်ကျသောသူတို့နှင့် ညပိုင်းတာဝန်ကျသော သူတို့ကို ခွဲခြား၍ ခန့်ထားရသည်။ ဤသို့လျှင် ရှေးခေတ်ရခိုင်တို့၏ ဗဟိုရ်နာရီများကို တီးခတ်ခဲ့ကြလေသည်။

မြောက်ဦးမြို့တော်၏ ဗဟိုရ်စင်တော်နာရီ ဆောက်ခဲ့သော ရွှမ်းတော်တောင်ထိပ်တွင် စာရေးသူငယ်စဉ် ကျောင်းသားဘဝ၌ အခြေခံကျောက်တုံးများ ရှိသေးသည်။ ဗြိတိသျှခေတ်တွင် မြောက်ဦးမှ လူကြီးအချို့တို့သည် အပျော်တမ်းကလပ် (Club) တစ်ခု ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ပျဉ်းကတိုးတိုင်၊ သွပ်မိုးပျဉ်ကာ အဆောက်အအုံတစ်ခု ဆောက်သည်။ ယင်းအဆောက်အအုံဆောက်ရန်အတွက် အဆိုပါကျောက်တုံးကြီးများကို ဖြိုဖျက်၍ အရှေ့ဘက်သို့ တွန်းချခဲ့ကြသည်။ အတော်အတန်ကျန်ရှိနေသော ကျောက်များကိုလည်း ကျောင်းသားအချို့က ဖုံးတိုက်တမ်းကစားသည်ဆိုကာ တောင်ပေါ်မှ ကျောက်တုံးကြီးများကို တောင်အောက်သို့ တွန်းချတမ်းကစားခဲ့ကြသည်။ ကျွန်တော်လည်း သမိုင်းတန်ဖိုး နာမလည်သေး၍ တစ်တုံး၊ နှစ်တုံး တွန်းချခဲ့မိသည်။ အိမ်သို့ရောက်လျှင် ကျွန်တော်၏ အဘိုးက ဆဲဆိုတားမြစ်ပြီး သမိုင်းတန်ဖိုးကို ပြောပြသဖြင့် နားလည်သွားခဲ့ပါသည်။ တောင်အောက်သို့ ရောက်သွားသော ကျောက်များကို အချို့ပုဂ္ဂိုလ်တို့ သယ်ယူသုံးစွဲသော်လည်း တောင်ခြေရင်းနှင့် နံဘေးတွင် ကြီးမားလှစွာသော ကျောက်တုံးများကို ယနေ့ထိရှိနေပါသေးသည်။ တောင်၏အခြေအနေမှာလည်း မြောက်ဘက်သို့ ထိုးထွက်နေသော တောင်စွယ်မှာ ကျောက်သားတောင်ဖြစ်သည်။ ပေ-၅၀ခန့် မြင့်သည်။ ယင်းတောင်စွယ်နှင့်တစ်ဆက်တည်း တောင်ဘက်သို့ ပေ၃၀-ခန့်အမြင့်တွင် ဗဟိုရ်စည်ကို ထားခဲ့သည်။ မြေသားတောင် ဖြစ်သည်။ အထဲ၌ ကျောက်အတိ ဖြစ်သည်။ ဗြိတိသျှလက်ထက်တွင် တောင်ညှိတောင်စွယ်၏ထိပ်ပြင်သည် အလျား၊ အနံ ပေ၁၀၀-ကျော်စီ ရှိသည်။ တောင်ကိုဖြို၍ လမ်းခင်းခြင်းကြောင့် ၃-ပုံ ၂-ပုံခန့် ပျက်စီးသည်။ တောင်ထိပ်ကြီးမှာကား နဂိုအတိုင်းရှိသေးသည်။ မူလပထမမင်းစောမွန်အမည် သမုတ်ခဲ့စဉ်က (၁) ပေသကူတောင်၊ (၂) ဗဟိုရ်စင်တော် တည်ဆောက်ပြီးနောက် ရွှမ်းတောင် (ယွမ်းတောင်)၊ (၃) ဗြိတိသျှလက်ထက် ကလပ် (Club) ဆောက်သောအခါ ကလပ်တောင်၊ (၄) ကလပ်ပြိုပြီးနောက် မူလနာမည်အတိုင်း ရွှမ်းတောင် (ယွမ်းတောင်)အမည်တွင်နေပါသည်။

ဤကား ရခိုင်တို့၏ ဗဟိုရ်စည်တီးခတ်ပုံ၊ နာရီရေတွက်ပုံ နာမည်များအဆင့်ဆင့် ပြောင်းလဲခေါ်ဝေါ်ပုံ၊ အဆောက်အအုံ ဆောက်ခဲ့ပုံ၊ ပြိုပျက်သွားခြင်းနှင့် တောင်ထိပ်၏ ထိပ်ပြင် ကျဉ်းမြောင်းသွားခြင်းစသည်တို့ ဖြစ်ပါသည်။ သုတေသီတို့သည် ပေ၊ ပရပိုက်၊ လက်ရေးမူတို့၌ ရေးသားထားခဲ့ကြသော သမိုင်းစဉ်များကို ဖတ်ရှုကာ မြောက်ဦးမြို့သို့ ကွင်းဆင်းလေ့လာကြသည်။ စာဆိုအတိုင်း တစ်ခုမျှ မဟုတ်ပါတကား။ မညီညွတ်ပါ

တကားဟူ၍ အထင်အမြင်မှားသွားမည်။ ယင်းသို့ အမြင်မမှားစေခြင်းငှာ ကျွန်တော့် အနေနှင့် သမိုင်းမှတ်တိုင်နှင့် သမိုင်းရုပ်ကြွင်းများကို စာတွေ့၊ ပေတွေ့နှင့် မျက်မြင်တွေ့ ရှိသော အချက်အလက်တို့ကို တင်ပြလိုက်ရခြင်းပင် ဖြစ်ပါသည်။

ဦးသုရိယ(မြောက်ဦး)
သုတပညာ တိုးပွားကြပါစေ။
ရခိုင်မဂ္ဂဇင်း၊ ၁၉၈၇-ခု

---

မွန်းတည့်ချိန်နှင့် သန်းခေါင်အချိန် ကျရောက်လျှင်----
အချိန်စေ့နာရီ တီးပြီးနောက်----

# အမြောက်ကြီး

တစ်ချက် ပစ်ဖောက်ရသည်။
ကျွန်တော် ငယ်စဉ်က စစ်တွေမြို့တွင်---
မွန်းတဲ့(၁၂)နာရီတီးလျှင် စစ်တွေမြို့ ဖောင်တော်ကြီးမှ

# မွန်းတည့် အမြောက်ပစ်

# ရခိုင်ရှေးဟောင်းယဉ်ကျေးမှု လက်ရာများ

ဦးသာထွန်း

ရခိုင်ယဉ်ကျေးမှု ရှေးဟောင်းလက်ရာများမှာ မြို့ဟောင်းခေါ် မြောက်ဦးမြို့တော်ဟောင်း အနီးပတ်ဝန်းကျင် အရပ်ဒေသတို့တွင် မြောက်မြားစွာ တွေ့ရှိနိုင်သည်။

၎င်းပြင် မြောက်ဦးမြို့တော်ဟောင်း၏ မြောက်ဘက် ခြောက်မိုင်ခန့်အကွာတွင် ရှေးမြို့တော်ဟောင်းဖြစ်သော ဝေသာလီမြို့တော်ဟောင်း၏အနီးအနား အရပ်ဒေသတို့တွင်လည်း မြောက်မြားစွာ တွေ့ရှိနိုင်သည်။

ကျွန်တော်တို့ငယ်ရွယ်စဉ်အခါက ရှေးဟောင်းသုတေသနလုပ်ရပ်များကို အားကြိုးမာန်တက် ဆောင်ရွက်ခဲ့ဖူးကြကုန်သော ကျွန်တော်တို့၏အဘိုး ဦးသာထွန်းအောင်နှင့်လည်းကောင်း၊ ကျွန်တော်၏ဆရာ ကျောက်စာဝန်မင်း ဦးစံရွှေဘုနှင့်လည်းကောင်း၊ တစ်ခြားသော ရာဇဝင်စာပေလိုက်စားသူပုဂ္ဂိုလ်ကြီးများနှင့် ငယ်ရွယ်စဉ်ကပင် ဝါသနာထုံသည်နှင့်ညီစွာ ရှေးမြို့တော်ဟောင်းများတို့သို့ လှည့်လည်ကြည့်ရှုဆည်းပူးခဲ့ပါသည်။

ထိုစဉ်အခါက မြောက်မြားလှစွာသော ရခိုင်ယဉ်ကျေးမှုရှေးဟောင်းလက်ရာများကို မြင်တွေ့မှတ်သားဆည်းပူးခဲ့ပါသည်။

ယင်းနေ့ကစ၍ ယနေ့ထိနှစ်ပေါင်း ၂၀-ကျော်ခန့်တွင် အကောင်အထည်အလိုက် ရုပ်လုံးရုပ်ကြွများကို ဖော်ပြရေးသားရန် အလွန်ပင်ခဲယဉ်းနေပါသည်။

အဘယ်ကြောင့်ဆိုသော် ထိန်းသိမ်းစောင့်ရှောက်သူမရှိသောကြောင့်သော်လည်းကောင်း၊ မိုးရေများအဟုန်ကြောင့် လည်းကောင်း၊ ပညာကင်းမဲ့သော သိုက်ဆရာတို့၏

ဖြိုခွဲမှုကြောင့် လည်းကောင်း အမျိုးမျိုးသော စစ်ဘေးစစ်ဒဏ်တို့ကြောင့်လည်းကောင်း၊ ပျက်စီးယိုယွင်းရချေသည်။

ယခုအခါ ကျောင်းကန်ဘုရားသိမ်တော်တွင်းသို့ လည်းကောင်း၊ ဝါသနာထုံသော လူတို့၏ နေအိမ်သို့လည်းကောင်း၊ မြို့ဟောင်းမြို့ပြတိုက်တွင်းသို့ လည်းကောင်း၊ ပြောင်းရွှေ့သိမ်းဆည်းထားသောကြောင့် အနည်းငယ်မျှသော ရှေးဟောင်းယဉ်ကျေးမှု လက်ရာများတို့သည် ကျန်ရှိသေးပေ၏။

မပြောင်းမရွှေ့ရသေးသော ရှေးဟောင်းအနုပညာလက်ရာများနှင့် စာပေတို့သည် အတော်အတန် ရှိနေသေးသည်။

တစ်နေ့တစ်ပါး ၎င်းပစ္စည်းတို့အား စောင့်ထိန်းကြည့်ရှုနေသူတို့ ကင်းမဲ့ခိုက်တွင်၊ လက်လှမ်းဝေးရာ အရပ်ဌာနရှိပစ္စည်းတို့သည် ပျက်စီးရကုန်လတ္တံ့၊ ထိုမှတစ်ပါး အဆောက်အဦးကြီးများ ပျက်စီးယိုယွင်းပြီးလျှင် ဖုံးအုပ်နေခြင်းကြောင့် လည်းကောင်း၊ နှံ့စပ်အောင် မသွားရသေးသော နေရပ်ဌာနတွင်လည်းကောင်း၊ မြေပြင်များ ဖုံးလွှမ်း၍သော်လည်းကောင်း၊ မြောက်မြားစွာ ရှိကုန်သေး၏ အမျိုးမျိုးသော ယဉ်ကျေးမှုအပေါင်းတို့တွင် အဓိကယဉ်ကျေးမှုဟု ခေါ်ထိုက်သည့် (၁) ကိုးကွယ်သည့်ဘာသာနှင့် ရုပ်လုံးရုပ်ကြွ အဆောက်အဦးများ ယဉ်ကျေးမှု (၂) ပန်းပုပန်းပြောက် စသော ရှေးဟောင်းလက်ရာများ ယဉ်ကျေးမှု၊ (၃) ကြွေရည်စဉ့်ရည်အစရှိသည်တို့ဖြင့် စိမ်း၊ နီ၊ ဝါဖြူရွှေအစရှိသော အရောင်တို့ဖြင့် ခြယ်လှယ်ထားသည့် အိုးခွက်လင်ပန်း၊ ရုပ်လုံးရုပ်ကြွ ပန်းချီလက်ရာ ယဉ်ကျေးမှု၊ (၄) သုခုမဂီတသီချင်းကဗျာ အဲအမ်ရတု စာပေတို့ကို ရေးသားစီကုံးမှုနှင့် ဌာန်ကရိုဏ်း၊ မတြာဒီဃ၊ ရသ၊ ပလုတ၊ ဂရု၊ လဟုအစရှိသဖြင့် သံနေသံထား ပီသစွာ ရွတ်ဖတ်သီဆိုမှုတည်းဟူသော ဂီတအနုပညာယဉ်ကျေးမှု (၅)တိုင်းကြီးပြည်ကြီးအင်္ဂါတို့နှင့် ညီညွတ်စွာ လူမျိုးပေါင်းစုံဘာသာပေါင်းစုံတို့နှင့် ပေါင်းသင်းဆက်ဆံခြင်းတည်းဟူသော ဂရုဓမ္မဂီဟိ ဝိနယရေးရာ ယဉ်ကျေးမှုဟူ၍ အဓိကယဉ်ကျေးမှု ၅-ရပ်ရှိပေသည်။

ယင်းအကြောင်းများကြောင့် ရှေးမြို့တော်ဟောင်း မြို့ရွာတို့၌ ဖြစ်စေ၊ ယခုမြို့ကြီးပြကြီးတို့၌ ဖြစ်စေ၊ လူမျိုးပေါင်းစုံ၊ ဘာသာပေါင်းစုံတို့ နေကြကုန်၏။

ယခု မြို့ကြီးပြကြီးတို့တွင် လူမျိုးပေါင်းစုံ ဘာသာပေါင်းစုံတို့ ပေါင်းသင်းဆက်ဆံနေကြသည်ကား လက်တွေ့ပင် ဖြစ်သည်။

ဤကဲ့သို့ တစ်ဦးနှင့်တစ်ဦး တစ်မျိုးနှင့်တစ်မျိုး၊ တစ်ပြည်နယ်နှင့်တစ်ပြည်၊ ပေါင်းသင်းဆက်ဆံရောင်းဝယ်ဖောက်ကား နေထိုင်သွားလာမှု ရှိမှသာလျှင် မြို့ပြပြည်ရွာ

တို့သည် စည်ကားကြကုန်၏။

ယဉ်ကျေးမှုများ ဖလှယ်နိုင်ကြကုန်၏။

ဗဟုသုတ ပိုမိုများပြားနိုင်ကြကုန်၏။

ထိုနည်းတူ၊ ရှေးရာဇဝင်ဟောင်းများတွင် ရခိုင်နှင့်အိန္ဒိယ၊ ရခိုင်နှင့် မြန်မာ အစရှိသော ပတ်ဝန်းကျင် တိုင်းပြည်တို့သည် အချင်းချင်းယဉ်ကျေးမှုဖလှယ်ခြင်း၊ ဆက်ဆံခြင်းကို အသုံးပြုခဲ့ကြကုန်၏။

ပဇာကဲ့သို့ ယဉ်ကျေးမှုဖလှယ် နေခဲ့ပါသနည်းဟု မေးပါငြားအံ့၊ ထိုစကားကို ရှေးမြို့တော်ဟောင်းများရှိ အဆောက်အဦးနှင့် ရုပ်လုံး၊ ရုပ်ကြွ ပန်းချီ ပန်းပုတို့၏ ရာစုနှစ်အစဉ်အတိုင်း ရှာဖွေကြည့်ရှုလိုက်ပါက (၁) အဆောက်အဦး အမျိုးမျိုးတို့၏ ပုံသဏ္ဍာန်သည် အဆင့်ဆင့် တစ်မျိုးတစ်မျိုးစီ ပြောင်းလဲလာခြင်း၊ (၂) စာပေ အရေးအသားအက္ခရာများ တစ်ဆင့်တစ်ဆင့် တစ်မျိုးစီးတစ်မျိုးစီ ပြောင်းလဲလာခြင်း၊ (၃)ရုပ်လုံးရုပ်ကြွ ပန်းပုပန်းချီများ တစ်ဆင့်တစ်ဆင့် ဆင်ယင်ထုံးဖွဲ့မှုတို့သည် တစ်မျိုးတစ်မျိုးစီ ပြောင်းလဲလာခြင်း အစရှိသော ပြောင်းလဲချက်များကို ရာစုနှစ်အတိုင်း ဝေဖန်ကြည့်ခြင်းအားဖြင့် ယနေ့တိုင်အောင် ရောက်ရှိနေသော အဆင့်အတန်း ထိယုတ္တိသက်သေသာဓကတို့ကို ထင်ရှားပေါ်လွင်စေနိုင်သည်။

ထို့ကြောင့် ပထမဦးစွာ ရခိုင်ပြည်တွင်းသို့ ရောက်လာကြကုန်သော တိုင်းခြားလူမျိုးများနှင့် တိုင်းရင်းလူမျိုးများ မည်မျှနေထိုင်ခဲ့ကြသနည်း။

မည်သည့်ဘာသာကို ကိုးကွယ်ခဲ့ကြသနည်း။

မည်သည့်အခါကာလကပင် ဝင်ရောက်ကြသနည်းဟူသော ယုတ္တိအကိုးအကားများတို့သည် ကျမ်းဂန်စာအုပ် စာပေမှာ ရေးသားထားသည်ထက် ရှေးဟောင်းလက်ရာများက ယုတ္တိထင်ပေ၏။

မည်ကဲ့သို့ပင် ရွှေစာအုပ်ကြီးနှင့် ရွှေစာလုံးကြီးတို့ဖြင့် ရေးသားထာငြားသော်လည်း သက်သေခံယုတ္တိပစ္စည်းဖြစ်သော အနုပညာလက်ရာများကို မတင်ပြနိုင်ပါက ယုံကြည်ဖို့အရာသည် လွန်စွာခက်လဲမည်ဟု ထင်ပါသည်။

အဆိုပါ လက်ရာတို့သာလျှင် မငြင်းပယ်နိုင်သော သမိုင်းမော်ကွန်းစာပေဖြစ်ကြကုန်၏။ ထို့ကြောင့်-- ရှေးဟောင်းရခိုင်ယဉ်ကျေးမှုလက်ရာ အနုပညာစာပေနှင့် သက်ဆိုင်အကျုံးဝင်သည့် အနုပညာလက်ရာတစ်ခုအကြောင်းကို ဖော်ပြရပေသတည်း။

ဤရုပ်လုံးသည် ရှေးဟောင်းဝေသာလီမြို့တော်မှ မြောက်ဦးမြို့တော်သို့ ရှေမင်းများ ရွှေ့ပြောင်းယူဆောင်လာသော ရုပ်လုံးများအနက် တစ်ခုအပါအဝင်ဖြစ်ပေသည်။

ရုပ်လုံးကို သုံးပိုင်းခြား၍ ထုလုပ်ခဲ့သည်။

အောက်ဆုံးပလ္လင်ပိုင်းတွင် ရှေးဟောင်းပန်းခွေ နဂါး ၂-ကောင်၏ အတွန့်အလိမ် တို့တွင် ပန်းခွေရွက်လိပ်ပန်းတို့ဖြင့် ပြည့်စုံစွာ ထုလုပ်ထားသည်။

၎င်းအပေါ်တွင် ကြာသွပ်အိုးတို့ဖြင့် တိုက်အိမ်ပုံမုခ်ပေါက်သုံးခု ရှိသည်။

ရှေ့မျက်နှာခံ မုခ်ပေါက်တွင် မိန်းမရုပ်၊ ခြေရင်းတွင် ကလေးတစ်ယောက် ရုပ်နေ ဟန် အရုပ်၊ လက်ဝဲလက်ျာ မုခ်ပေါက်တို့တွင် ယောကျ်ားရုပ်တစ်ဖက် တစ်ရုပ်စုံထု ထားသည်။

၎င်းတို့အောက်၌ ဆင်ရုပ်နှင့်ကျားရုပ် ဦးခေါင်းပိုင်းတို့ပါသည်။ အပေါ်တွင် ပန်းနွယ်ပေါ်တွင် ထိုင်လျက် မိန်းမရုပ်တစ်ခုပါသည်။ ၎င်းတို့ကြားတွင် ရွက်လိပ်ပန်းမျိုး စုံ ပန်းခွေများ ထုထားသည်။ မိုးရေရှိန်ကြောင့် ပန်းခွေပန်းရွက်တို့၏ ရွက်လိပ်အဖု အထစ် အနားစောင်းတို့သည် အတော်ပင် ချောမွေ့ပြေပျောက်သွားပြီး ၎င်း၏အထက် ဆုံးအပိုင်းတွင် ရှေးဟောင်းဓာတ်လုံးပုထိုးပုံ ထုထာသည်။ ၎င်းပုထိုး၏ ပတ်လည်တွင် ယခင်က ကထိကဦးကျော်ရင် ရေးသားပြီးဖြစ်သော ရှေးဟောင်းသက္ကဋစာဖြစ်သည့် 'ယေဓမ္မာဟေတု ပဘာဝါ တထာကတဿ အဟ' အစရှိသော ဗုဒ္ဓတရားတော် ပါဠိ စာပေတစ်ပိုဒ် ပါရှိသည်။

၎င်းအပိုင်းသည် မြို့ဟောင်းမြို့ နန်းရာကုန်းပြတိုက်တွင် ရှိသည်။ အလယ်ပိုင်း သည် တေဇရာမကျောင်းတိုက်တွင် ရှိသည်။ အောက်ခြေပိုင်းသည် မူလသာရပဗ္ဗတ တောင်ထိပ်တွင် ရှိသေးသည်။

ဤရုပ်လုံးရုပ်ကြွများကို ထောက်ရှုခြင်းအားဖြင့် ယခုဖော်ပြခဲ့ပြီးဖြစ်သော အဓိက ယဉ်ကျေးမှုကြီး ၅-ရပ်တို့သည် ပေါ်လွင်လာပေသည်။ ဤရုပ်တုကို ဝေသာလီမြို့တော် ဟောင်းမှ မြောက်ဦးမင်းဆက်ဖြစ်သော နရပတိကြီးနှင့် မိဖုရားခေါင်ကြီး နတ်သျှင်မယ် ကိုယ်တိုင် ရင်အုံတော်ဓာတ်မြတ်ကို စေတီတည်ထား ကိုးကွယ်ခဲ့ကြလေသည်။ ဤရုပ်တုကို လည်း ပြောင်းရွှေ့ခဲ့လေသည်။

ဤရုပ်တုနှင့်တစ်ကွ လက်ဆယ်ဖက်ပါသော အိန္ဒိယ ဟိန္ဒူဘုရား ၂ဆူလည်း ပါဝင် သေးသည်။ ဟိန္ဒူဘုရား ၂-ဆူမှာ တောင်ထိပ်စေတီပေါ်မှ လျှောကျကာ တောင်ခြေရင်း ၌ ရှိသေးသည်။ စေတီတော်ပုံသဏ္ဌာန်မှာ ယခုဗုဒ္ဓဂါယာရှိ မဟာဗောဓိစေတီတော်နှင့်

တူသည်။ သို့သော်----အရှေ့ဘက်မျက်နှာတွင် မုခ်ဖွင့်အဆောင်တစ်ခု ပိုမိုလေသည်။ ၎င်းမုခ်ဖွင့်တို့တွင် ဂျိန်းဘာသာ၊ ဗုဒ္ဓဘာသာ၊ ဟိန္ဒူဘာသာတို့ ကိုးကွယ်သော ဘုရားရုပ်တုတော်များ တစ်ဆူစီ အဆင့်ဆင့်ထုလုပ်ထားလေသည်။

စေတီတော်ပေါ်တွင် ကြီးမားလှစွာသော သစ်ပင်ချုံနွယ်ပေါက်ရောက်ခြင်းကြောင့် ကြည့်ရှုစရာ မရလောက်အောင် ပျက်စီးယိုယွင်းနေသည်။

သို့သော်----ရခိုင်တို့၏ ထုံးတမ်းစဉ်လာအရ ရှေးဟောင်းစေတီတော် တစ်ခုစီတို့တွင် အလားတူ စေတီငယ်တစ်ဆူစီ ထုလုပ်၍ ဌာပနာသွင်းစမြဲ ဖြစ်သည်။

လွန်ခဲ့သောနှစ်ပေါင်း ၂၀-ခန့်လောက်က မသမာသော သိုက်ဆရာတစ်စုတို့သည် စေတီတော်ကို ထွင်းဖောက်တူးဖြိုကြရာ မည်ကဲ့သို့ အဖိုးထိုက်တန်သောပစ္စည်းများကို ရလေသည်ဟူ၍ မသိရ၊ ၎င်းသူတို့ တူးဖြိုခဲ့သော မြေစာပုံပေါ်မှ အလားတူ စေတီငယ်တစ်ဆူနှင့် ဘုရားဆင်းတုငယ်များ၊ ငွေသားဒင်္ဂါး ၂-ပြားတို့ကို တောင်ယာလုပ်စားသူ တစ်ဦး ရရှိလေသည်။ ထိုအခါ ၎င်းစေတီငယ်ကို ရှေးဟောင်းသုတေသနဝါသနာပါသူ ပုဂ္ဂိုလ်ကြီးတစ်ဦးက တန်ဖိုးပေး၍ ဝယ်ယူသွားလေသည်။ ယခုဘယ်နေရာမှာ ရှိလေမှန်း မသိရ၊ ထိုပုဂ္ဂိုလ်၏ သားမြေးတို့လက်တွင် ရှိလိမ့်မည်ဟု ထင်မိသည်။

ငွေသားဒင်္ဂါးတွင်ကား ရှေးဟောင်းရာဇဝင်တို့နှင့် ကိုက်ညီစွာ သက္ကရာဇ် ၁၀၀၀-ခု၊ ဆင်ဖြူမရှင် ဆင်နီသခင် နရပတိကြီးဟူ၍ ပါရှိသည်။ ဤသည်ကို ထောက်ရှု၍ ဝေသာလီမြို့တော်မှ နရပတိကြီးပြောင်းရွှေ့တည်ထားခဲ့ပုံ ထင်ရှားနေသည်။

ယေဓမာဟေတုပတဝါဟူသော သက္ကဋစာကို ထောက်ရှုခြင်းအားဖြင့် ရှေးခေတ်စာပေ၏ ဆင်းသက်ပုံ ယဉ်ကျေးမှုကို ပေါ်လွင်ထင်ရှားစေသည့် အကြောင်းမှုကား သက္ကဋစာပေတို့သည် ရခိုင်ပြည်တွင်းသို့ ၃-ရာစုနှင့် ၈-ရာစုအတွင်းက ဝင်ရောက်လာသည်။

ထိုခေတ်ထက် ဦးစွာ ဝင်ရောက်လာသော စာပေမှာ ဗြဟ္မီအက္ခရာနှင့် မဂဓအက္ခရာများ ဖြစ်သည်။ ထိုမှတစ်ဆင့် တံခွန်လွှား၍ ထွက်သော မဂဓစာကို ရက္ခစာဟု ခေါ်သည်။

ထိုမှတစ်ဆင့် သက္ကဋစာပေ၊ ထိုမှတစ်ဆင့် ရခိုင်မြန်မာစာပေသို့ ဆင်းသက်လာပေသည်။ ထိုသို့ အဆင့်ဆင့်စာပေတို့သည် ရောနှောယှက်တင်ကာ ဝင်ရောက်လာသော ဂျိန်းဘာသာကိုးကွယ်သည့် လူမျိုးအချို့တို့သည် လည်းကောင်း၊ ဟိန္ဒူလူမျိုးအချို့တို့သည် လည်းကောင်း မိမိတို့ တိုင်းရင်းသားဘာသာကိုလည်း မပစ်ပယ်နိုင်ဘဲ ဗုဒ္ဓအယူသို့ ကူးပြောင်းကိုးကွယ်ကြလေသည်။

ကျီးစာပေ

ထို့ကြောင့် ယေမောဟေတု ပဘဝါပါဠိတော်ပုဒ်ရင်းကို ဖော်ပြသော ဗုဒ္ဓရုပ်တုနှင့် သိဝရုပ်တု မဟာဒေဝကြီးရှိနေ၍အစရှိသော ဟိန္ဒူဘုရားရုပ်တုတို့ကို ဗုဒ္ဓရုပ်တုနှင့် တူညီသော ရုပ်တုအဆင့်အတန်းကို ကိုးကွယ်ခဲ့ကြသည်။

၎င်းကာလ၏ နောက်ပိုင်းဖြစ်သော မြောက်ဦးခေတ်တွင်ကား ဗုဒ္ဓရုပ်ပွားတော်ကို မြင့်မြတ်သောနေရာတွင်ထား၍ အခြားရုပ်တုတို့ကိုကား တဆင့်နိမ့်သော အခြားနေရာတွင်ထား၍ ပူဇော်ကြလေသည်။ ယခုဖော်ပြပါရုပ်လုံး၏အကြောင်းရင်းမှာ ဝေသာလီမြို့တော် စန္ဒရားမင်းဆက်တို့တွင် အစဦးဆုံးဖြစ်သော မောရိယမင်းဆက်ခေါ် မဟာဝီရမင်းဆက်တို့၌ လူအပေါင်းတို့သည် ဗုဒ္ဓထက်ဝက်၊ ဟိန္ဒူအယူထက်ဝက်အဖြစ်ဖြင့် မင်းငါးဆက်တိုင်တိုင် ကိုးကွယ်ခဲ့ကြပြီးနောက် အနန္တစန္ဒြားမင်းလက်ထက်တွင် ဗုဒ္ဓအယူသို့ လုံးလုံးကူးပြောင်းကာ ကိုးကွယ်ခဲ့ကြလေသည်။

ထိုစဉ်အခါက ထုလုပ်ခဲ့သော ရုပ်လုံးဖြစ်သည့် ရုပ်တုတို့ကို ဝေသာလီမြို့တော်ဟောင်းတွင် ဤရုပ်တုနှင့်အလားတူ ရုပ်တုများ၊ ဟိန္ဒူဘုရားရုပ်တုများကို တွေ့ရပေသေးသည်။ ဤအကြောင်းများတို့ကြောင့် ရှေးဟောင်းဝေသာလီခေတ်ကပင် မြောက်ဦးခေတ်တိုင်အောင် အမိကယဉ်ကျေးမှုကြီးငါးရပ်တို့သည် ရာစုနှစ်အလိုက် တဆင့်တဆင့် ဆင်းသက်လာလေသည်။ ရှေးဟောင်းပန်းပုလက်ရာနှင့်စာပေတို့သည် ရာစုနှစ်ပေါင်းများစွာကပင် ဆင်းသက်လာခြင်းကို တွေ့မြင်ရခြင်းအားဖြင့် လူမျိုးတစ်မျိုးနှင့်တစ်မျိုး၊ ဘာသာအတူကိုးကွယ်ခြင်း၊ ယဉ်ကျေးမှုတို့ကို အချင်းချင်းဖလှယ်ဆက်ဆံရေး၊ စာပေယဉ်ကျေးမှုတို့ကို အချင်းချင်းကူးပြောင်းဖလှယ်ဆက်ဆံရေး၊ ရုပ်တုရုပ်ကြွပန်းပု၊ ပန်းချီလက်မှုအနုပညာတို့ကို အချင်းချင်းကူးပြောင်းဖလှယ်ဆက်ဆံရေး၊ တစ်ဦးနှင့်တစ်ဦး၊ တစ်မျိုးနှင့်တစ်မျိုး ခိုက်ရန်ဒေါသမဖြစ်ကြပဲ ပေါင်းသင်းဆက်ဆံရေးတည်းဟူသော ယဉ်ကျေးမှုဆိုင်ရာတို့ကို ယခုတွေ့မြင်နေရသော အဆောက်အဦးကြီး ပစ္စည်းအနုပညာလက်ရာတို့က ထင်ရှားစွာ ယုတ္တိသက်သေထင်နေပေသည်။

ထိုနည်းတူစွာ ရှေးခေတ်ရှေးလူမျိုးတို့အချင်းချင်း ငြိမ်းချမ်းသာယာစွာ ယဉ်ကျေးမှုဖလှယ်ရေး တည်းဟူသော ဆောင်ရွက်ချက်တို့ဖြင့် ငြိမ်းချမ်းမှုကိုရကာ ရာစုနှစ်သက္ကရာဇ်တွေကို မြောက်မြားစွာ ကျော်လွန်ပြီး ငြိမ်းချမ်းမှုယဉ်ကျေးမှုတို့ကို တင်းပြည့်ကျပ်ပြည့် ခံစားမှုရရှိသကဲ့သို့ ယခုအခါ၌လည်း အချင်းချင်း ယဉ်ကျေးမှုတို့ကိုသာလျှင် ဖလှယ်ကာ ကမ္ဘာတစ်ခုလုံးငြိမ်းချမ်းမှုကို ရနိုင်ကြပါစေကုန်သတည်း။

သက္ကရာဇ် ၁၀၀၀ပြည့်နှစ်တွင် နရပတိမင်းကြီးနှင့် မိဖုရားခေါင်ကြီး နတ်သျှင်မယ်တို့သည် ရှေးစန္ဒရားမင်းဆက်များ စိုးစံခဲ့သော ဝေသာလီမြို့တော်ဟောင်းမှ ဘေးလောင်းတော် မင်းဗာကြီးသည် အနန္တစန္ဒရမင်းရေးထိုးထားခဲ့သော သက္ကရာဇ်ကျောက်စာတိုင်ကြီးကို မိမိ၏ကောင်းမှုတော် ရန်အောင်ဇေယျပုထိုးတော်ကြီးခေါ် သျှစ်သောင်းဘုရားကြီးသို့ ပြောင်းရွှေ့စိုက်ထူစေခဲ့ရှောက်တော်မူဘိသကဲ့သို့ စန္ဒရားမင်းဆက်များ ထုလုပ်ကိုးကွယ်ခဲ့သော ယခုဤဆောင်းပါးတွင် ပါဝင်သော ကျောက်ရုပ်တုနှင့် ဟိန္ဒူဘုရားရုပ်တုများကိုလည်း မိမိ၏ကောင်းမှုတော်နန်းတော်၏ မြောက်သာရပဗ္ဗတ တောင်ထိပ်ဝယ် ရင်အုံတော်စေတီတော်ရင်း၌ စိုက်ထူထားခဲ့လေသည်။ ဤကဲ့သို့ အဖိုးထိုက်တန်သော ယဉ်ကျေးမှုအနုပညာလက်ရာများ နောင်သောအခါ ပေါ်ထွက်ထွန်းပါစေသတည်းဟူ၍ အစဉ်မျှော်လင့်ပါ၏။

**ဦးသာထွန်း**

**ရာဇဝင်ဆရာကြီး**

**ရခိုင်တန်ဆောင်မဂ္ဂဇင်း အတွဲ(၁)၊ အမှတ်(၈)၊ ၁၉၅၉-၆၀**

# ဦးရာဇ်မာတ်စေတီတော်

ဦးဦးသာထွန်း(ရခိုင်မြန်မာပဏ္ဍိတ)

ဦးရာဇ်စေတီတော်သည် ဓညဝတီရက္ခိုင်ပြည် ဂန္ဓပနဒီမြစ် အနောက်ဘက်ကမ်းခြေ၊ သေလပိဋ္ဌပဗ္ဗတတောင်ထိပ်ပေါ်တွင် တည်ရှိသည်။ မြတ်စွာဘုရား၏ ဦးရာဇ်မာတ်မြတ်ကိန်းဝပ်၍ ဦးရာဇ်တောင်စေတီဟု ခေါ်တွင်သည်။ မည်သည့်အချိန်မှစ၍ ခေါ်တွင်ခဲ့သနည်း။ ဓညဝတီခေတ်မှစ၍ ခေါ်တွင်ခဲ့သည်။ ယင်းခေတ်တွင် မည်သည့်မင်း ၊ မည်သည့်သက္ကရာဇ်မှစ၍ တည်ခဲ့သနည်း၊ အစရှိသောမေးခွန်းများဖြင့် အကြောင်းသူတို့သည် မေးမြန်းကြသည်ရှိသော် မည်သို့ဖြေကြားမည်နည်း။ သူတစ်မျိုး ငါတစ်ဖုံတွေ့ရာသောင်းမြောင်းပြောဆိုနေကြမည်။

ယခုခေတ်သည်ကား စာပေပညာရှင်များ ထွန်းကားသောခေတ်ဖြစ်၏။ ယင်းကြောင့် ခေတ်မီသမိုင်းသုတေသီတို့သည် သုတေသနနည်း၊ ယုတ္တိဗေဒနည်းတို့နှင့် ညီအောင် ဆန်းစစ်လေ့လာကြသည်။ သမိုင်းရုပ်ကြွင်း၊ သမိုင်းမှတ်တိုင်များ အထောက်အထားတို့နှင့် ညှိနှိုင်းတိုက်ဆိုင်ပြီးမှ ယုံကြည်ကြသည်။ ရက္ခိုင်သမိုင်းသုတေသီများသည်လည်း သမိုင်းများကို ရွှေပြားငွေပြား၊ ကြေးပြားစာ၊ ကျောက်စာ၊ ပေစာ၊ ပုရပိုက်စာစသည်ဖြင့် အဆင့်ဆင့်လက်ဆင့်ကမ်း၍ ရေးကူးမှတ်တမ်းတင်ခဲ့ကြသည်။

ကာလကြာညောင်းသဖြင့် မှတ်တမ်းစာပေများ ပျက်စီးဆုံးပါးခြင်းများ ရှိနေကြသည်။ ကျောက်အဆောက်အအုံကြီးတို့မှာ ပျက်စီးယိုယွင်းနေကြငြားသော်လည်း ငါတို့သည် သမိုင်းမှတ်တိုင်ကြီးအနေဖြင့် ရှိနေကြသေးသည်ဟု မားမားစွန့်ကာ တည်ရှိနေကြ

သည်၊ မြေအောက်မှတ်တိုင်ရုပ်ကြွင်းများသည်လည်း တဖြည်းဖြည်း ပေါ်ထွက်နေကြဆဲဖြစ်သည်။ ယင်းတို့အထဲတွင် ဦးရာဇ်စေတီတော်မြတ်ကြီးမှာလည်း ဂန္ဓပနဒီမြစ်ဝတွင် မားမားရပ်၍ တည်ရှိပါဝင်နေပါသည်။ သမိုင်းကြောင်းကို ခြေရာကောက် သုတေသနည်းဖြင့် ကောက်ယူခဲ့သော် သမိုင်းအဆင့်ဆင့်၏ အဆိုအားဖြင့် ဤသို့တွေ့ရှိရပါသည်။

သာသနာတော်သက္ကရာဇ် ၂၁၈-ခု (အေဒီ ၃၀၀)ကျော်တွင် စေတီပေါင်း ရှစ်သောင်းလေးထောင်ကို တည်ထားတော်မူခဲ့သော သီရိဓမ္မာသောကမင်းကြီးက ရှင်မဟာတိဿနှင့်အရှင်ဘာကုလတို့အား ဓာတ်စေတီတော် လေးဆယ့်ရှစ်ဆူတို့ကို တည်ထားရန် လျှောက်ထားသဖြင့် ဓညဝတီသို့ ကြွလာတော်မူကြလေသည်၊ ဓညဝတီပြည့်ရှင် သူရိယစိတ္တရမင်းကြီးက ဗျာဒိတ်ဝင်ဓာတ်စေတီကို ဗျာဒိတ်ဝင်နေရာ လေးဆယ့်ရှစ်ဌာနတွင် ရဟန္တာများ ညွှန်ပြ၍ တည်ထားတော်မူလေသည်၊ ယင်းအခါမှစ၍ ဦးရာဇ်ဓာတ်စေတီမြတ်တို့ ပါဝင်ခဲ့လေသည်။

သူရိယမင်းဆက်များ အဆက်ဆက်တို့ ပူဇော်ခဲ့ကြပြီးနောက်၊ ဝေသာလီ ကျောက်လှေကားမြို့တော် မဟာသူရိယတိုင်း စိုင်းဒြား(ဒွေဥ္စန္ဒရား)မင်းသည် အေဒီ ၄-ရာစု အစပိုင်းတွင် ထပ်မံပြုပြင်ခဲ့လေသည်။ ထို့နောက် နီတိ၊ ပြီတိ ဝီရစသော စိုင်းဒြားမင်းဆက်များ ပြုပြင်ပူဇော်ခဲ့ကြလေသည်။ ပထမခေတ်တွင် စတူပါပုံစံမျိုး ဖြစ်သည်၊ တစ်ဆင့်စီတစ်ဆင့်စီ သူ့ခေတ်နှင့်သူ ပုံစံအမျိုးမျိုး ပြောင်းလဲလာသည်၊ မြောက်ဦးခေတ်သို့ ရောက်ရှိလာသောအခါ ဂဇပတိမင်းစောမွန်သည် (အေဒီ ၁၅၂၁-ခု ကောဇာသက္ကရာဇ် ၈၈၃-ခု)တွင် ထပ်မံပြုပြင်သည်။

သက္ကရာဇ် ၉၄၁-ခုတွင် ဘုရင်မင်းဖလောင်းကြီးသည် ပန်းရံတော်တစ်ထောင်တို့နှင့် ကျောက်တုံးကျောက်ခဲကြီးတို့ဖြင့် တည်ဆောက်တော်မူလေသည်။ သမိုင်းအဆိုအရ မင်းလဲ ၈၀လုံးပတ်တော်ရှိသည်ဟု ဆိုသည်။ မြေပေါ်အမြင့်ကဲ့သို့ ခြေအောက်ဌာပနာစေတီကိုလည်း အတူတူပြုတော်မူသည်ဟု ဆိုသည်။ ယင်းကြောင့် သက္ကရာဇ် ၉၅၃-ခု၊ တန်ခူးလဆုတ် (၁)ရက် တနင်္ဂနွေနေ့၊ အေဒီ- ၁၅၉၁-ခုတွင် ဌာပနာသွင်း၍ အောင်မြင်ပြီးစီး ရေစက်သွန်းချခဲ့သည်ဟု ဆိုသည်။ သက္ကရာဇ် ၁၀၁၀၊ အေဒီ ၁၆၄၀-ခုတွင် သတိုးမင်းတရား ပြုပြင်သည်။ သက္ကရာဇ် ၁၀၅၀-ခု၊ အေဒီ ၁၆၈၈ခုတွင် ဝရဓမ္မာရာဇာမင်းပြုပြင်သည်။ သက္ကရာဇ် ၁၀၇၂-ခု၊ အေဒီ ၁၇၁၀ခုတွင် ဘုရင်စန္ဒဝိဇယရာဇာ ထပ်မံပြုပြင်ခဲ့သည်။ ၁၁၄၆-ခု၊ အေဒီ ၁၇၈၄-ခုတွင် ရက္ခိုင်ပြည်ပျက်စီးပြီးနောက် ပြုပြင်မည့်သူမရှိဘဲ ပျက်စီးနေခဲ့သည်။

# ဦးဦးသာထွန်း(ရခိုင်မြန်မာပဏ္ဍိတ်)

သက္ကရာဇ် ၁၂၄၀၊ အေဒီ ၁၈၇၈ခုတွင် စစ်တွေမြို့ မောလိပ်ရပ်မှ (စစ်တွေခရိုင် မောလိပ် ရပ်ကွက်ဟူ၍လည်း တွေ့ရှိရလေသည်။) ဇရပ်ဒကာ ဦးမောင်ချင်းတောင်၏ ဇနီး မမြတ်ဦးက ထပ်မံပြုပြင်လှူဒါန်းခဲ့ကြောင်း၊ ဇရပ်ဒကာ ဦးမောင်ချင်းတောင် ကွယ်လွန်အနိစ္စရောက်သဖြင့် မိမိလင်အားရည်မှန်း၍ ငွေတစ်သောင်း ငါးထောင်ကျော် အကုန်အကျခံကာ ရွှေချပူဇော်ခဲ့ကြောင်းစသည်တို့ကို ရေးထိုးထားသောကျောက်စာချပ်ကြီးတစ်ချပ် တွေ့ရှိခဲ့သည်။ စေတီတော်ကြီး၏ အရှေ့ဘက် သူတို့၏ဇရပ်အနီးတွင် စိုက်ထူထားသည်။ ဒုတိယကမ္ဘာစစ်ကြီးအတွင်း ဗုံးထိမှန်၍ ပျက်စီးခဲ့သည်။ ဤကျောက်စာ၏အဆိုအရ ဇရပ်တကာမ မမြတ်ဦးသည် အင်္ဂလိပ်အစိုးရလက်ထက် ထပ်မံပြုပြင်မွမ်းမံခဲ့ကြောင်း တွေ့ရှိရသည်။ မမြတ်ဦး၏ကျောက်စာ အကျိုးအပဲ့များကို ဆက်စပ်၍ ၁၉၄၇-ခုတွင် စာရေးသူကိုယ်တိုင် ဆက်စပ်ရေးကူးခဲ့သည်။ မူရင်းကျောက်စာပျက်စီးပြီး ဖြစ်သော်လည်း သမိုင်းလေ့လာသူများအတွက် လည်းကောင်း၊ အပြီးအပြတ် ပျောက်ကွယ်ဆုံးရှုံးသွားရန် မသင့်သဖြင့် မူရင်းကို တင်ပြရခြင်း ဖြစ်ပါသည်။

***ဦးရာဇ်တောင် မဟာစေတီမြတ်ဘုရား၊***
***နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ၊***
***သံဃေနသဟဿ ယောရဋ္ဌ၊ သဒ္ဓမ္မ သာသကာရဏံ၊***
***အနေက ဝါရဟံထွာသန္တိတိဋ္ဌ တုသာသနံ၊***

ယောဇိနော၊ ငါးပါးအောင်မြင်၊ ဘုရားရှင်သည် ၊ ရဋ္ဌ၊ သုနာပရန္တာန်၊ ကမ္ဗောဒီပ၊ နာမဝှန်းလှိုင်း၊ ပြဟ္မတိုင်းသို့၊ သံဃေန၊ ထေရ်မြတ်ရိယာ၊ သံယာတော်နှင့်တကွ၊ အနေကဝါရ်၊ အကြိမ်များစွာ၊ အာဂန္တွာ၊ ကြွလာတော်မူ၍ သဒ္ဓမ္မာ သသကာရဏံ၊ သူတော်ကောင်းတရား၊ သုံးပါးသာသနာ၊ ထွန်းလင်းရာသော အကြောင်းကို၊ အကာပြုတော်မူလေပြီ၊ ကာသဇိနဿ ထိုငါးပါးအောင်မြင်ဘုရားရှင်၏ သာသန မြင့်ရှည်နောက်နောင် ငါးထောင်ပိုင်းခြား ထားခဲ့မိန့်မှာ၊ သာသနာတော်မြတ်သည်၊ သဒ္ဓါ၊ အခါခပ်သိမ်း၊ တိဋ္ဌတု၊ ထွန်းပရွှန်းဝေ၊ တက်သည့်နေသို့၊ ကြေညာအံ့နှိုး ပွားကြီးမွန်မြတ်၊ တည်လတ်တော်မူသတည်း။

မင်္ဂလာတဆောင်၊ ထွန်းလင်းပြောင်စိမ့်၊ ခြောက်ရောင်ပြိုးပျက်၊ လျှပ်နယ်လက်သာ၊ အထက်စိုးစွင့်၊ ဘဝဂ်မိုးမြင့်၊ ထိုဂုဏ်ပွင့်၍၊ လေးဆင့်ဗဟိဒ္ဓိ ရှိန်းရှိန်းညီသား၊ မြတ်ဘုရား၏၊ တည်ထားသာသနာ၊ ငါးထောင်သာဝယ်၊ မြင့်ကြာရှည်စေ၊ ပန္နက်ချေ၍၊ ထုထွေမှန်

လစ်၊ သက္ကရာဇ်လေးဆယ်၊ ပြည့်ကြွယ်မလွန် အမှန်ကဲလိုင်၊ ရခိုင်ပြည် ဓညဝတီသာစည် ပြန့်မီး၊ တိုင်းပြည်ကြီး၌ သိမ်းပိုက်အဝင် မည်တွင် ရန်နိုင်၊ အင်္ဂလိပ်မင်း၊ ထပ်လျဉ်းမသွေ၊ ပြုပြင်ပေသော၊ စစ်တွေမြို့ဝင်ပါ၊ မောလိပ်ဆိုသည့်ဈေးဟောင်းရွာ၌ မွေးပိုက်မှန်စွာ၊ သဒ္ဓာသီလ၊ သုတစာက၊ ပညာဟီရိဩတ္တပ္ပါ၊ စွန်နှစ်ဖြာမှန်လှ၊ မြတ်ဓမ္မကို၊ နိစ္စမသွေ၊ စောင့်စွဲနေသော၊ ဇရပ်ဒကာ၊ သဒ္ဓာပြည့်ဆောင်၊ မောင်ချင်းတောင်သည်။ လူ့ဘုံဘဝ၊ စုတိကျ၍၊ ကြွင်စဇနီး၊ ရှမည်းသည့်၊ မယားကြီးကျော့မှူး၊ မမြတ်ဦးက၊ ကြည်နူးလှပါ စေတနာနှင့်၊ နောင်သံသရာ၊ ကျိုးများစွာကို၊ တည်ပါရစ်စေ၊ ဇောစိတ်ချွေ၍၊ သေသူ ကိုယ်စား၊ ဖြစ်စေသားဟု အမိဌာန်ပြုသည်။ နောက်သုံးလူတွေ၊ သမ္ဗုဒ္ဓေ၏၊ ရွှေကိုယ်တော် စား၊ ရုပ်ပွားတော်စစ်၊ ဦးရာဇ်တောင်ပေါ်၊ စေတီတော်မြတ်၊ သုံးလူနတ်ကို၊ နောင်မှတ် အခွန့်၊ ရှည်စေညွန့်သား၊ စိတ်ဝယ်ထား၍၊ ရွှေသားမွမ်းမံ၊ ထပ်ရံစုဆောင်း၊ သပြာပေါင်း ရေ၊ ကုန်လေအကြောင်း၊ သောင်းငါးထောင်ကျော်ကုန်၊ လှူထုံခမ်းနား၊ စွန့်ကြဲပြန့်ပွား၊ အကျိုးအားကြောင့်၊ ပြောင်းသွားဘဝ၊ စုတိကျသည်၊ မောင်လှသက်ဝေ၊ ရွှေပြည်နိဗ္ဗာန် သာထူးလွန်သည်၊ ပြည့်မွန်မှန်စွာ၊ နိဗ္ဗုတာသို့၊ ရောက်ပါစေကြောင်း၊ ဇောကောင်းမှန် စွာ၊ လှူထန်းရာသား၊ အကျိုးအားကြောင့် လေးဝအပ္ပါယ်၊ သုံးသွယ်သောကပ်၊ ငါးရပ် ရန်သူ၊ ပြုမူဝှန်ရှောင်း၊ သူတော်ကောင်းတို့၊ အလောင်းတကာ၊ ကောင်းဘုံရာသား၊ ရေ မြေသနင်း၊ မင်းဧကရာဇ်မှစ၍၊ တောင်ယာစံဒေဝီ၊ ဖသနီ၊ ကေတညီ၊ ရွှေတညီ၊ ကြင်ဒေဝီ မိဖုရား၊ သားတော်၊ သမီးတော်၊ ဆွေတော်၊ မျိုးတော်၊ မှူးတော်မတ်ရာ၊ သေနာပတိအစ ရှိများစွာ၊ ဆရာသမား၊ ဆွေဝါးမိဘ၊ ညာတမိတ်ဆွေ၊ အိမ်နေသားချင်း၊ မယွင်းမှန်စွာ၊ ဝေနေယျသတ္တဝါတို့အား၊ ရညားပါစေ၊ အမျှဝေ၏၊ ဝသုန္ဓြေ၊ ဤမြေနတ်သား၊ တည်ပန် ကြားသည်၊ အများသာဓု၊ သာဓုခေါ်စေသော်။

ယခုအကျွန်ုပ် အားထုတ်စိုက်မှု၊ ကြည်ဖြူသဒ္ဓါ၊ စေတနာကြောင့်၊ ဥစ္စာရွှေငွေ၊ ဆန် ရေစပါး၊ ကျွဲနွားမြင်းဆင်၊ လိုချင်ခပ်သိမ်း၊ မရိမ်းမှန်စွာ၊ ပြည့်စုံရာထွေ၊ ဝဏ္ဏအဆင်း၊ ကောင်းခြင်းအသံ၊ ခြံရံတသီး၊ သားသမီးနှင့်၊ မညီးပြည့်စုံ၊ လှူတုံခမ်းနား၊ ကြီးမားမြင့် မြတ်၊ ဥဂ္ဂါတ်ထိတိတ်၊ စိတ်၏သန္ဓေ၊ တည်နေရစေ၊ တောင်းဆုဝေ၏၊ တထွေထူးလည်း၊ နတ်တို့ပြည်ဝယ်၊ လှူဖွယ်ဆန်းပြား၊ ပတ္တမြားစိန်ကျောက်၊ ဝင်းတောက်လျှံသိမ်၊ စွဲအိမ် ရွှေနန်း၊ စံခန်းမွေ့လျော်၊ စည်းစိမ်ပျော်၍၊ လူကျော်နတ်ကောင်း၊ ဖြစ်ရကြောင်းဟု တောင်းဆုပန်ထွာ လှူဒါန်းပါသည်၊ လျင်စွာပြည့်ပါစေသော်။ နိဗ္ဗနပစ္စယော ဟောတု။

# ဦးဦးသာထွန်း(ရခိုင်မြန်မာပဏ္ဍိတ်)

(ကျောက်စာ၏ မူရင်းစာလုံးတို့သည် မန္တလေးတွင် ရေတွင်း၍ မြန်မာအသံများဖြင့် ရေးထိုးထားပါသည်။)

နောက်ထပ် ပြုပြင်သူမှာ မြို့အုပ်ကြီးဦးဘန်းဦး ခေါင်းဆောင်၍ ဦးရာဇ်တောင် မြို့နယ်တစ်ခုလုံး ရပ်ရွာများပါဝင်သော ဂေါပကအဖွဲ့ကို ဖွဲ့စည်းလျက် လုပ်ဆောင်ခဲ့ကြသည်။ ၎င်းနောက် ဂေါပကအဆင့်ဆင့်ဖွဲ့စည်းလာခဲ့ရာ ဥက္ကဌဦးရွှေသာဦးနှင့် ဦးမောင်ထွန်းဖြူတို့ ဦးဆောင်သော ဂေါပကအဖွဲ့က တန်ဆောင်းဇရပ်တို့ကို ကပ်လှူတော်မူခြင်းများကို ဆောင်ရွက်ခဲ့သည်။ ထီးတော်ကစ၍ သပိတ်မှောက်တိုင်အောင် ရွှေဆိုင်းကပ်လှူတော်မူခြင်းကိုလည်း ဆောင်ရွက်ခဲ့သည်။ ဦးရာဇ်တောင်ဘုရားကြီးသမိုင်းကို မြောက်ဦးမြို့ သမိုင်းဆရာကြီး ဦးဦးသာထွန်းအား ပြုစုပေးရန် တောင်းဆို၍ (ဦးရာဇ်တောင်ဘုရားကြီးသမိုင်း)ကို ၁၃၁၃-ခု၊ တန်ခူးလ၊ ရခိုင်ပြည်စာပုံနှိပ်တိုက်တွင် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ ယင်းအချိန်မှစ၍ ဂေါပကလူကြီးအဆက်ဆက်တို့သည် ယနေ့ထိ ပြုပြင်ပူဇော်နေကြဆဲ ဖြစ်သည်။ ဤဆောင်းပါးတို့၌ အစပျိုးခဲ့သည့် မည်သည့်ခုနှစ်၊ သက္ကရာဇ်တွင် မည်သည့်မင်း၊ မည်သည့်ဒါယကာတို့က စတင်တည်ဆောက်၍ အဆက်ဆက်ပြုပြင်လာခဲ့ကြောင်း အကျဉ်းချုပ်သိသမျှ တင်ပြရပါသည်။

**(သမိုင်းမှုကွဲများ ရှိနေသည်ကိုလည်း ညှိနှိုင်းကြပါရန် တောင်းပန်ပါသည်)**

ဦးဦးသာထွန်း
ရခိုင်မြန်မာပဏ္ဍိတ
မြောက်ဦးမြို့။

## ကိုးကားသည့်ကျမ်းများ

၁။ ရခိုင်မဟာရာဇဝင်တော်ကြီး (ပေမူ)

၂။ ဝင်သုံးဆယ်ကျမ်း (ပေမူ)

၃။ မင်းဖလောင်းဓာတ်စဉ်သမိုင်းကျမ်း (ပေမူ)

၄။ ငမေရာဇဝင် (ပေမူ)

၅။ ရခိုင်မဟာရာဇဝင်တော်ကြီး
ဦးသာထွန်းအောင် (ပုံနှိပ်မူ)

၆။ ရခိုင်ရာဇဝင်သစ်၊ ရမ်းဗြဲတောင်ကျောင်းဆရာတော် (ပုံနှိပ်မူ)

၇။ မြောက်ဦးမြို့ ဦးဦးသာထွန်း၏ ဘုရားသမိုင်းနှင့်
ဦးရာဇ်တောင်သမိုင်း (ပုံနှိပ်မူ)

၈။ ရခိုင်ပြည်သမိုင်း
ဒေါက်တာဖော့ချန်မာ (ပုံနှိပ်မူ-အင်္ဂလိပ်)

၉။ ရခိုင်ပြည်နယ် ဖြစ်စဉ်သမိုင်း
(ရခိုင်ပြည်နယ် ပြည်သူ့ကောင်စီထုတ်-ပုံနှိပ်မူ)

# ရခိုင်ကဗျာကျမ်း

ရခိုင်စာပေတွင် ကဗျာလင်္ကာသက်သက်သာမက တေးဂီတအတွက်ပါ အရေးကြီးလှသည့် ကျမ်းကြီးတစ်စောင်ရှိခဲ့သည်။ ဤကျမ်းကို ရက္ခိုင်စာပေနှင့် မြန်မာစာပေလောကတွင် 'ကဝိကဏ္ဍာပါသကျမ်း' ဟု တွင်သည်။

'ကဝိကဏ္ဍာပါသန ကျမ်းကြီးဟုလည်း တွင်သည်။ ဤရက္ခိုင်ကဗျာကျမ်းကြီးသည် ကံမကောင်း အကြောင်းမလှသည့် ဇာတိရပ်မြေတွင် နှစ်ပေါင်း ၂၀၀-ကျော် တိမ်မြုပ်လျက် ရှိခဲ့သည်။ ဤကျမ်းကြီးပြန်လည်အသက်ဝင်လာခြင်းမှာ မှတ်သားဖွယ်ဖြစ်သည်။

ပြည်ထောင်စုနေ့များတွင် ရခိုင်ယဉ်ကျေးမှုအနုပညာ ယိမ်းအကများကို တင်ဆက်ရန် ၁၉၆၅-ခုနှစ်ကစ၍ ဆောင်ရွက်ခဲ့ကြသည်။ ရှမ်းပြည်နယ်တောင်ကြီးမြို့တွင် ကျင်းပခဲ့သည့် ပြည်ထောင်စုနေ့အတွက် ရခိုင်အကကို တင်ဆက်ရန် တိုင်းခွဲ ၁၃-မှ ဒေါ်ကြာဖံ(ကွယ်လွန်)နှင့်၊ ဆရာမကြီးများ၊ ဦးဦးသာထွန်း၊ ဦးအောင်ကျော်ခိုင် (ကွယ်လွန်)၊ ဦးဘသာ (ကွယ်လွန်)နှင့် အဖွဲ့ဝင်များတစ်စုတို့ကို တာဝန်ပေးခဲ့သည်။ ထိုအခါ လိုအပ်သော ကျမ်းဂန်များကို ရှာဖွေကြရာတွင် အဆိုပါကဝိကဏ္ဍာပါသနကျမ်းသည် အဓိကဖြစ်၍ ယင်းကျမ်းရှိရာ ပုဂ္ဂိုလ်ထံမှ ငှားရမ်းပြီး ကြည့်ရှုလေ့လာကြသည်။ ပညာရှိတို့မည်သည်မှာ ကျမ်းဂန်နှင့်လက်မလွတ်စေရဟူသော ဆောင်ပုဒ်အတိုင်းပင် ဖြစ်သည်။ ရှားပါးသောကျမ်းဖြစ်နေသဖြင့် ဆင့်ပွားကူးယူရန် စီစဉ်ကြသည်။

ရခိုင်သားကြီ

ယင်းအချိန်တွင် ဆရာကြီးဦးစံသာအောင်အား တစ်ဆင့်ကူးပေးပါရန် တိုက်တွန်းကြသဖြင့် ဆရာကြီးကိုယ်တိုင် စာအုပ်တစ်ရာခန့်ကို ကူးပေးခဲ့သည်။ ယင်းနောက် တက္ကသိုလ်ဆရာကြီး မင်းသုဝဏ်ကလည်း စာမူသုံးခုကို ပူးတွဲလျက် ရခိုင်အရှင်သီလဝံသ၏ 'ကဝိဂန္ဓကျမ်းဟူ၍ အမည်ပေးပြီးလျှင် တက္ကသိုလ်များ (စာအုပ်ပြုစုထုတ်ဝေရေးကော်မတီ၊ ပေ၊ ပုရပိုက်စာစဉ် -၂)ဟူ၍ ထုတ်ဝေခဲ့သည်၊ ဤစာစဉ်ကို အမြောက်အမြားထုတ်ဝေသည်၊ ယင်းကြောင့် အများပြည်သူတို့ လေ့လာနိုင်ကြပေသည်၊ စာပေသုတေသီတို့ လက်ဝယ်တွင် ရရှိထားကြပြီ ဖြစ်သည်၊ ယင်းကျမ်းကို အဘယ်မည်သောသူက စတင်ပြုစုခဲ့သနည်းဟု ဆန်းစစ်ရန် လိုနေသည်။

ရက္ခိုင်သမိုင်းတွင် တွေ့ရှိရသည်မှာ ကာလီဒါသရသေ့မြတ်သည် ကျမ်းပေါင်းများစွာတို့ကို ပြုစုခဲ့သည်၊ ယင်းတို့အနက် 'ဂုတဗောဓ' အမည်ရှိသော ကျမ်းကြီးတစ်စောင်လည်း အပါအဝင်ဖြစ်သည်၊ ဤကျမ်းသည် ရှစ်ကြောင်းရေစာမူတစ်အင်္ဂါဖြစ်သည်၊ ရခိုင်မြန်မာအက္ခရာ သက္ကတဘာသာဖြစ်သည်၊ ကျမ်း၏ပမာဏမှာ ငယ်ပင်ငယ်သော်လည်း အလွန်ကြီးမြတ်သောကျမ်းဟု ဆိုရပေမည်၊ အဘယ်ကြောင့်ဆိုသော် ယင်းကျမ်းလာ စာပေများကို အနက်ဖွင့်ဆိုလိုက်လျှင် မကုန်ခန်းနိုင်လောက်အောင် ကျယ်ပြန့်လာသောကြောင့် ဖြစ်သည်။

သက္ကတဘာသာဖြင့် ဂါထာဖွဲ့နွဲ့စီကုံးထားသည်။

ဂါထာတို့တွင် ကဗျာလင်္ကာတို့၏ ပိုင်စိုးပိုင်နင်းသခင်ဖြစ်တော်မူသော 'သွာရဿတီ' သူရဿဒီ နတ်သမီးအာ ဦးခေါင်းမှစ၍ ခြေဖျားတိုင်အောင် ကိုယ်အင်္ဂါအရပ်ရပ်ကို ဖွဲ့နွဲ့စီကုံးထားသည်၊

ယင်းအဖွဲ့အနွဲ့တို့ကို ပိတ္တာရအကျယ်ချဲ့ခြင်းအားဖြင့် ကဝိဂန္ဓကျမ်းနှင့် ကပိကဏ္ဌာပါသကျမ်းကြီးဟူ၍ ဖြစ်ပေါ်ခဲ့ပေသည်။

ဝေသာလီခေတ်တွင် အိမ်ရှေ့မိဖုရားစောပြည့်ညိုသည် ကဗျာစာဆိုတော်ကြီးအနေဖြင့် မူရင်းသက္ကတဘာသာမှ ရခိုင်ဘာသာအဖြစ်သို့ ကူးပြောင်းပြီးလျှင် ဤကျမ်းမြတ်နှစ်ဆူကို ပြုစုခဲ့သည်။

ယင်းမှစ၍ ရခိုင့်မြေပေါ်တွင် ခေတ်အဆက်ဆက်ရေစီးကြောင်းဖြင့် စီးဆင်းလာခဲ့လေသည်။

ရက္ခိုင်တို့၏ အနှောင်းဆုံးမြို့တော်ဖြစ်သော မြောက်ဦးမြို့ကို နရမိတ်လှ (မင်းခရီး) ဘွဲ့ခံ မင်းစောမွန်ကြီးသည် ဥတ္တမကိန်းဖြို့ခွင်း သက္ကရာဇ် ၇၉၂-ခု တော်သလင်းလဆန်း

(၁)ရက် နေထွက်အပြုတွင် မြောက်ဦးမြို့ကို ဖန်ဆင်းတည်ထောင်တော် မူခဲ့လေသည်။

နန်းစံ ၃-နှစ်မြောက်တွင် နတ်ရွာကြွခဲ့သည်။

ညီတော် နရနုစောမွန် ဆက်ခံစိုးစံခဲ့သည်။

ယင်းမင်းသည် ကဗျာလင်္ကာအတတ်ကို တတ်ကျွမ်းလိုသဖြင့် မိမိဆရာဖြစ်သော အသျှင်သီလဝံသ မထေရ်မြတ်ထံ သင်ကြားလေသည်။

မူလကျမ်းရင်း၌ သက္ကတဘာသာကို အနက်ပြန်ထားရုံ နိဿယမျှသာရှိနေ၏၊ သူကို သင်ကြားပို့ချနိုင်ရန်အတွက် ဂိုဏ်း၊ နက္ခတ်၊ နတ်၊ ဝဂ်တို့ကို ဇယားကွက်ချကာ ပုံစံ အမျိုးမျိုးဖြင့် ရေးဆွဲခြင်း မှတ်သားလွယ်အောင် ဂိုဏ်းစုံ၊ နတ်စုံ၊ ဝဂ်စုံတို့ကို လင်္ကာဖွဲ့ နွဲ့ သီကုံးခြင်းဖြင့် အကျယ်ပြုစုခဲ့လေသည်။

ယင်းအချိန်မှစ၍ ရခိုင်တို့တွင် မူလကဗျာကျမ်းကြီးတည်းဟူသော 'ကဝိကဏ္ဌပါသ ကျမ်းကြီးကို ယနေ့ထိ လက်ဆင့်ကမ်း စောင့်ရှောက်လာကြသည်။

ယင်းကျမ်းကို အမှီပြုကာ ပညာရှိအဆက်ဆက်တို့ကလည်း မိမိတို့လိုရာလိုရာ ထုတ် နုတ်သင်ပြခြင်း မိမိတို့ပြုစုသောစာအုပ်တွင် ထည့်သွင်းတင်ပြခြင်း၊ ကိုးကားခြင်းများကို ပြုလုပ်လာကြသည်။

နရနုမင်းစောမွန်အား အရှင်သီလဝံသက သင်ကြားခဲ့သည်များကိုလည်း အဆိုပါ ကဗျာတို့တွင် ဖော်ပြလျက်ရှိပေသည်။

'ကျမ်းပြုဆိုင်ရာ အရှင်မဟာသီလဝံသကလည်း ကျမ်းကြီးနိဂုံးတွင် နဝဒတ်အိုင် သာ၊ ပြွန်နှုတ်ဖြာ၍၊ ငါးရာပြည့်မွန်။ ငါးမြစ်လွန်တွင် ယဉ်ကန်ပြောစည်၊ ရေကြည်မြမြ ကစ္ဆပနဒီ၊ မြစ်ဆီလက်ယာ၊ ပြည်သာမဏ္ဍိုင်၊ ရခိုင်ညွန့်ဖူး၊ ရွှေမြောက်ဦးဝယ်၊ ပရှူး ဆောင်းပြု ရာထီးဖြူကို၊ သိမ်းယူစိုးလျှင်၊ ထိုသျှင်မင်း၏၊ ဖက်ကင်းနှိုင်းထောက်၊ စိုးမြောက် လမည်၊ ချိန်နှင့်ရည်သည်၊ ဘုန်းညီပြောင်ဝင်း၊ ဘဲရန်နှင်း' ဟူသောကဗျာနှင့် လင်္ကာ တတ်ချင်၊ ပညာရှင်တို့ ဂိုဏ်းအင်သိကောင်း၊ တစ်ကြောင်းကြက်ခြေ၊ နံမည်ကိုရိယာ၊ ဝဏ္ဏာ၌ကောင်း၊ ပေါင်း၍ညိုကြ၊ သွန်လက်သွန်ဖျား၊ ဂိုဏ်းအားစောင့်တတ်၊ နတ်ကိုမှတ် ၍၊ ကြံတတ်ညွန့်ရော်၊ ရှိုပူဇော်မှု၊ ကျော်သောပညာ၊ ကျမ်းဆရာတို့၊ လင်္ကာရိုးမှန်၊ စပ်ဟန် တင့်ထွေ၊ သက်ညီစေလော့၊ ကြံလေခန့်ထောက်၊ ရှေ့နောက်စကား တောက်ထားတန်လို၊ နောက်ကိုကျိုးဖြစ်၊ မျှော်ရှုစစ်လျက်၊ ဤသိုက်အင်းများ၊ ညှိနှိုင်းငြားမူ၊ ပြစ်များပျောက် လွင့်၊ ဘုန်းရောင်ပွင့်လိမ့်၊ ထိုသင့်နှုစာ၊ ပညာကျော်လူ၊ သီလခူသော်၊ ထေရ်မြတ်ကျော် သည်၊ ထင်ပေါ်မော်ကွန်းမှာခဲ့သော်' ဟူ၍ မိမိ၏အမည်ကို ထုတ်ဖော်တင်ပြခဲ့လေသည်။

ယင်းကြောင့် ဤကျမ်းကိုပြုစုသူကား ရခိုင်အရှင်သီလဝံသသာ ဖြစ်သည်။

ယင်းအချိန်တွင် မထေရ်မြတ်သည် သက်တော်ဝါတော် မည်မျှရှိမည်ကို မသိရချေ။

လောင်းကြက်မြို့တွင် မည်မျှသီတင်းသုံးပြီးမှ မြောက်ဦးမြို့ကို တည်ရန် ကြွလာတော်မူသောအခါ သက်တော်ဝါတော်မည်မျှ ရှိနေသည်ကိုလည်း မသိရပါ။

ရက္ခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်နှင့် သံတွဲမြို့နယ်အကြား မအီချောင်းလက်တက်ဖြစ်သော ချောင်းငယ်တစ်ခုအဖျားတွင် ငါ့ကျားပဲမော်ဟူ၍ ရှိသည်။

ယင်းမော်ထက်တွင် ဘုရားကြီးတစ်ဆူရှိသည်၊

၎င်းဘုရားကျောက်စာတွင် သက္ကရာဇ် ၈၃၁-ခု၊ အရှင်သီလဝံသကောင်းမှု အစချီသော အလှူမှတ်တမ်းကျောက်စာတစ်ခု ရှိသည်။

၎င်းသက္ကရာဇ်အရဆိုလျှင် အရှင်သီလဝံသသည် မထေရ်မြတ်ကြီးတစ်ပါးအဖြစ်သို့ ရောက်ရှိနေသောအချိန်၌ ဤဘုရားကို တည်ခဲ့သည်။

သက္ကရာဇ် ၈၃၂-ခုတွင် ရခိုင်မင်းသမီးချောင်း ပေါ်ပေါက်သည်။

ယင်းချောင်း မပေါ်ပေါက်မီ တစ်နှစ်တွင် နရနူမင်းစောမွန် နတ်ရွာစံ၍ သားတော် ဘစောဖြူနန်းတက်သောအချိန် ဖြစ်သည်။

နရနူသည် ငယ်စဉ်အခါက အရှင်သီလဝံသထံတွင် ကဗျာကျမ်းကြီးကို သင်ကြားခဲ့သည်။

ယင်းကြောင့် သီလဝံသအရှင်မြတ်သည် သက်တော်ဝါတော်ကြီးပြီဟူ၍ ယူဆရသည်။

ကျမ်း၏အမည်ကို နှောင်းခေတ်ကျမ်းပြုဆရာတို့သည် အမည်အမျိုးမျိုးပေး၍ ကျမ်းပြုကြသည်။

(၁) ဂဝိဂန္ထကျမ်း၊ (၂) ဂဝိန္ဒပါသကျမ်း၊ (၃) ကဝီကဏ္ဍပါသနကျမ်းဟူ ပေမူအသီးသီးတို့တွင် ရေးသားခဲ့ကြသည်။

အမှန်စင်စစ်မှာ အရှင်သီလဝံသမထေရ်မြတ်ကြီး၏ အဓိပ္ပာယ်ဖွင့်ဆိုချက်အရ ဆိုသော် ကဝိပညာရှိတို့၏ ကဏ္ဍလည်ချောင်းကို ပါသနသံချိတ်ဖြင့် ဆွဲငင်သောကျမ်းဟု ဖွင့်ဆိုသည်။

ဆိုလိုရင်းအဓိပ္ပာယ်မှာ ပညာရှင်တို့၏ လည်ချောင်းခံတွင်းမှ ကဗျာလင်္ကာတို့ ထွက်ဆိုဖွဲ့နွဲ့နိုင်သော ကျမ်းဖြစ်သည်ဟု ဆိုသည်။

ယခုအခါ မင်းသုဝဏ်နှင့် ဆရာဦးစံသာအောင်တို့ တင်ပြထားသော (၁) ဆရာဦးစံရွှေဘု၊ (၂) နိုင်ငံတော်စာကြည့်တိုက်မှ၊ (၃) တက္ကသိုလ်များ စာကြည့်တိုက်မှ (၄) မန္တလေးမြို့ ခင်မကန်ကျောင်းတိုက်မှစသည်တို့ကို တင်ပြထားကြသည်။

၎င်းတို့ကို ဖတ်ရှုပြီးလျှင် ရာဇဝင်ဆရာကြီး ဦးသာထွန်းအောင်မှုနှင့် တိုက်ဆိုင်ခဲ့ပါသည်၊ အနည်းငယ်ကွဲလွဲချက်တို့ကို တွေ့ရသော်လည်း ကျမ်းတစ်စောင်လုံးမှာ မူအတူတူပင် ဖြစ်သည်။

ကျွန်တော်၏အဘိုး ဦးသာထွန်းအောင် ကွယ်လွန်ပြီးနောက် ဆက်ခံရရှိထားသော ကဗျာကျမ်းကြီးကို အကြိမ်ကြိမ်ဖတ်သော်လည်း သဘောမပေါက်နိုင်ပဲ ရှိခဲ့ရပေသည်။

ကျွန်တော်သည် ကျောင်းသားတစ်ဦးအဖြစ် ပညာသင်ကြားခဲ့စဉ်တွင် ဆရာကြီးဦးအောင်သာဦး ထုတ်ဝေသောကဗျာညွှန့်ဖူးစာအုပ်ငယ်နှင့် ကဗျာညွှန့်ပေါင်းနည်းလမ်းကောင်းစာအုပ်ကို သင်ကြားခဲ့ရပါသည်။

ယင်းစာအုပ်များမှ ကဗျာဖွဲ့နည်းစီကုံးခြင်းကို တတ်မြောက်ခဲ့ပါသည်။

သို့သော်လည်း အဆိုပါကဝိကဏ္ဍပါသနကျမ်းကိုမူကား တိုး၍မဖောက်နိုင်သေးပါ။ ကံအားလျော်စွာ ဆရာကြီးဦးစိန်ထွန်းသည် မြောက်ဦးမြို့သို့ ဆရာကြီးတစ်ဦးအဖြစ်ဖြင့် ပြောင်းရွှေ့လာပါသည်။

ယင်းပုဂ္ဂိုလ်မှာ စာပေနှင့်ဆိုင်ရာကဗျာလင်္ကာတို့ကို ကျွမ်းကျင်တတ်မြောက်သူတစ်ဦး ဖြစ်ပါသည်။

အားလပ်သောအချိန်တို့တွင် ဆရာကြီးထံ၌ အဆိုပါကျမ်းကို သင်ကြားခဲ့ပါသည်။

ဆရာကြီးဦးအောင်သာဦးစာအုပ်နှင့် ၎င်းကျမ်းကို တိုက်ဆိုင်ပြီး ညွှန်ပြသင်ကြားပါသည်။

သို့မှသာလျှင် ယင်းကျမ်း၏ ဆိုလိုရင်းတို့ကို နားလည်ခဲ့ပါသည်။

ဤကျမ်းကို ဆရာမင်းသုဝဏ်က ရက္ခိုင်အသျှင်သီလဝံသပြုစုကြောင်း တင်ပြထားပါသည်။

မြန်မာနိုင်ငံ၏ စာပေဘိုးဘွားတစ်ဆူဖြစ်တော်မူသော ဝန်ထောက်ဦးတင်ကလည်း ၎င်းပြုစုသောကဗျာ ဗန္ဓသာရကျမ်းတွင် ရက္ခိုင်အသျှင်သီလဝံသပြုစုခဲ့ကြောင်း တင်ပြထားပါသည်။

ယင်းကျမ်းတွင် ကြိယာပေါင်း ခြောက်ဆယ်နှင့် ရတုချနည်းနှစ်ဆယ့်ငါးမျိုးတို့ကို ဖော်ပြပြီး ရက္ခိုင်ကဝိကဏ္ဍပါသာနကျမ်းမှ ရရှိပါသည်ဟု တင်ပြထားပေသည်။

ဤသည်တို့ကို ထောက်ရှုခြင်းအားဖြင့် ကျမ်းကြီး၏မူလစီးဆင်းရာသည် စာရေးဆရာကြီး ကာလီဒါသရေးသော့မြတ် ပြုစုသော (ရုတဗောဓ)သုတဗောဓကျမ်းမှ အစပြုသည်။

ဒုတိယအကြိမ် အိမ်ရှေ့မိဖုရားစောပြည့်ညို့က ရက္ခိုင်မြန်မာအက္ခရာသို့ပြောင်း၍ ကဝိကဏ္ဍာကျမ်းနှင့်ကတိဂန္ဓုကျမ်းတို့ကို ပြုစုခဲ့သည်။

တတိယတစ်ကြိမ် အသျှင်သီလဝံသမထေရ်မြတ်သည် အကျယ်ချဲ့လျက် နရနုမင်းစောမွန်အား သင်ကြားရန် ကျမ်းပြုသည်။

ထို့ကြောင့် ကျမ်းအဆက်ဆက်ပြုစုခဲ့သူများမှာ ရက္ခိုင်ပညာရှင်များသာ ဖြစ်သည်။

အသျှင်သီလဝံသပြုစုသော ကဝိကဏ္ဍာပါသနကျမ်းသည် ယနေ့အထိ တည်ရှိနေဆဲပင် ဖြစ်သည်။

ထိုအသျှင်မြတ်များ ပြုစုထားခဲ့သော အမွေအနှစ်များကို မျက်မှောက်ခေတ်ပုဂ္ဂိုလ်တို့က လက်ခံကာ နောင်လာနောက်သားလူငယ်များအတွက် လက်ဆင့်ကမ်းပေးရန် တာဝန်ရှိကြပေသည်။

ယင်းကြောင့် ဆက်လက်ပညာပေးနိုင်ရန်အတွက် အဆိုပါကဝိကဏ္ဍာပါသနကျမ်းကို လေ့လာသင်ကြားကြရန် သင့်ပြီဟူ၍ တင်ပြအပ်ပါသည်။

ဤဆောင်းပါးဖြင့် ကဗျာကျမ်းကို သင်ကြားခဲ့သော ဆရာကြီးဦးအောင်ထွန်းနှင့် ဆရာကြီးဦးအောင်သာဦးတို့အား ကန်တော့ပါ၏။

**ဦးဦးသာထွန်း**

**မှတ်ချက် ။** ။ "ကပ္ပာ" အား "ပစောက်နှစ်လုံးဆင့် ယပင့်ယေးချ"ဟူ၍ ဖတ်ပါ။

# ယီးယင်-ယီးလေ-ယီးလား

ဦးဦးသာထွန်း

ယီးယင့်-ယီးလေ-ယီးလား တေးသံများကို လူတိုင်းကြားဖူးကြပေမည်။ ပုခက်လွဲတေးသံ၊ လှေလှော်တေးသံ အားလှော်တေးသံ (ဝါ)အားဖြည့်တေးသံများ ဖြစ်ကြသည်။ ယီးဆိုသောစကားမှာ ပါဠိဘာသာ "ဧဟိမှ ဆင်းသက်လာသည်ဟု ဆိုကြသည်။ အဓိပ္ပာယ်မှာ "လာလော့" ဟု အနက်ရသည်။ ပုခက်ကိုလွဲပြီး မိမိထံပြန်လာစေခြင်း၊ လှေတက်ညီညီလှော်ခတ်ပြီး ပန်းတိုင်သို့အရောက် သယ်ဆောင်ခေါ်ယူခြင်း၊ ထိုထက်ကြီးမားသော အရာဝတ္ထုမျိုးကို မိမိလိုရာသို့အရောက် သယ်ဆောင်ခေါ်ယူခြင်း သဘောပင် ဖြစ်သည်။

ယီးဆိုသော ဝေါဟာရကို ရှေးခေတ် (ဧယီး)(ဧယီး)ဟူ၍ ရေးသားခဲ့ကြပေသည်။ ရွတ်ဆိုသော ဗဟုဝဏ္ဏအက္ခရာအဖြစ် "ချီ" (ယီး)ဟူ၍ အသံထွက်ကြသည်။ အားလုံးသော ကဗျာများကို တေးသံအဖြစ်ရွတ်ဆိုသောအခါ "ယီးယင်" "ယီးလေး" "ယီးလား" သံစဉ်များကို အချိုအချုအပိုဒ်တို့၌ ထည့်သွင်းရွတ်ဆိုလေ့ရှိကြပေသည်။

## ယီးယင်

ပုခက်လွဲသော လက်ပိုင်ရှင်မိခင်တိုင်း၏ နှလုံးသားယိုစိမ့်ပွင့်အန်ထွက်လာသော သံစဉ်တစ်ခု ဖြစ်သည်။ ဤသံစဉ်မှာ သန္တာကမ်းခြေအနှံ့ ရိုးမတွင် ယနေ့တိုင် ပဲ့တင်ထပ်နေဆဲ ဖြစ်သည်။ ရင်သွေးငယ်၏မျက်လွှာကို မေတ္တာတေးသံဖြင့် ဖြည်းညင်းစွာ မှေးစက်

စေသော ကလေးချော့သံလည်း ဖြစ်သည်။ ပုခက်လွှဲတေးသံများမှာ ရခိုင်မြေပေါ်၌ သိကျွမ်း၍ပင် မကုန်ခန်းနိုင်တော့ပေ။

"ယီးယင်၊ ယီယင်ယီး ယင့်ယင် ယင်ယင်လဲ့ ယီ ယီးလဲ့ယီး ဖခင်ရင်သွီး အမိ မွီးကေ၊ သမီးလှယေ ပုခက်ချေမှာ သိပ်ပါယင့်လေ။ သမီး သမီး ချစ်သမီး၊ သမီးဖခင်ကို လယ်ပြင်မှာ၊ လင့်စင်ကိုစီး၊ စပါးတီးလို သမီးရတနာ လှဖို့ရာကို ဝယ်ဟျာပီးရေ၊ သမီးလှယေ ဇူဝေဝေ ဖူးဖူး ယီး ယင့်ယင် ယီး။

လူ့အလွှာ၊ လူ့ဘာသာ၊ လူ့စရိုက်အလိုက် ခေတ်အဆက်ဆက် မိမိတို့၏ လူနေမှုများကို အခြေပြုကာ မိမိရင်သွေးငယ်များကို ချော့သိပ်ခဲ့ကြပေသည်။ ဆင်းရဲသား တောင်သူလယ်သမား အလွှာမှသည် မင်းစိုးရာဇာအဆုံး၊ အပြုံးမျက်နှာကိုယ်စီဖြင့် ရင်ကိုဖွင့်ကာ တေးသံပင့်ခဲ့ကြသည်။

မြောက်ဦးခေတ် သက္ကရာဇ် ၈၃၂-ခုနှစ်တွင် ဘစောဖြူမင်းကြီးသည် မိမိ၏သမီးရတနာ စောရွှေကြာကို "ဧယီးခြင်း" ပိုဒ်ရေ (၃၈)ပုဒ်ဖြင့် ယီးယင်လွှဲခဲ့ပေသည်။ ယင်း၏နိဒါန်းအပိုဒ်မှာ အောက်ပါအတိုင်း ဖြစ်သည်။

ဧယီး ယင်ယင် ဧယီး။ ။ ဧယီး ယင် ဧယီး ယင်၊ ဧယီး ယင့်ယင်၊ ယင်ယင်လေး ဧယီး၊ ဧယီး၊ လေးဧဟီ၊ ဧယီး ယင်ယင်၊ ဧယီး၊ မင်းကြီး မင်းလှမင်းမမွှလျှင် ဧယင်ကျော်ဟိုး၊ လျှံဟိန်းကြီးလျက်၊ တန်ခိုးပြောထူ၊ ဘစောဖြူဟု၊ ပြည်သူသခင်၊ ငါ့အရင်မှာ၊ သံသာနီးတောင်း၊ ဘဝဟောင်းက၊ အကြောင်းသင့်စွ၊ ရင်နှိုက်ရသား၊ မိဘမျက်ဖျော်၊ သမီးတော်ကို၊ ချီးငေါ်နှစ်သိမ့်၊ ငြိမ့်ငြိမ့်ညည်း၊ ကဗျာသံဖြင့်၊ ကျုံကျုံရင့်ကျူး၊ ဧယီးယင်ထူးဖြင့်၊ ပျံ့ပျိုးသာယာ၊ ဆိုစိမ့်ငှာလျှင်၊ စီကာပတ်ကုံး၊ နိဒါန်းဆုံးကို၊ ပန်းကုံးအသွင်၊ ဖွဲ့စီရင်၍၊ အသျှင်ရွှိနား၊ နားကြားစီရန်း အကျွန်ပဏ္ဍိ၊ ကဝိခေါ်ဆို၊ မင်းညိုဘဒ္ဒ အသျှင့်လူလျှင်၊ တမူတသီး၊ ဆက်သွင်းပီးသည်၊ ပြည်သူ့ထိပ်သီး၊ ရှင်မင်းကြီး။

ဧယီး ယင်ယင်ဧယီး၊ ထိပ်သီးမောက်တော်၊ ဟုတ်တည့်ဩော်၊ မင်းမော်စီတ၊ မင်းမော်စီတ၊ သမီးလျှကို၊ ချိုမြသံညောင်း၊ ယိုင်ချင်းကောင်းဖြင့်၊ မောင်းမများစွာ၊ ယိုစိမ့်ငှာလျှင်၊ ရွှီးကာတည့်စီပီး၊ ယိုင်းယင်ဧယီး။ ဧယီး ယင်ယင် ဧယီး။

ဤဧယီးခြင်း (ဝါ) ယီးယင်ခြင်းကို သက္ကရာဇ် ၈၃၂-ခုနှစ်၊ ဘစောဖြူမင်းလက်ထက်။ စာဆိုဘားဒ္ဒမင်းညိုက ရေးသားစီကုံးခဲ့ပေသည်။ ၎င်း၏မူရင်းစာမူမှ ကူးယူသော စိန်တင်စား ဦးရွှေသဲ၏မယားမိပန်းရုံ၏ စာမူတွင် အချို့အချို့ပိုဒ်တို့၌ "ဧယီးယင်" ချိုပြီး ဧယီးဖြင့် ချထားသည်ကို တွေ့ရပေသည်။ ရခိုင်မင်းသမီး ဧယီးချင်း(ဝါ)စောရွှေကြာ၏

ယေီးယင်ခြင်း (ယီးယင်ခြင်း)မှာ ပုခက်လွှဲတေးသံတစ်ခုဖြစ်၍ “ယီ ယင်”၏ မူရင်းဝေါဟာရဖြစ်သော “ဧယီးယင်” ဖြင့်ချီပြီး “ဧယီးယင်” ဖြင့် ချထားသည်မှာ အလွန်ပင်သဘာဝကျပါသည်။

ယီးယင်၏ဆင့်ပွားအနက်အဓိပ္ပာယ်တစ်ခုမှာ ရခိုင်အခေါ် “ယိုင်းမီဒန်း” (ပုခက်)ပင် ဖြစ်သည်။ ရခိုင်စကား “ယိုင်း” “ဒန်း”တို့ကို “ယီးယင်” ဟူ၍ ရခိုင်ဒေသ၌ ယနေ့တိုင် ချစ်စနိုးခေါ်ဝေါ်သုံးစွဲ နေခဲ့ကြသည်။ ရခိုင်မင်းသမီး ဧယီးချင်းတစ်ပုဒ်လုံးတို့ကို ဆန်းစစ်ကြည့်ပါကလည်း “ဧယီးယင်” ဖြင့် အစချီပြီး “ဧယီယင်” ဖြင့် ချမှသာလျှင် ရခိုင်နည်း ရခိုင်ဟန် ရခိုင်လေသံဖြင့် ပီပြင်နေသည်များကို တွေ့ရပေသည်။

“ဧယီး ဧယီး ပျံ့ပျူး ရိုက်ကာ ကျူးပိမ့် ပေါ်ဦးကမ္ဘာ၊ ငါးကြာပွင့်လင်း၊ ရောက်မြိုက်ဉာဏ်ဖြူ- ငါးဆူရှင်နည်း၊ ပွင့်မည်ချဉ်းတွင်၊ စိတ်တည်းမရောက်၊ လေးပါးနောက်ဝယ်၊ ငါးတောက်ထောင်တာ၊ သာသနာတွင်၊ ငါးစင်းအမြတ်၊ နဝတတ်ရိကျ၊ ငါးရာရသား၊ ဂန္ဓပနဒီ၊ ဤသည်ညာမွန်၊ ရှိဆီပြုပွါ၊ အာကာမှီတိုင်း၊ တောင်ပြိုင်းပြိုင်းနှင့်၊ ဆိုင်းဆိုင်းမဏ္ဍိုင်၊ ရခိုင်ညွှန့်ဖူး၊ မွန်ကြယ်မြူးသို့၊ မြောက်ဦးရွှိနန်း၊ တည်လတ်ထွန်းထည်၊ ဤဇမ္ဗူကျွန်း၊ ထူးတည့်လေ။ ထူးတည့်မှောက်တော်၊ ဟုတ်ထည့်ဩော်၊ ကျော်သဲတတို၊ ဇမ္ဗူဒိပါကျွန်းလုံးခသည်။ မင်းတြားတည့်ရင်သွိုး၊ မှောက်တော်ထီး ယီးလဲ့ယင်ယင်ဧယီး။ ။

ဖော်ပြပါ ပုခက်လွှဲတေးသံတို့မှာ မိမိတို့၏ဘဝမှန်ကို အရိုးခံအတိုင်း ဖွဲ့နွဲ့ထားကြသည်တို့ကို တွေ့ရသည်။ တောင်သူလယ်သမားတို့၏လက်ဖြင့် လွှဲသော ယီးယင်သံမှာ ထီးဟန်၊ နန်းဟန်၊ ဆန်နေပေသည်။

## ယီးလေ

အားနှင့်မာန်နှင့် တသွေးတည်း တက်ခတ်သံနှင့်အပြိုင်ပေါ်ထွက်လာသောအသံဖြစ်သည်။ ပန်းတိုင်အရောက် တက်ညီလက်ညီ ချီတက်လှော်ခတ်ကြရန် တပ်လှန့်သံတစ်ခုလည်း ဖြစ်သည်။ အနိုင်မခံအရှုံးမပေး ဇွဲလုံ့လအပြည့်ပါသော ကြွေးကြော်သံလည်းဖြစ်သည်။

“ယီးလေးလေး ယီးလေးလေး ယီလာလာလာ ယီးယီးအောင် မင်္ဂလံ အသံပြုလို့အောင်လံလူဖို့လာရေခါ၊ ငရို့ရွာမှာ များစွာဟိယက် လူလူချင့်ပြိုင်စေဆို နင်ရို့ကိုယ်ကိုငါရို့မကြောက်လို့လို့ချင်းအခြိဘာ နင်ရို့ရွာကို ဇာလဲမကြောက် ကျာလာလာလာ့ယီးယီး လေးလေး ယီးလေးလေး”

"ယီးလေး" ဆိုသော တေးသံကို တက်ချသံ၊ တက်ခတ်သံနှင့်အညီ စည်းဝါးကိုက်ညီ သီဆိုပြီး မိမိတို့ တွေ့ရာမြင်ရာများကို သံချပ်အဖြစ် ဖန်တီး၍ဖြစ်စေ၊ တစ်ဘက်နှင့် တစ်ဘက် အပြိုင်အဆိုင်ဖြစ်စေ၊ တစ်ခြား ယသော်ရောင်ိချင်းအံ၊ တောထွက်အံ စသည့် အဏ္ဏဝါချင်းများကို သီဆိုရန်ဖြစ်စေ၊ ဗျည်း၃၃လုံး ဟန်စိလေဟန်စွလေ စသည်တို့ကို ဖြစ်စေ သီဆိုလေ့ ရှိကြလေသည်။

လောင်းပြိုင်ပွဲ (လှေပြိုင်ပွဲ)ကို ရခိုင်ပြည်၌ တော်သလင်းလတွင် ရခိုင်ရာသီပွဲတော် အဖြစ်ဖြင့် ကျင်းပခဲ့ကြသည်။ ရခိုင်စာဆိုပညာရှိ သုခမိန် မဟာပညာကျော်၏ ၁၂-ရာသီ ဧကပိုဒ်ရတုပေမူ တော်သလင်းလဘွဲ့တွင် "မှတ်သားမြဲသွင်း၊ တော်သလင်းဝယ်၊ နေမင်းဝင်းက၊ မူလနက္ခတ်၊ ရုံးမှတ်ဒေဝ၊ နတ်မိမ္မတိ၊ မွေးပျရမာ၊ သန်းခေါင်ခါကို၊ ပြုပွပရပိုဒ်၊ ခုအချိန်၌လည်း ဘုရာပွဲတော်များတွင် လှေပြိုင်ပွဲကို ရိုးရာပွဲတော်တစ်ရပ် အဖြစ်ဖြင့် တစ်ခမ်းတနား ကျင်းပဆဲ ရှိပေသေးသည်။

**ယီးလား**

အားတင်းသံ၊ အားလှော်ကသံ၊ အားပြည့်သံတို့ကို ကြားရသူတိုင်း သွေးကြွလာပြီး ကိုယ်တိုင်ကိုယ်ကျ ပါဝင်ဆွဲငင် တွန်းပို့ချင်စိတ်များ တရှိန်ရှိန်ဖြစ်လာဖြစ်ကြသည့် ဝိုင်းဝန်းကြည့်နေရာမှပင် သိက္ခာမဆည်နိုင်တော့ဘဲ ခါးတောင်ကျိုက်ကာ ပါဝင်ဆွဲငင်မိတော့သည်။

"ယီးလား-ယီးလား (တလန်) ဆုံပင်းတန်နန်း တလန်ပုံပျူး တဆုံးခူးကေ-ဆုံခုယူကာ လိုရာကို ပါလာရေလေ- ပါလာရေ ပါရေ ပါရေ ပါရေ ယီးလား ပါရေးရာ လေပါရေ ယီးလား ပါရေလေ ယောက်ဖ ယီးလား"

နာခြင်းကျင်ခြင်း၊ ပွန်းပဲ့ခြင်းကိုပင် မသိနိုင်တော့၊ စိတ်အားတက်ကြွကာ ကမ္ဘာကြီးကိုပင် ဆွဲငင်တွန်းပို့နိုင်သည့် ခွန်အားမျိုး ရောက်လာသည်ဟု ထင်နေမိတော့သည်။ တစ်ယောက်ယောက်က အသံအနိမ့်အမြင့်၊ အတက်အကျ၊ သံနေသံထားဖြင့် တိုင်ပေးပြီး တစ်ပါဒဆုံးတိုင်း ဆုံးတိုင်း အားလုံးက သံပြိုင် "ယီးလား" ဆိုသော အသံနှင့်အတူ ဟစ်အော်ကြသည်ကို ရခိုင်စကားဖြင့် 'ဗဒေါကြော်သည်' ဟု ခေါ်သည်။ တိုင်ပေးသော ပုဂ္ဂိုလ်မှာ အာဝဇ္ဇန်းရွှင်သလောက် မိမိမြင်ရာကြုံရာတို့ကို ထည့်သွင်းသီကျူးတတ်ကြသည်။

ရှေးအခါက ကြီးမားသော ဘုရားဆင်းတုတော်ကြီးများကို ပင့်ဆောင်ခြင်း၊ ကျောက်ရုပ်ကြီးများကို ပြောင်းရွှေ့ခြင်း၊ စေတီပုထိုးများ တည်ဆောက်ရန် ကျောက်တုံးကြီးများ သယ်ဆောင်ခြင်းတို့၌ "ယီးလား" တေးကဗျာဖြင့် သီဆိုကာ တက်ညီလက်ညီ ဆောင်ရွက်ခဲ့ကြသည်။ ယခုအချိန်၌လည်း ရခိုင်သင်္ကြန်အတွင်း လောင်း(လှေ)ကို မဏ္ဍပ်သို့ သယ်ဆောင်လာသောအခါ တစ်ချို့သော ဒေသများ၌ ယနေ့တိုင် အသုံးပြုဆဲဖြစ်သည်။

"ယီးယင်-ယီးလေး-ယီးလား" တေးသံများကား ယနေ့တိုင် မရိုးနိုင်သေး၊ နောင်တွင်လည်း ရိုးမတွင် အစဉ်ပဲ့တင်ထပ်နေကြမည်သာတည်း။

**ဦးဦးသာထွန်း**
**စစ်တွေကောလိပ်မဂ္ဂဇင်း ၁၉၈၃-၈၄**

(၁) ၁၉၈၁-၈၂၊ စစ်တွေကောလိပ်မဂ္ဂဇင်း

(၂) ဓညဝတီမဂ္ဂဇင်း၊ ၁၉၅၂-၅၃။

# အဒူမင်းညိုလော၊ ဘဒူမင်းညိုလော

ရက္ခိုင်မင်းသမီးချေင်းကို ပြန်လည်ဖော်ထုတ်၍ တင်ပြကြကုန်သော စာပေသုတေသီ အပေါင်းတို့သည် ယနေ့ထိမိမိတို့ ဖတ်ရှုသိရှိရသမျှသော ပေပုရပိုက်စာ၊ လက်ကူးစာ၊ ပုံနှိပ်စာစသည်တို့မှ ဖော်ထုတ်တင်ပြကြကုန်၏၊ ယင်းတို့တွင်မူ အမျိုးမျိုးရှိကြသည်၊ မိမိတို့တွေ့ရှိသောမူကို ကိုးကား၍ တင်ပြကြဟန်တူသည်၊ ထိုအခါ တစ်မျိုးတစ်ဖုံစီ ကွဲပြားခြားနားနေသည်ကို တွေ့ရှိရပါသည်၊ ယင်းတို့တွင်လည်း ရခိုင်မင်းသမီးချေင်းသည် သီချင်းလင်္ကာမျိုးဖြစ်နေသဖြင့် ကာရန်အဆက်အစပ်တို့တွင် မှားယွင်းချက်များ တွေ့ရပါသည်၊

အကြောင်းမူကား ခေတ်အဆက်ဆက် လက်ပြောင်းလက်လွှဲကူးယူရခြင်း၊ စာကူးသူ၏ မှားယွင်းချက်ရှိခြင်း၊ ရခိုင်ပြည်နယ်အတွင်းတွင်လည်း ဒေသအသီးသီးတို့၌ မိမိတို့ ဒေသအလိုက် ပြောဆိုနေကြသောစကားတွင် အသံအနည်းငယ်မျှသည် ကွဲလွဲခြင်းတို့ကြောင့် ဖြစ်ပါသည်၊ ယင်းကွဲလွဲချက်အပေါ်တွင် မူတည်လျက် ရေးသားကြသဖြင့် အသံကွဲလွဲနေခြင်းများ ဖြစ်ပေါ်လာသည်၊ ထိုအခါ လင်္ကာသွားဖြင့် စီကုံးထားသော ရခိုင်မင်းသမီးချေင်းသည် အဓိပ္ပာယ်ဖော်ထုတ်ရာ၌ တစ်မျိုးတစ်ဖုံ ကွဲပြားလာရခြင်းအဖြစ်သို့ ရောက်ရှိလာပေသည်၊ မျက်မှောက်သုတေသီများနှင့် စာပေဝါသနာရှင်များတို့သည် မိမိတို့ဖတ်ရှုရသော ချေင်းအပေါ်တွင် မည်သည့်စာပိုဒ်ကား မှားယွင်းနေသည်၊ မည်သည့် စာပိုဒ်တွင် အဓိပ္ပာယ်ဖွင့်ဆိုချက် လွဲချော်မှားယွင်းနေသည်၊ မည်သည့်စာပိုဒ်တွင်

အခိပ္ပာယ်ဖွင့်ဆိုချက် လွဲချော်မှားယွင်းနေသည်စသည်တို့ကို သတိချပ်၍ ဖတ်ရှုဝေဖန် စီစစ်သူများရှိသကဲ့သို့ မစီစစ်မဝေဖန်သူများလည်း ရှိကြပေသည်။ စာပေဝါသနာအထူး ပါရှိ၍ စေတနာကြီးမားလွန်းသူအချို့ကလည်း စာတွင်ဆိုထားသည့်အတိုင်း မှန်ကန်လိမ့် မည်ဟု ယုံကြည်ထားကြသည်။

သို့ရာတွင် အမှန်အကန်ကို တိတိကျကျသိလိုကြသောစာပေသုတေသီအချို့တို့သည် ကား သုတေသနနည်းဖြင့် ဆန်းစစ်လာကြသည်။ သို့သော်လည်း ဆန်းစစ်လိုသော သုတေ သီတို့သည် ခေတ်အဆက်ဆက် လက်ပြောင်းလက်လွဲကူးယူလာခဲ့ကြသော ပေမူ၊ ပုရပိုက် မူ၊ လက်ရေးမူတို့ကို စုံလင်နိုင်သလောက် စုံလင်နိုင်ရန် စုဆောင်းရရှိထားရမည် ဖြစ်ပါ သည်။ မစုံလင်နိုင်မီ တိကျစွာဟုတ်မှန်ပြီဟူ၍ ဆိုနိုင်ရန်အတွက် အလွန်ခဲယဉ်းကြပေ လိမ့်မည်။ ယင်းကြောင့် ကျွန်တော်စုဆောင်းထားသောစာပေအချို့မှ တွေ့ရှိချက်များကို တင်ပြဆွေးနွေးရခြင်း ဖြစ်ပါသည်။

ရက္ခိုင်မင်းသမီးချင်းကို ဆွေးနွေးတင်ပြရမည်ဆိုလျှင် မည်သည့်မင်းလက်ထက်၊ မည်သည့်သက္ကရာဇ်၊ မည်သည့်အချိန်ကာလတွင် စတင်ပေါ်ပေါက်ခဲ့သနည်းဟူ၍ တင် ပြရပါဦးမည်။ သုတေသီများ ဝေဖန်သုံးသပ်နိုင်ရန်အတွက် အကျိုးရှိလိမ့်မည်ဟု ထင်မိ ပါသည်။ ယင်းကြောင့် ချင်းဘွဲ့ခံမင်းသမီးငယ်၏ ဆင်းသက်လာပုံကို အနည်းငယ်တင် ပြပါမည်။

ရှေးခေတ်ရက္ခိုင်ပြည်တွင် ခေတ်ကြီး(၄)ခေတ် ထွန်းကားခဲ့သည်။ (၁) ဓညဝတီ ခေတ်၊ (၂) ဝေသာလီခေတ်၊ (၃) လေးမြို့ခေတ်၊ (၄)မြောက်ဦးခေတ်ဟူ၍ ဖြစ်ပါသည်။ နှောင်းဆုံးလွန်ဖြစ်သော မြောက်ဦးခေတ်တွင်လည်း ပထမမြောက်ဦးခေတ်၊ ဒုတိယ မြောက်ဦးခေတ်၊ တတိယမြောက်ဦးခေတ်ဟူ၍ (၃)ခေတ် ဖြစ်ပါသည်။ ယခင့်ယခင်က မြောက်ဦးခေတ်ဟူ၍ (၃)ခေတ် ဖြစ်ရှိခဲ့ပါသည်။ ယင်းခေတ်(၂)ခေတ်တို့သည် နောက်အမည်တွင်လာသော မြောက်ဦးခေတ်(၃)ခေတ်ထက် အလွန်စောလွန်းနေသဖြင့် ရခိုင်မင်းသမီးချင်းကို ဝေဖန်စီစစ်ရာတွင် မသက်ဆိုင်၍ ချန်လှပ်ထားခဲ့ပါသည်။ နောက်ပေါ် မြောက်ဦးခေတ်(၃)ခေတ်တွင် ပထမမြောက်ဦးခေတ်ကို စတင်တည်ထောင် လာသောသူမှာ မင်းစောမွန်ကြီး ဖြစ်သည်။ မင်းစောမွန်ကြီးသည် လောင်းကြက်မြို့မှ ရဟန်းပညာရှိ၊ လူပညာရှိပုဏ္ဏားပညာရှိ၊ လက်မှုပညာရှင်၊ နှုတ်မှုပညာရှင်အပေါင်း တို့နှင့်တိုင်ပင်၍ မြောက်ဦးမြို့တော် တည်ဆောက်ရန် ကရဝိတ်ဖောင်တော်ကြီးကို လှော်ရန်တပ်ရန် မြောက်များစွာတို့ဖြင့် ပြောင်းရွှေ့လာတော်မူလေသည်။

ဆရာတော်ကြီးစန္ဒရာမ၊ တေဇာရာမ၊ ဝိဇယ၊ ဓမ္မဝိလာသစသော ဆရာတော်ကြီးအပါး(၄၀)တို့သည် တညီတညွတ်တည်း ညွှန်ကြားတော်မူချက်အရ ဥက္ကာမကိန်းဖြိုခွင်း သက္ကရာဇ်(၇၉၂)ခု၊ တော်သလင်းလဆန်း (၁)ရက်၊ တနင်္ဂနွေနေ့ နေထွက်တပြူတွင် ကံစန်း၊ တံလင်္ဂ၌ မြို့နန်းကို တည်ဆောက်တော်မူလေသည်။

(တချို့ကျမ်းဂန်တို့၌ ကြာသပတေးဟု ဆိုသည်။) မင်းစောမွန်ကြီးနှင့် မိဖုရားစောစစ်တို့သည် နန်းစဉ်(၃)နှစ်မြောက် (၇၉၅)ခုသို့ ရောက်သောအခါ မင်းစောမွန်ကြီး နတ်ရွာစံလေသည်။ ယင်းသက္ကရာဇ်တွင်ပင် ညီတော် နရနုမင်းစောမွန် နန်းတက်တော်မူသည်။ နန်းစဉ်(၂၆)နှစ်တွင် နတ်ရွာစံသည်။ ယင်းမင်းတွင် သားတော်(၂)ပါး ထွန်းကားခဲ့သည်။ ဘစောဖြူမင်းနှင့် ဘစောမင်းညိုတို့ ဖြစ်ကြသည်။ နောင်တော်ကြီး ဘစောဖြူမင်းသည် မြောက်သားတော် စောနန္ဒီနှင့် သက္ကရာဇ် (၈၂၁)ခုတွင် မြောက်ဦးရွှေနန်းတော်ကို သိမ်းမြန်းစိုးစံတော်မူသည်။ အနောက်ငယ်တရိုး၌ သူပုန်ကန်များ သောင်းကျန်းနေသည်ကို နှိမ်နင်းအောင်မြင်တော်မူသည်။ တိုင်းသူပြည်သားအပေါင်းတို့အတွက် ကျောင်းကန်၊ ဘုရား၊ ရေတွင်း၊ ရေကန်လမ်းမကြီး လမ်းငယ်၊ ကျုံး မြောင်းတံတားစသည်တို့ကိုလည်း ပြုလုပ်တော်မူလေသည်။ လေးကမန်အရာ၌ တဘက်ကမ်းမြောက် တတ်ကျွမ်းသည်ဟူ၍ ကျော်ကြာသည်။ ဘုရားအလောင်းတော် ဇောတိပါလနှင့် သတ္တုတိသမင်းသားတို့ကဲ့သို့ လည်းကောင်း၊ စိတ္တဝေဒီ၊ ဂဏဝေဒီစသော လေးသည်တော်တို့ကဲ့သို့ လည်းကောင်း၊ စွမ်းစွမ်းတမံ အားအင်ကြီးမားခြင်းကြောင့် ကုလားတို့ဘာသာဖြင့် (ကာလီမာသျှား)ဟု အမည်တွင်ခဲ့လေသည်။ လေးကိုယင်းတို့ဘာသာဖြင့် (ကာလိမ် (ဝါ) ကမန်)ဟု ခေါ်သည်။ အရှင်ကို (သျှား)ဟု ခေါ်သည်။ အဓိပ္ပာယ်မှာ လေးအတတ်တို့၏ အရှင်သခင်ဟူ၍ ဆိုသည်။ ထိုဘစောဖြူမင်းသည် အိမ်ရှေ့စံအဖြစ်ဖြင့် မြောက်ဦးအနောက်ဘက် နန်းမြို့ရိုးမောက်တော်တံခါးပြင်ဘက် စံနန်းတော်တွင် နေခဲ့သည်။

ယင်းအချိန်တွင် သမီးဦးတစ်ပါး ဖွားမြင်ခဲ့သည်။

ယင်းသမီးသည် အိမ်နိမ့်စံဘဝဖြင့် ဖွားမြင်သော သမီးဖြစ်၍ မြပုခက်တင် ဧယဉ်တော် ကျူးခြင်းအခမ်းအနားကို မင်းခမ်းမင်းနားဖြင့် မပြုလုပ်ခဲ့ရချေ။

ငယ်ငယ်ကပင် ကွယ်လွန်သွားသဖြင့် ယောက္ခမတော် နရပ်စား(နဝရပ်စား)ဝန်ကြီး၏ ယခု အောင်တပ်ရွာ အရှေ့ဘက် နရပ်စားဝန်ကြီးတည်သော ရခိုင့်တန်ဆောင်ဘုရားကြီး၏အနီးတွင် နရပ်စားဝန်ကြီးအိမ်တော် ရှိသည်။

ယင်းအိမ်၌ သမီးကြီး စောဥမ္မာ ကွယ်လွန်သည်။

'မသာ' တော်ကို ဒိုင်းဂျိကျွန်း ကန်ရာတောင်ဘက် (ယခုဆနီကျန်ဘုရား)အနီးတွင် သဂြိုဟ်၍ မဏ္ဍာပ်ကနားကြီးစွာ ဆောက်လျက် အလှူကြီးပေးခဲ့လေသည်

မင်းအဖြစ်သို့ ရောက်ရှိပြီးနောက် သက္ကရာဇ်(၈၃၂)ခုတွင် သမီးတော်တစ်ပါး ဖွားမြင်လာသည်။

မောတ်တော်တံခါးစံအိမ်တော်၌ ဖွာမြင်တော်မူသဖြင့် မောက်တော်မင်းသမီးဟူ၍ ခေါ်တွင်ကြသည်။

လောကီမင်္ဂလာ(၁၂)ရပ်တွင် နာမသညာဏ မင်္ဂလာကို ပြုခြင်း၊ နားထွင်းမင်္ဂလာပြုခြင်း၊ ပုခက်တင်မင်္ဂလာပြုခြင်း စသည်တို့ကို တစ်ပြိုင်နက်တည်း ပြုလုပ်မည်ဖြစ်သဖြင့် ဘိသိက်တော်မင်္ဂလာပုဏ္ဏားအပေါင်းတို့ကို ဖိတ်ခေါ်လျက် အမည်သမုတ်လေသည်။

ဗေဒင်ကိန်းခန်း စန်းလဂ်ဇာတာတို့ကို စုံလင်စွာ ဖွဲ့စည်းလျက် ရက္ခိုင်တို့၏ အညွန့်ပေါ်၊ နာမ်ပေါ် အမည်ဖြစ်သော (စောရွှေကြာ)ဟူသော အမည်ကို မှည့်ခေါ်တော်မူလေသည်။

ယင်းနောက် ပုခက်တင်မင်္ဂလာကျူးရင့်တော်မူရန် ရက္ခိုင်တို့ဘာသာဖြင့် ယိုင်းခြင်းထီးခြင်း (ချေင်း)ကို စီကုံးဆက်သွင်းရန် ပြည်တွင်း၌ ရှိသမျှသော ကဝိအကျော်ပညာရှိတို့အား ဖိတ်ခေါ်လျက် စီကုံးရေးသားဆက်သွင်းစေရန် မိန့်ကြားတော်မူလေသည်။

'ငါသည်' သမီးတော်ကြီးတစ်ပါး၊ ဖွားမြင်တော်မူသောအခါ အိမ်နိမ့်စံအဖြစ်ဖြင့် စံစားနေချိန်ဖြစ်၍ မင်းခန့်မင်းလက်ဖြင့် စုံလင်စွာ ပုခက်တင်မင်္ဂလာ၊ ဧယဉ်တော်ကျူးမင်္ဂလာ မပြုလိုက်ရခြင်းကြောင့် ယခုအခါ မင်းခန့်မင်းလတ်စုံလင်စွာဖြင့် ပြုလုပ်မည်ဖြစ်သည်

ယင်းသို့ဆောင်ရွက်ရာတွင် ငါ၏ရွှေဘေးလောင်းတော်၊ ဘိုလောင်းတော်တို့၏ ကျေးဇူးကျော်၊ ဂုဏ်တော်တို့နှင့် မြို့တည်နန်းတည်စသော သမိုင်းအဆက်ဆက်တို့ကိုလည်း စုံလင်စွာ ဖော်ပြပါဝင်ရမည်ဟူ၍ မိန့်ကြားတော်မူသည်။

ထိုအခါ ဘုရင်ထံပါးစံစားနေကြကုန်သော သုခမိန်အပေါင်းတို့တွင် တစ်စုံတစ်ယောက်သောသူမျှ ထွက်ပေါ်၍ မလာချေ။ ဝရုဂဏ္ဍကကျွန်း(ယခု-ဖရုံကာကျွန်း) 'ဘားတူကျေးရွာမှ မျိုးရိုးစဉ်ဆက်တောင်သူလယ်သမားတို့၏ သားဖြစ်သော မောင်မင်းညိုသည် ကဗျာ၊စာပေ သုတေသီတစ်ဦး ဖြစ်နေသည်။ ဘုရင်မင်းမြတ်၏ ပုခက်တင်မင်္ဂလာချေင်းကို အကျွန်လျှင် စပ်ဆိုပါမည်ဟု ဘုရင်ထံ လျှောက်ထားလေသည်။

ဘုရင်မင်းမြတ်၏ ညွှန်ကြားတော်မူချက်အတိုင်း သမီးတော်မောက်တော် မင်းသမီး စောရွှေကြာအတွက် ယိုင်ခြင်း၊ (ချောင်း)ကို စပ်ဆိုတော်မူလေသည်။

ယင်းချောင်း၏အဆုံးတွင် အချုပ်ဒ်တို့၏ အစ၌ မောက်တော်ဟူသော စကားလုံးတို့ သုံးစွဲထားသည်။

မောက်တော်ဟူသောစကားလုံးသည် ရက္ခိုင်တို့တွင် မင်းသမီးဟူ၍ အဓိပ္ပာယ်ရ သည်။

မြောက်ဦးနန်းမြို့ရိုး၏ အနောက်ဘက်တံခါးကို ဦးစွာပထမတည်ထောင်ခဲ့သော မင်းစောမွန်ကြီး၏ မင်းသမီးတစ်ပါးအမည်ဖြင့် တည်ဆောက်ခဲ့သည်။

ယင်းအချိန်ကပင် မောက်တော်တံခါးဟု တွင်ခဲ့သည်။

မင်းစောမွန်၏ မြစ်တော်ဖြစ်သော ဘစောဖြူမင်းကြီး၏ သမီးတော် စောရွှေကြာ သည် မောက်တော်တံခါးအနီး၊ စံအိမ်တော်၌ ဖွားမြင်တော်မူခြင်းကြောင့် မောက်တော်မင်း သမီးဟူ၍ အမည်တွင်ခဲ့သည်။

ပုခက်တင်မင်္ဂလာချောင်းကို ဘားတူကျွန်းမှ မောင်မင်းညိုသည် အညွန့်အစုံရှိသော ပေဖူးလွှာတွင်ရေးလျက် ဘုရင်ထံဆက်သွင်းလာသည်။

ဘုရင်မင်းမြတ်သည် မောင်မင်းညို၏ချောင်းကို လူပညာရှိ၊ ရဟန်းပညာရှိတို့အား ပြသ၍ ဆန်း၊ ဂိုဏ်း၊ အလင်္ကာစသည်တို့နှင့် ညီညွတ်ပြည့်စုံနေသည်ကို တွေ့ရှိကြရသဖြင့် ပညာရှိအပေါင်းတို့က သုတိဩဘာမင်္ဂလာ ပြုကြသည်။

ထိုအခါ ဘုရင်မင်းမြတ်သည် အလွန်တရာ ဝမ်းမြောက်တော်မူသဖြင့် မောင်မင်းညို အား ဘားတူကျွန်းကို အပိုင်စားပေးသနားတော် မူလေသည်။

နန်းတွင်းစာဆိုအဖြစ်လည်း ဂုဏ်ပြုချီးမြှင့်၍ စာဆိုတော် 'ဘားတူမင်းညို' ဟူသော ဘွဲ့ထူးကို ထပ်ဆင့်ပေးတော်မူသည်။

ယင်းကြောင့် ဘားတူမင်းညိုဟူသော အမည်ဖြင့် ချောင်း၏အစနိဒါန်းပိုင်းကို ရေးစပ် ဖော်ပြထားသည်ကို တွေ့ရပါသည်။

ရှေးခေတ်စာပေအရေးအသားတွင် (အ)နှင့် (ဘ)တို့သည် မကွဲမပြားဖြစ်နေသည် များကို တွေ့ရသည်။

ယင်းကြောင့် (ဘ)ကို (အ)ဟူ၍ ထင်မှားကြလေသလော၊ (ဘဒူ)ကို (အဒူ)ဟူ၍ ယူဆနေကြသလောစသည်ဖြင့် တွေးတောမိပါသည်။

အချို့သုတေသီတို့က အဒူဆိုသည်မှာ လူငယ်ကို ဆိုသည်။

အဒူမင်းညိုဆိုသည်မှာ လူငယ်စာဆိုဖြစ်သည်ဟူ၍ ချေပရေးသားကြသည်။

အကယ်၍ အဒူဆိုသည်မှာ လူငယ်ဟူသော အဓိပ္ပာယ်ရလျှင် ယင်းစကားလုံးသည် မည်သည့်ဘာသာစကားလုံးပါနည်း၊ ပါဠိလော သက္ကတလော၊ ရခိုင်ပေါရာဏလော ဟူ၍ ဆန်းစစ်ရန် လိုအပ်ပေသည်။

အချို့သုတေသီတို့က ကုလားဘာသာဖြင့် အဒူဆိုသည်မှာ လူငယ်ဟူ၍ အဓိပ္ပာယ် ရသည်ဟု ဆိုသည်။

သို့ရာတွင် မင်္ဂလာဧချင်းသီကုံးရာ၌ ကုလားဘာသာနှင့် မည်သို့ သက်ဆိုင်သနည်း မည်သို့ ဆက်စပ်နေသနည်းဟူ၍ တွေးတာစရာတစ်ခု ဖြစ်နေပါသည်။

ယင်းအချိန်တွင် ကုလားဘာသာ ထည့်သွင်းရမည့်အချိန်ကာလမျိုးနှင့် တိုက်ဆိုင်မှု မရှိခဲ့ပါ။

သူမ၏ ဖခင်သည်သာလျှင် လေးအတတ်ကို တတ်၍ အနောက်ငယ်တစ်ရိုး သောင်းကျန်းနေသော သူပုန်များကို လေးလက်နက်ဖြင့် အောင်မြင်ခဲ့မှုကြောင့် သင်းတို့၏ ဘာသာဖြင့် (ကာလီမာသျှာ)ခေါ်ခဲ့ကြောင်း တွေ့ရပါသည်။

သမီးငယ်နှင့်ကား တစ်စုံတစ်ခုမျှ မသက်ဆိုင်ခဲ့ပါ။

စာဖတ်သူသုတေသီများ ဝေဖန်စဉ်းစားနိုင်ရန်အတွက် စာဆိုတော် ဘဒူမင်းညို၏ နိဒါန်းပျိုးခဲ့သော ဧချင်း၏ပထမပိုဒ်ကို တင်ပြပါမည်။

**ဧချင်းပထမပိုဒ်**

ယီးယင်ယင်ယီး။ ။ယီးယင်းယီယင်း ယီးယင်ယင်၊ ယင်ယင်လေယီး၊ ယီးလေးယီး၊ ယီးယင်ယင်ယီး-----မင်းကြီးမင်းလှ၊ မင်းဓမ္မလျှင်၊ လူ့ခွင်ကျော်ဟိုး လွှန်ဟိန်းကြိုးလျက် တန်ခိုးပြောထူ၊ ဘစောဖြူဟု၊ ပြည်သူ့သခင်၊ ထိုအရှင်မှာ သံသာရှိဟောင်း၊ ဘဝနှောင်းက အကြောင်းသင့်၍၊ ရင်နှိုက်ရသား၊ မိဘမျက်ဖျော်၊ သမီးတော်ကို၊ ချီငေါ်၍နှစ်သိမ့်၊ ခြိမ့်ခြိမ့်ညံ့ညံ့၊ ကဗျာသံဖြင့်၊ ကျုံကျုံရင့်ကျူး၊ ယီးယင်ထူးဖြင့်၊ ပုံ့ပျူးသာယာ၊ ဆိုစိမ့်ငှာလျှင်၊ စီကာပတ်ကုံး၊ နိဒါန်းထုံးကို၊ ပန်းကုံးအသွင်၊ ဖွဲ့စီရင်၍၊ အသျှင်ရှိနား နာကြားစီရန်၊ အကျွန်ပဏ္ဍိ၊ ကဝိခေါ်ဆို၊ မင်းဘိုဘဒူ၊ အသျှင်လူလျှင်၊ တမူတသီး၊ ဆက်သွင်းပီးသည်၊ ပြည်သူ့တည့်ထိပ်သီး အသျှင်မင်းကြီး။

ယိီးယင်ယင်ယိီး၊ ထိပ်သီး မောက်တော်ဟုတ်တည်ဩော်၊ မင်းမော်မိဘ----မင်းမော်မိဘ၊ သမီးလှကို၊ ချိမြသံညောင်း၊ ယိုင်းခြင်းကောင်းဖြင့် မောင်းမများမှာ၊ လွဲစိမ့်ငှာလျှင်၊ ရွှီးကာထည့်ဒီပီးယိုင်းယင့်ယိီး။ ။ ယိီးယင်ယင်ယိီး။

ဤနိဒါန်းပိုင်းတွင် သူ၏အမည်ကို ဖော်ပြရာ၌ ကာရန်ကိုင်၍ (မင်းညိုဘဒ္ဒူ)ဟု စပ်ဆိုထားသည်။ အမှန်မှာ (ဘဒ္ဒူမင်းညို)ဖြစ်သည်။ (အ)နှင့် (ဘ)တို့ လွဲမှားနိုင်သည်။ ရှေးခေတ်အရေးအသားတွင် (ဘား)ကို ယခုခေတ်အရေးအသားဖြင့် (ဖား)ဟူ၍ ရေးသားလာကြသည်။ ဥပမာအားဖြင့် ဘုရားသခင်ကို ဖုရားသခင်ဟု အသံထွက်ခြင်း၊ ဘခင်ကို ဖခင်ဟု အသံထွက်ခြင်း၊ ဘိုးကျော်ကို ဖိုးကျော်ဟူ၍ အသံထွက်ခြင်း၊ အက္ခရာစာလုံးမပြောင်းဘဲ အသံပြောင်းခြင်းများ ရှိနေသည်။ အနည်းငယ် ရှင်းပြအံ့၊ ရက္ခိုင်ဗျည်း ၃၃လုံးတွင် (ဘ)ကို (တဖုံးချပ်)ဟူ၍ အသံထွက်သည်။ ၎င်းအသံကို ရက္ခိုင်တို့က (ဖ)သံပြု၍ ဆိုကြသည်။ ယင်းကြောင့် (ဘား)ကို (ဖား)ဟူ၍ ထွက်ဆိုလာကြသည်။ ဤချင်းသီဆို၍ သမီးတော်စောရွှေကြာအား မြပုခက်တော်တွင် တင်လျက်တစ်ဘက်တစ်ဘက်စီမှ အပျိုတော် (၆)ကျိပ်စီ ပေါင်း(၁၂၀)တို့က သံညှင်းသံမြတို့ဖြင့်ဆိုလျက် ယုယစွာဆွဲငင်ကြသည်။ မင်္ဂလာပြုသောနေ့၌ပင်လျှင် မောက်တော်တံတားအနီးရှိ သမီးတော် ဖွားမြင်တော်မူသော စံနန်းတော်ကြီးကို ဖြိုဖျက်၍ သိမ်တော်ကြီးတစ်ဆောင် သမုတ်ပြီးလျှင် ကျောက်ဆင်းတုတော်တစ်ဆူ တည်ထားတော်မူလေသည်။

သမီးတော်၏မင်္ဂလာအခမ်းအနားတွင် ပူဇော်သောဘုရား ဖြစ်၍ သမီးတော်၏ အမည်ကို အစွဲပြုကာ စောရွှေကြာဘုရား၊ စောရွှေကြာသိမ်ဟူ၍ ခေါ်တွင်သည်။ ကာလကြာညောင်းလာသဖြင့် ယခုခေတ်တွင် ရွှေကြာသိမ်ဘုရားဟု ခေါ်တွင်သည်။ အင်္ဂလိပ်အစိုးရမင်းလက်ထက် ကျောက်ဂူတော်ကြီးပြိုပျက်၍ ပျဉ်းကတိုးတိုင်၊ သွပ်မိုးသိမ်ကြီးတစ်ဆောင်ကို ဆောက်လုပ်ခဲ့သည်။ တချို့သုတေသီတို့က (မရွှေကြာ)ဟူ၍ အမည်ပေးပြီးလျှင် ဆိုင်းဘုတ်တင်ကြသည်။ သမိုင်းဝါသနာရှင်များက မကျေနပ်၍ ကျွန်တော့်ထံလာရောက် မေးမြန်းလာကြသည်။

သူတို့တင်ပြချက်မှာ မင်းသမီး၏ငယ်နာမည်မှာ မရွှေကြာဖြစ်သည်၊ ကြီးလာပြီးမှ စောရွှေကြာဖြစ်သည်ဟူ၍ ဆိုင်းဘုတ်တင်သူတို့က ပြောလိုက်သည်ဟု ဆိုသည်။ ချင်းအစအဆုံးထိ အပိုဒ်တို့တွင်လည်း တတိယမြောက်ဦးခေတ်တွင် နရပတိမင်းကြီး ဖြည့်သွင်းခဲ့သည့် ချင်း(၂)ပိုဒ် ပါရှိသည်။ ယင်း ၂ပိုဒ်အတွက်လည်း အငြင်းပွားနေကြသည်။ ဖြေရှင်းစရာအများကြီးရှိသည်။ ဤဆောင်းပါး၌ ဖြေရှင်းရန်မသင့်သေးသဖြင့် ချန်လှပ်

ထားခဲ့ပါသည်။ (ဤသည်ကား စကားချပ်ပေတည်း။) စန်းလင်္ကာတာ ဗေဒင်ကိန်းခန်း အလို အစ်မတော်စောဥမ္မာ၏ အမည်တို့နှင့် လိုက်လျောညီထွေစွာ ပုခက်တင်စဉ်ကပင် ပေးထားသောအမည်မှာ 'စောရွှေကြာ' ဟုသာ သမိုင်းက ထွက်ဆိုထားပါသည်။

**အသျှင်နှိနှား နာကြားစီရန်**
**အကျွန်ပဏ္ဍိတ် တပိဓေါ်ဆို**
**မင်းညိုဘဒူ၊ အသျှင့်လူလျှင်**
**တမူတသီး၊ ဆက်သွင်းပီးသည့်**
**ပြည်သူ့ထိပ်သီး**
**အသျှင်မင်းကြီး။**

သို့ဖြစ်ပါ၍ သူတို့၏မျိုးရိုးစဉ်ဆက်သမိုင်းအဆိုအားဖြင့်လည်းကောင်း၊ စာဆိုတော် 'ဘဒူမင်းညို' ၏ ချင်းနိဒါန်းပထမပိုဒ်တွင် တင်ပြထားသည်တို့ကို ဖတ်ရှုရခြင်းအားဖြင့် လည်းကောင်း၊ ချင်းစာဆိုအမည်မှန်သည် 'ဘဒူမင်းညိုလော၊ အဒူမင်းညိုလော' ဟူ၍ ဝေဖန်တွေးဆနိုင်ရန် တင်ပြအပ်ပါသည်။

**မှတ်ချက်။** ။ 'ချိုး - ယီး' မူရင်းပေမူတွင် ယီးဆိုသော အက္ခရာအသံထွက်ကို သရ(၈)လုံးတွင် ဧဟူသောအက္ခရာတွင် ယပင့်၍ လုံးကြီးတင်ဆံခတ်ပြီးလျှင် ဝတ်စပေါက်ထားသည်။ မူရင်းအရေးအသား ဖြစ်သည်။ ယင်းသို့ရေးသားသည်ကို ဤဆောင်းပါးတွင် ဖတ်လွယ်၊ မှတ်လွယ်၊ ပုံနှိပ်လွယ်အောင် (ယီး)ဟူ၍ ရေးသားလိုက်ရပါသည်။

**ဦးဦးသာထွန်း**
**ညောင်ပင်ဈေး၊ မြောက်ဦးမြို့။**
**(ရခိုင်သဟာယစာစောင်ငွေရတု)**

**ကိုးကားသောကျမ်းများ**

၁။ ရက္ခိုင်မင်းသမီးယိုးခြင်း(ချင်း) (ဦးရွှေသွေး၊ မယား မိပန်းရုံတို့၏ ပေမူဟောင်း)

၂။ ရက္ခိုင်မင်းသမီးချင်း ရွှေစေတီဆရာတော် ပေမူ

၃။ ရက္ခိုင်မင်းသမီးချင်းဆရာကြီး ဦးအောင်သာဦး ပုံနှိပ်မူ

၄။ ချင်းဟောင်း ၁၂တွဲ (ဦးမဲအောင်ပုံနှိပ်မူ)

၅။ ရခိုင်မဟာရာဇဝင်တော်ကြီး (ဦးသာထွန်းအောင် ပုံနှိပ်မူ)

# သရဏဂုံ တင့်ပန်းငါးပွင့်

ဦးဦးသာထွန်း (ရခိုင်မြန်မာပဏ္ဍိတ်)

ရက္ခိုင်တို့သည် ဦးစွာအစဗြဟ္မဏဘာသာကို ကိုးကွယ်ခဲ့ကြပေသည်၊ ဘုရားမြတ်စွာသည် ဝါတော်(၂၀)မြောက်တွင် သက္ကရာဇ် ၁၂၃-ခု ကဆုန်လဆန်း (၁၄)ရက်နေ့တွင် ဓညဝတီရခိုင်ပြည်ကြီးသို့ ကြွရောက်တော်မူခဲ့လေသည်။ ထိုအချိန်မှစ၍ ရခိုင်ပြည်တွင် မဟာမုနိရုပ်ပွားတော်ကြီးနှင့် မဟာဒိန်၊ မဟာကျန်စသော ဆင်းတုတော်များဖြစ်ထွန်းခဲ့သည်။ ညီတော်သုရတဋနှင့် အခြွေအရံ ၅၀၀ တို့ရဟန္တာယောကျ်ားဖြစ်ကြသည်၊ နှမတော်ပဒုမ္မဒေဝီနှင့် အခြွေအရံ ၅၀၀တို့ ရဟန္တာမိန်းမဖြစ်ကြသည်။ ဒန္တသူရိယမင်းကြီးအား ဘုရားသခင်သည် ဓမ္မစကြာဒေသနာတော်၊ အနတ္တလက္ခဏာသုတ်တော်၊ သတ္တဗိမ္ဗပူဇနိယသုတ်တန် ဒေသနာတော်များကို ဟောကြားတော်မူခဲ့သည်။ ယင်းအချိန်မှစ၍ ဗုဒ္ဓ၊ ဓမ္မ၊ သံဃ တည်းဟူသော ရတနာသုံးပါး ထွန်းလင်းခဲ့သည်မှာ ယနေ့တိုင်အောင် တည်ရှိနေသေးသည်။ ယင်းရတနာသုံးပါးကို ဆည်းကပ်ပူဇော်ခြင်းအားဖြင့် သရဏဂုံသုံးပါး တည်ကြသည်၊ ရက်ကြီးရက်မြတ်တို့တွင် ပူဇနိယဇိနအဖြစ်ဖြင့် ပူဇော်ကြသည်။ ပူဇော်ကြရာတွင် ပူဇော်အပ်ပူဇော်ထိုက်သော ပူဇနိယဇိန၊ ပူဇာတဗ္ဗ၊ ပူဇာရဟ တည်းဟူသော ပါဠိတော်အရ ဆောင်ရွက်ပူဇော်ကြသည်။ ပူဇော်အပ်ပူဇော်သင့် ပူဇော်ထိုက်သော အရာဝတ္ထုများကား အဘယ်သို့နည်း၊ ရဟန္တာအရှင်မြတ်များတို့နှင့်တကွ သီလဝန်၊ ဂုဏဝန်၊ သမ္မာဓိဝန်အစရှိသော ထေရ်အရှင်ပေါင်းတို့က ကျမ်းဂန်အရ ရွေးချယ်ညွှန်ကြားထားရှိပေသည်၊ ဤသို့ ညွှန်ကြားချက်တို့ကို ပါဠိတော်အဋ္ဌကထာဋီကာတို့၌ ဤသို့ဆိုထားသည်။

(ဇာတ်ငိုကာ) 'ဒမ္မတိဏ၊ သုဒ္ဓက္ကုလ၊ သိဒ္ဓတ္တ၊ သုဂဏမကုလ၊ ယာဇသန်တာနိ၊ ပဥ္စပုပ္ပါနိ' ဟူ၍ ပါဠိတော်လာရှိသည်။

**အစိပ္ပာယ်မှာ-** (၁) **ဒမ္မတိဏ** - **နေဇာမြက်**
(၂) **သုဒ္ဓတက္ကုလ** - **ဆံပန်း**
(၃) **သိဒ္ဓတ္တ** - **မုန်ညင်း**
(၄) **သုမဏမကုလ** - **မြတ်လေးပန်း**
(၅) **လာဇသန်တာနိ** - **ပေါက်ပေါက်ပန်း**

ပဥ္စပုပ္ပါနိ - ငါးပါးသောပန်းမျိုး ဖြစ်သည်။ အမြတ်ဆုံးပန်းဟူ၍ ဟောကြားတော်မူခဲ့လေသည်။

ထို့ကြောင့် ရခိုင်အမျိုးသားတို့ ဗုဒ္ဓဘာသာဖြစ်သည့်နေ့မှစ၍ ယနေ့ထိ ဤပန်းငါးမျိုးတို့ကို သက်ဆိုင်ရာ ပူဇော်ပွဲတို့တွင် ပူဇော်နေကြသည်။

ပေါက်ပေါက်ပန်းကို ဘုရားဆင်းတုတော်များ ပင့်ဆောင်ရာ ရွှေမှလည်းကောင်း၊ သံဃဒါန ဆွမ်းတော်ကြီးလောင်းပွဲ၊ ဘုရားဆင်းတုတော် ပူဇော်ပွဲ၊ စသည်တို့၌လည်းကောင်း ကြဲဖြန့်ပူဇော်ခြင်းဖြင့် ဗုဒ္ဓပူဇနိယ ပြုကြသည်။

ချမ်းသာကြွယ်ဝသော မှူးကြီးမတ်ရာ သေနာပတိပညာရှိစသည့် သူဌေးသူကြွယ်တို့မှာ ရွှေပေါက်ပေါက် ငွေပေါက်ပေါက်တို့ကို သံရွှင်စပါးပေါက်ပေါက်နှင့်ရော၍ ကြဲဖြန့်ပူဇော်ကြသည်။

ဆင်းရဲသူတို့မှာ သံရွှင်စပါးပေါက်ပေါက်ကို ကြဲဖြန့်ကြသည်။

၎င်းစပါး မရနိုင်မှသာ တစ်ခြားကောက်ညှင်းစပါး ပေါက်ပေါက်များကို ကြေးဖြန့်ပူဇော်ကြသည်။

ဤသည်ကား ဗုဒ္ဓပူဇနိယပန်းနှင့် ဓမ္မပူဇနိယပန်းများ ဖြစ်သည်။

ထိုမှတစ်ပါး ဓာတ်တော်မွေတော်၊ စေတီတော်၊ ပုထိုးတော်၊ ဆင်းတုတော်(ဥဒ္ဒိဿ) စေတီ၊ ဓမ္မစေတီ၊ ပရိဘောဂစေတီ ဓာတုစေတီများကို မြတ်လေးပန်းဖြင့် ပူဇော်ကြသည်။

မြတ်လေးပန်းမှာ အချိန်ကာလအားလျော်စွာ ရရှိသောပန်းမျိုးဖြစ်၍ ပန်းပွင့်ချိန်၌သာ ပူဇော်နိုင်ကြသည်။

ပန်းစစ်စစ်ကို မရနိုင်လျှင် မြတ်လေးပန်းအတုပြု၍ ထည့်သွင်းပူဇော်လေ့ရှိကြသည်။

ဆံပန်းကို သံဃပူဇနိယပန်းအဖြစ်ဖြင့် ပူဇော်ကြသည်။ မည်သို့ပူဇော်ကြသနည်း၊ လောကီမင်္ဂလာ (၁၂)မျိုးတွင် တစ်ပါးအပါအဝင်ဖြစ်သော သာမဏေရပဗ္ဗဇ္ဇရှင်ပြု မင်္ဂလာတွင် ယနေ့ထိ ပူဇော်ကြသေးသည်။

ရှင်ပြုမင်္ဂလာကျင်းပမည့်အခါ အုန်း၊ ငှက်ပျောဖြင့် ပူဇော်ပွဲတစ်ပွဲ၊ ပရိက္ခရာရှစ်ပါးနှင့်တကွ လှူဘွယ်ဝတ္ထုများ၊ တံခွန်၊ ကုက္ကား၊ မုလေးပွာစသော အရာများ ပန်းထောင်တစ်ခု၊ ကွမ်းတောင်တစ်ခု၊ ပူဇော်ခွက်တစ်ခွက်၊ စသည်တို့ ပါဝင်သည်။ ပူဇော်ခွက်ဆိုသည်မှာ မောင်ရှင်လောင်းသည် ဥပဇ္ဈာယ်ဆရာအား ဆံပန်းဖြင့် ပူဇော်ရန်ခွက်ဖြစ်သည်

ယင်းခွက်တို့တွင်လည်း ရွှေခွက်၊ ငွေခွက်၊ ကြေးခွက်၊ ပန်းပွတ်ခွက်တို့ ဖြစ်ကြပါသည်။

ပန်းပွတ်ဆရာတို့ ပွတ်အပ်သော သစ်သားခွက် ဆိုရာတွင်လည်း စန္ဒကူနံ့သာခွက်၊ နံ့သာနီခွက်၊ နံ့သာဖြူခွက်၊ ကျွန်းခွက်စသည့် သစ်မြတ်တို့နှင့် ပြုလုပ်သော ခွက်များဖြစ်ကြသည်။

ယင်းခွက်တို့တွင် သာမဏေလောင်း မိဘတို့ ဆန်ကွဲ၊ ဆန်ညှာမပါတဲ့ ဆန်ဖြူလုံးတီးကို ထုံး၊ နနွင်းလူး၍ ခွက်တွင် အပြည့်ထည့်ရသည်။ အလှူမဏ္ဍပ်၌ စုံလင်စွာခင်းကျင်းတည်ထားရသည်။ ရှင်ပြုပွဲ လှည့်လည်သောအခါ မောင်ရှင်လောင်း၏ အစ်မဖြစ်စေ၊ ညီမဖြစ်စေ၊ ပူဇော်ခွက်ကို ကိုင်ဆောင်ရသည်။ အစ်မ၊ ညီမ မရှိလျှင် ဆွေမျိုးတော်စပ်သူ တစ်ဦးဦးက ကိုင်ဆောင်ရသည်။ ကွမ်းထောင်၊ ပန်းထောင်များကို ရပ်ရွာထဲမှ လှပသော အမျိုးသမီးများက ကိုင်ဆောင်ရသည်။ ရှင်ပြုမည့်နေ့ရက် အရုဏ်တက်အချိန်တွင် မင်္ဂလာမြှောက်ရသည်။

မင်္ဂလာမြှောက်ရာတွင်လည်း နံ့သာထည့်ထားသော ရေစင်အိုးနှစ်လုံး၊ ရွှေဖရုံသီးနှစ်ခွက်၊ ငကန်းသားတစ်ခွက်၊ ကြက်သားတစ်ခွက်၊ ဝက်သားတစ်ခွက်၊ မင်္ဂလာလောင်းပွန်းတွင် ဆန်ထမင်းနှင့် ကောက်ညှင်းထမင်း အပြည့်ထည့်ရသည်။

ထမင်းပေါ်တွင် ကန်စွန်းမြှောက်ဥနှစ်ဥ၊ ဂရင်းသီးနှစ်လုံး၊ ခြေလက်အစုံပါသော ပုစွန်ထုပ်ကြီး နှစ်ကောင်၊ ငကန်းသားနှစ်ကောင်(ဘဲဥ)ကို မထည့်ရ၊ ထိမ်းမြား မင်္ဂလာပွဲ၌သာ ဘဲဥထည့်ရသည်) အစုံထည့်ထားသော မင်္ဂလာလောင်းပွန်းနှင့် ရေစင်အိုးတို့ကို သံရွှင်ကောက်ညှင်းကြဲထားသော မင်္ဂလာစားပွဲပေါ်၌ တင်ရသည်။ စားပွဲ၏ ခုံခြင်း

အောက်တွင် ငွေသားအင်္ဂါးနှစ်ပြား ထည့်ရသည်။ ဤအခင်းအကျင်းကို ဆောင်ရွက်ရာတွင် အညွန့်ရှိသော မိန်းမကသာ ဆောင်ရွက်ရသည်။

အညွန့်ရှိသော မိန်းမဆိုသည်မှာ လင်သေ၊ လင်ကွာမဟုတ်ဘဲ အိမ်ထောင်စုံရှိသော မိန်းမကို ဆိုလိုသည်။ မိန်းမပျိုများလည်း ဆောင်ရွက်နိုင်သည်။ ယင်းသို့ စုံလင်ပြီးမှ ဆရာတော်က သီလပေးရသည်။ မောင်ရှင်လောင်းက အဆိုပါ ပူဇော်ခွက်ကို ရှေ့မှတည်၍ ပူဇော်ရသည်။ ပြီးလျှင် ၎င်းပူဇော်ခွက်ကို ရှင်ပြုအခမ်းအနားတွင် ထားရသည်။ ရှင်ပြုအကျိုးတရားတော်ကို နာယူကြမည့်အခါ ပရိသတ်သို့အဆိုပါ ဆန်ပန်းကို ဝေငှပေးရသည်။ ပရိသတ်တစ်ဦးလျှင် ဆန်ပန်း(၇)စေ့စီ လက်တွင်ထည့်၍ လက်အုပ်ချီကာ ရှိခိုးကန်တော့ကြရသည်။ ဤအကြောင်းကြောင့်ပင်လျှင် ဤဆန်ပန်းသည် ဥပဇ္ဈာန်ဆရာနှင့် အာစရိယဆရာတို့ကို ပူဇော်ခြင်းပန်းတစ်မျိုး ဖြစ်ပေသည်။ ဤအကြောင်းအရာတို့ကို မသိရှိကြသေးသော ပုဂ္ဂိုလ်အချို့မှာ ပေးလာသောဆန်ပန်းတို့ကို မြှောက်ပစ်ကြသည်။ သိရှိသောပုဂ္ဂိုလ်မှာ ရိုသေစွာလက်အုပ်ထဲတွင်ထည့်၍ ပူဇော်ကြသည်။

နေဇာမြက်ကို ဘိသေကမင်္ဂလာနှင့် လူသာမန်တို့၏ ထိမ်းမြားမင်္ဂလာတွင် အသုံးပြုကြသည်။ ဖြူစင်သန့်ရှင်းသော ခရုသွင်းထဲတွင် ပရိတ်ရေများဖြင့် စိုက်ထူလျက် သာသနာစောင့်နတ်၊ သိကြား၊ ဗြဟ္မာ၊ စန္ဒိပရမိဿာ၊ မဟာပိန္နဲစသော နတ်ကြီးများကို ပူဇော်သော ပန်းဖြစ်သည်။ ဂါထာ၊ မန္တာန်၊ အင်းအိုင်တို့ကိုလည်း ပူဇော်ကြသည်။ ထီးတည် နန်းတည်၊ မြို့သစ်တည်၊ ရွာတည်တို့တွင်လည်း ပူဇော်ကြသည်။

မုန့်ညင်းပန်းဆိုသည်မှာ မုန့်ညင်းစေ့ကို ဆိုလိုသည်။ ၎င်းကို စုန်းဖုတ်တစ္ဆေ၊ ကဝေ၊ မင်စာ၊ တောကြမ်း၊ တောင်ကြမ်း၊ သစ်ကြမ်း၊ မြေကြမ်းတို့ကို နိုင်နင်းစေရန်အတွက် ဘုမ္မစိုး၊ ရုက္ခစိုး၊ အာကာသစိုး နတ်တို့အား ပူဇော်သော ပန်းဖြစ်သည်။ အကြင်အခါ၌ ထီးနန်းကြငှန်း တည်ဆောက်မည့် နေရာတို့တွင် မြေအပြင်ကို သန့်ရှင်းစင်ကြယ်စွာ ပြုလုပ်ပြီး ကျွဲ၊ နွား၊ ထွန်သွားတို့ဖြင့် ဖြစ်စေ၊ တူရွင်း၊ ပေါက်တူးတို့ဖြင့် ဖြစ်စေ၊ မြေတလင်းကို ညီညာစွာညှိရသည်။ ယင်းမြေအပေါ်တွင် မုန့်ညင်းစေ့ကို သင့်တင့်ရာ ဖလားတစ်ခုတွင် ထည့်၍ ပထဝီဇေယမန္တန်တော်ကို ရွတ်ဖတ်ပြီးလျှင် ကြဖြန့်ရသည်။ ဤသို့ကြဖြန့်ခြင်းအားဖြင့် မကောင်းနတ်မိစ္ဆာတို့ကို ကာကွယ်နိုင်ခြင်း သမ္မာဒေဝနတ်တို့ စောင့်ရှောက်စောင်မခြင်း၊ သူတော်ကောင်းတို့၏ ဘဝဖြင့် ရပ်တည်နိုင်ခြင်း၊ ဆောက်လုပ်မည့် အဆောက်အဦးတို့သည်လည်း အခွန့်ရှည်စွာ တည်ရှိခြင်းတည်းဟူသော အကျိုးတရား

များကို ရရှိပေသည်။ သူတော်ကောင်းတရား တည်တန့်လျှင် မိမိ၏အကျိုး၊ သူတစ်ပါး၏အကျိုး တိုင်းပြည်နိုင်ငံ၏အကျိုး၊ သာသနာတော်၏အကျိုး စသည့်အကျိုးတရားများကို စွမ်းဆောင်ရမည် ဖြစ်သည်။

ပါဠိတော် အဋ္ဌကထာ ဇာတ်နိပါတ်တို့တွင် ဖော်ပြထားတော်မူခဲ့သည့်အတိုင်း ဤပန်းငါးမျိုးသည် အမြတ်ဆုံးဖြစ်သည်။ ထို့ကြောင့် ရှေးရက္ခိုင်ပညာရှိကြီးများက 'သရဏာတင့် ပန်းငါးပွင့်ကို အသင့်ပန်စေ၊ ဤလူ့မြေဝယ် အကယ်ယောကျာ်း၊ ဌာနည်သားဟု၊ ထွန်းကားပြည်ရွာ၊ ဖြစ်လိမ့်ရာတည်း" အစချီသော ကဗျာလင်္ကာဖြင့် ဖော်ညွှန်းထားခဲ့သည်။ ထိုမှတစ်ပါး ရှေးရှေးက ပေါ်ထွန်းခဲ့သော ပညာရှိအပေါင်းတို့သည် တပုံဆင့်၍ ပန်းအမျိုးမျိုးတို့ကို ဖော်ပြပြန်ခဲ့သေးသည်။ မြောက်ဦးခေတ် အလယ်ပိုင်းတွင် စာဆိုတော်ပညာရှိကြီး ဥက္ကာပျံက ထူးခြားသော ပန်းသုံးပွင့်ကို ကဗျာဖြင့် တင်ပြခဲ့သည်။

**ရင်းမှာ -**

**ပန်းသုံးပွင့်။** ။ တစ်ပွင့်ပန်းကား၊ ပွင့်ခြင်းဝေဆာ၊ ညဥ့်ကိုသာလျှင်၊ ပွင့်ပါပေ၏၊ အိုချစ်မိ။

တစ်ပွင့်ပန်းကား၊ ပွင့်ခြင်းဝေဆာ၊ နီကိုသာလျှင်၊ ပွင့်ပါပေ ၏၊ အိုချစ်မိ။

အပွင့်ပန်းကား၊ နီခင်းလည်းပွင့်၊ ညလည်းပွင့်၏၊ အိုချစ်မိ။

ယင်းပန်းအရောင်၊ အမောင်အင်ရာဆိုသည်မှာကား၊ ဖြူရောင်ဝင်း၏၊ တင့်ခြားဝီဆာ၊ ဝသဒ္ဓါကို၊ စာဆိုအကျွန်၊ ဖူးရပြန်၏။

နီရောင်ဝင်း၏၊ တင့်ခြင်းဝီဆာ၊ ဝသဒ္ဓါကို၊ စာဆိုအကျွန်၊ ဖူးရပြန်၏။

ဖြူနီရောင်ဝင်း၊ လေးကျွန်းလင်းသား၊ သနားထွင့်ရှလျှာ၊ စော မြတ်စွာကို၊ စာဆိုအကျွန်၊ ဖူးရပြန်လည်း"

ဤသို့ကဗျာဖြင့် ပန်းသုံးပွင့်ကဗျာကို သီကုံးခဲ့လေသည်။ ထိုမှတစ်ပါး (ဘုရားမတင်၊ နတ်မဝင်၊ လူတွင်ဆယ်ပွင့်ပန်း) စသည်ပန်းမျိုးနှင့်တကွ မင်္ဂလာဆောင်ပန်းမျိုး၊ နတ်ပန်းမျိုးစသည်တို့ကို ဖော်ပြခဲ့လေသည်။ ဤဆောင်းပါးဖြင့် ရက္ခိုင်တို့၏ရိုးရာပူဇော်ခွက်ဖြင့်

ပူဇော်ရသည့် ဆန်ပန်းကို တင်လိုသဖြင့် ပူဇော်အပ် ပူဇော်သင့် ပူဇော်ထိုက်သော ပန်းငါးမျိုးကို တစ်ဆက်တည်း တင်ပြရခြင်း ဖြစ်ပါသည်။ စာရှုသူအပေါင်းတို့ သုတပဒေသာ ပွားများနိုင်ကြပါစေသတည်း။

(ဦးဦးသာထွန်း)

ရက္ခိုင်၊ မြန်မာပဏ္ဍိတ်

မြောက်ဦးမြို့၊

ဦးရာဇ်မြေမဥ္စဇင်း အမှတ်(၃)